တနင်္လာ၊ ဇွန် (၃၀)
**မသဲ ၁၈း၁၀-၃၅**
ဆာလံ ၁၀၃း၈-၁၃

"အကြိမ်ခုနစ်ဆယ်
ခုနစ်လီမြောက်အောင်"

## ခွင့်လွှတ်လျက် မေ့ပျောက်လော့

ချစ်ခြင်းမေတ္တာ၌ နှိမ့်ချသောစိတ်သဘော ရှိရုံ သာမက၊ ခွင့်လွှတ်ခြင်း စိတ်သဘောလည်းရှိ၏။ ယေရှုက တပည့်တော်တို့အား သူတို့အပေါ် အမှားလွန်ကျူးသောသူကို ကောင်းမွန်စွာ ဆက်ဆံရမည်အကြောင်း သွန်သင်တော်မူခဲ့ပါသည်။ ထိုအမှု၌ အချက်လေးချက်ရှိပါသည်။

(၁) သူ့ထံ တိတ်တဆိတ်သွားလျက် သူ့အမှားကို ပြောပြလော့။ ဤသည်ကား ချစ်ခြင်းဖြင့် ပြုသော အမှုဖြစ်ပါသည်။ ထိုသူ၏ သိက္ခာကို ထိန်းပေးခြင်းလည်းဖြစ်၏။ သို့သော်လည်း၊ ထိုသူသည် ငြင်းဆန် ခဲ့လျှင်၊

(၂) သူ၏အမှားကို ဖော်ပြဖို့ရန် သက်သေ တဦး (သို့) နှစ်ဦး ခေါ်သွားပါလော့။ ဤသည်ကား ချစ်ခြင်း မေတ္တာဖြင့် စိတ်ရှည်စွာ သည်းခံခြင်းဖြစ်ပါသည်။ ထိုညီအစ်ကိုအား မိမိ၏အပြစ်ကို ပြန်သုံးသပ်လျက် နောင်တရဖို့ရန် အခွင့်ပေးခြင်း ဖြစ်ပါသည်။ သို့သော်လည်း၊ ထိုအမှုကို ဆကလက်ငြင်းခဲ့လျှင်၊

(၃) ထိုအမှုကို အသင်းတော်ရှေ့ လူထုရှေ့၌ ချပြပါလော့ - ခေါင်းဆောင်များထံ အရင်၊ ပြီးမှ လူထု ပရိသတ်ထံ။ ဤသို့ပြုခြင်းသည်လည်း၊ ချစ်ခြင်းအားဖြင့် ပြုသောအမှုဖြစ်ပါသည်။ ထိုသို့သော ယုံကြည်သူ အဖွဲ့အစည်းက ချစ်ခြင်းမေတ္တာနှင့်ပြုသောအမှုကြောင့် အပြစ်ကျူးလွန်သောသူသည် နောင်တ ရပါလိမ့်မည်။ သို့သော်လည်း၊ အသင်းတော်၏ စကားကို ငြင်းဆန်ခဲ့သေးလျှင်၊

(၄) ဆုံးမ စီရင်ခြင်းအမှုကို ဆောင်ရွက်ရပါမည်။ သူ့ကို အသင်းဝင်အဖြစ်မှ နှင်ထုတ်ရပါမည်။ ထိုသူနှင့် အသင်းတော်သည် ဘာမှ မသက်ဆိုင်တော့ပါ။ နောက်ဆုံး ထိုသို့ ပြုခြင်းအမှုသည်လည်း ချစ်ခြင်းဖြင့် ပြုသောအမှုဖြစ်ပါသည် (ဟေဗြဲ ၁၂း၆)။ သူသည် စစ်မှန်သော ယုံကြည်သူဖြစ်ခဲ့လျှင်၊ ဘုရားသခင်နှင့်ရင်း၊ သူ့ညီအစ်ကိုနှင့်ရင်း ပြန်လည်သင့်မြတ်ဖို့ အလိုရှိပါလိမ့်မည်။ ပြန်လည် အသင်းဝင်ဖြစ်စေခြင်းအမှုကို နောင်တရပြီးမှသာလျှင် ပြုရပါမည် (၁ ကော ၅း၅၊ ၂ ကော ၂း၆-၈)။

သခင်ယေရှုသည် အသင်းတော်ကို မိမိ၏ဆုံးမခြင်းအမှုကိုပြုသော တန်ဆာပလာအဖြစ် အသုံးပြုတော်မူ တတ်ပါသည်။ မိမိ၏အသင်းတော်အား နှုတ်ကပတ်တော်အတိုင်း ဆုံးမခြင်း၊ တရားစီရင်ခြင်းအမှုကို ပြုဖို့ရန် အာဏာပေးတော်မူ၏ (၂ သက် ၃း၁၄-၁၅)။ သမ္မာကျမ်းစာ သွန်သင်ချက်ကို အခြေခံလျက်၊ ကြိုးစား ဆုတောင်းခြင်းနှင့် ချစ်ခြင်းမေတ္တာအားဖြင့် ပြုသော စီရင်ခြင်းကို ဘုရားသခင် လက်ခံ အတည်ပြုတော်မူ၏။

ပေတရုက ကျွန်ုပ်တို့အပေါ် အမှားလွန်ကျူးသောသူကို ခုနစ်ကြိမ် ခွင့်လွှတ်လျှင် လုံလောက်ပါသလားဟု မေးလျှောက်ခဲ့ပါသည်။ ယေရှုက မလုံလောက်ဟု ဆို၏။ ခုနစ်ကြိမ် မဟုတ်၊ အကြိမ်ခုနစ်ဆယ် ခုနစ်လီမြောက်အောင် ခွင့်လွှတ်ရမည်။ ယေရှုသည် အကြိမ် ၄၉၀ မြောက် ခွင့်လွှတ် ပြီးနောက်တွင် မခွင့်လွှတ်ဘဲ နေခွင့်ရှိသည်ဟု မဆိုလိုပါ။ ယေရှုက ပေတရုအား အစဉ်အမြဲ ခွင့်လွှတ်ရမည်ဟု မိန့်တော်မူခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့ကို ထိုသို့ ဘုရားသခင် ခွင့်လွှတ်တော်မူ၏။ ကျွန်ုပ်တို့၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ် အပြစ်များကို ခွင့်လွှတ်တော်မူ၏။ ကျွန်တော်တို့သည် ဘုရားသခင်နှင့် အမှန် စပ်ဆိုင်မှုရှိခဲ့လျှင် ဘုရားသခင်၏ ခွင့်လွှတ်ခြင်း စိတ်သဘောကို ပိုင်ဆိုင်ကြရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ခွင့်လွှတ်လျက် မေ့ပျောက်တော်မူ၏။ ထိုနည်းတူ ကျွန်တော် ပြုရပါမည်။

**ဆုတောင်းချက်** - အဖဘုရား၊ သူတပါးကို ကျွန်တော် ခွင့်လွှတ်သကဲ့သို့ ကျွန်ုပ်ကိုလည်း ခွင့်လွှတ်တော်မူပါ။



အင်္ဂါ၊ ဧပြီ (၁)
**ယော ၁း၁-၁၄**
ဟေဗြဲ ၁း၁-၃

"နှုတ်ကပတ်တော်သည်လည်း လူ့ဇာတိအဖြစ်ကို ခံယူ၍"

## ယေရှု - အသက်ရှင်သော နှုတ်ကပတ်တော်

ဘုရားသခင်သည် လူတို့ထံ ပုဂ္ဂိုလ်အားဖြင့် စကားပြောတော်မူ၏။ ထိုပုဂ္ဂိုလ်သည် ယေရှုခရစ်တော် ဖြစ်ပါသည်။ ယေရှုသည် နှုတ်ကပတ်တော် ဖြစ်တော်မူ၏ (ယော ၁း၁)။ သူသည် ဘုရားသခင်၏ သတင်းတရား (သို့) ဗျာဒိတ်တော်တရား ဖြစ်တော်မူ၏။ ဟေဗြဲ ၁း၁ ထဲတွင်၊ "ရှေးလွန်လေပြီးသောအခါ ပရောဖက်များအားဖြင့် ဘိုးဘေးတို့အား အထပ်ထပ် အနည်းနည်း ဗျာဒိတ်ပေးတော်မူသော ဘုရားသခင်သည်၊ ဤနောက်ဆုံးကာလအခါ မိမိသားတော် အားဖြင့် ငါတို့အား ဗျာဒိတ်ပေးတော်မူပြီ" ဟုဖော်ပြထားပါသည်။ ရေးသားထားသော နှုတ်ကပတ်တော် (သမ္မာကျမ်းစာ) ရှိပြီး၊ လူ့ဇာတိခံတော်မူသော နှုတ်ကပတ်တော် (ခရစ်တော်) လည်း ရှိတော်မူ၏။ "ဘုရားသခင်ကို အဘယ်သူမျှ မမြင်စဖူးသော်လည်း၊ ခမည်းတော်၏ရင်ခွင်၌ ရှိသောတပါးတည်းသော သားတော်သည် ဘုရားသခင်ကို ထင်ရှားစေတော်မူပြီ" (ယော ၁း၁၈)။ ယေရှုက၊ "ငါ့ကို မြင်သောသူသည် ခမည်းတော်ကို မြင်၏" (ယော ၁၄း၁၉) ဟုမိန့်တော်မူ၏။ နှုတ်ကပတ်တော်တည်းဟူသော ယေရှုသည် ဘုရားသခင်၏အဖြစ်တော်ကို စုံလင်စွာ ဖော်ပြတော်မူ၏။ သူသည် ဘုရားသခင်၏ စုံလင်သော ဗျာဒိတ်တော်ဖြစ်တော်မူ၏။ သားတော်သည် ဤလောကအတွက် ဘုရားသခင်၏ နောက်ဆုံးသော ဗျာဒိတ် စကားတော်ဖြစ်တော်မူ၏။

တမန်တော် ယောဟန်က ယေရှုအား "တပါးတည်းသော သားတော်" ဟု ထူးခြားစွာ ဖော်ပြခဲ့ပါသည် (ယော ၁း၁၄၊ ၁၈၊ ၃း၁၆၊ ၁၈၊ ၁ ယော ၄း၉)။ ယေရှုသည် ဘုရားသခင်၏ သားတော် ဖြစ်သည် သာမက၊ ဘုရားသခင်၏ တပါးတည်းသော ထာဝရသားတော်ဖြစ်တော်မူ၏။ သန့်ရှင်းသော သုံးပါးတဆူဘုရား၏ ဒုတိယ ပုဂ္ဂိုလ် ယေရှု၏ ထာဝရဖြစ်တည်မှုအကြောင်းကို ၄ ရာစု၌ Athanasian နှင့် Nicene Creeds က ဤသို့ ဖော်ပြခဲ့ပါသည်၊ ယေရှုသည် သားတော်နှင့် သခင်ဘုရားဖြစ်တော်မူလျက်၊ "ထာဝရမှ ဘုရားသခင်၏ တပါးတည်းသော သားတော်" ဖြစ်တော်မူ၏။ The Westminster Confession (၁၆၄၈) ကလည်း ဤသို့ အတည်ပြုခဲ့ပါသည်၊ "ဘုရားသခင်တဆူတည်း၌၊ ထာဝရတည်တော်မူသော၊ တန်ခိုးအာဏာအရာ၌ တလုံးတဝတည်း ဖြစ်တော်မူသော ပုဂ္ဂိုလ်သုံးပါးတည်းဟူသော၊ ခမည်းတော်ဘုရား၊ သားတော်ဘုရား နှင့် သန့်ရှင်းသော ဝိညာဉ်တော်ဘုရား ရှိတော်မူ၏။ ခမည်းတော်သည် မိမိကိုယ်ကို ထာဝရတည်ရှိလျက်၊ သားတော်သည် ခမည်းတော်၏ ထာဝရသားတော်ဖြစ်တော်မူလျက်၊ သန့်ရှင်းသောဝိညာဉ်တော်သည် ခမည်းတော်နှင့်သားတော်မှ ထာဝရကတည်းက စေလွှတ်တော်မူသော ပုဂ္ဂိုလ်ဖြစ်တော်မူ၏" (၂း၃)။

ခရစ်တော်၏ ထာဝရသားတော်ဖြစ်ခြင်းတရားကို the New International Version (NIV) က "*begotten*" ဟူသော စကားလုံးကို ဖယ်ရှားခြင်းဖြင့် တိုက်ခိုက်ခဲ့ကြောင်း သတိပြုကြလော့။ ဂရိစကားလုံး *monogenes* ၏ အဓိပ္ပါယ်မှာ "*only begotten*" ဟူသည့် "တပါးတည်း ပိုင်ဆိုင် ရှိတော်မူခြင်း" ကို ဆိုလိုပါသည်။ ယေရှုခရစ်တော်သည် ဖန်ဆင်းခံ မဟုတ်၊ ဘုရားသခင်၏ ထာဝရသားတော် ဖြစ်တော်မူ၏။ ထိုသို့ ဘုရားသခင်၏ နှုတ်ကပတ်တော် ကို ဖယ်ရှားရသောအခွင့် NIV ၌ မရှိပါ။ ထို့ကြောင့်၊ ရေးသားထားသော နှုတ်ကပတ်တော်နှင့် အသက်ရှင်သော နှုတ်ကပတ်တော်ကို ဆန့်ကျင်သည့် ပုံနှိပ်ကျမ်းစာကို သတိပြုကြပါလော့။

**ဆင်ခြင်ရန်** - King James သမ္မာကျမ်းစာကို ကျွန်တော်အသုံးပြုပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်ကို သမ္မာတရားသို့ ပို့ဆောင်တော်မူပါ။

ဗုဒ္ဓဟူး၊ ဧပြီ (၂)

**ယော ၁း၁-၁၄**

ဖိလိ ၂း၅-၁၁

*“ . . . နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏”*

## ခရစ်တော်သည် ဘုရားသခင် အမှန်ဖြစ်တော်မူ၏

“အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။” ဤအချက်က ကမ္ဘာ ၁း၁၊ “အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူ၏” ဟူသော စကားကို အမှတ်ရစေပါသည်။ ယေရှုသည် “အစအဦး၌” ရှိတော်မူ၏။ သူသည် ဖန်ဆင်းရှင်ဖြစ်တော်မူ၏။ “ထိုနှုတ်ကပတ်တော်သည် ခပ်သိမ်းသော အရာတို့ကို ဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့် ကင်းလွတ်လျက်ဖြစ်သောအရာ တစုံတခုမျှ မရှိ” (ယော ၁း၃)။

“နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏။” နှုတ်ကပတ်တော်နှင့် ဘုရားသခင်ကို ခွဲခြားဖော်ပြထားပါသည်။ ထိုသို့ခွဲခြားခြင်းမှာ ယေရှု၏ဘုရားဖြစ်ခြင်းနှင့် လုံးဝပတ်သက်မှု မရှိပါ။ ယေရှုသည် ခမည်းတော်ဘုရားနှင့် ဘုရားဖြစ်ခြင်းအမှု၌ တလုံးတဝတည်းဖြစ်တော်မူ၏။ ထိုသို့ခွဲခြားမှုသည် ပုဂ္ဂိုလ်ဖြစ်ခြင်းကို ဖော်ပြခြင်းဖြစ်ပါသည်။ နှုတ်ကပတ်တော်သည် မိမိကိုယ်ကို ပုဂ္ဂိုလ်တပါးဖြစ်တော်မူ၏။ သူသည် ဘုရားသခင်နှင့်အတူရှိ၏ဟု ဆိုရာတွင် အတူတကွ ပေါင်းဘော်ရှိခြင်းကို ဆိုလိုပါသည် (နှိုင်း - မသဲ ၁၃း၅၆၊ မာကု ၆း၃၊ လု ၉း၄၁၊ ၁ သက် ၃း၄)။ ယေရှုနှင့်အတူရှိတော်မူသော သူသည် အဘယ်ဘုရား ဖြစ်ပါသနည်း။ ခမည်းတော်ဘုရား ဖြစ်ပါသည်။ ယောဟန်က ယေရှုအား ခမည်းတော်၏တပါးတည်းသော သားတော်ဟု ဖော်ပြခဲ့ပါသည် (ယော ၁း၁၄၊ ၁၈၊ ၃း၁၆)။ ခမည်းတော်နှင့်သားတော်သည် ပုဂ္ဂိုလ်အရ ခွဲခြား၍ ရပါသည်။ ခမည်းတော်သည် သားတော်မဟုတ်ပါ။ (မှတ်သားဖို့ရန် - Sabellianism ၏မှားယွင်းသော သွန်သင်ချက်မူကား၊ ခမည်းတော်ဘုရား၊ သားတော်ဘုရားနှင့် သန့်ရှင်းသောဝိညာဉ်တော်ဘုရားတို့သည် ပုဂ္ဂိုလ်တပါးတည်းဖြစ်၍၊ ထိုပုဂ္ဂိုလ်သည် ပုံစံ သုံးမျိုးအားဖြင့် မိမိကိုယ်ကို ဖော်ပြတတ်၏ဟု ဆိုပါသည်)။

“နှုတ်ကပတ်တော်သည်လည်း ဘုရားသခင် ဖြစ်တော်မူ၏။” ဤဖော်ပြချက်က ယေရှုသည် ကိုယ်တိုင် ဘုရားသခင်ဖြစ်တော်မူကြောင်း သက်သေပြလျက်ရှိပါသည်။ ယေဟောဝါ၏သက်သေများ ဘာသာပြန်ထားသော The New World Translation ကဤကျမ်းပိုဒ်ကို မှားယွင်းစွာ၊ “ထိုနှုတ်ကပတ်တော်သည် ဘုရား (god) ဖြစ်တော်မူ၏” ဟုဆိုထားပါသည်။ ထိုအခါ ယေရှုသည် (ဘုရား တရာမှာတရာ မဖြစ်တော့ဘဲ၊ ငါးဆယ်ရာခိုင်နှုန်းသာ ဘုရားဖြစ်၏ ဟု ဆိုလိုပါသည်) သေးငယ်သော ဘုရားသာဖြစ်သည်ဟု ဆိုခြင်းသည် မှားယွင်းသော ယုံကြည်ချက်ဖြစ်သည့် Arianism ဖြစ်ပါသည်။ ဤမှားယွင်းသော သွန်သင်ချက်ကို The Council of Nicea (အေဒီ ၃၂၅) က ရှုတ်ချခဲ့ပါသည်။

ခရစ်တော်၏ ဘုရားသခင်ဖြစ်ခြင်းတရားကို ကောလော ၂း၉ ထဲတွင် ဤသို့ ရှင်းလင်းစွာ ဖော်ပြထားပါသည်၊ “အကြောင်းမူကား၊ ဘုရားသခင်၏ ဇာတိအဖြစ်တော်၏ ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ ကိုယ်ထင်ရှား၍ ကျိန်းဝပ်တော်မူ၏။” ယေရှုသည် လူ့ဇာတိ မခံယူမီကတည်းက တရာမှာတရာ ဘုရားဖြစ်တော်မူ၏။ လူ့ဇာတိခံလျက် လူသား တရာမှာတရာ ဖြစ်လာသောအခါ၌လည်း ဘုရား တရာမှာတရာ ဖြစ်တော်မူ၏။ သူသည် ပုဂ္ဂိုလ်တပါးတည်း၌ တရာမှာတရာ ဘုရား၊ တရာမှာတရာ လူသား၊ ထာဝရ ဖြစ်တော်မူ၏ (နှိုင်း - ဟေဗြဲ ၇း၂၄)။

**ဆင်ခြင်ရန်** - ယုံကြည်ချက်က ကယ်တင်ခြင်းပေးပါသလား။ ၁ တိ ၄း၁၆ ကို ဖတ်ပါ။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်ကို မှန်ကန်စွာ အနက်ဖွင့်မည့်အကြောင်း မစတော်မူပါ။



တနင်္ဂနွေ ညနေ၊ ဇွန် (၂၉)

**မာကု ၉း၃၃-၅၀**

ယော ၁၃း၁၂-၁၇

*“အရင် အဦးဖြစ်လိုသောသူမည်သည်ကား နောက်ဆုံးဖြစ်ရမည်”*

## အရင်အဦးဖြစ်သောသူသည် နောက်ဆုံးဖြစ်ရမည်

ယေရှုသည် ပေတရုကို အလေးထားတော်မူခဲ့ပါသည်။ ပေတရုသည် တပည့်တော်တို့တွင် အရင်ဆုံး စကားပြောသောသူ၊ ဦးဆောင်သောသူဖြစ်ခဲ့၏။ သူသည် ယေရှုအား ခရစ်တော်ဖြစ်သည်ဟု သိမှတ် ဝန်ခံသောသူဖြစ်ပါသည်။ သခင်ယေရှုက နိုင်ငံတော်၏သော့ကို သူ့ထံ ပေးအပ်တော်မူခဲ့ပါသည်။ မျက်နှာတော်ပြောင်းလဲခြင်းအမှုကို မြင်တွေ့ရသောသူ သုံးဦးထဲတွင် တဦးဖြစ်ပါသည်။ သူသည် အသပြာအတွက် ငါးမျှားဖို့ရန် ယေရှု စေခိုင်းတော်မူသောသူ ဖြစ်ပါသည်။ ယေရှုက ပေတရုကို အကြိမ်ကြိမ် ခေါ်ခဲ့ပါသည်။ ထိုအမှုကို အခြား တပည့်တော်များက သိကြပါ၏။ ထို့ကြောင့်၊ သခင်ယေရှုက ပေတရုကို ခေါင်းဆောင်အဖြစ် ရာထားပါသလားဟု မေးခဲ့ကြခြင်းသည် အံ့သြစရာ မဟုတ်ပါ။ ထို့ပြင် တမန်တော်တို့တွင် အကြီးဆုံးသောသူသည် မည်သူဖြစ်မည်နည်းဟူ၍ ငြင်းခုံခြင်း ရှိခဲ့ပါသည်။

ထိုအခါ ယေရှုက အခွင့်ကောင်းယူလျက် စစ်မှန်သော ကြီးမြတ်မှုကို တပည့်တော်တို့အား သွန်သင်တော်မူ၏။ ပထမဖြစ်လိုသောသူသည် နောက်ဆုံးဖြစ်ရပါမည်။ ခေါင်းဆောင်သည် စေခံကျွန်ဖြစ်ရပါမည်။ သူတို့အထဲတွင် မည်သူ နံပါတ်တစ်ဖြစ်မည်အကြောင်း သဘောထား မတူညီခဲ့ကြသောကြောင့်၊ ယေရှု၏အမြင်ကို သိလိုကြသဖြင့်၊ “အဘယ်သူသည် သာ၍ကြီးမြတ်အံ့နည်း” ဟု မေးလျှောက် ခဲ့ကြပါသည်။ သူတို့အထဲမှ တဦးကို ရွေးလိမ့်မည်ဟု ထင်နေကြစဉ်၊ ယေရှုသည် ခလေးငယ်တဦးကို ယူလျက်၊ သူတို့အလယ်မှာ ရပ်စေပြီး၊ “ငါအမှန်ဆိုသည်ကား၊ သင်တို့သည် ပြောင်းလဲ၍ သူငယ်ကဲ့သို့ မဖြစ်လျှင် ကောင်းကင်နိုင်ငံတော်သို့ မရောက်ရကြ၊ ထို့ကြောင့် အကြင်သူသည် ဤသူငယ်ကဲ့သို့ မိမိကို မိမိနှိမ့်ချအံ့၊ ထိုသူသည် ကောင်းကင်နိုင်ငံတော်၌ သာ၍ကြီးမြတ်လိမ့်မည်။ . . . သင်တို့တွင် အငယ်ဆုံးသောသူသည် သာ၍ကြီးမြတ်သောသူ ဖြစ်လိမ့်မည်” (မသဲ ၁၈း၃-၄၊ လု ၉း၄၈) ဟု မိန့်တော်မူခဲ့ပါသည်။ သူတို့၌ ခလေးငယ်၏ ယုံကြည်ခြင်းကဲ့သို့သော ယုံကြည်ခြင်း မရှိလျှင်၊ သံသယ ကင်းစွာ ခရစ်တော်ကို ယုံကြည်ကိုးစားခြင်း မရှိလျှင်၊ ခလေးငယ်သည် မိဘကို လုံးဝ မှီခို အားကိုးသည်အတိုင်း ခရစ်တော်၌ အားကိုးခြင်း မရှိလျှင်၊ လောကကင်းသော စိတ်သဘော မရှိလျှင်၊ ကြီးမြတ်သောသူ မဖြစ်နိုင်ပါ။

ဤလောက၌ အသက်ရှင်နေထိုင်မှုကိုကြည့်ခြင်းအားဖြင့် ယေရှုသည် နှိမ့်ချခြင်း စိတ်သဘောတွင် အကြီးမြတ်ဆုံးသော စံနမူနာဖြစ်တော်မူ၏။ ခလေးငယ်တို့နှင့် ပေါင်းဘော်ခြင်းကို နိမ့်ချသောအမှုဟု ထင်တော်မမူ။ သူတို့ကိုလည်း နှိမ်တော်မမူ။ သူတို့ကို အလွန်အရေးကြီးသောသူများဟု သတ်မှတ်တော်မူ၏။ ထိုစိတ်သဘောထားသည် ယေရှု၏ ပြုခြင်းနှင့်ဆိုင်သော နာခံမှုကို ပြသလျက်ရှိပါသည်။ ကိုယ်နှင့် စပ်ဆိုင်သော လူကြီး၊ လူငယ်များကို ချစ်ခြင်းအားဖြင့် ပညတ်တရားကို ပြည့်စုံစွာ လိုက်လျှောက်တော်မူခဲ့၏။ “ယေရှုသည် ခလေးငယ်များကို ချစ်တော်မူ၏၊ ဤလောကရှိ ခလေးအားလုံးကို ချစ်တော်မူ၏။ အသားအရောင် မခွဲခြားဘဲ၊ သူတို့အားလုံးသည် ယေရှု ရှေ့၌ အလွန်တန်ဖိုး ရှိကြပါသည်။ ယေရှုသည် ဤလောက၏ခလေးငယ်များကို ချစ်တော်မူ၏။”

**ဆင်ခြင်ရန်** - ခေါင်းဆောင်သည် အရင် အစေခံဖြစ်ရပါမည်။

**ဆုတောင်းချက်** - အဖဘုရား၊ ယေရှုကဲ့သို့ အကျွန်ုပ်ကို ဖြစ်စေတော်မူပါ၊ သူတပါးကို စေစားသောသူ မဟုတ်ဘဲ၊ သူတပါးအစေကို ခံသောသူ ဖြစ်စေတော်မူပါ။

တနင်္ဂနွေ နံနက်၊ ဇွန် (၂၉)

**မသဲ ၁၇း၂၄-၂၇** "သင်၏ဆရာသည် ဒိဒြမ္မကို မပေးသလော"

ထွက် ၃၀း၁၁-၁၆

## ယေရှု နှင့် အခွန်

ဂါလိလဲပြည် မိမိ အဓိကနေထိုင်ရာဖြစ်သော၊ ကပေရနောင်မြို့သို့ ယေရှု ရောက်လာသော အခါ၊ ထွက် ၃၀း၁၁-၁၆ တွင် ဖော်ပြထားသော မောရှေ၏ပညတ်တရား တောင်းဆိုသော ဗိမာန်တော် နှစ်စဉ် အခွန်ကို ဆောင်စေခဲ့ကြပါသည်။ ယေရှုသည် ဗိမာန်တော်၏ အရှင်သခင် ဖြစ်တော်မူသောကြောင့် ထိုအခွန်ကို ပေးဆောင်စရာ မလိုပါ။ သို့သော်လည်း၊ ယေရှုသည် ယုံကြည်ခြင်းနှင့် အသိဉာဏ်၌ အားနည်းသောသူများကို မလဲကျ စေလိုသောကြောင့်၊ ပေတရုအား နှစ်ရက် လုပ်အားခ လောက်ရှိသော သတာတဲတပြား (*statera*) ကို ပေးဖို့ရန် မိန့်တော်မူခဲ့ပါသည်။

ထိုငွေသည် ငါးစပ်မှ အံ့ဘွယ် ထွက်လာခဲ့ခြင်းဖြစ်ပါသည်။ ယေရှုက ထိုအသပြာရှိသော ငါးကို သိတော်မူလျက်၊ ပေတရုအား မျှားစေတော်မူခဲ့ပါသည်။ ထိုငါးပါးစပ်ထဲတွင် သတာတဲတပြား၊ လူနှစ်ဦး၊ ယေရှုနှင့် ပေတရုတို့အတွက် လုံလောက်သော အခွန်ဖြစ်ပါသည်။

ယခုအဖြစ်အပျက်တွင်၊ ယေရှုက မိမိသည် ဘုရားသခင်ဖြစ်တော်မူကြောင်း၊ ဗိမာန်တော်၏ အရှင်သခင်ဖြစ်တော်မူကြောင်း ပြသတော်မူသည်သာမက၊ လူတို့ကို ကိုယ်စားပြုတော်မူသည်နှင့်အညီ မိမိ၏ ပြုခြင်းဆိုင်ရာ နာခံမှုကို ဖော်ပြတော်မူခဲ့ပါသည်။ မောရှေ ပညတ်တရား၏ တောင်းဆိုမှုဖြစ်သော ဗိမာန်တော် အခွန်ကို ပေးခြင်းဖြင့် ထိုနာခံခြင်းအမှုကို ပြုတော်မူ၏။ ထို့ပြင် သူတပါးကို ချစ်ခြင်းအားဖြင့် ထိုပညတ်တရားကို လိုက်လျှောက်တော်မူခဲ့ပါသည်။ သူတပါးတို့ကို မလဲကျစေလိုသောကြောင့် ထိုအခွန်ငွေကို ပေးတော်မူခဲ့၏။ ထိုချစ်ခြင်းမေတ္တာအားဖြင့်ပြုတော်မူသော အမှုအားဖြင့် ယေရှုက ပညတ်တော်ကို ပြည့်စုံစွာ လိုက်လျှောက်တော်မူခဲ့ပါသည် (ရောမ ၁၃း၁၀)။

**ဆင်ခြင်ရန်** - ယေရှုသည် ဖြောင့်မတ်ခြင်းတရား အလုံးစုံကို စုံလင်စေတော်မူခဲ့၏။

**ဆုတောင်းချက်** - အဖဘုရား၊ ဆယ်ဖို့တစ်ဖို့ ပေးကမ်းခြင်းအမှု၌ သစ္စာရှိမည်အကြောင်း မစတော်မူပါ။



ကြာသပတေး၊ ဧပြီ (၃)

**ယော ၁း၁-၄** "ငါတို့သည် ကိုယ်တိုင် . . . လက်နှင့် စမ်းသပ်ခဲ့ပြီးသော အရာတည်းဟူသော အသက်ရှင်သော နှုတ်ကပတ်တော်"

၁ ယော ၁း၁-၃

## ခရစ်တော်သည် လူသား အမှန်ဖြစ်တော်မူ၏

ဤကမ္ဘာလောက၌ ယေရှု ကျင်လည်ခဲ့စဉ် တဦးတည်း တော၌ မနေထိုင်ခဲ့ပါ။ ကောင်းကင်နှင့်ဆိုင်သော အသိဉာဏ်ကို ရယူလိုသောသူသည် မိမိအား တောတောင်၌ လာရှာပါစေဟု တောအရပ်၌ သီးခြား မနေခဲ့ပါ။ ယေရှုသည် လူကြားထဲ၌ နေထိုင်ခဲ့ပါသည်။ လူတို့နှင့် အတူသွားလာ စားသောက် စကားပြောလျက် နေထိုင်ခဲ့ပါသည်။ မိမိ၏လုပ်ရှားမှုတိုင်းကို ရွေးချယ်ခဲ့သော တမန်တော် ဆယ်နှစ်ပါးက သိမြင်ခဲ့ကြပါသည်။ ဖြစ်ပျက်သောအမှုများ၌ သူတို့သည် မျက်မြင် သက်သေများ ဖြစ်ခဲ့ကြပါသည်။ ထိုသို့ လူတို့နှင့် ရင်းနှီးစွာ လက်ပွန်းတတီး နေထိုင်ခြင်းက သူသည် လူသား အမှန်ဖြစ်ကြောင်း သက်သေပြခဲ့ပါသည်။ သူတို့က ယေရှု စာလောင်မှု၊ ရေငတ်မှု၊ မောပန်းမှု တို့ကို သိမြင်ခဲ့ကြ၏။ ယေရှုသည် အပြစ်ကင်းသောသူဖြစ်သည် မှအပ၊ အခြားအရာများတွင် အခြား လူတို့နှင့် ခြားနားသောအရာ မရှိပါ။

လုကာ ၁း၁ ထဲတွင်၊ ခရစ်တော်၏ တပည့်တော်တို့ကို "နှုတ်ကပတ်တော်မှုကို ဆောင်ရွက်သောသူ" ဟုခေါ်ထားပါသည်။ ယောဟန်နည်းတူ၊ လုကာက ယေရှုအား နှုတ်ကပတ်တော်ဟု ဖော်ပြခဲ့ပါသည်။ ဆိုလိုသည်မှာ၊ လုကာ ဟောပြောသော ယေရှုသည် ယောဟန် ဟောပြောသော ယေရှုနှင့် အတူတူပင်ဖြစ်ကြောင်း ဖော်ပြခြင်းဖြစ်ပါသည်။ သူတို့နှစ်ဦးသည် ပုဂ္ဂိုလ်တစ်ဦးအကြောင်းကို ဖော်ပြခဲ့ကြသော်လည်း၊ မတူညီသော ရှုထောင့်မှ ကြည့်ခဲ့ကြ၏။ ယောဟန်သည် ခရစ်တော်၏ ဘုရားဖြစ်ခြင်းကို ဖော်ပြစဉ်၊ လုကာသည် ခရစ်တော်၏ လူသားဖြစ်ခြင်းကို ဖော်ပြခဲ့ပါသည်။ လုကာသည် ယေရှုအား "လူသား" ဟု (၂၆ ကြိမ်) ဖော်ပြခဲ့ပါသည်။ တဘက်တွင်၊ ယေရှု၏ "ငါသည် . . . ဖြစ်၏" ဟူသော၊ ဖော်ပြချက် ခုနစ်ကြိမ်ကို ယောဟန်ကသာ ဖော်ပြခဲ့၏ (ထွက် ၃း၁၄၊ ယော ၈း၅၈၊ နှိုင်း - ၆း၃၅၊ ၉း၅၊ ၁၀း၇၊ ၉၊ ၁၁၊ ၁၄၊ ၁၁း၂၅၊ ၁၄း၆၊ ၁၅း၁၊ ၅)။ နံပါတ် ခုနစ်သည် သမ္မာကျမ်းစာတွင် ဘုရားသခင်၏နံပါတ် ဖြစ်ပါသည်။ ယေရှုသည် ယေဟောဝါ ဖြစ်တော်မူ၏။ သူသည် ဘုရားသခင်ဖြစ်တော်မူ၏။

လုကာနှင့် ယောဟန်တို့သည် ခရစ်တော်၏ ဇာတိနှစ်မျိုးကို အသီးသီးဖော်ပြခဲ့ကြသော်လည်း၊ သူတို့နှစ်ဦးစလုံးက ယေရှုသည် တရာမှာတရာ ဘုရား၊ တရာမှာတရာ လူသား ဖြစ်ကြောင်းကို သိမှတ်ခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်တို့ကို အပြစ်မှ ကယ်နှုတ်ရန်အတွက် ယေရှုသည် အဘယ့်ကြောင့် ဘုရားသခင်နှင့်လူသား ဖြစ်ဖို့ လိုအပ်ရပါသနည်း။

**ဆုတောင်းချက်** - " အို သခင်၊ ကိုယ်တော်၏အမှုတော်ကို ဆောင်ရွက်ရင်း ကိုယ်တော်နှင့်အတူ သွားလာလိုပါသည်။"

သောကြာ၊ ဧပြီ (၄)
**လု ၁း၅-၂၈**
ဟေရှာ ၉း၆-၇

*"ငါတို့အဘို့ သူငယ်ကို ဘွားမြင်၏"*

## ရှင်ဘုရင် ဘွားမြင်တော်မူခြင်း သတင်း

သခင်ယေရှု ခရစ်တော်သည် ကြိုတင်အသိပေးခြင်း မရှိဘဲ ဤလောကသို့ ကြွလာတော်မမူ။ ရှင်ဘုရင်တို့သည် မိမိတို့ ကြွလာတော်မူမည့်သတင်းကို ကြိုတင်အသိပေးဖို့ရန် ရှေ့ပြေးများကို စေလွှတ်တတ်ကြ၏။ ယေရှုသည်လည်း ရှင်ဘုရင်ဖြစ်သည်နည်းတူ မိမိကြွလာတော်မူခြင်းအတွက် လူတို့အား ပြင်ဆင်ထားကြရန် ရှေ့ပြေး သတင်းပို့အဖြစ် ယောဟန်ကို အသုံးပြုတော်မူခဲ့ပါသည် (လု ၁း၁၇၊ ၃း၄၊ ၅)။

ကောင်းကင်တမန် ဂါဗြေလက ယဇ်ပုရောဟိတ် ဇာခရိအား၊ ဧလိရှဗက်သည် သားယောကျ်ားကို မွေးဘွားလျက် ယောဟန်ဟု အမည်မှည့်ရမည်အကြောင်း၊ အသိပေးခဲ့ပါသည်။ ဧလိရှဗက်သည် မြုံသောသောကြောင့် သူတို့၌ သားသမီး မရှိခဲ့ပါ။ ထို့ပြင်၊ သူတို့သည် အလွန်အသက်ကြီးသောသူ ဖြစ်ကြ၏။ လူ့အနေဖြင့် ပြောရလျှင်၊ သူတို့သည် သားသမီး မရနိုင်တော့ပါ။ သို့သော်လည်း၊ ဘုရားသခင်၌ မဖြစ်နိုင်သောအမှုဟူ၍ မရှိပါ။ အရာရာတိုင်းကို ဖြစ်စေတော်မူနိုင်၏။ ဤသည်ကား သတင်းကောင်း အစစ်အမှန်ဖြစ်ပါသည်။

သူတို့၏သား၊ ယောဟန်၌ ဘုရားသခင်သည် အထူး ရည်ရွယ်ချက်ရှိခဲ့ပါသည်။ သူသည် နာဇရိလူ၊ ဘုရားသခင်၏အမှုတော်အတွက် အထူးဆက်ကပ်ထားသောသူ ဖြစ်ပါသည် (လု ၁း၁၅၊ နှိုင်း - တော ၆း၁-၂၁)။ သူသည် ယဇ်ပုရောဟိတ် မိသားစု၌ မွေးဖွားခဲ့သော်လည်း၊ ပရောဖက်အမှုကို ဆောင်ရွက်ဖို့ရန် ခွဲခန့် ဆက်ကပ်ထားခြင်း ခံရခဲ့ပါသည် (နှိုင်း - မသဲ ၁၁း၉-၁၀)။ ဘုရားသခင်၏ ဝိညာဉ်တော်နှင့် ပြည့်ဝလျက်၊ ပရောဖက် ဧလိယ၏ တန်ခိုး ဝိညာဉ်ကို ခံရခြင်းဖြင့်၊ သူသည် ဣသရေလလူများစွာတို့ကို အပြစ်မှ နော်တရစေလျက်၊ ဘုရားသခင်ထံ တိုးဝင်စေမည်ဖြစ်ပါသည် (လု ၁း၁၅-၁၇)။

ကောင်းကင်တမန် ဂါဗြေလက အပျိုကညာ မာရိအား သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးတော်အားဖြင့် ဘုရားသခင်၏သားတော်၊ ယေရှု (ကယ်တင်ရှင်) ကို ပဋိသန္ဓေစွဲမည်အကြောင်း မိန့်တော်မူခဲ့ပါသည် (လု ၁း၃၁၊ ၃၅၊ မသဲ ၁း၁၈)။ အပျိုကညာ ဖြစ်နေစဉ်၌ သူသည် ပဋိသန္ဓေစွဲမည်ဖြစ်ပါသည်။ သဘာဝလွန်၊ အံ့ဘွယ် ကိုယ်ဝန်ဆောင်ခြင်းနှင့် သားဘွားမြင်ခြင်း ဖြစ်ခဲ့ပါလိမ့်မည်။ မွေးဘွားလာသော ထိုပုဂ္ဂိုလ်၏ တန်ခိုးအာနုဘော်ကြောင့်လည်း ထိုအမှုသည် အလွန်ထူးခြားလျက်၊ အံ့ဩဖွယ်ဖြစ်ခဲ့ပါလိမ့်မည်။ မာရိအား တုန့်လှုပ်မှု မရှိရန် ကောင်းကင်တမန် သတိပေးခဲ့ပါသည်။ "ထိုသားသည်ကား၊ ကြီးမြတ်သောသူ ဖြစ်လိမ့်မည်။ အမြင့်ဆုံးသော ဘုရား၏သားတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံရလိမ့်မည်။ သူ့အဘ ဒါဝိဒ်၏ ရာဇပလ္လင်ကို ထာဝရ အရှင် ဘုရားသခင်သည် သူ့အား ပေးတော်မူမည်။ ထိုသူသည်လည်း ယာကုပ် အမျိုးအနွယ်ကို အစဉ်မပြတ် အုပ်စိုးလိမ့်မည်။ သူ၏နိုင်ငံသည်လည်း ဆုံးခြင်းမရှိရဟု ပြောဆို၏" (လု ၁း၃၂-၃၃)။

ယောဟန်ကို ကိုယ်ဝန်ဆောင်လျက် ခြောက်လရှိပြီဖြစ်သော ဧလိရှဗက်သည် မာရိ၏ ဝမ်းကွဲ ဖြစ်ကြောင်း မှတ်သားဖို့လိုအပ်ပါသည် (လု ၁း၃၆)။ ထို့ကြောင့်၊ ယောဟန်သည် ယေရှုထက် နှစ်ဝက် ကြီးပါသည်။

**ဆင်ခြင်ရန်** - သတင်းကောင်း ကျွန်တော် နောက်ဆုံး ဝေငှခဲ့သောအချိန်သည် ဘယ်အချိန် ဖြစ်ပါသနည်း။

**ဆုတောင်းချက်** - အဖဘုရား၊ ယနေ့ တစုံတယောက်ထံ ကျွန်ုပ်ကို ပို့ဆောင်တော်မူပါ။



စနေ၊ ဧပြီ (၂၈)
**မာကု ၉း၁၄-၃၃**
မသဲ ၁၇း၁၄-၂၃

*"သင်တို့သည် မုန်ညင်းစေ့မျှလောက်သော ယုံကြည်ခြင်းရှိလျှင် . . . သင်တို့ မတတ်နိုင်သော အမှု မရှိ"*

## မုန်ညင်းစေ့မျှလောက် ယုံကြည်ခြင်း

မျက်နှာတော်ပြောင်းလဲခြင်း တောင်မှ ယေရှု ဆင်းလာတော်မူသောအခါ၊ နတ်ဆိုးစွဲသော သူငယ်အား တပည့်တော်များက ကျန်းမာစေနိုင်ခြင်းရှိ မရှိကို သိမြင်လိုလျက် စုဝေးခဲ့သော လူထုကို တွေ့ခဲ့ပါသည်။ သို့သော်လည်း၊ ထိုကိုးပါးတို့သည် တန်ခိုး မရှိခဲ့ကြပါ။ ကျမ်းပြုဆရာများက သူတို့ကို ပြက်ရယ်ပြုခဲ့ကြပါလိမ့်မည်။ ထိုသူငယ်၏ အဘကလည်း မိမိ၏ မယုံကြည်ခြင်းကို ဝန်ခံခဲ့ပါသည်။ ယေရှုသည် ထိုသို့သော ဝိညာဉ်ရေးရာ၌ ပြောင်းလဲခြင်း မရှိသော လူတို့ကြောင့် ဝမ်းနည်းလျက် အမျက် တော်ထွက်ခဲ့ပါသည်။ ထိုသူတို့များထံ၌ သုံးနှစ်လောက် အမှုတော် ဆောင်ခဲ့သော်လည်း၊ သူတို့သည် ယုံကြည်ခြင်း မရှိခဲ့ကြပါ။ ယေရှုက ထိုသူတို့အား၊ "ယုံကြည်ခြင်းမရှိ၊ ဖေါက်ပြန်သော အမျိုး" ဟု မှတ်ချက်ပြုတော်မူခဲ့ပါသည်။ သူတို့နှင့် သင့်တော်သော မှတ်ချက်ပင်ဖြစ်ပါသည်။

"အကျွန်ုပ် ယုံကြည်ပါ၏ သခင်။ မယုံကြည်သည်ကို မစတော်မူပါ" ဟု မျက်ရည်ဖြင့် အကူအညီတောင်းသော အဘနှင့် ထိုသူငယ်ကို ယေရှုသည် သနားတော်မူ၏။ ယေရှုက ထိုနတ်ဆိုးကို နှင်ထုတ်တော်မူလျက်၊ ဘယ်တော့မှ ထိုသူငယ်ထံ နောက် ဝင်မပူးဖို့ရန် မိန့်တော်မူ၏။ တပည့်တော်များက သခင်ယေရှုအား အဘယ့်ကြောင့် မိမိတို့သည် ထိုနတ်ဆိုးကို နှင်ထုတ်ဖို့ရန် တန်ခိုး မရှိကြသနည်းဟု မေးလျှောက်ကြ သောအခါ၊ ယေရှုက၊ ဝိညာဉ်တန်ခိုးသည် ယုံကြည်ခြင်း၌ တည်တော်မူကြောင်း ဖြေတော်မူ၏။ သူတို့၌ မုန်ညင်းစေ့မျှလောက်သော ယုံကြည်ခြင်းသာ ရှိခဲ့လျှင် (နှိုင်း - မသဲ ၁၃း၃၁-၃၂)၊ "ထိုတောင်" (ဟေရမုန်တောင် ဖြစ်နိုင်ပါသည်) ကိုပင် ရွှေ့နိုင်ကြပါလိမ့်မည်။ မုန်ညင်းစေ့မျှလောက်သော ယုံကြည်ခြင်းကို ကြိုးစား ဆုတောင်းခြင်း၊ အစာရှောင်ခြင်းဖြင့် ပြုစုလျက်၊ ဘုရားသခင်၏နှုတ်ကပတ်တော်ဖြင့် ကြီးထွားစေဖို့လိုပါသည်။

ယေရှုသည် ဤလောက၌ မိမိ၏ ရွေးနှုတ်ကယ်တင်ခြင်း အမှုတော်ဆောင်ခြင်း နောက်ဆုံးပိုင်း ရောက်လာပြီဖြစ်သောကြောင့်၊ မိမိသည် သစ္စာဖောက်ခြင်းခံလျက်၊ လူတို့က အသေသတ်၍ သုံးရက်မြောက်သောနေ့တွင် ဘုရားသခင်က သေခြင်းမှ ရှင်ပြန်ထမြောက်စေတော်မူမည့်အကြောင်းကို တပည့်တော်တို့အား အမှန် သိစေလိုခဲ့ပါသည်။ ထိုအကြောင်းကို ကြားကြသောအခါ၊ သူတို့သည် အလွန် ဝမ်းနည်း ခဲ့ကြပါသည်။ သူတို့က ယေရှုသည် မိမိရန်သူများကို အောင်နိုင်လျက်၊ ဣသရေလကို ပြန်တည်ထောင်ပြီး မူလ ဘုန်းအသရေကို ခံစားစေမည်ဟု ထင်မှတ်ခဲ့ကြပါသည်။ သို့သော်လည်း ယေရှုသည် မိမိ၏သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို မိန့်တော်မူခဲ့ပါသည်။ ထိုအခါ သူတို့သည် လုံးဝ သဘောမပေါက်၊ နားမလည်နိုင်ခဲ့ကြပါ။ ဘုရားသခင်သည် ချိန်းချက်သော အချိန် မရောက်မချင်း ထိုအမှုကို သူတို့ထံ ဖော်ပြတော် မမူခဲ့ပါ (နှိုင်း - ယော ၁၄း၁၆၊ ၁၇၊ ၂၆)။

**ဆင်ခြင်ရန်** - ယုံကြည်ခြင်းသည် အောင်နိုင်ခြင်းဖြစ်ပါသည်။

**ဆုတောင်းချက်** - "အကျွန်ုပ် ယုံကြည်ပါ၏ သခင်။ မယုံကြည်သည်ကို မစတော်မူပါ" (မာကု ၉း၂၄)။

သောကြာ၊ ဇွန် (၂၇)

**မာကု ၉း၂-၁၃**

ဗျာ ၅း၆-၁၄

*“အဝတ်တော်လည်း ပြောင်လက်လျက်၊ မိုးပွင့်ကဲ့သို့ အလွန်ဖြူလျက်ရှိ၏”*

## ခရစ်တော်၏ဘုန်းအသရေတော် (၂)

ဤတောင်ထိပ်၌ ဖြစ်ပျက်သော၊ ယေရှု၏ မျက်နှာတော်ပြောင်းလဲခြင်း မြင်တွေ့ရခြင်းအမှုသည် ပေတရု၊ ယာကုပ်နှင့် ယောဟန်တို့၏ စိတ်ထဲတွင် လေးနက်စွာ စွဲထင်နေခဲ့ပါလိမ့်မည်။ သို့သော်လည်း၊ ယေရှုက မိမိရှင်ပြန်ထမြောက်ခြင်း မတိုင်မီ ထိုအမှုကို လျှို့ဝှက်ထားဖို့ရန် သူတို့အား မိန့်တော်မူ၏။ သူတို့သုံးဦးသည် သူတို့မြင်တွေ့ခဲ့သော ထို “ဘုန်းအသရေ” အကြောင်းကို ရေးသား ဖော်ပြခဲ့ကြပါသည် (၂ ပေ ၁း၁၆-၁၈၊ ယာကုပ် ၂း၁၊ ယော ၁း၁၄)။

ထိုအဖြစ်အပျက်ကို ခြေခံလျက်၊ ပေတရုက သမ္မာကျမ်းစာ၌ တွေ့ရသော ပရောဖက်ပြုချက်များကို ပြည့်စုံစေခြင်းဖြင့် ယေရှုသည် အလွန် ကြီးမြတ်သော ဘုန်းအသေရေ အာနုဘော်နှင့်တကွ ကြွလာတော်မူမည်အကြောင်း ဤသို့ ဖော်ပြခဲ့ပါသည်၊ “ငါတို့သခင် ယေရှုခရစ်၏ တန်ခိုးတော်ကိုရင်း၊ ကြွလာတော်မူခြင်းကိုရင်း၊ သင်တို့အား ကြားပြော သောအခါ ငါတို့သည် ပရိယာယ်နှင့်ပြင်ဆင်သော ဒဏ္ဍာရီ စကားကို မလိုက်၊ ဘုန်းအာနုဘော်တော်ကို ကိုယ်တိုင်မြင်သောသူ ဖြစ်ကြ၏။ အဘယ်သို့ နည်းဟူမူကား၊ ဤသူသည် ငါနှစ်သက်မြတ်နိုးရာ၊ ငါ၏ချစ်သား ပေတည်းဟူသော အသံတော်သည်၊ ထူးမြတ်သော အရောင်အဝါတော် ထဲက၊ ထိုသခင်သို့ ရောက်သောအခါ၊ ခမည်းတော် ဘုရားသခင့် အထံတော်မှ ဂုဏ်အသရေ၊ ဘုန်းအာနု ဘော်ကို ခံရတော်မူ၏။ ကောင်းကင်က ရောက်လာသော ထိုအသံတော်ကို ငါတို့သည် သန့်ရှင်းသော တောင်ပေါ်မှာ သခင်ဘုရားနှင့်အတူ ရှိသောအခါ ကြားရကြ၏။ ထိုမှတပါး၊ သာ၍မြဲမြံသော အနာဂတ္တိစကားတော်သည် ငါတို့၌ ရှိသေး၏။ စိတ်နှလုံးထဲ၌ အာရုဏ် တက်၍ ကြယ်နီ ပေါ်ထွက်သည် ကာလတိုင်အောင်၊ ထိုအနာဂတ္တိ စကားတော်ကို မှောင်မိုက် အရပ်၌ ထွန်းလင်းသော ဆီမီးကဲ့သို့ မှတ်၍၊ သင်တို့သည် အမှီပြုသင့်ကြ၏။ ကျမ်းစာ၌ ပါသော အနာဂတ္တိစကား မည်သည် ကား၊ ကိုယ်အလိုအလျောက် အနက်မပေါ်ဟု ရှေ့ဦးစွာ သိမှတ်ကြလော့။ အကြောင်းမူကား၊ အနာဂတ္တိ စကားသည် လူအလိုအားဖြင့် ဖြစ်ဘူးသည် မဟုတ်။ ဘုရားသခင်၏ သန့်ရှင်းသူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းကို ခံရ၍ ဟောပြောကြ၏” (၂ ပေ ၁း၁၆-၂၁)။ သခင် ယေရှု ခရစ်တော်သည် တနေ့တွင် မိမိ၏နိုင်ငံတော်ကို တည်ထောင်ဖို့ရန် ကြွလာတော်မူမည်။ ဒါဝိတ်၏ ရာဇပလ္လင်ပေါ်တွင် ထိုင်တော်မူလျက် ဤလောက၌ နှစ်တထောင် အုပ်စိုးတော်မူလိမ့်မည်။ ပြုပြင်တော်မူသော ယေရှုရှလင်သည် ထိုနိုင်ငံတော်၏ မြို့တော်ဖြစ်လျက်၊ ဘုန်းတော်ဝင်စားခဲ့သော သန့်ရှင်းသူတို့သည် ယေရှုနှင့်အတူ အုပ်စိုးကြပါလိမ့်မည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏ယေရှုသည် ဘုန်းအသရေနှင့်ပြည့်စုံသော ယေရှု ဖြစ်ပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ယေရှုအား မကြာမီ ကြွလာတော်မူမည့် ရှင်ဘုရင်အဖြစ် သိမြင်မည် အကြောင်း မစတော်မူပါ။



စနေ၊ မေ (၅)

**မသဲ ၁း၁၈-၂၅**

ဟေရှာ ၇း၁-၁၄

*“သန့်ရှင်းသောဝိညာဉ်တော်ကြောင့် ပဋိသန္ဓေစွဲနေ၏”*

## တကြိမ်တခါသာဖြစ်သော အပျိုကညာ သားမွေးဖွားခြင်း

မာရိသည် မိမိ၏ပဋိသန္ဓေစွဲခြင်းကို ယောသပ်အား မပြောပြခဲ့ပါ။ ထိုမယုံနိုင်စရာအဖြစ်အပျက်ကို ယုံကြည်နိုင်အောင် ပြောပြနိုင်သော ဘုရားသခင်က ယောသပ်အား ပြောပြတော်မူပါစေဟု မာရိက တွေးခဲ့ခြင်းဖြစ်ပါလိမ့်မည်။

ထိုကိုယ်ဝန်ဆောင်ခြင်းအကြောင်းကို ယောသပ်သိလာခဲ့ပါသည်။ ထိုကိုယ်ဝန်သည် မိမိအားဖြင့် ရခြင်း မဟုတ်သောကြောင့်၊ ယောသပ်က မာရိသည် သစ္စာမရှိ၊ သူတပါးနှင့် မှားယွင်းခဲ့သည်ဟု ထင်မှတ်ခဲ့ပါလိမ့်မည်။ ထိုအပြစ်သည် သေဒဏ်ခံထိုက်သော ပြစ်မှုဖြစ်ပါသည် (တရား ၂၂း၂၃-၂၄)။ ယောသပ်သည် ဖြောင့်မတ်သောသူဖြစ်သောကြောင့်၊ သူတပါးနှင့် မှားယွင်းသောသူကို လက်မထပ် လိုခဲ့ပါ။ ထို့ပြင် မာရိ ပြစ်ဒဏ်ခံရမည်ကို မကြည့်ရက်ခဲ့ပါ။ ထို့ကြောင့်၊ သူတို့၏ ပတ်သက်မှုကို တိတ်တဆိတ် ပယ်ဖျက်ဖို့ စိတ်ကူးခဲ့ပါသည်။ ထိုအခါ၊ ဘုရားသခင် ဝင်ရောက် စွက်ဖက် ကာကွယ်ခဲ့ပါသည်။

ဘုရားသခင်သည် ယောသပ်၏အိပ်မက်၌ အမှန်တရားကို ဖော်ပြတော်မူခဲ့၏။ ယောသပ်အား မာရိကို မိမိဇနီးအဖြစ် လက်ထပ်ဖို့ရန် မိန့်တော်မူ၏။ ထိုပဋိသန္ဓေစွဲသော သားသည် သာမန်လူ မဟုတ်ခဲ့ပါ။ မာရိသည် သားယောကျ်ား၊ ယေရှုကို ဖွားမြင်လိမ့်မည် - “အကြောင်းမူကား၊ ထိုသားသည် မိမိလူတို့ကို သူတို့အပြစ်များမှ ကယ်ချွတ်လိမ့်မည်” (မသဲ ၁း၂၁)။ ဤအမှုအားလုံး ဖြစ်ပျက်ရခြင်းသည် ဟေရှာယ ၇း၁၄ ၏ ပရောဖက်ပြုချက်ကို စုံလင်ဖို့ရန် ဖြစ်ကြောင်း ယောသပ်အား ပြောပြတော်မူခဲ့ပါသည်။ ယောသပ်သည် ဘုရားသခင်ကို ကြောက်ရွံ့သောသူဖြစ်သောကြောင့်၊ ကောင်းကင်တမန်၏စကားကို သံသယ မဝင်ဘဲ၊ ယုံကြည်ခဲ့ပါသည်။ ကောင်းကင်တမန် မိန့်တော်မူသည်အတိုင်း၊ ယောသပ်သည် မာရိအား သားဦး၊ ယေရှု မမွေးမချင်း လုံးဝ မထိခဲ့ပါ (မသဲ ၁း၂၅)။ အပျိုကညာ ပဋိသန္ဓေစွဲခြင်း သာမက၊ အပျိုကညာ သားမွေးခြင်းလည်း ဖြစ်ပါသည်။

သခင်ယေရှု ခရစ်တော်သာလျှင် အပျိုကညာမှ မွေးဖွားခြင်း ခံရသောသူ ဖြစ်ပါသည်။ များစွာသော အနက်ဖွင့်ကျမ်းနှင့် လေ့လာကျမ်းများက ဟေရှာယ ၇း၁၄ ကို တိုက်ခိုက်ခဲ့ကြပြီး၊ ဤ မေရှိယ အကြောင်း ပရောဖက်ပြုချက်သည် ခရစ်တော်၌သာ ပြည့်စုံသည် မဟုတ်၊ ဟေရှာယ ခေတ်၌ တကြိမ်၊ ခရစ်တော် ခေတ်၌ တကြိမ်ဟူ၍ နှစ်ကြိမ် ပြည့်စုံခဲ့သည်ဟု ဆိုခဲ့ကြ၏။ ထိုအနက်ဖွင့်ချက်သည် မြွေ၏လျှာနှစ်ခွ ကဲ့သို့ ခရစ်တော်နှင့် နှုတ်ကပတ်တော်ကို တိုက်ခိုက် ဆန့်ကျင်ခြင်းဖြစ်ပါသည်။ ဤ အပျိုကညာ သားမွေးဖွားခြင်းအမှုကို သခင်ယေရှုကသာလျှင် စုံလင်ပြည့်စုံစေတော်မူခဲ့၏။ အာမင်။

**ဆင်ခြင်ရန်** - မြွေ၏ လျှာနှစ်ခွကို သတိထားပါ။

**ဆုတောင်းချက်** - အဖဘုရား၊ အမှား အမှန် ခွဲခြားတတ်ဖို့ရန် မစတော်မူပါ။

## အာဒံ၊ အာဗြဟံ နှင့် ဒါဝိတ်၏သားတော် ယေရှု

မျိုးရိုးစဉ်ဆက်မှတ်စုက လူတဦး၏ဘိုးဘွားစဉ်ဆက်ကို ဖော်ပြ၏။ ယုဒလူအတွက် ဤမျိုးရိုးစဉ်ဆက်မှတ်စုသည် အလွန်အရေးကြီးလှပါသည်။ ယုဒလူအတွက် ထိုမှတ်စုသည် မိမိ၏မှတ်ပုံတင်ကဲ့သို့ဖြစ်ပါသည်။ ဣသရေလလူတို့သည် မိမိတို့၏မျိုးစဉ်မျိုးဆက်ကို ထိုမှတ်စုအားဖြင့် သက်သေပြခဲ့ကြပါသည် (နှိုင်း - ဖိလိ ၃း၅)။

ယေရှုသည် ဒါဝိတ်၏သား ဖြစ်တော်မူ၏။ သို့ဆိုလျှင် ဘယ်မှာလဲ သက်သေ။ ထိုသက်သေသည် သူ၏မျိုးရိုးစဉ်ဆက်မှတ်စုပင်ဖြစ်ပါသည်။ မသဲသည် ယုဒလူတို့ထံ ရေးသားသည် ဖြစ်သောကြောင့် ယေရှုသည် ဒါဝိတ်နှင့် အာဗြဟံမှ ဆင်းသက်လာကြောင်း ဖော်ပြခဲ့ပါသည်။ ဓမ္မဟောင်းထဲတွင် မေရှိယသည် အာဗြဟံ (ကမ္ဘာ ၁၃း၁၅၊ နှိုင်း - ဂလာ ၃း၁၆၊ ယော ၈း၅၆) နှင့် ဒါဝိတ် (၂ ရာ ၇း၁၃-၁၄) မှ ဆင်းသက်လာမည်ဟု ပရောဖက်ပြုခဲ့ပါသည်။

ရှင်မသဲ၏ မျိုးရိုးစဉ်ဆက်မှတ်စုထဲတွင် အမျိုးသမီးနှစ်ဦး ဖော်ပြခဲ့ပါသည် (မသဲ ၁း၅)။ ပုံမှန်အားဖြင့်၊ ယောကျ်ားများသာ ဖော်ပြခဲ့ကြသော်လည်း၊ အမျိုးသမီးနှစ်ဦးဖြစ်သော ရာခပ် (ယော ၂) နှင့် ရုသ (ရုသ ၁-၄) တို့ကို တွေ့ရပါသည်။ ထိုသူနှစ်ဦးသည် ယုဒလူ မဟုတ်၊ တပါးအမျိုးသားဖြစ်ခဲ့ကြ၏။ ရာခပ်သည် ယေရိခေါမြို့မှ ပြည်တန်ဆာဖြစ်၍၊ ရုသသည်လည်း မောဘလူမျိုး ဖြစ်ပါသည်။ အဘယ့်ကြောင့် ဤသို့သော ချီးမြှောက်ခြင်းကို သူတို့ ခံရပါသနည်း။ ဘုရားသခင်၏ ကျေးဇူးတော်သည် ယုဒလူတို့အတွက်သာ မဟုတ်၊ တပါးအမျိုးသားများအတွက်လည်းဖြစ်ကြောင်း သွန်သင်ခြင်း မဟုတ်ပါလော (ဂလာ ၃း၂၈-၂၉)။ ရာခပ်သည် ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းဖြင့် ကယ်တင်ခြင်းခံရပြီး၊ နောက်တွင် ယုဒလူမျိုး စာလမုန်နှင့် လက်ထပ်ခဲ့ပါသည်။ သူတို့သည် ဗောဇကို မွေးဖွားခဲ့ပြီး၊ ဗောဇက မောဘလူမျိုး ရုသကို လက်ထပ်လျက်၊ ဩဗက်ကို မွေးဖွားခဲ့ကြ၏။ ထို ဩဗက်သည် ယေရှဲ၏အဖ ဖြစ်၍၊ ဣသရေလ ရှင်ဘုရင် ဒါဝိတ်၏ အဘိုးဖြစ်ပါသည်။ ဘုရားသခင်သည် မိမိ၏ကျေးဇူးတော်အားဖြင့် တပါးအမျိုးသားဖြစ်သော ကျွန်ုပ်တို့ကို ပစ်ပယ်ထားတော်မမူသောကြောင့် ကျေးဇူးတင်ပါသည်။

လုကာ ဖော်ပြသော ယေရှု၏ မျိုးရိုးစဉ်ဆက်မှတ်စုတွင် ပထမဆုံးလူဖြစ်သော၊ အာဒံမှ ဆင်းသက်တော်မူကြောင်း တွေ့ရပါသည် (လု ၃း၃၈)။ ယေရှုသည် လူသား ဖြစ်တော်မူ၏။ သူသည် ပို၍ကြီးမြတ်သော အာဒံဖြစ်ပါသည် (ရောမ ၅း၁၂-၂၁)။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် လူအပေါင်းတို့ကို ချစ်တော်မူ၏၊ အထူးသဖြင့် မိမိလူတို့ကို ချစ်တော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ “ယုံကြည်ခြင်း၏ အိမ်သူအိမ်သားတို့၌ အထူးသဖြင့် ကျေးဇူးပြုလျက်၊ ခပ်သိမ်းသောသူတို့အား ကျေးဇူးပြုကြကုန်အံ့။”





## ခရစ်တော်၏ဘုန်းအသရေတော် (၁)

ခရစ်တော်၏မျက်နှာတော်ပြောင်းလဲခြင်းသည် ဤလောက၌ မိမိသက်တော်ထင်ရှားရှိစဉ် ထူးခြားသောအမှုများတွင် တခုဖြစ်ခဲ့ပါသည်။ ဤအမှုကို မသဲ၊ မာကုနှင့်လုကာထဲတွင် ဖော်ပြခဲ့ပါသည်။ “လူသားသည် နိုင်ငံတော်တည်လျက် ကြွလာတော်မူသည်ကို . . . မမြင်မီ သေခြင်းသို့ မရောက် ရကြ” ဟု အချို့သော တပည့်တော်များအကြောင်းကို သခင်ယေရှု မိန့်တော်မူပြီးနောက်၊ ထိုအမှု ဖြစ်ပျက်ခဲ့ခြင်းဖြစ်ပါသည်။ ထို “အချို့သောသူများ” သည် မျက်နှာတော်ပြောင်းလဲခြင်းအမှု၌ ယေရှု၏ ဘုန်းအသရေတော်ကို မြင်တွေ့ခဲ့ရသော၊ ပေတရု၊ ယာကုပ်နှင့် ယောဟန်ကို ဆိုလိုခြင်းဖြစ်ပါလိမ့်မည်။ မြင့်လှစွာသောတောင်တွင် (ဟေရမုန် တောင်ဖြစ်နိုင်ပါသည်)၊ ယေရှုသည် လူ့ဇာတိခံကြွလာတောမူစဉ် ထားခဲ့သော (ဖိလိ ၂း၆-၇)၊ မိမိပိုင်ဆိုင်သည့် ဘုရား၏ဘုန်းအသရေတော်နှင့် တခဏတာ လွှမ်းခြုံခြင်း ခံရခဲ့ပါသည်။ သူ့ထံ၌ မြင်တွေ့ရသော ထိုဘုန်းအသရေတော်သည် အလွန်လင်းလက်ထောက်ပသော နေရောင်ကဲ့သို့၊ အလွန်ထွန်းထောက်သော အဖြူရောင်ကဲ့သို့ ဖော်ပြခဲ့၏။

ထိုအချိန်၌ ဧလိယနှင့်မောရှေတို့သည် ယေရှုထံလာ၍ ကြုံတွေ့ရမည့် ကားတိုင်ပေါ်၌ အသေခံခြင်းအမှုအတွက် ခွန်အား ပေးခဲ့ကြသည်ဟု ထင်ရပါသည်။ အဘယ့်ကြောင့် မောရှေနှင့် ဧလိယ ဖြစ်ကြပါသနည်း။ အကြောင်းမှာ၊ မောရှေသည် ပညတ်တရားကို ကိုယ်စားပြု၍ ဧလိယသည် ပရောဖက်များကို ကိုယ်စားပြု၏။ ပညတ်တော်နှင့် ပရောဖက်တည်းဟူသော ဓမ္မဟောင်းကို စုံလင်စေမည်အကြောင်း ယေရှု ကြွလာတော်မူခဲ့ခြင်းဖြစ်ပါသည် (မသဲ ၅း၁၇၊ လု ၂၄း၂၇၊ ၄၄)။ ယေရှုသည် ဓမ္မဟောင်း ပညတ်တရားကို စုံလင်စွာ လိုက်လျှောက် ခဲ့ပြီး၊ ဓမ္မဟောင်း ပရောဖက်ပြုချက်များကို ပြည့်စုံစေခဲ့ပြီ ဖြစ်ကြောင်း၊ “ဤသူသည် ငါနှစ်သက်မြတ်နိုးရာ၊ ငါ၏ချစ်သားပေတည်း။ သူ၏စကားကို နားထောင်ကြလော့” ဟူသော ခမည်းတော်က သားတော်အား ချီးမြှောက်ခြင်းအမှု၌ ထင်ရှားခဲ့ပါပြီ။ ဤသို့သော ချီးမြှောက်ခြင်းကို ယေရှု ဗတ္တိဇံ မင်္ဂလာခံစဉ်၊ လူထုထံ အမှုတော်ဆောင်ခြင်း စတင်ခါစ၌လည်း တွေ့ရပါသည်။ ယခု ထိုအမှုတော်ကို ပြီးစီးတော့မည်ဖြစ်၍၊ ကောင်းမွန်စွာ ဆောင်ရွက်ခဲ့ခြင်းကြောင့်၊ ခမည်းတော်က ထိုသို့ ချီးကျူးတော်မူခဲ့ခြင်းဖြစ်ပါသည်။ ယေရှုသည် ခမည်းတော်၏ စကားကို တသွေမတိမ်း နာခံ လိုက်နာတော်မူခဲ့ပါသည်။ သားတော်သည် ခမည်းတော်ကို နာခံသကဲ့သို့၊ ခရစ်ယာန်အပေါင်းတို့သည်လည်း သားတော်ကို နာခံကြရပါမည်။ “သူ၏စကားကို နားထောင်ကြလော့။” “သူစေခိုင်းသမျှတို့ကို ပြုကြလော့” (ယော ၂း၅)။

**ဆင်ခြင်ရန်** - “အသင်းတော်သည် ခရစ်တော်၏ဘုန်းအသရေတော် ထင်ရှားရာ အဓိက နေရာဖြစ်ပါသည်” (Calvin)။

**ဆုတောင်းချက်** - “မင်္ဂလာရှိတော်မူသော၊ ဘုန်းအသရေနှင့်ပြည်စုံတော်မူသော၊ အသက်ကြီးသောသူ၊ အနန္တတန်ခိုးရှင်၊ အောင်နိုင်သူ၊ ကိုယ်တော်၏ မြတ်သောနာမတော်ကို ကျွန်တော်တို့ ချီးမွမ်းပါသည်။”

ဗုဒ္ဓဟူး၊ ဇွန် (၂၅)
**မသဲ ၁၆း၂၁-၂၈**
ဗျာ ၂း၈-၁၁

*"လူသည် ဤစကြဝဠာကို အကြွင်းမဲ့ အစိုးရ၍ မိမိအသက်ဝိညာဉ်ရှုံးလျှင် အဘယ် ကျေးဇူးရှိသနည်း"*

## ချီးမြှောက်ခြင်း အရင်၌ ကားတိုင် (၂)

ဤဘုရားသခင်၏တရားဖြစ်သော ချီးမြှောက်ခြင်းအရင်၌ ကားတိုင်ရှိ၏ ဟူသောအချက်သည် ယေရှုအတွက်သာလျှင် မဟုတ်ဘဲ၊ သူ၏ တပည့်တော်အားလုံးအတွက် အကျုံးဝင်ပါသည်။ ယေရှုက၊ "ငါ၌ ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ် ငြင်းပယ်ရမည်။ ကိုယ်လက်ဝါး ကပ်တိုင်ကို ထမ်း၍ ငါ့နောက်သို့ လိုက်ရမည်။ အကြင်သူသည် မိမိအသက်ကို ကယ်ဆယ်ခြင်းငါ အလိုရှိ၏၊ ထိုသူသည် အသက်ရှုံးလိမ့်မည်။ အကြင်သူသည် ငါ့ကြောင့်၎င်း . . . ဧဝံဂေလိတရားကြောင့်၎င်း အသက်ရှုံး၏၊ ထိုသူသည် မိမိအသက်ကို ကယ်ဆယ်လိမ့်မည်" ဟု မိန့်တော်မူ၏။ ပေတရုသည် ကောင်းသောအမှုကိုသာ တွေးတောစဉ်းစား ခဲ့သည်ဟု ထင်ရပါသည်။ ခရစ်တော်နှင့်အတူ အုပ်စိုးလိုခဲ့ပါသည်။ ဟုတ်ပါ၏၊ တနေ့နေ့တွင် ပေတရုနှင့် ခရစ်ယာန်အပေါင်းတို့သည် ခရစ်တော်နှင့်အတူတကွ အမှန်အုပ်စိုးကြပါလိမ့်မည်။ သို့သော်လည်း၊ ထိုမတိုင်မီ သူတို့သည် မိမိတို့၏ ကားတိုင်ကို ထမ်းလျက်၊ ယေရှု လျှောက်ခဲ့သောလမ်းကို နေ့စဉ် လျှောက်ဖို့လိုပါသည်။ ကားတိုင်ပေါ်၌ သေသတ်ခံရခြင်းသည် အလွန်ရှက်စရာကောင်းသော၊ အလွန် နာကျင်ခြင်း ဝေဒနာခံရသော သေခြင်းဖြစ်ပါသည်။ ကျွန်တော်တို့သည် မိမိ၏ကားတိုင်ကို ထမ်းရွက်လျက် နောက်တော်သို့ လိုက်ခြင်းဖြင့် ယေရှုနှင့်အတူ အရှက်ကို မခံခဲ့ပါလျှင်၊ ဘုရင်တကာတို့၏ ဘုရင်၊ သခင်တကာတို့၏သခင် အဖြစ် ယေရှုကြွလာတော်မူသောအခါ ကျွန်တော်တို့သည် သူနှင့်အတူ ချီးမြှောက်ခြင်း ခံရမည် မဟုတ်ပါ။ ဤလောက၌ ထမ်းရွက်သော ကျွန်ုပ်တို့၏ကားတိုင် ထမ်းခြင်းအမှုအတွက်၊ သခင်ဘုရားက နောက်လာမည့် ကမ္ဘာ၌ မိမိ၏သရဖူကို ပေးတော်မူမည်အကြောင်း ဂတိပေးပါသည်။

ခရစ်တော်သည် မိမိ၏သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းကို ပထမအကြိမ် ကြိုဟောခဲ့သည်သာမက၊ တဖန် ကြွလာတော်မူမည့်အကြောင်းကိုလည်း ဟောခဲ့ပါသည်။ သူ၏ ဒုတိယအကြိမ် ကြွလာတော်မူခြင်းသည် တန်ခိုး အာဏာတော်နှင့် ကြွလာတော်မူခြင်းပင်ဖြစ်လိမ့်သည်။ သူသည် မိမိ၏ ကောင်းကင်တမန်များနှင့် (၂ သက် ၁း၇-၉)၊ လက်ဆောင်များနှင့်တကွ (နှိုင်း - ၂ တိ ၄း၁)၊ မိမိနိုင်ငံတော်သို့ ကြွလာတော်မူလိမ့်မည် (နှိုင်း - တမန် ၁း၃၊ ၆၊ ၇၊ ၁၁၊ ၂ တိ ၄း၁)။ ပေတရုသည် ယေရှုအား မေရှိယ ရှင်ဘုရင်ဟု သိမှတ်ခြင်းသည် မှန်ပါ၏၊ သို့သော်လည်း ထိုသို့ ကြွလာတော်မူမည့်အချိန်ကိုသာ မှားယွင်းသိမှတ်ခဲ့ခြင်းဖြစ်ပါသည်။ ပထမအကြိမ်တွင် ဘုရားသခင်၏သိုးသငယ်ကဲ့သို့ အသေခံရန် ကြွလာခဲ့ပြီး၊ ဒုတိယအကြိမ်တွင် အုပ်စိုးခြင်းအာဏာစက်နှင့်အတူ ယုဒအမျိုးမှ ခြင်္သေ့ကဲ့သို့ ကြွလာလိမ့်မည်။ ထိုအချိန်၌ ခံရမည့် ဘုန်းအသရေတော် အကြောင်းကို ယေရှုက အရိပ်အမြွက် ဤသို့ ဖော်ပြ တော်မူခဲ့၏ - "ငါအမှန်ဆိုသည်ကား၊ လူသားသည် နိုင်ငံတော် တည်လျက် ကြွလာတော်မူသည်ကို . . . ဘုရားသခင်၏နိုင်ငံတော်သည် တန်ခိုးနှင့်တကွ တည်ကြောင်းကို . . . ဤအရပ်၌ ရှိသောသူ အချို့တို့သည် မမြင်မီ သေခြင်းသို့ မရောက်ရကြ။" ယေရှုက ပေတရု၊ ယာကုပ်နှင့် ယောဟန်တို့ မြင်တွေ့ခံစားခဲ့ရသော မိမိ၏မျက်နှာတော် ပြောင်းလဲခြင်းအမှုကို ဖော်ပြခြင်း ဖြစ်ပါလိမ့်မည်။

**ဆင်ခြင်ရန်** - "ဘုရားသခင်သည် မိမိလူတို့အား အရင်အခက်အခဲကြုံတွေ့စေခြင်းဖြင့် ပြင်ဆင်မှု မပြုဘဲ အောင်မြင်မှုကို ပေးတော် မမူတတ်ပါ" (Calvin)။

**ဆုတောင်းချက်** - "ဘုရားသခင်၊ ယခု မိမိကားတိုင်ကို ထမ်းလျက် ကိုယ်တော့်နောက်ကို လိုက်ပါ၏။ ဤလောကီ အရာနှင့် ကျော်စောခြင်းတို့သည် ကျွန်ုပ်အတွက် သံချေးမျှသာဖြစ်ကြပါသည်။"



တနင်္လာ၊ ဧပြီ (၇)
**လု ၁း၃၉-၅၆**
ဆာလံ ၁၄၆း၁-၅

*"ငါ့ကို ကယ်တင်တော်မူသောအရှင် ဘုရားသခင်ကို အမှီပြု၍ ငါ့ဝိညာဉ်သည် ရွှင်လန်းခြင်းရှိ၏"*

## အပြစ်သား မာရိသည် ကယ်တင်ရှင် ယေရှု လိုအပ်၏

ဧလိရှဗက်လည်း ပဋိသန္ဓေစွဲကြောင်း ကောင်းကင်တမန်ထံမှ သတင်းကြားသောအခါ (နှိုင်း - လု ၁း၃၆)၊ မာရိသည် မိမိ၌ ဘုရားသခင် ပြုတော်မူသောအမှုကို သူ့ထံ ပြောကြားဖို့ရန် သွားခဲ့ပါသည်။ ထိုသတင်းကောင်းကို ကြားသောအခါ၊ ဧလိရှဗက်နှင့် ဝမ်းထဲရှိ ယောဟန်တို့သည် အလွန် ဝမ်းမြောက်ခြင်း ရှိခဲ့ကြ၏။ ဝိညာဉ်တော်နှင့်ပြည့်ဝလျက် ဧလိရှဗက်သည် မာရိအား၊ "အကျွန်ုပ်သခင်၏ မယ်တော်" ဟု ဆိုပြီး ချီးမွမ်းခဲ့ပါသည်။ ထိုအခေါ်အဝေါ်သည် မာရိအား "ဘုရားသခင်၏ မယ်တော်" ဟု ခင်ပွန်းတပ်ခြင်း မဟုတ်ကြောင်း မှတ်သားဖို့လိုပါသည်။ ဧလိရှဗက်က မာရိကို ဘုရား ကဲ့သို့ ခေါ်ခြင်း မဟုတ်၊ ခရစ်တော်ကို ဘုရားအဖြစ် ဖော်ပြခြင်းဖြစ်ပါသည်။

မာရိကလည်း မိမိကိုယ်ကို ဘုရားသခင်၏ မယ်တော်ဟု မထင်မှတ်ခဲ့ပါ။ မိမိကိုယ်ကို ဘုရားသခင်၏ "ကျွန်မ" ဟုဆိုခဲ့၏။ ဘုရားသခင်သည် မိမိ၏ကယ်တင်ရှင်ဟု ဝန်ခံခြင်းအားဖြင့် မိမိသည် အပြစ်သားဖြစ်ကြောင်း ဝန်ခံရာရောက်ပါသည်။ "ကျွန်မ၏ နာမတော်သည် ရိုသေဘွယ်ဖြစ်၏" ဟု မဆိုဘဲ၊ "ထိုဘုရား၏နာမတော်သည် ရိုသေဘွယ်ဖြစ်တော်မူ၏" ဟုဆိုခဲ့ပါသည်။

မာရိအား ရောမအသင်းတော်က ဘုရားကဲ့သို့ ချီးမြှောက်ခြင်းကို ဆန့်ကျင်လျက်၊ Calvin ကဤသို့ ဖော်ပြခဲ့ပါသည် - "မာရိက မိမိ၏ဝမ်းမြောက်ခြင်းကို ဘယ်အကြောင်းကြောင့်မှ မဟုတ်ဘဲ၊ ဘုရားသခင်၏ကျေးဇူးတော် မိမိခံစားရသောကြောင့်ဖြစ်သည်ကို သိမှတ်ခဲ့ပါသည်။ 'ခေတ်အဆက်ဆက်' မိမိအား 'မင်္ဂလာရှိသောသူ' ဟုခေါ်လိမ့်မည်ဟု ဆိုခဲ့ပါသည်။ ထိုချီးမြှောက်ခြင်းကို မိမိ၏ တန်ခိုးအားဖြင့် ရရှိမည်ဟု ဖော်ပြပါသလား။ ထိုသို့ မဖော်ပြပါ၊ ဘုရားသခင် ပြုတော်မူသောအမှုကြောင့်သာ ခံရမည်ဖြစ်ပါသည်။ ရောမဘုန်းကြီးတို့သည် မာရိ ခံရသော ကောင်းကြီးမင်္ဂလာကို ဘုရားသခင်၏ကျေးဇူးတော်ကြောင့်ဟု မာရိ သိမြင်သကဲ့သို့ မသိမြင်ဘဲ၊ မာရိကို အလွန်အကျွံ ချီးမြှောက်လျက်၊ 'ကောင်းကင် ဘုရင်မ၊ ကယ်တင်ခြင်း ကြယ်ပွင့်၊ အသက်ရှင်ခြင်း တံခါး၊ ချိုမြိန်ခြင်း၊ မျှော်လင့်ခြင်း၊ ကယ်တင်ခြင်း' စသည့် အမည်နာမများကို ပေးခဲ့ကြ၏။ ထို့ပြင် စာတန်၏ နိုးဆော်ခြင်းအားဖြင့်၊ မာရိအား ခရစ်တော်ထက် ပို၍ အာဏာရှိသောသူအဖြစ် တင်စားခဲ့ကြပြီး၊ 'ခမည်းတော်ထံ တောင်းလျှောက်ပေးပါ၊ သားတော်ကို အမိန့်ပေးတော်မူပါ' ဟု မာရိအား ချီးမြှောက် သီချင်းဆိုကြ၏။ ထိုအရာအားလုံးသည် ဘုရားသခင်ထံမှ ထွက်လာသောအရာ မဟုတ်ပါ။ ထိုအရာအားလုံးတို့ကို မာရိ၏ဝန်ခံမှုဖြစ်သော၊ မိမိခံရသော ကောင်းကြီးမင်္ဂလာအပေါင်းတို့သည် ဘုရားသခင်၏ ကျေးဇူးတော်၊ ကရုဏာတော်ကြောင့်သာဖြစ်သည်ဟူသော စကားတစ်ခွန်းအားဖြင့် မှားယွင်းကြောင်း ဖော်ပြလျက်ရှိပါသည်။ မာရိသည် မိမိအပေါ် အံ့ဘွယ်အမှု ပြုတော်မူသော ဘုရားသခင်ကိုသာ ချီးမွမ်းခဲ့ပါသည်။ ထိုသို့ မဟုတ်ဘဲ၊ ဘုရားသခင်၏သားတော် ခံထိုက်သောအရာကို မိမိလုယူခဲ့ပါလျှင်၊ ထိုမျှလောက် မိုက်မဲသောအမှု ရှိလိမ့်မည် မဟုတ်တော့ပါ။"

**ဆင်ခြင်ရန်** - မာရိကို ကိုးကွယ်ခြင်းသည် ရုပ်တုကိုးကွယ်ခြင်းဖြစ်၏။
**ဆုတောင်းချက်** - အဖဘုရား၊ ရုပ်တုများမှ ကျွန်ုပ်ကို ကွယ်ကာစောင့်ရှောက်တော်မူပါ။

အင်္ဂါ၊ ဧပြီ (၈)
**လု ၁း၅၇-၈၀**
ဆာလံ ၈၉း၁-၁၈

*"ထာဝရဘုရား၏ လမ်းခရီးတော်ကို ပြင်ဆင်ခြင်းငှါ သင်သည် ရှေ့တော်၌ သွားရလိမ့်မည်"*

## ဘုရင့်ရှေ့ပြေး ဘွားမြင်ခဲ့၏

ကိုးလလုံးလုံး ပဋိသန္ဓေစွဲပြီးနောက်၊ ယောဟန်သည် ဧလိရှဗက်နှင့် ဇာခရိ၌ ဘွားမြင်ခဲ့ပါသည် (လု ၁း၅၇)။ ထိုကိုးလလုံးလုံး ဇာခရိသည် ဂါဗြေလ၏စကားကို သံသယဝင်သောကြောင့် စကား မပြောနိုင်ဖြစ်ခဲ့ပါသည်။ မိမိ၏သားကို "ယောဟန်" ဟု စာရေးလျက် အမည်ပေးခဲ့ပါသည် (လု ၁း၆၃-၆၄)။

စကားပြောရသောအခွင့် ဘုရားသခင် ပေးသောအခါ၊ ဇာခရိက မိမိ၏သား ယောဟန်သည် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေမည်အကြောင်း ပြောကြားခဲ့ပါသည်။ ယောဟန်အကြောင်းကို - "သင်သည်လည်း အမြင့်ဆုံးသော ဘုရား၏ပရောဖက်ဟု ခေါ်ဝေါ်ခြင်းကို ခံရလိမ့်မည်။ အကြောင်းမူကား၊ ငါတို့ ဘုရားသခင်၏ သနားတော်မူခြင်း ကျေးဇူး တော်အားဖြင့် အပြစ်ဖြေ၍ ကယ်တင်ခြင်းသို့ ရောက်နိုင်ကြောင်းကို ဘုရားသခင်၏လူမျိုးအား ဘော်ပြသဖြင့်၊ ထာဝရဘုရား လမ်းခရီးတော်ကို ပြင်ဆင်ခြင်းငှါ သင်သည် ရှေ့တော်၌ သွားရလိမ့် မည်။ ထိုသနားတော်မူခြင်း ကျေးဇူးတော်အားဖြင့်၊ ကောင်းကင်မှနေအာရုဏ်သည် ငါတို့ အပေါ်သို့ တက်သဖြင့်၊ မှောင်မိုက်နှင့်သေမင်း၏ အရပ်ထဲတွင် ရှိနေသောသူတို့၌ အလင်းပေါ်ထွန်း၍၊ ငါတို့ အား ငြိမ်သက်ခြင်းလမ်းကို ပြလျက်ရှိသည်ဟု ပရောဖက်ဉာဏ်နှင့် ဟောလေ၏" (လု ၁း၇၆-၇၉)။

ဤအမှုအားလုံးသည် ဘုရားသခင်၏သစ္စာရှိတော်မူခြင်းအားဖြင့် ဖြစ်ပျက်ခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် ဣသရေလထံ ပြုခဲ့သော မိမိ၏ ပဋိညာဉ်ကို အောက်မေ့တော်မူ၏။ "ငါတို့သည် ရန်သူဘေးနှင့် ကင်းလွတ်၍ ဘုရားသခင့်ရှေ့တော်၌ တသက်လုံး သန့်ရှင်း ဖြောင့်မတ်ခြင်း ပါရမီအားဖြင့် ဘုရားဝတ်ကို ရဲရင့်စွာ ပြုရသောအခွင့်ကို ပေးမည်ဟု ငါတို့အဘ အာဗြဟံအား ကျိန်ဆိုခြင်း ဂတိတော်တည်းဟူသော" (လု ၁း၇၃-၇၅၊ နှိုင်း - ကမ္ဘာ ၁၂း၁-၃၊ ၁၃း၁၄-၁၇၊ ၁၅း၄-၅၊ ၁၇-၁၈၊ ၁၇း၁-၈၊ ၂၂း၁၅-၁၈)။

ဤကယ်နှုတ်ခြင်းအမှု၌ အချက်နှစ်ချက်ရှိပါသည် - ခန္ဓာကိုယ်ကယ်နှုတ်ခြင်းနှင့် ဝိညာဉ်နှင့်ဆိုင်သော ကယ်နှုတ်ခြင်းတို့ဖြစ်ပါသည်။ မေရှိယသည် ကျွန်ုပ်တို့အား ရန်သူများလက်မှ ကယ်နှုတ်ဖို့ရန် ကြွလာတော်မူ၏။ ထိုရန်သူများသည် ဆန့်ကျင်သောသူများနှင့် ကောင်းကင်မှ နှင်ထုတ်ခြင်းခံရသော ကောင်းကင်တမန်များ ဖြစ်ကြပါသည်။ သူသည် ကျွန်ုပ်တို့အား အပြစ်၏အခတည်းဟူသော သေခြင်းမှ၎င်း၊ စာတန်နှင့်အပြစ်၏ ကျေးကျွန်မှ၎င်း ကယ်နှုတ်တော်မူလိမ့်မည် (၁ ကော ၁၅း၂၆၊ ရောမ ၁၆း၂၀၊ ကောလော ၁း၁၂-၁၃)။ သူသည် လူတို့၏စိတ်နှလုံးကို အုပ်စိုးမည်သာမက၊ ဤကမ္ဘာမြေကြီးတခုလုံးကို သန့်ရှင်းခြင်းနှင့် ဖြောင့်မတ်ခြင်းဖြင့် အုပ်စိုးတော်မူမည် (ဟေရှာ ၂း၁-၅၊ ၉း၆-၇၊ ၁၁း၁-၉၊ ဖိလိ ၂း၅-၁၁၊ ၁ သက် ၃း၁၃၊ ၂ သက် ၁း၇-၉၊ ဗျာ ၁၉း၁၁-၂၀း၆)။

**ဆင်ခြင်ရန်** - "ယခု အသက်ပျိုစဉ် အခါ၌ပင်၊ သင့်ကို ဖန်ဆင်းတော်မူသော အရှင်ကို အောက်မေ့လော့" (ဒေ ၁၂း၁)။
**ဆုတောင်းချက်** - အို အဖဘုရား၊ ကိုယ်တော်၏ သစ္စာတော်သည် ကြီးမြတ်လှပါသည်တကား။



အင်္ဂါ၊ ဇွန် (၂၄)
**မာကု ၈း၃၁-၉း၁**
ဟေရှာ ၅၃း၁-၇

*"လူသားသည် များစွာခံရမည်"*

## ချီးမြှောက်ခြင်း အရင်၌ ကားတိုင် (၁)

ယေရှုက မိမိ၏ မေရှိယဖြစ်ခြင်းအကြောင်း ပေတရု ဝန်ခံခြင်းကို တုန့်ပြန်လျက်၊ မိမိ တပည့်တော်များအား မိမိသေသတ်ခြင်းခံလျက်၊ သုံးရက်မြောက်သောနေ့တွင် ရှင်ပြန်ထမြောက်မည့် အကြောင်း ရှင်းလင်းစွာ မိန့်တော်မူခဲ့ပါသည်။ ဤသည်ကား မိမိအသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို ပထမဆုံးအကြိမ် ယေရှုက ရှင်းလင်းစွာ မိန့်တော်မူခြင်း ဖြစ်ပါသည်။ ယခင် အချိန်တွင်၊ ထိုအကြောင်းကို မရှင်းမလင်း ဖော်ပြတော်မူခဲ့ပါသည် (မာကု ၂း၂၀၊ နှိုင်း - မသဲ ၁၂း၃၉၊ ၄၀၊ ၁၆း၄)။ ထိုသို့ အတိအလင်း ဖော်ပြခြင်းက ယေရှု၏ လူထုအကြား အမှုတော်ဆောင်ခြင်းကို သိသာစွာ ပြောင်းလဲမှု ဖြစ်စေခဲ့ပါသည်။ ထိုအချိန်မှစ၍ ယေရှုသည် မိမိလူတို့ ရွေးနှုတ်ကယ်တင်ခြင်းအမှု အတွက် ကားတိုင်ပေါ်၌ အသေခံခြင်းတည်းဟူသော၊ ခံတော်မူခြင်းနှင့်ဆိုင်သော နာခံခြင်းအမှု ပြည့်စုံစေမည့် နေရာဖြစ်သော ယေရုရှလင်မြို့ဘက်ကိုသာ အာရုံစိုက်လာခဲ့ပါသည်။

ပေတရုက ယေရှုအား သေခြင်းအကြောင်း ပြောကြားခဲ့သောကြောင့် အပြစ်တင်စကား ဆိုခဲ့ပါသည်။ ပေတရုက မေရှိယသည် ယုဒလူမျိုးကို ရောမလက်အောက်ခံဘဝမှ ကယ်နှုတ်မည့် ရှင်ဘုရင်ဖြစ်သည်ဟု မှတ်ယူခဲ့ပါသည်။ ထို့ကြောင့်၊ ပေတရုအတွက် ထိုသေခြင်းသည် ရှုံးနိမ့်ခြင်း ဖြစ်ပါသည်။ ယေရှု အသေသတ်ခြင်း ခံခဲ့လျှင် ဣသရေလနိုင်ငံ ပြန်လည်ထူထောင်ခြင်းတည်းဟူသော မိမိ၏မျှော်လင့်ချက် နင်းခြေခံရသကဲ့သို့ ဖြစ်ပါလိမ်မည်။

ထိုသို့ ပေတရု၏ ယေရှု အပြစ်တင်ခြင်းအမှုသည် စာတန်နှစ်သက်သောအမှုဖြစ်ပါသည်။ ထို့ကြောင့် ယေရှုက ပေတရုအား၊ "အချင်းစာတန်၊ ငါ့နောက်သို့ ဆုတ်လော့" ဟု ပြင်းထန်စွာ မိန့်တော်မူခဲ့၏။ ယေရှုအား အသေမခံမည်အကြောင်း စာတန်ကဲ့သို့ ပေတရုသည် တားမြစ်ခဲ့ခြင်း ဖြစ်ပါသည်။ ပေတရုသည် ပိုနားလည်ခဲ့သင့်ပါသည်။ ဟေရှာယ ၅၃ က မေရှိယ အသေခံမည့် အကြောင်းကို ရှင်းလင်းစွာ ဖော်ပြခဲ့ပါသည်။ ဗတ္တိဇံဆရာ ယောဟန်၏ တပည့်ဖြစ်ခဲ့သောကြောင့်၊ ယေရှုသည် "ဤလောက၏အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏ သိုးသငယ်" (ယော ၁း၂၉) ဟု ယောဟန်၏ ဟောပြောချက်ကို ကြားခဲ့ပါလိမ့်မည်။ ယေရှု ပြုတော်မူမည့်အမှုကို သိပါလျက်နှင့် လက်မခံလိုခဲ့ခြင်းလည်း ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ယေရှုက ထိုသို့ ပြင်းထန်စွာ အပြစ်တင်ခဲ့ခြင်း ဖြစ်ပါလိမ့်မည်။ ပေတရုသည် ယေရှုအား ယုံကြည်ခြင်း မျက်စိဖြင့် မကြည့်၊ မသိမြင်ခဲ့ပါ။ ချီးမြှောက်ခြင်း အရင် ထိုနိမ့်ချခြင်းတည်းဟူသော အသေခံခြင်း ရှိရမည်အကြောင်း သိထားခဲ့သင့်ပါသည်။ ယေရှုသည် ရှင်ဘုရင် ကဲ့သို့ ကြွလာတော်မမူမီ၊ သိုးသငယ်ကဲ့သို့ အသေခံခြင်းအမှု ဆောင်ရွက်ဖို့ လိုပါသည်။ ကားတိုင် အရင်လာရပါမည်၊ ထို့နောက်မှ သရဖူ လာလိမ့်မည်ဖြစ်၏။

**ဆင်ခြင်ရန်** - "လူတို့သည် ဘုရားသခင်၏သားများ ဖြစ်ကြမည်အကြောင်း၊ ဘုရားသခင်၏ သားတော်သည် လူသားအဖြစ်ကို ခံယူတော်မူခဲ့၏" (Calvin)။
**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်အတွက် ဝေဒနာခံသွားခဲ့သော သခင်ယေရှုအား ကျေးဇူး တင်ပါသည်။

တနင်္လာ၊ ဇွန် (၂၃)
**မသဲ ၁၆း၁၃-၂၀**
၁ ကော ၁၀း၁-၄

*"ဤကျောက်ပေါ်မှာ ငါ့အသင်းကို ငါတည်ဆောက်မည်"*

## ယေရှု - ကယ်တင်ခြင်းကျောက် (၂)

ထိုကျောက်သည် ပေတရု မဟုတ်ဘဲ၊ ယေရှု ပင်ဖြစ်တော်မူ၏။ သမ္မာကျမ်းစာ ပေတရုကို ကျောက် (Petra - rock) ဟု ဘယ်တော့မှ မခေါ်ခဲ့ပါ။ ယေရှုက ပေတရု အား ကျောက်ခဲ (petros) ဟု ခေါ်ခဲ့ပါသည်။ တမန်တော်ပေါလုက ခရစ်တော်ကို ကျောက် (Petra) ဟု ခေါ်ခဲ့ပါသည် (၁ ကော ၁၀း၄)။ ပေတရုကလည်း မိမိကိုယ်ကို ဘယ်တော့မှ ကျောက် (Petra) ဟု မခေါ်ဘဲ၊ ကျောက်ခဲ (petros) ဟုသာ ခေါ်ခဲ့ပါသည်။ ထို့ပြင်၊ ပေတရု ကိုယ်တိုင်က ယေရှုအား ထိမိ၍ လဲစရာ ကျောက် (Petra) ဟုခေါ်ခဲ့၏ (၁ ပေ ၂း၈)။ ထို့ကြောင့်၊ ပေတရုသည် ယေရှု မိန့်တော်မူသော၊ "ဤကျောက်ပေါ်မှာ ငါ့အသင်းကို ငါတည်ထောင်မည်" ဟူသောအချက်ကို ကောင်းကောင်း နားလည် ခဲ့ပါသည်။

ထို့ပြင် ယေရှုသည် ဤစကားကို နှင်းများဖုံးလွှမ့်ရှိသော ဟေရမုန်တောင် ရှိရာ ဖိလိပ္ပုကဲသရိမြို့၌ မိန့်တော်မူခဲ့ခြင်းဖြစ်ပါသည်။ ဤကျောက်ပေါ်၌ဟု ယေရှု မိန့်တော်မူသောအခါ၊ ထိုကျောက်တောင်ကို ရည်ညွှန်းလျက် မိန့်တော်မူခဲ့ခြင်းလည်း ဖြစ်နိုင်ပါသည်။ ဆိုလိုသည်မှာ၊ ဟေရမုန်တောင်သည် မရွေ့နိုင်သကဲ့သို့ မိမိ၏အသင်းကို တည်မည့် ယေရှုတည်းဟူသော ကျောက်သည်လည်း တည်မြဲသော၊ မရွေ့နိုင်သော ကျောက်တောင်ကဲ့သို့ ဖြစ်တော်မူ၏။ ပေတရုသည် ကျောက်ခဲသာဖြစ်ပါသည်။ ထိုအချက်ကို သူ သိမှတ်ဖို့လိုပါသည်၊ သို့မဟုတ်လျှင် လှည့်ဖြားခြင်း ခံရနိုင်ပါ၏။ သို့သော်လည်း၊ ပေတရုသည် မိမိသိမှတ်ခဲ့သော အသက်ရှင်တော်မူသော ဘုရားသခင်၏ သားတော်တည်းဟူသော မိမိ၏ သခင်ထံမှ ခွန်အား ရယူတတ်ခဲ့ပါသည်။ ထို ကျောက်တည်းဟူသော သခင်အပေါ်၌ အသင်းတော် တည်မည်ဖြစ်ပါသည်။ ပေတရုသည် လွယ်ကူစွာ ရွေ့နိုင်သော ကျောက်ခဲဖြစ်၍၊ ခရစ်တော်မူကား ဖျက်ဆီး၍ မရသော ကျောက် ဖြစ်တော်မူ၏ (ဒံ ၂း၄၄-၄၅၊ လု ၂၀း၁၇-၁၈)။ ခရစ်တော်သည် အသင်းတော်၏ တည်မြဲခိုင်မာသော အုတ်မြစ်ဖြစ်တော်မူ၏။ "အကြောင်းမူကား၊ ယေရှုခရစ် တည်းဟူသော၊ ချလျက်ရှိသော တိုက်မြစ်မှတပါး အခြားသော တိုက်မြစ်ကို အဘယ်သူမျှ မချနိုင်" (၁ ကော ၃း၁၁)။ အသင်းတော်သည် "တမန်တော်တို့မှစ၍ ပရောဖက်များ တည်းဟူသော တိုက်မြစ်အပေါ်၌ . . . တည်ဆောက်လျက် ရှိကြ၏။ ထိုတိုက်ထောင့် အမြစ်ကျောက်ကား၊ ယေရှုခရစ်ဖြစ်သတည်း" (ဧဖက် ၂း၂၀)။ အသင်းတော်၏ အုတ်မြစ်ကျောက်သည် ရှိမုန် ပေတရု မဟုတ်ဘဲ၊ ယေရှု ခရစ်တော်တည်းဟူသော၊ ပရောဖက်၊ ယဇ်ပုရောဟိတ်နှင့် ရှင်ဘုရင် ဖြစ်တော်မူသော မေရှိယ ဖြစ်တော်မူ၏။

**ဆင်ခြင်ရန်** - "အသင်းတော်၏ တခုတည်းသော အုတ်မြစ်သည် သခင် ယေရှုခရစ်တော်ပင်ဖြစ်တော်မူ၏။"

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်သည် အကျွန်ုပ် ရပ်တည်ရာကျောက် ဖြစ်တော်မူ၏။



ဗုဒ္ဓဟူး၊ ဧပြီ (၉)
**လု ၂း၁-၇**
ဂလာ ၄း၄-၇

*"လောက ဝမ်းမြောက်၊ ဘုရား ကြွလာ"*

## ကယ်တင်ဖို့ရန် ယေရှု မွေးဖွားလာခဲ့၏

ယေရှုက ကျွန်ုပ်တို့အား နာခံခြင်းအသက်တာနှင့် စတေး အသေခံခြင်းအားဖြင့် ကယ်တင်တော်မူခဲ့ပါသည်။ သခင်ယေရှုသည် ကျွန်ုပ်တို့၏အပြစ်များအတွက် အသေခံဖို့ရန် လူ့ဇာတိကို ခံယူခဲ့ပါသည်။ ဖိလိ ၂း၈၊ "ထိုသို့ လူ၏ဂုဏ်အင်္ဂါအက္ခဏာနှင့် ပြည့်စုံလျက်၊ အသေခံခြင်းသာ မဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ် နှိမ့်ချတော်မူ၏"။ ယေရှုသည် အသေခံဖို့ရန်သာ မဟုတ်၊ ကျွန်ုပ်တို့အတွက် အသက်ရှင် ဖို့ရန် လူ့ဇာတိကို ခံခဲ့ခြင်းဖြစ်ကြောင်း ဂလာတိ ၄း၄-၅ တွင် ဖော်ပြခဲ့ပါသည် - "အချိန်ကာလ စေ့သောအခါ ငါတို့သည် သား၏အခွင့်အရာကို ခံရမည်အကြောင်း၊ ပညတ်တရားလက်၌ရှိသော ငါတို့ကို ရွေးနှုတ်စေခြင်းငှါ၊ မိန်းမ ဝမ်း၌ ပဋိသန္ဓေ ယူ၍ ပညတ်တရား အောက်၌ ဘွားမြင်ရသော သားတော်ကို ဘုရားသခင်သည် စေလွှတ်တော်မူ၏။" ဒုတိယ အာဒံ ဖြစ်တော်မူသော၊ ယေရှုသည် ပညတ်တော်ဆယ်ပါးကို စုံလင်စွာ စောင့်တော်မူခဲ့ပြီး၊ ကျွန်ုပ်တို့အား အပြစ်မှ ကယ်တင်ဖို့ရန် ဘုရားသခင်၏ အပြစ်ကင်းသော သိုးသငယ်ကဲ့သို့ ကိုယ်စား အသက်ပေးတော်မူခဲ့ပါသည်။

ခရစ်တော်သည် ၅ ဘီစီတွင် ဗက်လင်မြို့ငယ်လေး၌ မွေးဖွားခဲ့ပါသည် (နှိုင်း - မိက္ခာ ၅း၂)။ သူသည် နန်းတော်၌ မဟုတ်ဘဲ၊ နွားတင်းကုပ်တွင် မွေးဖွားခဲ့ပြီး၊ ပိုးပုခက်၌ မဟုတ်ဘဲ၊ နွားစားခွက်ထဲတွင် သိပ်ထားခြင်း ခံခဲ့ရပါသည်။ ဘုရားသခင်၏သားတော်၊ လူအပေါင်းတို့၏ ရှင်ဘုရင်သည် နှိမ့်ချစွာ မွေးဖွားလာခဲ့၏။ တမန်တော် ပေါလုက ခရစ်တော်၏လူ့ဇာတိခံခြင်းမှ နှိမ့်ချခြင်း အသက်တာနှင့်ဆိုင်သော သင်ခန်းစာကို ဤသို့ ဖော်ပြခဲ့ပါသည်။ "ရန်တွေ့လိုသောစိတ်၊ အချည်းနှီး ကျော်စောကိတ္တိကို တပ်မက်သောစိတ်ရှိ၍ အဘယ်အမှုကိုမျှ မပြုကြနှင့်။ သူတပါးသည် ကိုယ်ထက် သာ၍ကောင်းမြတ်သည်ဟု နှိမ့်ချသောစိတ် ရှိ၍ တယောက်ကို တယောက် ထင်မှတ်ကြလော့။ ကိုယ်အမှုအရာကိုသာ မရှုမမှတ်ဘဲ၊ သူ့အမှုအရာကို အချင်းချင်း ရှုမှတ်ကြလော့။ ထိုသခင်သည် ဘုရားသခင်၏ သဏ္ဌာန်တော်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ ဘုရားသခင်နှင့် ပြိုင်သောမှုကို လုယူခြင်းအမှုဟူ၍ မထင်မမှတ်လျက်ပင်၊ မိမိ အသရေကို စွန့်၍ အစေခံကျွန်၏ သဏ္ဌာန်ကို ယူဆောင်လျက်၊ လူကဲ့သို့သော အဖြစ်၌ ဘွားမြင်ခြင်းကို ခံတော်မူ၏။ ထိုသို့ လူ၏ဂုဏ်အင်္ဂါလက္ခဏာနှင့် ပြည့်စုံလျက်၊ အသေခံခြင်းသာ မဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ် နှိမ့်ချတော်မူ၏" (ဖိလိ ၂း၃-၈)။ ထိုသို့ နှိမ့်ချစွာ မွေးဖွားခဲ့ပြီး၊ အစေခံကျွန်၏ဘဝဖြင့် အသက်ရှင်ခဲ့ပါသည်။ ယေရှုကိုယ်တိုင်က၊ "အကြောင်းမူကား၊ လူသားသည် သူတပါးကို စေစားခြင်းငှါမလာ၊ သူတပါးအစေကို ခံခြင်းငှါ၎င်း၊ မိမိအသက်ကို စွန့်၍ လူများကို ရွေးခြင်းငှါ၎င်း၊ ကြွလာသတည်း" (မာကု ၁၀း၄၅) ဟု မိန့်တော်မူ၏။ သူသည် သူတပါးကို စေခိုင်းဖို့ရန် မဟုတ်ဘဲ၊ သူတပါး၏အစေကို ခံဖို့ရန် ကြွလာခဲ့၏။ ကျွန်ုပ်တို့အတွက် ကြွလာတော်မူခဲ့၏။ ကျွန်ုပ်တို့အား အပြစ်မှ ကယ်တင်ဖို့ရန်၊ အသေခံဖို့ ကြွလာခဲ့ပါသည်။

**ဆင်ခြင်ရန်** - အပျိုကညာ မွေးဖွားခြင်း မရှိလျှင်၊ ကယ်တင်ခြင်း မရှိနိုင်။

**ဆုတောင်းချက်** - "မိမိလူတို့ကို ကယ်နှုတ်ဖို့ရန် ဖွားမြင်တော်မူခဲ့သော၊ စောင့်မျှော်ခဲ့ရသော ယေရှု ကြွလာတော်မူပါ။"

ကြာသပတေး၊ ဧပြီ (၁၀)
**လု ၂း၈-၂၀**
ရောမ ၅း၁-၁၀

*"ကမ္ဘာပေါ်၌ ငြိမ်သက်ခြင်း၊ အပြစ်သားနှင့် ဘုရားသခင် သင့်မြတ်တော်မူပြီ"*

## အထက် ကောင်းကင်တမန်များ ကြွေးကြော်သံ ကြားရပြီ

"ကောင်းကင်ဘဝဂ်ဝယ် ဘုရားသခင်သည် ဘုန်းကြီးတော်မူစေသတည်း။ မြေကြီးပေါ်၌လည်း ငြိမ်သက်ခြင်း ရှိစေသတည်း။ လူတို့အား မေတ္တာကရုဏာ ရှိစေသတည်း" (လု ၂း၁၄)။ ဤ "ငြိမ်သက်ခြင်း" ကား အဘယ်နည်း။ ခရစ်တော်အားဖြင့် လူသည် ဘုရားသခင်နှင့် သင့်မြတ်သောအခါ ခံစားရရှိသော ထူးခြားသည့်၊ စိတ်ပိုင်းဆိုင်ရာ ငြိမ်သက်ခြင်း ဖြစ်ပါသည်။ ပေါလုက ဤသို့ ဖော်ပြခဲ့ပါသည် - "ထို့ကြောင့် ငါတို့သည် ယုံကြည်ခြင်းရှိ၍ ဖြောင့်မတ်ရာသို့ ရောက်လျှင်၊ ငါတို့ သခင်ယေရှုခရစ်အားဖြင့် ဘုရားသခင့် ရှေ့တော်၌ ငြိမ်သက်ခြင်းကို ခံစားကြ၏ . . . သို့ဖြစ်၍ ယခုတွင် အသွေးတော်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ပြီးမှ၊ ထိုသခင်အားဖြင့် အပြစ်ငရဲမှ ကယ်ချွတ်တော်မူခြင်းသို့ ရောက်မည်ဟု သာ၍ မြော်လင့်စရာ ရှိ၏။ အကြောင်းမူကား၊ ရန်သူဖြစ်လျက်ပင် ဘုရားသခင်၏သားတော် အသေခံတော်မူခြင်းအားဖြင့်၊ ငါတို့သည် ဘုရားသခင်နှင့် မိဿဟာယဖွဲ့ခြင်း ကျေးဇူးတော်ကို ခံရသည်မှန်လျှင်၊ မိဿဟာယဖွဲ့ပြီးမှ၊ အသက်တော်အားဖြင့် ကယ်တင်တော်မူခြင်းသို့ ရောက်မည်ဟု သာ၍ မြော်လင့်စရာရှိ၏" (ရောမ ၅း၁၊ ၉-၁၀)။ ခရစ်တော်သည် ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားကို ပညတ်တော် စုံလင်စွာ လိုက်လျှောက်ခြင်းအားဖြင့် အရယူပေးတော်မူခဲ့၏ (မသဲ ၅း၁၇-၁၈)။ ခရစ်တော်ကို မိမိ၏ ကယ်တင်ရှင်သခင်အဖြစ် လက်ခံသောအချိန်၌ မိမိ၏ ဖြောင့်မတ်ခြင်းကို ကျွန်ုပ်တို့အား လွှမ်းခြုံစေလျက် ဘုရားသခင်၏ ငြိမ်သက်ခြင်းကို ကျွန်ုပ်တို့အား ခံစားစေတော်မူ၏

ကောင်းကင်တမန်များ ဖော်ပြသော "မေတ္တာကရုဏာ" သည်လည်း ဘုရားသခင်၏ မေတ္တာကရုဏာကို ဆိုလိုပါသည်။ ဘုရားသခင်၏ ကရုဏာတော်ကြောင့်သာလျှင် ကျွန်တော်တို့သည် ငြိမ်သက်ခြင်းကို ခံစားခဲ့ရ၏။ KJV က "လူတို့အား မေတ္တာကရုဏာရှိစေသတည်း" ဟုမှန်ကန်စွာ ဘာသာပြန်ခဲ့ပါသည်။ ဘုရားသခင်သည် ငြိမ်သက်ခြင်း၏အရှင်၊ အရင်းအမြစ်ဖြစ်တော်မူ၏။ ထိုငြိမ်သက်ခြင်းသည် လူ့ထံမှ ထွက်လာသည် မဟုတ်ပါ။ ဘုရားသခင် အခမဲ့ပေးတော်မူသော ငြိမ်သက်ခြင်းပေတည်း။ ကရုဏာတော်အားဖြင့် အပြစ်သားထံ ပေးတော်မူခြင်းဖြစ်ပါသည်။ ကယ်တင်ခြင်းသည် ဘုရားသခင်၏ကျေးဇူးတော်သက်သက် ဖြစ်တော်မူသောကြောင့်၊ အပြစ်သားများ ကယ်တင်ခြင်း ခံရသောအခါ ဘုရားသခင်သာလျှင် ဘုန်းအသရေ ခံထိုက်တော်မူ၏။ "ငါတို့သည် အကျိုးနည်း ရှိစဉ်တွင် အချိန်တန်မှ ခရစ်တော်သည် မတရားသောသူတို့ အတွက်ကြောင့် အသေခံတော်မူ၏။ ဖြောင့်မတ်သောသူ အတွက်ကြောင့် အသေခံမည့်သူ ရှိခဲ၏။ သူတော်ကောင်း အတွက်ကြောင့် အသေခံဝံ့သောသူ ရှိကောင်း ရှိလိမ့်မည် မှန်စေတော့။ ငါတို့သည် အပြစ်ရှိစဉ် ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာ ပြတော်မူ၏" (ရောမ ၅း၆-၈)။

ခရစ်တော်မွေးဖွားခြင်းကို အထက်တန်းစား လူများက သက်သေ မခံဘဲ၊ နှိမ့်ချသော စိတ်နှလုံး နှိမ့်ချသောသူများက သက်သေခံခဲ့ကြ၏။ ကောင်းကင်တမန်တို့သည် ယေရှုမွေးဖွားခြင်း သတင်းကောင်းကို ရှင်ဘုရင်များထံ မဟုတ်ဘဲ၊ သိုးထိန်းတို့ထံ ပြောကြားခဲ့ပါသည်။ သခင်ယေရှုကိုယ်တိုင်သည် နန်းတော်၌ မမွေးဘဲ၊ နွားတင်းကုပ်၌ မွေးဖွားလျက် နွားစားခွက်ထဲတွင် သိပ်ထားခြင်း ခံခဲ့ရ၏။ အကြောင်းမှာ ဘုရားသခင်သည် မိမိ၏ ကရုဏာတော်နှင့် ငြိမ်သက်ခြင်းကို စိတ်နှလုံး နှိမ့်ချသောသူများသာလျှင် ခံစားရမည်ဖြစ်ကြောင်း အစကတည်းမှ ဖော်ပြတော်မူခြင်း ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - "ဘုရားသခင်၏အလိုတော်ဖြင့် ယေရှုနှင့်ကျွန်ုပ်တို့ကို သင့်မြတ်စေတော်မူ၏" (Calvin)။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ ငြိမ်သက်ခြင်းကို ကျွန်ုပ်အား ပေးသနားတော်မူပါ။



တနင်္ဂနွေ၊ ဇွန် (၂၂)
**မသဲ ၁၆း၁၃-၂၀**
၁ ပေ ၂း၄-၈

*"ကိုယ်တော်သည် ခရစ်တော်တည်းဟူသော အသက်ရှင်တော်မူသော ဘုရားသခင်၏သားတော် ဖြစ်တော်မူသည်"*

## ယေရှု - ကယ်တင်ခြင်းကျောက် (၁)

ယေရှုသည် ယုဒပြည်၊ ရှမာရိပြည်နှင့် ဂါလိလဲပြည်တိုင်အောင် အမှုတော်ဆောင်ခဲ့ပြီ ဖြစ်သော်လည်း၊ ယုဒလူတို့သည် ယေရှုအား မိမိတို့၏ ဂတိတော်နှင့်ဆိုင်သော မေရှိယ ဖြစ်သည်ကို မသိမြင်နိုင်ခဲ့ကြပါ။ ယေရှုအား ရှေးက ကြီးမြတ်သော ပရောဖက်များဖြစ်သည့် ယောဟန်၊ ဧလိယ နှင့် ယေရမိ တို့နှင့် တန်းတူ ထားခဲ့ကြပါသည်။ "သင်တို့လည်း ငါ့ကို အဘယ်သူ ဖြစ်သည် ဆိုကြသ နည်း" ဟု ယေရှုက တပည့်တော် ဆယ့်နှစ်ပါးကို မေးမြန်းခဲ့၏။ ပေတရုက၊ "ကိုယ်တော်သည် ခရစ်တော်တည်းဟူသော အသက်ရှင်တော်မူသော ဘုရားသခင်၏သားတော် ဖြစ်တော်မူသည်" ဟု မှန်ကန်စွာ လျှောက်လေ၏။ ယေရှုက ပေတရုအား မိမိကို အသက်ရှင်သော၊ စစ်မှန်သော ဘုရားသခင် မေရှိယ ဖြစ်တော်မူသည်ဟု ဖော်ပြခဲ့သောကြောင့် ချီးကျူးခဲ့ပါသည်။ ဓမ္မဟောင်းက မေရှိယသည် ဘုရားသခင်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည် (ဥပမာ - ဟေရှာ ၇း၁၄၊ ၉း၆)။ ပေတရု သည် သမ္မာကျမ်းစာကို နားလည်သောကြောင့်၊ ယေရှုကို မှန်ကန်စွာ သိမှတ်ခဲ့ပါသည်။ အခြားသော သူများက မသိမြင်နိုင်ခဲ့သော်လည်း၊ အဘယ့်ကြောင့် ပေတရုသည် သိမှတ်ခဲ့ပါသနည်း။ ယေရှုက ထိုသို့ သိမှတ်ခြင်းသည် ဘုရားသခင်၏ အသိပေးတော်မူခြင်းအားဖြင့် ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ လူ့ဇာတိ အသိဉာဏ်အားဖြင့် ဝိညာဉ်နှင့်ဆိုင်သောအမှုများကို နားမလည်နိုင်ပါ။ ကျွန်ုပ်တို့၏ မျက်စိ ကို ဘုရားသခင် ဖွင့်ပေးတော်မမူလျှင်၊ ဘုရားသခင်ကို ကျွန်တော်တို့ မသိမြင်နိုင်ပါ (မသဲ ၁၁း၂၅-၂၇၊ ၁ ကော ၂း၇-၁၄)။ အဏုကြည့်မှန်ပြောင်း မပါဘဲ သေးငယ်သော ပိုးမွှားများကို မမြင်နိုင်သကဲ့သို့၊ ဘုရားသခင်၏ သန့်ရှင်းသော ဝိညာဉ်တော်၏ မစတော်မူခြင်း မပါဘဲ အပြစ်သားသည် ဝိညာဉ်အမှု များကို မသိမြင်နိုင်ပါ။

ယေရှုက ဤတန်ခိုးရှိလှသော စကားကို ပေတရုအား မိန့်တော်မူခဲ့ပါသည် - "သင်သည် ပေတရုဖြစ်၏။ ဤကျောက်ပေါ် မှာ ငါ့အသင်းကို ငါတည်ထောင်မည်။ ထိုအသင်းကို မရဏာနိုင်ငံ ၏တံခါးတို့သည် မနိုင်ရာ။ ကောင်းကင်နိုင်ငံတော်၏ သော့တို့ကိုလည်း သင့်အား ငါပေး မည်။ သင်သည် မြေကြီးပေါ် မှာ ချည်နှောင်သမျှသည် ကောင်းကင်ဘုံ၌ ချည်နှောင်လျက် ရှိလိမ့် မည်။ မြေကြီးပေါ် မှာ ဖြည်လွှတ်သမျှသည် ကောင်းကင်ဘုံ၌ ဖြေလွှတ်လျက် ရှိလိမ့်မည်။" ဤကျမ်းပိုဒ်၌ စကားလုံး ကစားခြင်း (play on words) ကို တွေ့ရပါသည်။ ပေတရု (petros) ၏ အဓိပ္ပါယ်သည် "ကျောက်ခဲ" (stone) ဖြစ်ပြီး၊ petra သည် "ကျောက်" (rock) ဖြစ်ပါသည်။ ယေရှုသည် မိမိ၏အသင်း ကို "ဤကျောက်" ပေါ် မှာ တည်မည်ဖြစ်ပါသည်။ ယေရှု မိန့်တော်မူသော "ဤကျောက်" က ဘယ်သူကို ရည်ညွှန်းပါသနည်း။ ယေရှုက ပေတရုကို ရည်ညွှန်းပါသလား (သို့) မိမိကိုယ်ကို ရည်ညွှန်း ပါသလား။

**ဆင်ခြင်ရန်** - ဤကျောက်ကား အဘယ်သူနည်း။
**ဆုတောင်းချက်** - "မြဲတည်ကျောက်၊ ကျွန်ုပ်ဖို့ ကွဲ၊ ခိုပါစေ၊ ကိုယ်တော်အထဲ။"

စနေ၊ ဇွန် (၂၁)
**မာကု ၈း၂၂-၂၆**
တမန် ၈း၅-၂၄

*"သူသည် ပကတိ အဖြစ်သို့ ရောက်၍ အလုံးစုံတို့ကို ရှင်းလင်းစွာ မြင်လေ၏"*

## မှားယွင်းသော အနာငြိမ်းစေသောသူများကို သတိပြုကြလော့

ယနေ့ ကျမ်းပိုဒ်၌ တွေ့ရသော၊ ယေရှု၏ အံ့ဘွယ် မျက်ကန်း မျက်စိပွင့်စေခြင်းအမှုသည် အရင်၌တွေ့ရသော မိမိ၏ တံတွေးကို အသုံးပြုလျက် နားပင်း၍ စကားအသောသူအား ကျန်းမာစေခြင်းနှင့် တူညီမှု ရှိခဲ့ပါသည်။ ယခုအမှုတွင်၊ ယေရှုသည် မိမိ၏ တံတွေးကို မျက်ကန်း၏မျက်စိ၌ အသုံးပြုတော်မူခဲ့ပါသည်။ ထိုအခါ၊ ထိုသူ၏ မျက်စိ စတင်ပွင့် ခဲ့ပါသည်။ လူတို့ လမ်းလျှောက် လှုပ်ရှားခြင်းကို (သစ်ပင် လှုပ်သကဲ့သို့) အရိပ်အယောက် မြင်ခဲ့၏။ ဒုတိယအကြိမ် ယေရှုက မျက်စိပေါ်သို့ လက်တင်သောအခါ၊ သူ၏ အမြင်အာရုံ လုံး၀ ပြန်ကောင်းလာခဲ့ပြီး၊ "အလုံးစုံတို့ကို ရှင်းလင်းစွာ မြင်လေ၏။"

ယေရှုသည် ချက်ချင်း တကြိမ်တည်းဖြင့် မျက်စိကို ပွင့်စေနိုင်ခဲ့သော်လည်း၊ အဘယ့်ကြောင့် နှစ်ကြိမ် အမှုပြုခဲ့ပါသနည်း။ မိမိ၏ နှုတ်စကားတော်အားဖြင့် ကျန်းမာစေနိုင်သော်လည်း၊ အဘယ့်ကြောင့် မိမိ၏လက်နှင့် တံတွေးကို အသုံးပြုခဲ့ပါသနည်း။ အကြောင်းရင်း မပေးထားပါ။ သို့သော်လည်း၊ ထိုအမှုများက ယေရှု၏ ဘုရားဖြစ်ခြင်းနှင့် လူသားဖြစ်ခြင်းကို ပြသခဲ့ပါသည်။ ယေရှုသည် တဦးတယောက်တည်း မနေ၊ လူတို့နှင့် အလွန် ရင်းနှီးစွာ နေတော်မူ၏။ မိမိထံ အကူအညီ တောင်းလာသောသူများအား ယေရှုသည် ကိုယ်ချင်းစာစိတ်ရှိလျက် သနားကြင်နာခြင်း ရှိတော်မူ၏။

ယနေ့ အနာငြိမ်းစေသောသူများက ဤကျမ်းပိုဒ်ကို ကိုးကားလျက် အနာငြိမ်းစေခြင်းအမှုသည် အစဉ် ချက်ချင်း အနာ မငြိမ်းတတ်ကြောင်း ဆိုခဲ့ကြပါသည်။ ထိုသို့သော ကိုးကားချက်သည် ထိုကျမ်းပိုဒ်ကို မှားယွင်းစွာ အသုံးပြုခြင်း ဖြစ်ပါသည်။ ယေရှု၏ ယခု အနာငြိမ်းစေခြင်းအမှုသည် ချက်ချင်း အနာငြိမ်းစေခြင်း ဖြစ်ပါသည်။ ဤအနာငြိမ်းစေခြင်းအမှုကို ယေရှုက အမှု နှစ်ချက်ပြုခြင်းအားဖြင့် ပြုခဲ့သော်လည်း၊ ထိုအမှုနှစ်ခုတို့သည် တခုနှင့်တခု အချိန်အားဖြင့် မကွာခြားပါ။ ထိုသူသည် မိနစ်ပိုင်းအတွင်း၌ စုံလင်စွာ ကျန်းမာခဲ့ပါသည်။ သို့သော်လည်း၊ ထိုသို့သော အနာငြိမ်းစေခြင်းအမှုမျိုးကို ယနေ့ခေတ် အနာငြိမ်းစေသောသူများ၌ မတွေ့ရပါ။ နာမကျန်းသောသူသည် ထိုအမည်ခံ အနာငြိမ်းစေသောသူကို အကြိမ်ကြိမ် သွားတွေ့ခဲ့သော်လည်း၊ မကျန်းမာခဲ့ပါ။ ထိုသို့သော ဟန်ဆောင် အနာငြိမ်းစေသောသူများကို သတိပြုကြလော့။

**ဆင်ခြင်ရန်** - "အနာငြိမ်းစေခြင်း ဆုကျေးဇူးသည် ယာယီသာလျှင် ဖြစ်ပါသည်" (Calvin)။
**ဆုတောင်းချက်** - အဖဘုရား၊ မှားယွင်းသော အနာငြိမ်းစေသောသူများ၏ လှည့်ဖြားခြင်းမှ ကျွန်ုပ်ကို ကွယ်ကာတော်မူပါ။



သောကြာ၊ ဧပြီ (၁၁)
**လု ၂း၂၁-၂၄**
၀တ် ၁၂

*"အကြောင်းမူကား၊ ဂတိတော်သည် သင်တို့နှင့်၎င်း၊ သင်တို့၏ သားသမီးတို့နှင့်၎င်း . . . ဆိုင်သည်"*

## ပညတ်တရား လိုက်လျှောက်သော ယေရှု

အဘယ့်ကြောင့် ယေရှုသည် အရေဖျားလှီးခြင်းမင်္ဂလာကို ခံယူခဲ့ပါသနည်း။ ယုဒလူမျိုးဖြစ်သောကြောင့်သာ အရေဖျားလှီးခြင်း ခံသည် မဟုတ်ဘဲ (ကမ္ဘာ ၁၇း၁၀၊ ၀တ် ၁၂း၃)၊ ပို၍အရေးကြီးသည်မှာ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအတွက် ပညတ်တရားအလုံးစုံကို လိုက်လျှောက်ဖို့လိုအပ်သောကြောင့် ဖြစ်ပါသည်။ Calvin က ဤသို့ ရှင်းပြခဲ့ပါသည် - "ပညတ်တရားကို လိုက်လျှောက်စေဖို့ရန် ဘုရားသခင်သည် မိမိသားတော်ကို အရေဖျားလှီးခြင်း ခံစေတော်မူ၏။ အရေဖျားလှီးခြင်းသည် မြတ်သော မင်္ဂလာဖြစ်၍ ယုဒလူများ ပညတ်တရား လိုက်လျှောက်မှု စတင်ခြင်းလည်း ဖြစ်ပါသည်။ ပေါလုက ဤသို့ ရှင်းပြခဲ့ပါသည် - 'ပညတ်တရားလက်၌ ရှိသော ငါတို့ကို ရွေးနှုတ်စေခြင်းငှါ၊ . . . ပညတ်တရား အောက်၌ ဘွားမြင်ရသော သားတော်ကို ဘုရားသခင် စေလွှတ်တော်မူ၏' (ဂလာ ၄း၄-၅)။ အရေဖျားလှီးခြင်း မင်္ဂလာ ခံယူခြင်းအားဖြင့်၊ ကျွန်ုပ်တို့အတွက် လွတ်မြောက်ခြင်းရယူပေးဖို့ရန်၊ ယေရှုသည် ပညတ်တရား၏ အစေခံကျွန်ဖြစ်ကြောင်း ဖော်ပြတော်မူ၏။"

"ယေရှု" ဟူသော နာမ၏ အဓိပ္ပါယ်သည် "ကယ်တင်ရှင်" ဖြစ်ပါသည်။ ထိုနာမ အတိုင်း သခင်ယေရှုသည် ခလေးဘ၀မှ စ၍ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအတွက် အမှုပြုတော်မူခဲ့ပါသည်။ ခရစ်တော်၏ထိုအရေဖျားလှီးခြင်း ခံခြင်းသည် တခုတည်းသော ပညတ်တရား နာခံလိုက်လျှောက်ခြင်းပုံသာဓက မဟုတ်ခဲ့ပါ။ အောက်၌ ဖော်ပြထားသော မင်္ဂလာအမှုများ၌ ပါ၀င်ခြင်းဖြင့် သခင်ယေရှု၏ ပညတ်တရား လိုက်လျှောက်ခြင်းကို တွေ့ရပါသည်၊

(၁) မာရိ ခံယူသော စင်ကြယ်စေခြင်း (၀တ် ၁၂း၁-၈)

(၂) သားဦး ဆက်ကပ် သန့်ရှင်းစေခြင်း (တော ၃း၁၃)။

ဤ၀တ်ပြုကိုးကွယ်ခြင်းနှင့်ဆိုင်သောအမှုတို့သည် တဦးတယောက်ချင်းသာမက၊ ပဋိညာဉ်သဘောတရား အရ မိသားစုနှင့်လည်း ဆိုင်ကြောင်း သိမှတ်ဖို့ လိုအပ်ပါသည် (တရား ၆း၁-၃)။

မာရိ သာလျှင် စင်ကြယ်စေခြင်းကို ခံယူခဲ့သော်လည်း၊ ယေရှု မွေးဖွားခြင်းကြောင့် ဤစင်ကြယ်စေခြင်းကို ခံယူသည်ဖြစ်၍ ယေရှုလည်း ပါ၀င်ခဲ့ပါလိမ့်မည်။ သို့သော်လည်း၊ ယေရှုသည် အပြစ်ကင်းစင်သောသူ ဖြစ်သောကြောင့် အပြစ်မှ သန့်ရှင်းစေခြင်း ခံသည်ဟု မမှတ်ရပါ။ သူသည် အပြစ်သားများကိုယ်စား အသေခံမည်ဖြစ်သောကြောင့် အပြစ်သားများနှင့်အတူ စင်ကြယ်စေခြင်းခံယူသည်ဟု သိမှတ်ရပါမည်။ ယေရှုသည် ကျွန်ုပ်တို့၏ သန့်ရှင်းစင်ကြယ်ခြင်းနှင့် အသက်ရှင်ခြင်း အရင်းအမြစ် ဖြစ်တော်မူ၏။

**ဆင်ခြင်ရန်** - အရေဖျားလှီးခြင်း သက်သက် မဟုတ်၊ စိတ်နှလုံး အရေဖျားလှီးခြင်း ကသာ ကယ်တင်တော်မူ၏။
**ဆုတောင်းချက်** - အို အဖဘုရား၊ အကျွန်ုပ်၏စိတ်နှလုံးကို ယနေ့ စစ်ကြော သိကျွမ်းတော်မူပါ။

စနေ၊ ဧပြီ (၁၂)

**လု ၂း၂၅-၃၈**

ဆာလံ ၁၂၂

*"ကယ်တင်သော သခင်ကို အကျွန်ုပ်သည် ကိုယ်မျက်စိနှင့် မြင်ရပါ၏"*

## ဣသရေလ၏ ကယ်တင်ရှင် ခရစ်တော်

ဓမ္မဟောင်းကျမ်းစာ ဖော်ပြချက်ကို အခြေခံလျက် ဣသရေလ၏မေရှိယကို အလွန် တောင့်တ စောင့်မျှော်ခဲ့သော သူနှစ်ဦးရှိခဲ့ပါသည် - ရှုမောင်နှင့် အန္နတို့ဖြစ်ကြ၏။ သူတို့၏ ယုံကြည်ခြင်းကို အလေးထားခြင်းအားဖြင့် ဘုရားသခင်သည် သူတို့ မသေမီ မေရှိယကို မြင်တွေ့ ရသော အခွင့် ပေးတော်မူခဲ့ပါသည်။

ဘုရားသခင်က ရှုမောင်အား မသေမီ မေရှိယကို မြင်တွေ့ရမည်ဟု ဂတိပေးတော်မူ၏။ ဂရိ စကားလုံး "ခရစ်တော်" သည် ဟေဗြဲ စကားလုံး "မေရှိယ" နှင့် အဓိပ္ပါယ် "ဘိသိက်ခံ" ဟူ၍ အတူတူပင်ဖြစ်ပါသည်။ ယေရှုကို ကြည့်လျက် ဘုရားသခင်၏ကယ်တင်ခြင်းဟု မှန်ကန်စွာ မြွက်ဆို ခဲ့ပါသည်။ ယေရှုခရစ်တော်သည် လူမျိုးအပေါင်း၊ ယုဒနှင့် တပါးအမျိုးသားတို့၏ ကယ်တင်ရှင် ဖြစ်ပါသည်။ ထို့ပြင် ကားတိုင်ပေါ်၌ ယေရှုခံရမည့် ဝေဒနာနှင့် ထိုအမှုကြောင့် မာရိ ဝမ်းနည်းခြင်း ရှိမည့်အကြောင်းလည်း ဟောပြောခဲ့ပါသည်။

KJV က မှန်ကန်စွာ "ယောသပ်နှင့် မယ်တော်" ဖော်ပြ၏ (NIV က "ကလေး အဖေနှင့် အမေ" ဟူ၍ ဖော်ပြလျက်၊ ခရစ်တော် အပျိုကညာမှမွေးဖွားခြင်းတရားကို ဆန့်ကျင်ခဲ့ပါသည်)။ ယေရှု၌ သုံးပါးတဆူ ဘုရားသခင်မှ ပထမပုဂ္ဂိုလ် ဖြစ်သော အဖ ခမည်းတော် တပါးတည်း သာလျှင် ရှိတော်မူ၏။ ယေရှုသည် ပုဂ္ဂိုလ်တပါးသာ အဖ ဟု ခေါ်တော်မူ၏ - ကောင်းကင်ဘုံ၌ ရှိတော်မူသော ခမည်းတော် ပင်ဖြစ်ပါသည်။ ယောသပ်သည် သူ၏ဖခင် မဟုတ်ပါ၊ ဘုရားသခင်သာလျှင် သူ၏ ခမည်းတော် ဖြစ်တော်မူ၏။ ထိုခမည်းတော်မှတပါး ဘယ်သူ့ကိုမှ အဖဟု ယေရှု ခေါ်တော်မမူ။ ထို့ကြောင့် ကျမ်းစာရေးသားသော ဘုရာသခင်၏လူသည် ယောသပ်နှင့် ယေရှု၏ ပတ်သက်မှုကို မှန်ကန်စွာ ဖော်ပြလျက်၊ "ယောသပ်နှင့် မယ်တော်" ဟု အပိုဒ်ငယ် ၃၃ နှင့် ၄၃ တွင် ဖော်ပြခဲ့ပြီး၊ ယောသပ်အား အဖဟု မဖော်ပြခဲ့ပါ။

ပရောဖက်မ အန္နသည် ဓမ္မဟောင်းကျမ်းကို ကောင်းကောင်း သိကျွမ်းသဖြင့်၊ ယေရှုအား ယေရုရှလင်မြို့၏ ရွေးနှုတ်ခြင်းအရာ ဟုဆိုခဲ့ပါသည်။ ယေရုရှလင်သည် ဣသရေလ၏ မြို့တော် ဖြစ်သောကြောင့်၊ တတိုင်းပြည်လုံးကို ကိုယ်စားပြုပါသည်။ အန္န၏ "ယေရုရှလင်မြို့၌ ရွေးနှုတ်ခြင်း အရာ" ဟူသောအချက်သည်၊ ရှုမောင်၏ "ဣသရေလအမျိုး၏ သက်သာခြင်း" (လု ၂း၂၅) ဟူသော အချက်နှင့် အတူတူပင်ဖြစ်ပါသည်။ ဣသရေလ၏ မျှော်လင့်ခြင်းနှင့် ဘုန်းအသရေသည် မေရှိယ၊ သခင်ယေရှုခရစ်တော်၊ ဒါဝိတ်၏သား၌ တည်လျက်ရှိပါသည် (ဟေရှာ ၅၂း၉၊ နှိုင်း - ၂ ရာ ၇း၁၂-၁၃)။ ဒါဝိတ်၏မြို့၌ မွေးဖွားခဲ့ပြီး (လု ၂း၁၁)၊ တနေ့တွင် ထိုပြန်လည်ပြုပြင်ခြင်းခံရသော ယေရုရှလင် မြို့မှ ဤလောကတခုလုံးကို အုပ်စိုးတော်မူလိမ့်မည် (ဗျာ ၅း၁၀၊ ၂၀း၆)။

**ဆင်ခြင်ရန်** - ပရောဖက်ပြုချက်များကို သဘောပေါက်နားလည်ဖို့ရန် ဣသရေလလူမျိုး အကြောင်းသည် အဓိကသော့ချက်ဖြစ်ပါသည်။

**ဆုတောင်းချက်** - "ယေရုရှလင်မြို့ ငြိမ်ဝပ်မည်အကြောင်း ဆုတောင်းကြလော့။ ထိုမြို့ကို မြတ်နိုး စုံမက်သောသူတို့သည် ချမ်းသာရကြပါစေသော။"



သောကြာ၊ ဇွန် (၂၀)

**မသဲ ၁၆း၅-၁၂**

ယေရ ၂၃း၁-၈

*"ဖာရိရှဲနှင့် ဇဒ္ဒုကဲတို့၏တဆေးကို ကြဉ်ရှောင်ကြ"*

## မှားယွင်းသော သင်းအုပ်ဆရာများကို သတိပြုကြလော့

ယေရှုက တပည့်တော်တို့အား ဖာရိရှဲနှင့်ဇဒ္ဒုကဲတို့၏ တဆေးကို သတိထားဖို့ရန် သတိ ပေးတော်မူခဲ့၏။ "အနည်းငယ်သော တဆေးသည် မုန့်စိမ်းတပုံလုံးကို ဖောင်းကြွစေတတ်သည်" (၁ ကော ၅း၆)။ ယေရှု မိန့်တော်မူသော တဆေးသည် အဘယ်နည်း။ ယေရှုက တကယ့် တဆေးကို ဆိုလိုသလော (သို့) ပုံဆောင်ခြင်းဖြင့် မိန့်တော်မူခြင်းလော။ တပည့်တော်တို့က တကယ့် တဆေးကို ယေရှု ဆိုလိုသည်ဟု ထင်မှတ် ခဲ့ပါသည်။ သူတို့က လမ်းခရီးအတွက် လုံလောက်သော မုန့်ကို မဝယ်ခဲ့သောကြောင့် ယေရှု အမျက်ထွက်သည်ဟု ထင်မှတ်ခဲ့ကြပါသည်။ ထိုသို့ မိမိတပည့်တော်တို့ သည် ဇာတိအမှုကိုသာ စဉ်းစားခဲ့သောကြောင့် သခင်ယေရှုက ဆုံးမခဲ့ခြင်းဖြစ်ပါသည်။ မိမိတို့ သခင်၏ နှုတ်မှထွက်လာသော ဝိညာဉ်နှင့်ဆိုင်သည့်စကားများကို နားမလည် နိုင်လောက်အောင် သူတို့သည် သူငယ်များသာ ဖြစ်ခဲ့ကြပါသည်။

သူတို့သည် ခန္ဓာကိုယ် အစားအစာကိုသာ စဉ်းစားခဲ့သောကြောင့် ယေရှုက ဆုံးမတော်မူခဲ့ ၏။ သူတို့သည် အစားအသောက်အတွက် စိုးရိမ်ခြင်း ရှိခဲ့ကြပါသည်။ ထို့ကြောင့်၊ ယေရှုက လူ ၅၀၀၀ နှင့် ၄၀၀၀ ထောင်သောသူများကို အနည်းငယ်သော မုန့်နှင့်ငါး အားဖြင့် သူတို့ကိုယ်တိုင်ရှေ့၌ ကျွေးမွေးတော်မူခဲ့ကြောင်းကို ပြန်သတိပေးတော်မူခဲ့ပါသည်။ ထိုသို့ အံ့ဘွယ်အမှုပြုလျက် များစွာ သောလူများကို ကျွေးမွေးတော်မူနိုင်လျှင်၊ သင်တို့ ဆယ့်နှစ်ယောက်ကို မုန့်တလုံးတည်းဖြင့် ဝလင်စွာ ကျွေးမွေးတော် မမူနိုင်မည်လော။ အဘယ့်ကြောင့် ယုံကြည်ခြင်း မရှိကြပါသနည်း။ တပည့်တော်တို့ သည် ယခုတွင် ဝိညာဉ်အရေး၌ အလွန် အားနည်းနေခဲ့ကြပါသည်။

ဖာရိရှဲနှင့် ဇဒ္ဒုကဲများ၏ တဆေးအကြောင်း ယေရှု မိန့်တော်မူခြင်းသည် သူတို့၏ "သွန် သင်ချက်" ကို ဆိုလိုခြင်းဖြစ်ပါသည်။ သူတို့၏ မှားယွင်းသော သွန်သင်မှုကို သတိထားဖို့ရန် ဖြစ်ပါသည်။ သူတို့၏ သွန်သင်ချက်သည် မယုံကြည်ခြင်းနှင့်ဆိုင်သော အလွန် အန္တရာယ် ကြီးမား သည့် သွန်သင်ချက်ဖြစ်ပါသည်။ ယေရှုသည် သူတို့လက်ထဲ၌ ရှိသော သမ္မာကျမ်းစာ ဂတိထားတော်မူ သော မေရှိယ ဖြစ်ကြောင်း၊ ယေရှု မိန့်တော်မူသော စကားနှင့် ပြုတော်မူသော အမှုများ အားဖြင့် သိနိုင်ခဲ့ကြသော်လည်း၊ သူတို့သည် ထိုသမ္မာတရားကို အတိအလင်း ငြင်းပယ်ခဲ့ကြ၏။

ယနေ့ခေတ် ဖာရိရှဲနှင့် ဇဒ္ဒုကဲများသည် အဘယ်သူများနည်း။ သူတို့သည် သမ္မာကျမ်းစာ မှုတ်သွင်းတော်မူခြင်းနှင့် ယေရှုခရစ်တော်၏ ဘုရားဖြစ်ခြင်းအကြောင်းကို ငြင်းပယ်ကြသော "ကျမ်းတတ် ပုဂ္ဂိုလ်များ" ဖြစ်ကြပါသည်။ ထို့ကြောင့်၊ အသက်ရှင်တော်မူသော နှုတ်ကပတ်တော်နှင့် ရေးသားသော နှုတ်ကပတ်တော်ကို အတိအလင်းငြင်းပယ်သော ထိုမှားယွင်းသော ဆရာများ၏ သွန်သင်ချက်များကို သတိပြုကြပါလော့။

**ဆင်ခြင်ရန်** - "မာနထောင်လွှားခြင်းသည် မယုံကြည်ခြင်း၏ မိတ်ဆွေ ဖြစ်ပါသည်" (Calvin)။

**ဆုတောင်းချက်** - အဖဘုရား၊ သမ္မာကျမ်းစာထဲမှ အငယ်ဆုံးသော စလုံးဗိန္ဒုတလုံး ပင်လျှင် ကိုယ်တော်၏ မမှားနိုင်သော၊ အမှားကင်းစင်သော နှုတ်ကပတ်တော်ဖြစ်ကြောင်း ကျွန်တော် ယုံကြည်ပါသည်။

ကြာသပတေး၊ ဇွန် (၁၉)
**မသဲ ၁၆း၁-၄**
ယောန ၁း၁၇-၂း၁၀

*“ပရောဖက် ယောန၏ နိမိတ်လက္ခဏာမှတပါး အဘယ် အက္ခဏာကိုမျှ သူတို့အား မပြရာ”*

## ယေရှု - ကောင်းကင်မှ နိမိတ်လက္ခဏာ (၂)

ဖာရိရှဲနှင့် ဇဒ္ဒုကဲတို့သည် အဘယ့်ကြောင့် ဝိညာဉ်နှင့်ဆိုင်သောအရာများ၌ မျက်စိကန်းခဲ့ကြပါသနည်း။ ယေရှုက သူတို့၏ မိုက်မဲဆိုးသွမ်းမှုကြောင့် ဖြစ်သည်ဟု ဖော်ပြခဲ့ပါသည် - “ဆိုးညစ်၍ မျောက်မထားသော အမျိုးသည် နိမိတ်လက္ခဏာကို တောင်းသည်။” ဆိုးညစ်၍ မျောက်မထားသော အမျိုးဟူသည် မာနထောင်လွှားသောသူ၊ ရုပ်တုဆင်းတုကို ကိုးကွယ်သောသူဟူ၍ ဖြစ်ပါသည်။ မာနထောင်လွှားသော အပြစ်သားသည် မိမိ၏စိတ်အတွေးကို ကိုးကွယ်ကြ၏။ ထိုသူသည် ယုံကြည်မည်အကြောင်း နိမိတ်လက္ခဏာ မြင်တွေ့လို၏။ သို့သော်လည်း၊ ဘုရားသခင်သည် မြင်ရမည်အကြောင်း ယုံကြည်ခြင်း ရှိလော့ဟု မိန့်တော်မူ၏။

“စိတ်နှလုံးညည်းတွားသံကို ပြုတော်မူလျက်” ဟု ယေရှုအား ဖော်ပြခဲ့ပါသည်။ ယေရှုသည် သူတို့၏ စိတ်နှလုံး ခိုင်မာစွာ ငြင်းပယ်မှုကြောင့် အလွန် ဝမ်းနည်းခြင်း ရှိတော်မူ၏။ ဤအချက်က ဘုရားသခင်သည် လူဆိုးတို့၏ သေခြင်း၌ ဝမ်းမြောက်ခြင်း မရှိကြောင်း ထင်ရှားစေခဲ့ပါသည်။ “ဆိုးသောသူသည် အသေခံခြင်းအမှုကို ငါနှစ်သက်သည် မဟုတ်။ ဆိုးသောသူသည် မိမိဆိုးသော လမ်းမှ လွှဲ၍ အသက်ရှင်ခြင်းအမှုကိုသာ ငါနှစ်သက်၏” (ယေဇ ၃၃း၁၁) ဟု မိန့်တော်မူ၏။

ယေရှုက ထိုသူတို့အား နိမိတ်လက္ခဏာတခု ပေးတော်မူခဲ့ပါသည်။ ထိုနိမိတ်လက္ခဏာသည် ယောန ပင်ဖြစ်ပါသည် (နှိုင်း - မသဲ ၁၂း၃၈-၄၂)။ ထိုယောန၏နိမိတ်လက္ခဏာသည် ယေရှု၏ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းကို ရည်ညွှန်းခဲ့ပါသည်။ သူ့ကို အသေသတ်ဖို့ရန် ကြံစည်နေသော ဖာရိရှဲများအတွက် ရှုံးနိမ့်မှုကို ပြသော လက္ခဏာပင်ဖြစ်ပါသည်၊ အကြောင်းမှာ သူသည် သေခြင်းကို အောင်မြင်လျက်၊ ရှင်ပြန်ထမြောက်တော်မူမည်ဖြစ်သောကြောင့်တည်း။ သေလွန်ပြီးနောက် အသက်ရှင်ခြင်းအကြောင်းကို မယုံကြည်သော ဇဒ္ဒုကဲများအတွက် သေလွန်ပြီးနောက် အသက်ရှင်ခြင်းတည်းဟူသော နောင်ဘဝ အမှန်ရှိကြောင်း ဖော်ပြသော လက္ခဏာပင်ဖြစ်ပါသည်။ သူတို့သည် တရားစီရင်ခြင်း မခံလိုခဲ့ကြလျှင်၊ ရှေးက နေနိဝေလူများကဲ့သို့ နောင်တ ရဖို့လိုပါသည်။ ယောန၏ နိမိတ်လက္ခဏာကို သူတို့ အမှန်တကယ်လက်ခံခဲ့ကြလျှင်၊ ယခု သူတို့ရှေ့၌ ရှိသောသူသည် ပိုကြီးမြတ်သော ယောန ပင်ဖြစ်ပါသည်တကား။

**ဆင်ခြင်ရန်** - “မာနထောင်လွှားခြင်းသည် ဘုရားသခင်ကို ဆန့်ကျင်သောအမှုအပေါင်း၏ မိခင် ဖြစ်ပါသည်” (Calvin)။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်၌ ရှိသော မာနထောင်လွှားခြင်းအပေါင်းကို ဖယ်ရှား ပေးတော်မူပါ။



တနင်္ဂနွေ၊ ဧပြီ (၁၃)
**မသဲ ၂း၁-၁၂**
ယု ၁-၁၃

*“အရှေ့ပြည်၌ သူ၏ကြယ်ကို ငါတို့မြင်ရသည်”*

## လမ်းပြကြယ်နောက်သို့ လိုက်လော့

ဤမာဂုပညာရှိတို့သည် အဘယ်သူနည်း။ သူတို့သည် ကြယ် လေ့လာခြင်း၌ ကျွမ်းကျင်သော၊ ပါရသီ ယဇ်ပုရောဟိတ်များ ဖြစ်နိုင်ပါသည် (နှိုင်း - ဒံ ၁း၂၀)။ သူတို့သည် ဣသရေလ၏ အရှေ့ပိုင်း ပြည်မှ လာခဲ့ကြကြောင်း ဖော်ပြထားပါသည်။ သူတို့သည် ပါရသီပြည်သားများ မှန်လျှင် “ယုဒလူတို့၏ ရှင်ဘုရင်” (မသဲ ၂း၂) အကြောင်းကို မည်သို့ သိခဲ့ကြပါသနည်း။ ဖြစ်နိုင်သည်မှာ၊ ဗာဗုလုန်ပြည်၌ ယုဒလူများ ကျွန်ခံစဉ် ထိုပါရသီလူများထံ သူတို့၏ မေရှိယ ကြွလာတော်မူမည့် အကြောင်းကို ပြောပြခဲ့ခြင်း ဖြစ်ပါလိမ့်မည်။ ကြယ်ကို လေ့လာခြင်း တခုတည်းဖြင့် ယုဒ ရှင်ဘုရင် ကြွလာတော်မူမည့်အကြောင်းကို သိခဲ့ကြသည်ဟု ဆိုရမည်မှာ ခက်ခဲလှပါသည်။ မေရှိယ ကြွလာတော်မူမည့်အကြောင်းကို ဓမ္မဟောင်းကျမ်း၊ အထူးသဖြင့် ဒံယေလ အားဖြင့်၊ သိရှိကြခြင်းလည်း ဖြစ်နိုင်ပါသည် (ဒံ ၉း၂၄-၂၆၊ နှိုင်း - တော ၂၄း၁၇၊ မသဲ ၂း၆)။ ထူးခြားလှသော ကြယ်ပေါ်ထွက်လာခြင်းအားဖြင့် အချိန်စေ့လာပြီအကြောင်း သိစေခဲ့ပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်သည် သူတို့ကို အသိပေးတော်မူလျက် သွားရောက်ဖူးတွေ့ဖို့ရန် ဆုံးဖြတ်ချက် ချခဲ့ကြခြင်းဖြစ်ပါလိမ့်မည်။

ဟေရုဒ် မင်းကြီးသည် ခရစ်တော် မွေးဖွားမည့် နေရာအတိအကျကို မေးခဲ့ပါသည်။ ယုဒ ကျမ်းတတ်တို့က မိက္ခာ ၅း၂ ကိုအခြေခံလျက် “ယုဒပြည် ဗက်လင်မြို့” ဟုတိကျစွာ ဖြေခဲ့ကြ၏။

နေရာ သိကြသောအခါ၊ မာဂုပညာရှိတို့သည် မွေးဖွားလာသော ရှင်ဘုရင်ကို တွေ့ဖို့ရန် ခရီးဆက်ခဲ့ကြပါသည်။ သူတို့သည် ယေရှုအား နွားတင်းကုပ်၌ မဟုတ်ဘဲ၊ အိမ်ထဲ၌ သွားတွေ့ခဲ့ကြသည်ကို မှတ်ထားကြပါလော့။ သေချာသည်မှာ၊ ပညာရှိတို့သည် မွေးသောအချိန်၌ မဟုတ်ဘဲ၊ နောက်ကျမှ ရောက်ခဲ့ခြင်းဖြစ်ပါသည်။ ထိုအချိန်တွင် ယောသပ်နှင့် မာရိသည် နေစရာ အခန်းကို ရခဲ့ကြပြီ ဖြစ်ပါသည်။ ယေရှုကိုလည်း “သူငယ်” ဟုဖော်ပြသောကြောင့်၊ တစ်နှစ်သားအရွယ်လောက် ဖြစ်နိုင်ပါသည် (နှိုင်း - လု ၂း၂၂၊ မသဲ ၂း၁၆)။

မာဂုပညာရှိတို့သည် ယေရှုကို မြင်တွေ့ကြသောအခါ၊ အလွန် ဝမ်းမြောက်ခဲ့ကြပြီး၊ ဝတ်ပြုကိုးကွယ်လျက် မြေကြီးပေါ်၌ ပြပ်ဝပ်ခဲ့ကြပါသည်။ ရှင်ဘုရင်ဖြစ်ကြောင်းကို သိမှတ်သောကြောင့်၊ ရွှေ၊ လောဗန်နှင့် မုရန် နံ့သာမျိုးကို လက်ဆောင်ပေးခဲ့ကြ၏။

ဟေရုဒ်ထံ သတင်း မပို့ရန် ဘုရားသခင်က သတိပေးတော်မူသောကြောင့်၊ သူတို့သည် နာခံလျက် မိမိတို့ပြည်သို့ အခြားသောလမ်းဖြင့် ပြန်သွားခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - စာတန်၏ လမ်းလွဲကြယ်များ မဟုတ်ဘဲ၊ ဘုရားသခင်၏ လမ်းပြကြယ်နောက်ကို လိုက်ပါလော့။

**ဆုတောင်းချက်** - အဖဘုရား၊ “ထို့ကြောင့်၊ ကိုယ်တော်သည် ဘုန်းအသရေ တန်ခိုးတော်ကို ခံစားထိုက်တော်မူ၏” (ဗျာ ၄း၁၁)။

## အဲဂုတ္တုပြည်မှ ခေါ်ခဲ့သော သားတော်

ဟေရုဒ်မင်းကြီးသည် သူငယ် ရှင်ဘုရင်ကို သတ်လိုခဲ့ပါသည်။ ဘုရားသခင်၏ကောင်းကင်တမန်က ယောသပ်အား သူငယ် ယေရှုနှင့် မာရိကို လုံခြုံစေဖို့ရန် အဲဂုတ္တုပြည်သို့ ခေါ်ဆောင်စေခဲ့ပါသည်။ ဘုရားသခင်က မောရှေအားဖြင့် မိမိလူတို့ကို ခေါ်ထုတ်ခဲ့သောနေရာ၊ အဲဂုတ္တုပြည်သို့ ယေရှုအား ထွက်သွားစေခြင်းသည် ဆန့်ကျင်သောအရာ ကဲ့သို့ဖြစ်ပါသည်။ ဘုရားသခင်သည် မိမိလူတို့ကို ကျွန်ခံရာ၊ အဲဂုတ္တုပြည်မှ နို့နှင့်ပျားရည်စီးဆင်းသော ဂတိတော်ပြည် ဣသရေလသို့ ခေါ်ဆောင်ခဲ့ပါသည်။ ဘုရားသခင်ကိုယ်တိုင် မိမိလူတို့ကို ပေးတော်မူသော ဣသရေလပြည်သည် သူငယ် မေရှိယအတွက် အလုံခြုံဆုံးသောနေရာ ဖြစ်သင့်သော်လည်း၊ ယခုတွင် အန္တရာယ်အရှိဆုံး နေရာဖြစ်လျက်၊ အဲဂုတ္တုပြည်သည် အလုံခြုံဆုံးနေရာ ဖြစ်လာခဲ့ပါသည်။ ယောဟန်က ဤသို့ ကြိုတင်ဟောထားချက် အလွန်မှန်ကန်လှပါသည် - ယော ၁း၁၁၊ "သူသည် မိမိဒေသအရပ်သို့ ကြွလာသော်လည်း၊ မိမိလူမျိုးတို့သည် သူ့ကို လက်မခံဘဲနေကြ၏။"

ယေရှုသည် အချိန်မှန် ကြွလာတော်မူပါသလား။ ဟုတ်ပါ၏၊ ကြွလာတော်မူသည့်အချိန်မှန်ပါသည်။ တမန်တော် ပေါလုက၊ "အချိန်ကာလ စေ့သောအခါ" (ဂလာ ၄း၄) ကြွလာတော်မူ၏ဟုဆိုခဲ့ပါသည်။ ဣသရေလလူများ ယုံကြည်ခြင်း မရှိသောအချိန်၊ ဤလောကလူများ၏ ဆိုးသွမ်းမှုအထွက်အထိပ်ရောက်နေသောအချိန်၊ ထိုသို့ အလွန်လိုအပ်သောအချိန်၌ ယေရှု ကြွလာခဲ့ပါသည်။ "ထိုသူသည် ဤလောက၌ ရှိတော်မူပြီ။ ဤလောကကိုလည်း ဖန်ဆင်းတော်မူပြီ။ သို့သော်လည်း ဤလောကသည် ထိုသူကို မသိ" (ယော ၁း၁၀)။ "ထိုသူကို လက်ခံသမျှသောသူ တည်းဟူသော ကိုယ်တော်၏နာမတော်ကို ယုံကြည်သောသူတို့အား၊ ဘုရားသခင်၏ သားဖြစ်ရသော အခွင့်ကို ပေးတော်မူ၏" (ယော ၁း၁၂)။ ထိုသို့သော ဆိုးသွမ်းသည့်အချိန်၌ ယေရှု ကြွလာတော်မူခြင်းက ဘုရားသခင်၏ ကျေးဇူးတော်နှင့် ကရုဏာတော်ကို ထင်ရှားစေတော်မူ၏။ ထိုသို့သော နိမ့်ချခြင်းနှင့် စိတ်နှိမ့်ချခြင်း ရှိသော ရှင်ဘုရင် ရှိပါမည်လော။ ယေရှု မှအပ မည်သူမျှ မရှိနိုင်ပါ။

အဲဂုတ္တုပြည်၌ ယေရှု သွားရောက်ခဲ့ခြင်းက ဟောရှေ၏ ပရောဖက်ပြုချက်ကို စုံလင်စေခဲ့၏ (ဟော ၁၁း၁-၃)။ ဘုရားသခင် ချစ်တော်မူသော လူမျိုး၊ ဣသရေလသည် ခရစ်တော်ကို ရည်ညွှန်းပါသည်။ ဘုရားသခင်သည် အဲဂုတ္တုပြည်မှ ဣသရေလကို ကယ်တင်သကဲ့သို့၊ မိမိ၏အသင်းတော်ကိုလည်း အဲဂုတ္တုပြည်မှ ခေါ်ထုတ်ခဲ့သော ချစ်လှစွာသော သားတော်အားဖြင့် ကယ်တင်လိမ့်မည်။

ဟေရုဒ်သည် ၄ ဘီစီတွင် သေခဲ့ပါသည်။ ခရစ်တော်အပေါ် လွန်ကျူးသော သူ့အပြစ်ကြောင့် ဘုရားသခင်က လျင်မြန်စွာ ပြစ်ဒဏ်ပေးခဲ့ပါသည်။ သူ၏အဆိုးဆုံးသော သား၊ အာခေလကသူ့ အဘ၏နေရာကို ဆက်ခံခဲ့ပါသည် (နှိုင်း - မသဲ ၂း၂၂)။ ထို အသစ်သော ဟေရုဒ်သည်လည်း ဆိုးသွမ်းလှသောကြောင့်၊ သူငယ် ယေရှုအတွက် ယုဒပြည်သည် မလုံခြုံသေးပါ။ ထို့ကြောင့်၊ ဘုရားသခင်၏ ကောင်းကင်တမန်သည် ယောသပ်ကို ဂါလိလဲပြည်သို့ ခေါ်ဆောင်ခဲ့၏။ ယေရှုသည် ပရောဖက်ပြုချက် စုံလင်စေဖို့ရန် နာဇရက်မြို့၌ ကြီးပြင်းခဲ့ပါသည် (ဟေရှာ ၁၁း၁၊ ယေရမိ ၂၃း၅၊ ၃၃း၁၅၊ ဇာ ၆း၁၂)။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ကျွန်ုပ်တို့၏အကောင်းဆုံး အကွယ်အကာဖြစ်တော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်အား အန္တရာယ်အပေါင်းမှ ကွယ်ကာဖို့ရန် ကိုယ်တော်၏ ကောင်းကင်တမန်များကို စေလွှတ်တော်မူပါ။





## ယေရှု - ကောင်းကင်မှ နိမိတ်လက္ခဏာ (၁)

ယနေ့ကျမ်းပိုဒ်တွင်၊ လူတို့အပေါ် ယေရှု ထားတော်မူသော ကြီးမားသည့် ကရုဏာတော်ကို ပြန်တွေ့ရပါသည်။ အနာငြိမ်းစေရန်အတွက် ယေရှုထံ လာခဲ့ကြသော များစွာသောလူတို့သည် ထိုနေရာ၌ သုံးရက်ကြာ နေခဲ့ကြပြီဖြစ်ပါသည်။ သူတို့၌ စားစရာ မရှိ၊ ယေရှုကလည်း သူတို့ကို ငတ်မွတ်လျက် မပြန်စေလိုခဲ့ပါ။ အချို့သည် အလွန်ဝေးသောအရပ်မှ လာခဲ့ကြ၏။ လမ်းခရီး၌ အားကုန်လျက် ခရီးမဆက်နိုင်ဖြစ်ခဲ့ကြမည်ကို စိုးရိမ်တော်မူ၏။ ယေရှုသည် ကျွန်ုပ်တို့၏ အားနည်းချက်ကို သိမှတ်တော်မူ၍ ကျွန်ုပ်တို့၏လိုအပ်ချက်များကို ဂရုစိုက်တော်မူခဲ့ပါသည်။

လူ ၅၀၀၀ ကို အံ့ဘွယ် ကျွေးမွေးတော်မူခဲ့သည်နည်းတူ၊ ယေရှုသည် မိမိထံ ယူလာခဲ့ကြသော မုန့်နှင့်ငါးများကို ကောင်းကြီးပေးလျက် ဖဲ့တော်မူခဲ့ပါသည်။ ထိုသို့ဖြင့် မုန့်ခုနစ်လုံးနှင့် အနည်းငယ်သော ငါးဖြင့်၊ မိန်းမများနှင့် ခလေးများ မပါဘဲ၊ လူ ၄၀၀၀ ကို ကျွေးမွေးတော်မူခဲ့ပြီး၊ သူတို့ ဝလင်စွာ စားခဲ့ကြပြီးမှ ခုနစ်တောင်း အပြည့် ကျန်ခဲ့ပါသည်။

ယုဒခေါင်းဆောင်များက ယေရှုအား အံ့ဘွယ်နိမိတ်လက္ခဏာ ပြဖို့ရန် ပြန်တောင်းဆိုခဲ့ကြ၏။ ဤဖာရိရှဲနှင့် ဇဒ္ဒုကဲတို့သည် အဘယ်မှာ ရှိခဲ့ကြသနည်း။ ယခုပင် လူ ၄၀၀၀ ကို ကျွေးမွေးခဲ၏၊ နားပင်း၍ စကားအသောသူကို ကျန်းမာစေတော်မူ၏၊ ခါနန် အမျိုးသမီးထံမှ နတ်ဆိုးကို နှင်ထုတ်ခဲ့သည် မဟုတ်လော။ ယေရှု ပြုတော်မူသော အံ့ဘွယ်အမှုများကို နေရာတကာ တွေ့ရပါသည်။ ယေရှုသည် များစွာသော နိမိတ်လက္ခဏာကို ပြတော်မူခဲ့ပြီဖြစ်ပါသည်။ သေချာသည်မှာ၊ ထိုအံ့ဘွယ်အမှုတို့ကို ဖာရိရှဲနှင့် ဇဒ္ဒုကဲတို့က သိမြင်ခဲ့သော်လည်း၊ တမင်တကာ မယုံကြည်လိုခဲ့ကြခြင်း ဖြစ်ပါသည်။ ဤသည်ကား ဖော်ပြခဲ့ပြီးသည်အတိုင်း ခွင့်လွှတ်၍ မရသော အပြစ်ပင်ဖြစ်ပါသည်။ သူတို့သည် "မိုးကောင်းကင်မှဖြစ်သော နိမိတ်လက္ခဏာ" ကို ပြဖို့ တောင်းခဲ့ကြ၏။ အမှန်မှာ ထိုကောင်းကင်မှ နိမိတ်တော်ကိုယ်တိုင်သည် သူတို့ရှေ့၌ ရပ်လျက်နေတော်မူ၏။ ယေရှုက သူတို့အား၊ "ငါသည် ကောင်းကင်မှ ဆင်းသက်သော အသက်မုန့် ဖြစ်၏" (ယော ၆း၅၁) ဟု မိန့်တော်မူခဲ့ပြီးဖြစ်ပါသည်။ ထိုကောင်းကင်မှ နိမိတ်လက္ခဏာသည် သူတို့ရှေ့၌ ရပ်နေလျက်ပင်၊ ထို နိမိတ်လက္ခဏာကို တောင်းလျှောက်ခဲ့ကြခြင်းက သူတို့၏ ဝိညာဉ် မျက်စိ လုံးဝ ကန်းလျက်ရှိသည်ကို ထင်ရှားစေပါ၏။

သနားစရာ၊ ဝမ်းနည်းစရာကောင်းသည်မှာ၊ ဖာရိရှဲနှင့် ဇဒ္ဒုကဲတို့သည် ဇဝိဂေလိဆရာထက်၊ မိုးကောင်းကင် နိမိတ်လက္ခဏာ ဖတ်တတ်သောသူကို ပို၍ စိတ်ဝင်စားခဲ့ခြင်း ပင်ဖြစ်ပါသည်။ သူတို့သည် မိုးကောင်းကင်ကို လေ့လာကြည့်ခြင်းဖြင့် နက်ဖြန်နေ့၏ ရာသီဥတုကို ခန့်မှန်းနိုင်ခဲ့ကြသော်လည်း၊ မြင်တွေ့ခဲ့ကြသော အံ့ဘွယ်နိမိတ်လက္ခာများအားဖြင့် မေရှိယ ကြွလာတော်မူပြီဖြစ်ကြောင်းကို မသိနိုင်ခဲ့ကြပါ။

**ဆင်ခြင်ရန်** - ယေရှု မကြာမီ ကြွလာတောမူမည်ဟု ဖော်ပြသော ယနေ့ လက္ခဏာများကား အဘယ်နည်း။

**ဆုတောင်းချက်** - အဖဘုရား၊ ခရစ်တော် ကြွလာတော်မူမည့်အချိန်ကိုညွှန်ပြသော လက္ခဏာများကို ကျွန်တော် သတိပြုမည်အကြောင်း မစတော်မူပါ။

အဂ်ါ၊ ဇွန် (၁၇)

**မာကု ၇း၃၁-၃၇**

ဆာလံ ၁၄၅

*"တံထွေးနှင့်ထွေး၍ သူ၏လျှာကိုလည်း တို့တော်မူ၏"*

## အနာငြိမ်းစေသော ယေရှု၏ တံထွေး

ယေရှုသည် နားပင်း၍ စကားအသောသူ တယောက်ကို အလွန် မှတ်သားစရာကောင်းသောနည်းဖြင့် ကျန်းမာစေတော်မူခဲ့ပါသည်။ အမှန်မှာ မိမိ၏ နှုတ်စကား တန်ခိုးတော်ဖြင့် လွယ်ကူစွာ ကျန်းမာစေတော်မူနိုင်ပါသည်။ သို့သော်လည်း၊ နှုတ်စကားအပြင်၊ မိမိ၏လက်နှင့် တံတွေးကို အသုံးပြုတော်မူခဲ့ပါသည်။ အဘယ့်ကြောင့်နည်း။ ယေရှုက မိမိကိုယ်တိုင်သည် ကျန်းမာခြင်းကို ပေးတော်မူသောသူဖြစ်ကြောင်း ထိုသူအား အသိပေးလိုသောကြောင့် ဖြစ်ပါသည်။ သခင်ယေရှုသည် လူတို့ သိနားလည် နိုင်သောအရာများကို အသုံးပြုလျက် လူတို့ကို မစတော်မူခြင်းဖြင့်၊ မိမိသည် အဘယ်သူဖြစ်ကြောင်း၊ အဘယ် အမှုကို ပြုတော်မူနိုင်ကြောင်း သွန်သင်တော်မူ၏။ ရုပ်ပုံကားချပ်သည် စကားလုံး တထောင်လောက် တန်ဖိုးရှိ၏။ ထိုပြုသောအမှုအားဖြင့် သူသည် ဘုရားသခင်နှင့်လူသားဖြစ်တော်မူကြောင်း ဖော်ပြခဲ့ပါသည်။ သူ့လက်ညှိုးတော်နှင့် တံတွေးက ယေရှု၏လူသားစစ်စစ်ဖြစ်ခြင်းကို သက်သေပြတော်မူ၏။ ထိုအရာများမှ ထွက်လာသော တန်ခိုးက သူ၏ဘုရားစစ်စစ်ဖြစ်ခြင်းကို ပြတော်မူခဲ့ပါသည်။ ထို့ပြင်၊ လူတို့၏ တံတွေးသည် ပိုးမွှားများစွာရှိသော်လည်း၊ ဘုရားသခင်နှင့်လူသားဖြစ်တော်မူသော ယေရှု၏ တံတွေးသည် လုံးဝ သန့်ရှင်း စင်ကြယ်တော်မူ၏။

ယေရှုသည် ထိုအနာငြိမ်းစေခြင်းအမှုကို ပြုတော်မူစဉ် ညည်းတွားသံကို ပြုခဲ့ကြောင်း တွေ့ရပါသည်။ အဘယ့်ကြောင့်နည်း။ Calvin က ဤသို့ ရှင်းပြခဲ့ပါသည် - "ထို ညည်းတွားသံသည် ယေရှု၏ တန်ခိုးပါသော စိတ်ခံစားမှု လက္ခဏာဖြစ်လျက်၊ လူတို့၏ ဒုက္ခ ဝေဒနာများကို ကိုယ်ချင်းစာလွန်းသော စိတ်ဖြင့် လူတို့ထံ ထားရှိသော သူ၏ ချစ်ခြင်းမေတ္တာကို ပြသလျက်ရှိပါသည်။" ကျွန်ုပ်တို့အတွက် ယေရှု၏ ကိုယ်ချင်းစာ စိတ်ပေါ် လွင်ခြင်း ပင်ဖြစ်ပါသည် - "ငါတို့ ယဇ်ပုရောဟိတ်မင်းသည် ငါတို့ခံရသော ဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူ မဟုတ်။ ငါတို့ ခံရသည်နည်းတူ၊ အမျိုးမျိုးသော စုံစမ်းနှောင့်ရှက်ခြင်းတို့ကို ခံဘူးသောသူ ဖြစ်တော်မူ ၏။ သို့ရာတွင်၊ ဒုစရိုက်အပြစ်နှင့် ကင်းလွတ်တော်မူ၏" (ဟေဗြဲ ၄း၁၅)။

**ဆင်ခြင်ရန်** - ယေရှု၏ တံထွေးသည် လုံးဝ သန့်ရှင်းတော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ယေရှု၏ စုံလင်သော လူသားဖြစ်ခြင်းကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါသည်။



အင်္ဂါ၊ ဧပြီ (၁၅)

**လု ၂း၄၀-၅၂**

ဇဖက် ၆း၁-၄

*"သူငယ်သည် ကြီးပွါး၍ ပညာဉာဏ်သတ္တိနှင့် ပြည့်စုံ၏"*

## ယေရှုသည် ခန္ဓာကိုယ် စိတ်ဝိညာဉ်၌ ကြီးထွားခဲ့ပါသည်

ယေရှုသည် သာမန် သူငယ်များနည်းတူ ကြီးပြင်းခဲ့ပါသည် (နှိုင်း - လု ၁း၈၀)။ သို့သော်လည်း၊ တခု ထူးခြားသည်မှာ သူသည် အပြစ်ကင်းစင်ပြီး စုံလင်သောသူ ဖြစ်၏ (ဟေဗြဲ ၄း၁၅)။ အစကတည်းက သူသည် စုံလင်ပြည့်စုံသောသူ ဖြစ်ပါသည်။ ထို့ကြောင့်၊ သူသည် ဘုရားသခင်၏ ကယ်တင်ခြင်း အစီအစဉ်၌ လူကို ကိုယ်စားပြုသည့် စုံလင်သောသူ ဖြစ်ပါသည်။

ယုဒလူငယ်တို့သည် အသက် ၁၂နှစ်ပြည့်သောအခါ ပညတ်တရား၏သား (*bar mitzvah*) ဖြစ်ခဲ့ကြပါသည်။ ထို့ကြောင့်၊ ပညတ်တရားကို လိုက်လျှောက်ဖို့ရန် တာဝန်ဝတ္တရား ရှိခဲ့ကြပါသည်။ ထို့ကြောင့်၊ ယေရှုသည်လည်း အသက် ၁၂နှစ်ပြည့်သောအခါ ပသခါပွဲကို ဆင်နွှဲဖို့ရန် ယောသပ်၊ မာရိတို့နှင့်အတူ ယေရုရှလင်မြို့သို့ လိုက်သွားခဲ့ပါသည်။ ပသခါပွဲသည် အဲဂုတ္တုလူများ၏ သားဦးကို ဘုရားသခင် ကွပ်မျက်သောအချိန်၌ ဣသရေလလူများကို "ကျော်သွားခဲ့ခြင်း" အထိမ်းအမှတ်ဖြစ်ပါသည် (ထွက် ၁၂း၁၁-၂၈၊ ၂၃း၁၄-၁၇)။ ကျွန်ုပ်တို့အတွက် ယေရှုသည် ထိုပသခါပွဲ ပညတ်တရားကို လိုက်လျှောက်ခဲ့ပါသည်။

ယေရုရှလင်မြို့၌ ယေရှုသည် မိမိ၏ မေရှိယဖြစ်ခြင်းအကြောင်းကို ဖော်ပြခဲ့ပါသည်။ ဓမ္မဟောင်းကျမ်း သိကျွမ်း နားလည်ခြင်းအမှု၌ သူသည် ဗိမာန်တော်ရှိ ကျမ်းတတ်ပုဂ္ဂိုလ်များထက် သာလွန်ခဲ့ပါသည်။ ယေရှုသည် သူတို့၏သွန်သင်ချက်များကို နားထောင်လျက် မေးခွန်းများကို မေးခဲ့ပါသည်။ ထိုမေးခွန်းများတွင် ကျမ်းတတ်ပုဂ္ဂိုလ်များ မဖြေနိုင်သော မေခွန်းများ ပါပါလိမ့်မည်။ ထိုအခါ ယေရှုသည် တန်ခိုးအာဏာတော်နှင့်တကွ အဖြေများကို ပေးခဲ့မည်ဟု ထင်ရပါသည်။ ထိုအချက်ကို လုကာ၏ ဖော်ပြချက်မှ သိရပါသည် - "သူ၏ စကားကိုကြားသောသူ အပေါင်းတို့သည် သူ၏ပညာကိုရင်း၊ စကားအဖြေကိုရင်း အံ့သြကြ၏။"

လူငယ် ယေရှုသည် ဤလောက၌ မိမိကြွလာတော်မူခြင်း ရည်ရွယ်ချက်ကို သိတော်မူ၏။ သူက ယောသပ်နှင့်မာရိအား၊ "အကျွန်ုပ်သည် အဘ၏အိမ်၌ နေရသည်ကို မသိပါသလော" ဟု ဆိုခဲ့ပါသည်။ သားတော် ဘုရားဖြစ်သည်နှင့်အညီ ခမည်းတော် ဆောင်ရွက်စေလိုသောအမှုကို ကောင်းကောင်း သိတော်မူခဲ့ပါသည်။ သူသည် ခမည်းတော်၏စကားကို နာခံလျက် ဗိမာန်တော်၌ နေခဲ့ခြင်း ဖြစ်ပါသည်။

ယေရှုသည် ကောင်းကင်ဘုံရှိ အဘ ခမည်းတော်၏စကားကို လုံးဝ နာခံသည်သာမက၊ ဤလောကရှိ သူ့မိဘများကိုလည်း နာခံခဲ့ပါသည်။ သူသည် အိမ်နီးချင်းများအကြား၌လည်း နာမည်ကောင်း ရသောသူဖြစ်ပါသည် - "လူတို့ရှေ့မှာ မျက်နှာရတော်မူ၏။" ယေရှုသည် ချစ်စရာကောင်းသော သူငယ်ဖြစ်ပါသည်။ ဘယ်သူနှင့်မှ ပြသနာ မရှိခဲ့ပါ။

**ဆင်ခြင်ရန်** - "သမ္မာကျမ်းစာကို ဖတ်ပါ၊ နေ့တိုင်း ဆုတောင်းပါ၊ သို့ပြုလျှင် သင်သည် ကြီးထွားခြင်း ရှိလိမ့်မည်။"

**ဆုတောင်းချက်** - အို အဖဘုရား၊ နုနယ်သော ခရစ်ယာန် သူငယ် မဖြစ်လိုပါ၊ ခရစ်တော်၌ ကြီးထွားခြင်းရှိမည်အကြောင်း မစတော်မူပါ။

**မာကု ၁း၁-၈**
မာလ ၄း၅-၆

*“ကြည့်ရှုလော့။ . . . ငါ၏တမန်ကို သင့်ရှေ့၌ ငါစေလွှတ်၏”*

## နောင်တရကြလော့

မာကုသည် ခရစ်တော်၏ သက်တော်စဉ်အကြောင်း ရေးသားသောအခါ၊ “ဘုရားသခင်၏ သားတော် ယေရှုခရစ်၏ ဧဝံဂေလိတရား၏အစ” ဟု စတင်ခဲ့ပါသည်။ ထိုသို့ သတင်းကောင်းနှင့် ဆိုင်သော ခရစ်ဝင်ကျမ်း စတင်ခြင်းသည် ကောင်းသောနိဒါန်း ဖြစ်ပါသည်။ အကြောင်းမှာ ဧဝံဂေလိ၏အဓိပ္ပါယ်သည် “သတင်းကောင်း” ပေတည်း။ သတင်းကောင်းသည် ယေရှုခရစ်တော်၏ အကြောင်းပင်ဖြစ်ပါသည်။ သတင်းကောင်းသည် သမ္မာကျမ်းစာအတိုင်း ယေရှုခရစ်တော်၏ သေခြင်း၊ သင်္ဂြိုလ်ခြင်းနှင့် သုံးရက်မြောက်နေ့၌ ရှင်ပြန်ထမြောက်ခြင်းပင်ဖြစ်ပါသည် (၁ ကော ၁၅း၁-၄)။ မာကု (နှင့် အခြားသော ခရစ်ဝင်ကျမ်း ရေးသားသူများ) သည် ခရစ်တော်၏ဘဝအသက်တာ၊ မိမိလူတို့၏ကယ်တင်ခြင်းအတွက် အသေခံခြင်း၊ သင်္ဂြိုလ်ခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့ကို ဖော်ပြခဲ့ပါသည်။

ဗတ္တိဇံဆရာ ယောဟန်သည် မေရှိယ၏ရှေ့ပြေးအဖြစ် အသက် ၃၀ (အေဒီ ၂၆) တွင် အမှုတော် စတင်ဆောင်ရွက်ခဲ့ပါသည်။ သူသည် ယုဒပြည် တောထဲတွင်၊ “အပြစ်လွှတ်ခြင်း အဘို့ အလိုငှါ နောင်တနှင့် စပ်ဆိုင်သော ဗတ္တိဇံတရားကို ဟောလျက် . . . နောင်တရကြလော့။ ကောင်းကင်နိုင်ငံတော်သည် တည်လုနီးပြီ” ဟု တရားဟောခဲ့ပါသည် (မာကု ၁း၄၊ လု ၃း၃)။ ထိုသို့ လူသူနည်းသောအရပ်ဒေသ၌ ထိုသို့သောတရားကို မည်သူ နားထောင်ခဲ့ပါမည်နည်း။ ဤအမှုသည် ယနေ့ အသင်းတော် ကြီးပွားစေခြင်း နည်းလမ်းနှင့် ဆန့်ကျင်လျက်ရှိပါသည်။ ယောဟန်၏အမှုတော်သည် တတိုင်းပြည်လုံးနှင့်ဆိုင်သော အမှုဖြစ်ပါသည် - “ယေရုရှလင်မြို့သားများမှစ၍ ယုဒပြည်သူပြည်သား အပေါင်းတို့သည်” သူ့ထံ ချဉ်းကပ်ခဲ့ကြ၏။ မာလခိအချိန်မှ စ၍ ဣသရေလတွင် ပရောဖက် မရှိတော့သောကြောင့်၊ လူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ငတ်မွတ်ကြ၍ လာရောက်ကြခြင်း ဖြစ်ပါလိမ့်မည်။ ပရောဖက်စကား မကြားရသော အချိန်သည် နှစ်ပေါင်း ၄၀၀ ကြာခဲ့ပါသည်။ သို့သော်လည်း၊ မာလခိက ဧလိယ၏ ဝိညာဉ်နှင့်တန်ခိုးကို ဆောင်လျက် ပရောဖက်ပြုမည့်အချိန် ရောက်လိမ့်မည်ဟု ပရောဖက်ပြုခဲ့ပါသည် (မာ ၄း၅-၆)။

နှစ်ပေါင်း ၄၀၀ ကုန်လွန်ခဲ့ပါသည်။ ယောဟန်သည် ဧလိယ ဖြစ်နိုင်ပါသလား။ ယောဟန်သည် ဝတ်စားမှုတွင် ဧလိယကဲ့သို့ ဝတ်စားခဲ့ပါသည်။ “ယောဟန်သည် ကုလားအုပ်အမွေးနှင့် ရက်သော အဝတ်ကိုဝတ်လျက်၊ ခါး၌ သားရေ ခါးပန်းကို စည်းလျက်” နေခဲ့ပါသည်။ သူ၏ ကုလားအုပ် မွေးအဝတ်နှင့် သားရေခါးပန်းတို့သည် ဧလိယ၏ အပြင်ပန်းသဏ္ဍာန်နှင့် တူညီပါ၏ (၄ ရာ ၁း၈)။ သူသည် ကျိုင်းကောင်နှင့် တော ပျားရည်ကို စားသုံးခဲ့ပါသည်။ ယောဟန်၏ နေထိုင်မှုသည် အလွန် ထူးခြားလှပါသည်။ ထို့ပြင်၊ သူဟောပြောသောတရားသည် ပို၍ထူးခြားလှပါသည်။ လူတို့၏ အပြစ်ကို ရှုတ်ချလျက်၊ နောင်တရဖို့ရန် နိုးဆော်ခဲ့၏။ မာလခိအချိန်မှ စ၍ ထိုသို့သော တရားဟောချက် မကြားရတော့ပါ။ နောက်ဆုံးတွင် ဘုရားသခင်သည် ပရောဖက်တပါး စေလွှတ်တော်မူခဲ့၏။

**ဆင်ခြင်ရန်** - “ဆုံးမခြင်းတိုင်းသည် နောင်တရဖို့ရန် ဖိတ်ခေါ်ခြင်း ပေတည်း” (Calvin)။
**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်အပြစ်များမှ ကျွန်တော် နောင်တရပါ၏။




**မသဲ ၁၅း၂၁-၂၈**
ဆာလံ ၁၄၅

*“အို မိန်းမ၊ သင်သည် ယုံကြည်အားကြီးလှပြီ”*

## နှိမ့်ချခြင်း နှင့် ဇွဲမလျှော့ခြင်း

ရှုရိဖိနိတ်ပြည်သူ မိန်းမက အကူအညီတောင်းသောအခါ ယေရှုသည် အစ၌ စကား မပြောဘဲ ဆက်လက် လျှောက်သွားတော်မူခဲ့ပါသည်။ သူမ၏ အော်သံကြောင့် တပည့်တော်တို့သည် စိတ်ရှုတ်သဖြင့်၊ ယေရှုအား ထိုမိန်းမကို နှင်ထုတ်ဖို့ရန် ကြားပြောကြ၏။ နောက်ဆုံးတွင်၊ ယေရှုက၊ “ဣသရေလအမျိုး အဝင် ပျောက်လွင့်သော သိုးများ မှတပါး အခြားသော အမျိုးရှိရာသို့ ငါ့ကို မစေမလွှတ်ဟု မိန့်တော်မူ၏။” ဘုရားသခင်သည် ယုဒလူများကို ဦးစားပေးတော်မူ၏။ “ယုဒလူတို့၌ ကယ်တင်ခြင်းအကြောင်းရှိ၏” ဟူသော အချက်နှင့်အညီ၊ ယုဒလူတို့ကို အရင် ဦးစားပေးရမည် ဖြစ်ကြောင်း မိန့်တော်မူ၏။ သို့သော်လည်း၊ ယေရှုသည် တပါးအမျိုးသားများကို လုံးဝ ငြင်းပယ်ခြင်း မဟုတ်ပါ။ ထိုသို့ ငြင်းပယ်ခဲ့လျှင် သူတို့၏ မြို့များသို့ သွားခဲ့မည် မဟုတ်ပါ။ သူတို့ထံ ဘုရားသခင်၏ ကျေးဇူးတော်ကို ပြသတော်မူခဲ့ပါသည်။ သို့ဆိုလျှင်၊ အဘယ်ကြောင့် ဤမိန်းမကို အဖြေ ပေးတော် မမူသနည်း။ ထိုသို့ပြုခြင်းမှာ တပည့်တော်များအား စစ်မှန်သော ယုံကြည်ခြင်းအကြောင်းကို ပို့ချ သင်ပေးလိုသောကြောင့်တည်း။ ယုဒလူများသည် ယုံကြည်ခြင်း ကင်းမဲ့ခဲ့ကြသော်လည်း၊ ဤ တပါး အမျိုးသမီးသည် ယုံကြည်ခြင်း ရှိ၏။ ယေရှုသည် ကြီးမြတ်သော ယုံကြည်ခြင်းအကြောင်းကို ထိုမိန်းမ အားဖြင့် သာဓက ပေးမည်ဖြစ်ပါသည်။

ထိုမိန်းမက ကြီးမြတ်သော၊ တည်မြဲသော ယုံကြည်ခြင်းကို ပြသခဲ့ပါသည်။ ယေရှုက၊ “ဘုရားသခင်၏ နိုင်ငံတော်နှင့် ယှဉ်သော ဧဝံဂေလိတရားကို ဟောလျက်ရှိ၏။ လူများတို့ သည်လည်း နိုင်ငံတော်ကို အနိုင်အထက်ဝင်ကြ၏” (လု ၁၆း၁၆) ဟု မိန့်တော်မူ၏။ စစ်မှန်သော ယုံကြည်ခြင်းသည် အစဉ် တည်မြဲလိမ့်မည်ဖြစ်ပါသည်။ ထိုသို့သော ယုံကြည်ခြင်း ထိုမိန်းမ၌ ရှိခဲ့ပါ သည်။ ယေရှုသည် အဖြေ မပေးခဲ့သော်လည်း၊ မိမိ၏သမီးကို ကယ်တင်ပေးဖို့ရန် ဆက်လက် တောင်း လျှောက်ခဲ့ပါသည်။

ဇွဲမလျှော့သည်သာမက၊ သူသည် စိတ်နှိမ့်ချခြင်းရှိပါသည်။ ခွေးနှင့် ခိုင်းနှိုင်းခံခဲ့ရသော် လည်း၊ သူသည် ယေရှုအား မည်သို့ တုန့်ပြန်ခဲ့သည်ကို မြင်တွေ့ရပါသည်။ အများစုသည် ဒေါသ ထွက်လျက်၊ မိမိ၏ ဖြောင့်မတ်မှုကို ဖော်ပြခဲ့ကြပါလိမ့်မည်။ သို့သော်လည်း၊ ဤမိန်းမသည် ထိုသို့ မပြုခဲ့ပါ။ သူသည် ခွေးသာသာဖြစ်ကြောင်း မိမိကိုယ်ကို နှိမ့်ချလျက် ယေရှု စကားကို သဘောတူ ခဲ့ပါသည်။ ထို ခေတ်ကာလတွင်၊ လူတို့သည် လက်ဖြင့် အစာစားခဲ့ကြပြီး၊ စားပြီးနောက်တွင် မိမိတို့ လက်၌ ပေကျံသောအစာကို ခွေးများစားဖို့ ခါချတတ်ကြပါသည်။ ဤမိန်းမသည် သခင့် စားပွဲပေါ်မှ ကျသော ထိုညစ်ပတ်သည့် စားနုပ်စားပေါက်ကိုသာ ထိုက်တန်ကြောင်း ဖော်ပြခဲ့ပါသည်။

ထိုကြီးမြတ်သော ယုံကြည်ခြင်းကြောင့် ယေရှုက ထိုမိန်းမကို ချီးကျူးခဲ့ပါသည်။ ထိုအချိန်၌ သူ့သမီးသည်လည်း ကျန်းမာခြင်း အခွင့် ရခဲ့ပါသည်။ မိမိတို့၏ မာန အလုံးစုံကို ပယ်ချလျက်၊ ယေရှုကို ချီးမြှောက်သောအခါမှသာ၊ သူ့ထံမှ ကောင်းကြီးမင်္ဂလာများကို ခံစားရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ကိုယ်တော်သည် စုံလင်မည်ဖြစ်ပြီး၊ အကျွန်ုပ်သည် အချည်းနှီးဖြစ်ပါသည်။
**ဆုတောင်းချက်** - အဖဘုရား၊ ယေရှုအတွက် ကျွန်တော် စိတ်နှိမ့်ချခြင်း ရှိသောသူဖြစ်လိုပါ၏။

တနင်္ဂနွေ၊ ဇွန် (၁၅)

**မာကု ၇း၁၄-၂၃**

ဆာလံ ၅၃

*"လူအတွင်းမှ ထွက်သောအရာသည် လူကို ညစ်ညူးစေသောအရာဖြစ်၏"*

## အပြစ်သည် အတွင်းမှထွက်လာ၏

လူကို ညစ်ညူးစေသောအရာကား အဘယ်နည်း။ ယေရှုက လူအစုအဝေးအား၊ "သင်တို့ရှိသမျှသည် နားထောင်နားလည် ကြလော့။ လူပြင်မှလာ၍ လူအတွင်းသို့ဝင်လျက်၊ လူကို ညစ်ညူးစေနိုင်သော အရာတစုံတခုမျှမရှိ။ လူအတွင်းမှ ထွက်သော အရာသည် လူကို ညစ်ညူးစေသော အရာဖြစ်၏။ . . . လူပြင်မှလာ၍ လူအတွင်းသို့ ဝင်သမျှသည် နှလုံးထဲသို့ မဝင်။ ဝမ်းထဲသို့ဝင်၍ အစာရှိသမျှကို သန့်ရှင်းစေသဖြင့် ရေအိမ်တွင် ဆင်းသွားသော ကြောင့်၊ လူကို မညစ်ညူးစေနိုင် . . . လူအတွင်းမှ ထွက်သော အရာမူကား၊ လူကို ညစ်ညူးစေသော အရာဖြစ်၏။ . . . ခံတွင်းမှ ထွက်သော အရာမူကား၊ နှလုံးထဲက ထွက်လာ၍ လူကို ညစ်ညူးစေ သောအရာဖြစ်၏။ . . . လူအတွင်း နှလုံးထဲက မကောင်းသော ကြံစည်ခြင်း၊ သူ့မယားကို ပြစ်မှားခြင်း၊ မိန်းမ လွတ်နှင့် မှားယွင်းခြင်း၊ လူအသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးခြင်း၊ . . . မမှန်သော သက်သေကို ခံခြင်း . . . လောဘ လွန်ကျူးခြင်း၊ မနာလိုခြင်း၊ လှည့်စားခြင်း၊ ညစ်ညူးခြင်း၊ ပြူစူခြင်း၊ သူ့အသရေကို ဖျက်ခြင်း၊ ထောင်လွှားစော်ကားခြင်း၊ လျှပ်ပေါ်ခြင်း၊ ဤဆိုးညစ်သော အရာများတို့သည် အတွင်းမှ ထွက်လာ၍ လူကို ညစ်ညူးစေကြသည် . . . လက်ကို မဆေးဘဲလျက် အစာကို စားခြင်းမူကား၊ လူကို ညစ်ညူးစေသည် မဟုတ်ဟု မိန့်တော်မူ၏" (မာကု ၇း၁၄-၂၃၊ မသဲ ၁၅း၁၈-၂၀)။ လူတို့က ဖာရိရှဲနှင့်ကျမ်းပြုဆရာများသည် အလွန်သန့်ရှင်းသောသူများဟု ထင်မှတ်ကြ၏။ ယေရှုက သူတို့အထင် မှားယွင်းကြောင်း မိန့်တော်မူခဲ့ပါသည်။ ထိုဖာရိရှဲများနှင့် ကျမ်းပြုဆရာများတို့သည် အပြင်ပိုင်း သန့်ရှင်းစင်ကြယ်ခဲ့ကြသော်လည်း၊ အတွင်းပိုင်းမူကား ရွံ့စရာနှင့်ပြည့်လျက်ရရှိပါသည်။

တပည့်တော်များက ယေရှုအား ဖာရိရှဲနှင့်ကျမ်းပြုဆရာများတို့သည် မိမိ၏စကားကြောင့် မကျေမနပ်ဖြစ်ကြကြောင်း ကြားလျှောက်ကြ၏။ ထိုအမှုက ယေရှုအား စိုးရိမ်စေမည်လော။ ယေရှုသည် လူကို ကျေနပ်စေဖို့ရန် ကြွလာတော်မမူဘဲ၊ ဘုရားသခင်နှစ်သက်သောအမှုကို ပြုခြင်းငှါ ကြွလာတော်မူကြောင်း တပည့်တော်များ သိခဲ့သင့်ပါသည်။ ထို့ကြောင့်၊ မှားယွင်းသော ဆရာများ၏ မှားယွင်းမှုကို ဖော်ပြခြင်းသည် ဘုရားသခင်နှစ်သက်သောအရာ ဖြစ်တော်မူ၏။ ယေရှုက၊ "ကောင်းကင်ဘုံ၌ ရှိတော်မူသော ငါ၏ခမည်းတော် စိုက်တော်မမူသော အပင်ရှိသမျှတို့ကို နှုတ်ရလိမ့်မည်" ဟု မိန့်တော်မူ၏။ တပည့်တော်တို့အား ထိုသူများကို ရှောင်ရှားကြရန် ယေရှုမိန့်တော်မူခဲ့ပါသည်။ "ထိုသူတို့ကို ရှိပါလေစေ။ သူတို့သည် လူကန်းတို့အား လမ်းပြသော လူကန်းဖြစ်၏။ လူကန်းချင်း တဦးကို တဦးလမ်းပြလျှင်၊ နှစ်ဦးတို့သည် တွင်းထဲသို့ ကျကြလိမ့်မည်။"

**ဆင်ခြင်ရန်** - "ဟန်ဆောင်သောသူများသည် မိမိတို့၏အနာရောဂါကို မသိသော၊ မိုက်မဲသောသူများ ဖြစ်ကြပါသည်" (Calvin)။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်ကို အတွင်း အပြင် သန့်ရှင်းစေတော်မူပါ။



ကြာသပတေး၊ ဧပြီ (၁၇)

**လု ၃း၁-၁၈**

ယာကုပ် ၂း၁၄-၂၆

*"ကောက်သောလမ်းများကို ဖြောင့်စေရမည်"*

## ပြောစကားနှင့်အညီ နေထိုင်ကျင့်ကြံပါ

ယုဒလူထုသည် ယောဟန်၏တရားကို လာနားထောင်ခဲ့ကြ၏။ သို့သော်လည်း၊ လူအချို့အပေါ်၌ ကျေနပ်မှု မရှိခဲ့ပါ။ ထိုသို့ တရားလာနားထောင်သောသူများထဲတွင် ဖာရိရှဲများနှင့် ဇဒ္ဒုကဲများ ပါဝင်ခဲ့ကြ၏။ သူတို့သည် ဘယ်သူများနည်း။ ဖာရိရှဲတို့သည် ပညတ်တရားကို သွန်သင်ပေးသော ဆရာများဖြစ်ကြ၏။ သူတို့သည် ဣသရေလပြည်၏ ဘာသာရေး "ပုလိပ်များ" ဖြစ်ကြပါသည်။ သူတို့သည် ပညတ်တရားကို လိုက်လျှောက်လျက်၊ လူတို့အား ထိုသို့ လိုက်လျှောက်ဖို့ရန် တိုက်တွန်းသောသူများဖြစ်ကြပါသည်။ ဓမ္မသစ်ခေတ်တွင် ဖာရိရှဲ ၆၀၀၀ လောက်ရှိခဲ့ပါသည်။ ဇဒ္ဒုကဲများသည် ဖာရိရှဲတို့ထက် ပိုနည်း၍ ဗိမာန်တော် နည်းဥပဒေသနှင့် ပိုရင်းနှီးခဲ့ကြ၏။ ယဇ်ပုရောဟိတ် အကြီးများတို့သည်၊ ဥပမာအားဖြင့်၊ ဇဒ္ဒုကဲများဖြစ်ကြပါသည်။ ဖာရိရှဲများနှင့် ဇဒ္ဒုကဲများသည် အချင်းချင်း မတည့်ကြပါ။ ယုံကြည်ခြင်း၌ မတူညီခဲ့ကြပါ။ တဖွဲ့သည် ရှေးရိုးစွဲဖြစ်၍ တဖွဲ့သည် အလွန်သဘောထားကြီးလွန်းလှ၏။ ဖာရိရှဲတို့သည် နောက်ဘဝကို ယုံကြည်ခဲ့ကြပြီး၊ ဇဒ္ဒုကဲတို့သည် မယုံကြည်ပါ။ ဤအဖွဲ့နှစ်ဖွဲ့၌ တူညီသောအချက် တချက်ရှိပါသည်။ ယေရှုကို မုန်းတီးခဲ့ကြ၏။ ယေရှုကို သေသတ်ဖို့ရန် အကြံတူခဲ့ကြပါသည်။ ရန်သူသည် မထင်မှတ်ဘဲ မိတ်ဆွေဖြစ်ခဲ့ကြပါသည်။

ဤဖာရိရှဲများနှင့် ဇဒ္ဒုကဲများ ဗတ္တိဇံမင်္ဂလာ ခံဖို့ရန် ယောဟန်ထံ လာကြစဉ်၊ သူတို့ကို ရှုတ်ချလျက်၊ "အချင်းမြွေဆိုးအမျိုးတို့" ဟုခေါ်ခဲ့ပါသည်။ နောင်တ အမှန် မရဘဲ၊ ဗတ္တိဇံကို ခံဖို့ရန် လာခဲ့ကြခြင်း ဖြစ်ပါသည်။ ယုံကြည်ခြင်း ရှိပါသည်ဟု ဝန်ခံရုံဖြင့် မလုံလောက်ပါ၊ ထိုယုံကြည်ခြင်း၏သက်သေ ဖြစ်သော ကောင်းသောအမှု ထင်ရှားစွာ ဖော်ပြဖို့ လိုအပ်ပါသည်။ ထို့ကြောင့်၊ ယောဟန်က ဤသို့ သတိပေးခဲ့ခြင်းဖြစ်ပါသည် - "ရောက်လုသော ဘေးဒဏ်မှ ပြေးသွားစိမ့်သောငှါ အဘယ်သူသည် သင်တို့ကို သတိပေး ဘိသနည်း။ နောင်တရခြင်းနှင့်ထိုက်တန်သော အကျင့်ကို ကျင့်ကြလော့။ အာဗြဟံသည် ငါတို့အဘ ဖြစ်သည် ဟူ၍ စိတ်ထဲ၌ မအောက်မေ့ကြနှင့်။ ဘုရားသခင်သည် ဤကျောက်ခဲတို့မှ အာဗြဟံသား တို့ကို ထုတ်ဘော်ဖန်ဆင်းနိုင်တော်မူသည်ဟု ငါအမှန်ဆို၏။ သစ်ပင်အမြစ်နားမှာ ပုဆိန်ထားလျက် ရှိသည် ဖြစ်၍၊ ကောင်းသော အသီးမသီးသော အပင်ရှိသမျှတို့ကို ခုတ်လှဲ၍ မီးထဲသို့ ချလိုက်ရသည် ဟု ဟောပြောလေ၏" (နှိုင်း - ယာကုပ် ၂း၂၁-၂၄)။

ဤ မိမိကိုယ်ကို ဖြောင့်မတ်သည်ဟု ထင်မှတ်သော ဖာရိရှဲနှင့် ဇဒ္ဒုကဲတို့သည် ဟန်ဆောင်သောသူများဖြစ်ကြပါသည်။ သူတို့၏အကျင့်နှင့် အပြော လုံးဝ ကိုက်ညီမှု မရှိပါ။ "အကျင့်နှင့်ကင်းသော ယုံကြည်ခြင်းသည် အသေဖြစ်၏" (ယာကုပ် ၂း၂၀၊ ၂၆)။ ယောဟန်သည် ထိုသူတို့၏ ယုံကြည်ခြင်းမပါသော ယုံကြည်ခြင်းကို ပထမဆုံး ရှုတ်ချသောသူဖြစ်လျက်၊ ယေရှုကလည်း ထိုသူတို့၏ ဟန်ဆောင်မှုကို ပြင်းထန်စွာ ရှုတ်ချတော်မူခဲ့ပါသည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်၏ယုံကြည်ခြင်းသည် သေသလော၊ ရှင်သလော။

**ဆုတောင်းချက်** - အဖဘုရား၊ စိတ်နှလုံးထဲမှ အမှန် ခရစ်ယာန် ဖြစ်လိုပါ၏။

သောကြာ၊ ဧပြီ (၁၈)

**မသဲ ၃း၁၃-၁၇**

ရောမ ၅း၁၂-၂၁

*"အလုံးစုံသော တရားတို့ကို အကုန်အစင် ကျင့်သင့်သည်"*

## အလုံးစုံသောတရားကို စုံလင်စွာကျင့်ခြင်း

သခင်ယေရှုခရစ်တော်သည် မှတ်သားစရာ အလွန်ကောင်းသောအမှုကို ပြုတော်မူခဲ့၏- ဗတ္တိဇံမင်္ဂလာခံဖို့ရန် ယောဟန်ထံ ချဉ်းကပ်တော်မူခဲ့၏။ ယောဟန်၏ ဗတ္တိဇံသည် "နောင်တရခြင်းနှင့် စပ်ဆိုင်သော" ဗတ္တိဇံဖြစ်ကြောင်း ကျွန်တော်တို့သိပါသည်။ ယေရှုသည် အပြစ်ကင်း၏။ ထို့ကြောင့် နောင်တရဖို့ရန် သူ၌ အပြစ်မရှိပါ။ ထို့ကြောင့် ယောဟန်ကိုယ်တိုင်လည်း အဘယ့်ကြောင့် သခင်ယေရှုက မိမိထံ ဗတ္တိဇံ ခံယူလိုသည်ကို အံ့သြခဲ့ပါလိမ့်မည်။

ယောဟန်သည် ဗတ္တိဇံဆရာဖြစ်၍ မေရှိယ မဟုတ်ပါ။ ယေရှုသည် လုံးဝ သာ၍ ကြီးမြတ်လျက် တန်ခိုးကြီးတော်မူ၏။ ယောဟန်က မိမိသည် ယေရှု၏ ခြေနင်းတော်ကို မျှဆောင်ခြင်းငှါ မထိုက်တန်ဟု ဆိုခဲ့ပါသည်။ ယောဟန်သည် ရေဖြင့်သာ ဗတ္တိဇံပေးခဲ့သော်လည်း၊ ယေရှုသည် သန့်ရှင်းသော ဝိညာဉ်တော်နှင့်ဖြင့်၎င်း၊ မီးနှင့်ဖြင့်၎င်း ဗတ္တိဇံပေးတော်မူလိမ့်မည်။ ဤမီးသည် လုကာ ၃း၁၇ ၌တွေ့ရသည့်အတိုင်း၊ ယုံကြည်သူအပေါင်းကို သန့်ရှင်းစင်ကြယ်စေသော ဆုံးမခြင်း မီး ("လက်တော်တွင် စံကောပါလျက်၊ မိမိ ကောက်နယ်တလင်းကို ရှင်းလင်းစေသဖြင့်၊ မိမိ ဂျုံစပါးကို ကျီ၌ စုသိမ်းသွင်းထား၍")၊ နှင့် မယုံကြည်သောသူအပေါင်းတို့ကို မိမိ၏အမျက်တော်ထွက်ရာ နေ့၌ ဖျက်ဆီးမည့် ဒဏ်ခတ်ခြင်း မီး ("အဖျင်းကို ကား မငြိမ်းနိုင်သောမီးနှင့် ရှို့တော်မူလတံ့") ပင်ဖြစ်၏။

သခင်ယေရှုက မိမိဗတ္တိဇံ ခံရခြင်းအကြောင်းကို ယောဟန်အား ပြောပြခဲ့ပါသည်။ ယေရှုက "အလုံးစုံသောတရားတို့ကို အကုန်အစင် ကျင့်သင့်သည်" ဟုမိန့်တော်မူခဲ့၏။ Calvin က ဤသို့ ရှင်းပြခဲ့ပါသည် - "ဖြောင့်မတ်ခြင်းတရားဟူသော စကားလုံးသည် ကျမ်းစာထဲ၌ ပညတ်တရား လိုက်လျှောက်ခြင်းကို ရည်ညွှန်းတတ်ပါသည်။ ထို့ကြောင့်၊ ခရစ်တော်သည် မိမိကိုယ်ကို ပညတ်တရား အောက်၌ ဆက်ကပ်တော်မူသည်ဖြစ်သောကြောင့်၊ ထိုပညတ်တရား အလုံးစုံကို လိုက်လျှောက်ဖို့ လိုအပ်ပါသည်။" ဗတ္တိဇံမင်္ဂလာကို ကျွန်ုပ်တို့အား သဘောပေါက်စေလျက်၊ အလေးထား စေခြင်းငှါ မိမိကိုယ်တိုင် ခံယူသည်သာမက၊ ယေရှုသည် ခမည်းတော်ကို အလုံးစုံ နာခံခြင်းရှိကြောင်း ဖော်ပြဖို့ ထိုသို့ ပြုခြင်းဖြစ်သည်ဟု Calvin ကဆိုခဲ့ပါသည်။

ခမည်းတော်ဘုရားသခင်က သားတော်ဘုရားအား လူတို့၏ကိုယ်စားအနေဖြင့် စေခိုင်းသော အမှုကို ပြုဖို့ရန် ခိုင်းစေတော်မူ၏။ သားတော်သည် ခမည်းတော်ကို နာခံလျက်၊ ခမည်းတော်၏အလိုကို ဆောင်ရွက်ဖို့ရန် မိမိကိုယ်ကို စိတ်နှိမ့်ချလျက် ဆက်ကပ်တော်မူခဲ့ပါသည်။ ထို့ကြောင့်၊ ရေ ဗတ္တိဇံ မင်္ဂလာခံပြီးနောက် ခမည်းတော်က ယေရှုအား၊ "ဤသူကား ငါနှစ်သက်မြတ်နိုးရာ၊ ငါ၏ ချစ်သား ပေတည်း" ဟု ချီးမြှောက်တော်မူခဲ့ခြင်း ဖြစ်ပါသည်။ ခရစ်တော်၏ နာခံခြင်း အသက်တာကို ထင်ရှားစွာ တွေ့ရပါသည်။ ခရစ်တော်သည် ကယ်တင်ခြင်းအတွက် လိုအပ်သော ဖြောင့်မတ်ခြင်းကို ကျွန်ုပ်တို့အတွက် အရယူပေးဖို့ရန်၊ ရေ ဗတ္တိဇံ မင်္ဂလာကို ခံယူခဲ့ခြင်း ဖြစ်ပါသည်။ ဤအမှုကို ယေရှုက အကန့်အသတ် မရှိ ခံရသော ဝိညာဉ်တော်၏တန်ခိုးတော်အားဖြင့် ပြီးစီး ဆောင်ရွက်တော်မူခဲ့ပါသည်။

**ဆင်ခြင်ရန်** - "အလိုတော်သို့လိုက်ခြင်းသည် ယဇ်မျိုးထက် သာ၍ကောင်း၏" (၁ ရာ ၁၅း၂၂)။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ နှုတ်ကပတ်တော်ကို နာခံဖို့ရန် မစတော်မူပါ။



စနေ၊ ဇွန် (၁၄)

**မာကု ၇း၁-၁၃**

ယေဇ ၃၃း၃၁-၃၂

*"ဤလူမျိုးသည် နှုတ်ခမ်းနှင့်ငါ့ကို ရိုသေကြ၏။ စိတ်နှလုံးမူကား ငါနှင့် ဝေးလှ၏"*

## ဟန်ဆောင်မှု၏ ရက်စက်ကြမ်းကြုတ်မှု

ဖာရိရှဲတို့၏ဘာသာရေးသည် အတွင်းပိုင်း ဝိညာဉ်ရေးရာ ပြောင်းလဲမှုအမှန် မရှိဘဲ အပြင်ပိုင်း ဟန်ဆောင် ဘာသာတရား ကိုင်းရှိုင်းမှုသာ ဖြစ်ပါသည်။ ဟန်ဆောင်မှု သက်သက်ဖြစ်ပါသည်။ မင်းထက် ငါပို သန့်ရှင်း၏ သူသောစိတ်သဘောသည် မသန့်ရှင်းသော စီရင်ခြင်းကို ဖြစ်ပွားစေပါသည်။ ဟေရှာယက ဤဖာရိရှဲတို့နှင့် ကျမ်းပြုဆရာများအကြောင်းကို မှန်ကန်စွာ ဤသို့ ဖော်ပြခဲ့ပါသည် - "ဤလူမျိုးသည် နှုတ်နှင့် ငါ့ထံသို့ ချဉ်းကပ်၍ နှုတ်ခမ်းနှင့် ငါ့ကို ရိုသေကြ၏။ စိတ်နှလုံးမူကား ငါနှင့် ဝေးလှ၏။" သူတို့သည် ယုံကြည်ခြင်းကို ဝန်ခံခဲ့ကြသော်လည်း၊ အမှန်တကယ် မပိုင်ဆိုင်ခဲ့ကြပါ။ သူတို့သည် ခြေလက်တို့ကို သန့်ရှင်းစေခဲ့ကြသော်လည်း၊ စိတ်နှလုံးမူကား မသန့်ရှင်း စေခဲ့ကြပါ။

ဤဖာရိရှဲနှင့်ကျမ်းပြုဆရာများသည် ဘုရားသခင်၏ပညတ်တရားကို ဖယ်ရှားဖို့ရန် မိမိတို့၏ ပညတ်တရားများကို ဖန်တီးခဲ့ကြပါသည်။ ယေရှုက သူတို့အား ဤသို့ စီရင်တော်မူ၏ - "သင်တို့သည် အဆက်ဆက်ခံသော နည်းဥပဒေသကို ကျင့်ရသောအခွင့် ရှိစေခြင်းငှါ၊ ဘုရားသခင်၏ ပညတ်တော်ကို လျှောက်ပတ်စွာ ပယ်ကြသည်တကား။ . . . မိမိတို့ အဆက်ဆက်ခံသော နည်းဥပဒေသအားဖြင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ပယ်ကြ၏။ . . . ဘုရားသခင်၏ ပညတ်တော်ကား၊ မိဘကို ရိုသေစွာပြုလော့။ အကြင်သူသည် မိဘကို နှုတ်ဖြင့် ပြစ်မှား၏။ ထိုသူသည် အသေသတ်ခြင်းကို ခံစေဟု လာသတည်း။ သင်တို့မူကား၊ အကြင်သူသည် ကိုယ့်မိဘကို သင်တို့ အသုံးရနိုင်သမျှသော ငါ၏ဥစ္စာသည် အလှူဝတ္တုတည်းဟူသော ကော်ဘန် ဖြစ်စေဟုဆို၏။ ထိုသူသည် မိဘဝတ်ကို အလျှင်းမပြုရဟု မြစ်တား၍၊ . . . ထိုသူသည် ကိုယ်မိဘကိုပင် ရိုသေစွာ မပြုရဟု ဆိုကြ၏။ ထိုသို့ သင်တို့သည် အဆက်ဆက်ခံသော နည်းဥပဒေသအားဖြင့် ဘုရားသခင်၏ပညတ်တော်ကို ပယ်ကြ၏။ ထိုသို့သော အကျင့်အလေ့များတို့ကို သင်တို့သည် ကျင့်လေ့ရှိကြသည်ဟု မိန့်တော်မူ၏" (မာကု ၇း၉-၁၃၊ မသဲ ၁၅း၃-၆)။

ပဥ္စမမြောက် ပညတ်တော်က လူတို့အား မိမိတို့၏ မိဘများကို ရိုသေစွာ ပြုရန် တောင်းဆိုခဲ့ပါသည်။ သို့သော်လည်း၊ ပညတ်တရားကို တီတွင်သော ထိုကျမ်းပြုဆရာများတို့က မိဘကို ထောက်ပံ့မည့် ငွေ (သို့) ဥစ္စာကို "ကော်ဘန်" အလှူဝတ္တုဖြစ်သည်ဟု ဆိုလျက် မိဘဝတ်ကို မပြုဘဲ နေခွင့် ရှိသည်ဟု ဆိုကြပါသည်။ ဘုရားသခင်ထံ ဆက်ကပ်ပြီ ဆိုလျှင် ပြောင်းလဲ၍ မရတော့ပါ။ ထိုသို့ဖြင့်၊ ဘုရားသခင်ထံ ပူဇော်ခြင်းပြုသောအခါ သူတို့သည် မိဘဝတ်ကို ပြုမည့် ဥစ္စာအား ဘုရားသခင်ထံ ပေးခဲ့ကြပါသည်။ ထို ကော်ဘန်တရား အရ၊ သူတို့သည် ပူဇော်ပေးလှူဖို့ရန် ဥစ္စာ နှစ်ခု ပြင်ဆင်ဖို့မလိုတော့ဘဲ၊ မိဘ အဘို့ကို ဘုရားသခင်ထံ ပေးခဲ့ကြ၏။ ခိုးယူမှု တစ်မျိုးပင် ဖြစ်ပါသည်။ အလွန် ဆိုးသွမ်း မိုက်မဲသော ဟန်ဆောင်မှု ပေတည်း။

**ဆင်ခြင်ရန်** - "ဟန်ဆောင်ခြင်းသည် အစဉ် ထောင်လွှားလျက် ရက်စက်ကြမ်းကြုတ်မှု ရှိ၏" (Calvin)။

**ဆုတောင်းချက်** - အဖဘုရား၊ ဟန်ဆောင်မှုကို အကျွန်ုပ်ထံမှ ဖယ်ရှားပေးတော်မူပါ။

သောကြာ၊ ဇွန် (၁၃)
**ယော ၆း၆၀-၇၁**
တရား ၈း၁-၃

*"သခင်၊ အကျွန်ုပ်တို့သည် အဘယ်သူထံသို့ သွားရပါမည်နည်း။ ထာဝရအသက်နှင့် ယှဉ်သောစကားသည် ကိုယ်တော်၌ တည်ပါ၏"*

## ယေရှု - အသက်မန္နမုန့် (၂)

ယေရှုသည် လူတို့အား ကျွေးမွေးလျက် ကျန်းမာစေတော်မူခဲ့ပါသည်။ ယခုတွင် များစွာသော လူများက သူ့နောက်ကို လိုက်ခဲ့ကြ၏။ သို့သော်လည်း၊ ယေရှုသည် သူတို့ထံ မိမိကိုယ်ကို မဆက်ကပ်ခဲ့ပါ။ သူတို့၏ စိတ်ကို သိတော်မူ၏။ ယေရှုအား မိမိတို့၏ မေရှိယ ကယ်တင်ရှင်သခင် အဖြစ် ယုံကြည်သောကြောင့် သူ့နောက် လိုက်ကြခြင်း မဟုတ်ဘဲ၊ အစားအစာကို အခမဲ့ စားလိုသောကြောင့်၊ ကျန်းမာခြင်း အတွက် ထိုသို့ လိုက်ကြခြင်း ဖြစ်ပါသည်။ ယေရှုက ဤသို့ မှန်ကန်စွာ မိန့်တော်မူ၏ - "သင်တို့သည် နိမိတ်လက္ခဏာတို့ကို မြင်သောကြောင့် ငါ့ကိုရှာသည် မဟုတ်။ မုန့်ကို စား၍ ဝသောကြောင့်သာ ရှာကြ၏" (ယော ၆း၂၆၊ နှိုင်း - ၆း၂၉၊ ၃၀၊ ၃၆၊ ၄၁၊ ၄၂၊ ၅၂၊ ၆၆)။

ဒုတိယမွေးခြင်း မခံရသော ဇာတိလူသည် ဝိညာဉ်နှင့်ဆိုင်သော သမ္မာတရားကို နားမလည်နိုင်ပါ။ ဘုရားသခင်၏ကျေးဇူးတော်နှင့် ဝိညာဉ်တော်၏ လမ်းညွှန်မှုအားဖြင့်သာ သိနားလည်နိုင်ပါသည် (၁ ကော ၂း၁၄၊ ယော ၁၆း၁၃)။ ယေရှုကိုယ်တိုင်က၊ "ငါ့ကို စေလွှတ်တော်မူသော ခမည်းတော်သည် သွေးဆောင်တော် မမူလျှင်၊ အဘယ်သူမျှ ငါ့ထံသို့ မလာနိုင်။ လာသောသူကို နောက်ဆုံးသောနေ့၌ ငါထမြောက်စေမည်" (ယော ၆း၄၄) ဟု မိန့်တော်မူ၏။ အပြစ်သားသည် သန့်ရှင်းသော ဝိညာဉ်တော်က မျက်စိဖွင့်ပေးတော် မမူလျှင်၊ မျက်စိကွယ် သောကြောင့် သမ္မာတရားကို မသိနိုင်၊ နားမလည်နိုင်ပါ။ "ထိုအခါမှစ၍ တပည့်တော် အများတို့သည် ကိုယ်တော်နှင့် မပေါင်းဘော်ဘဲ ဆုတ်သွားကြ၏" (ယော ၆း၆၆) ဟူသောအချက်သည် အံ့ဩစရာ မရှိပါ။ ထိုသူတို့သည် ယေရှု၏နောက်ကို အခြားရည်ရွယ်ချက်ဖြင့် လိုက်ခဲ့ကြပါသည်။ ယုဒ ရှုကာရုတ်နည်းတူ၊ သူတို့သည် မိမိတို့၏ လောဘနှင့် ဇာတိအလိုပြည့်စုံစေဖို့ရန် ယေရှု နောက်ကို လိုက်ခဲ့ကြခြင်း ဖြစ်ပါသည်။

"သင်တို့သည်လည်း ထွက်သွားခြင်းငှါ အလိုရှိကြသလော" ဟု တပည့်တော် ဆယ့်နှစ်ပါးအား ယေရှု မေးတော်မူ၏။ ပေတရုက မှန်ကန်စွာ ဤသို့ ကြားလျှောက်ခဲ့ပါသည် - "သခင်၊ အကျွန်ုပ်တို့သည် အဘယ်သူ ထံသို့ သွားရပါမည်နည်း။ ထာဝရ အသက်နှင့် ယှဉ်သောစကားသည် ကိုယ်တော်၌ တည်ပါ၏။ ကိုယ်တော်သည် အသက်ရှင်တော်မူသော ဘုရားသခင်၏သားတော် ဖြစ်တော်မူသည်ကို အကျွန်ုပ်တို့ ယုံကြည်သတ်မှတ်ကြပါသည်။" ဤစမ်းသပ်မှုတွင်၊ ပေတရုသည် အထူး အောင်မြင်ခဲ့ပါသည်။ ယုဒမူကား ကျဆုံးခဲ့ပါသည်။ မိမိ၏ လောဘ အလိုသည် ပြည့်စုံခြင်း ရှိမည် မဟုတ်ကြောင်း သိသဖြင့်၊ ထိုအချိန်မှ စ၍ မိမိသခင်ကို သစ္စာဖောက်ဖို့ရန် အခွင့်ကောင်း ရှာခဲ့ပါသည်။

**ဆင်ခြင်ရန်** - ကိုယ်တော်၏နှုတ်ကပတ်တော်ကို နေ့စဉ် သုံးဆောင်ပါလော့။ ဖတ်ရှုပါ၊ ဆုတောင်းပါ၊ ကြီးထွားပါ ဟူသော ဤစာအုပ်ကို အသုံးပြုပါလော့။
**ဆုတောင်းချက်** - အဖဘုရား၊ နံနက်တိုင်း ကိုယ်တော်နှင့် မိသာဟာရဖွဲ့လျက် အချိန်ယူလိုပါ၏။



စနေ၊ ဧပြီ (၁၉)
**လု ၃း၂၁-၂၃၊ ယော ၁း၁၅-၁၈**
ဆာလံ ၁၉

*"အကြောင်းမူကား၊ ပညတ်တရားကို မောရှေ လက်တွင် ပေးတော်မူ၏။ ကျေးဇူးတရားနှင့် သစ္စာတရားမူကား ယေရှုခရစ်အားဖြင့် ဖြစ်သတည်း"*

## ဘုရားသခင်၏ချစ်လှစွာသော သားတော်

ယေရှု ဗတ္တိဇံ မင်္ဂလာ ခံသောအချိန်၌ သုံးပါး တဆူဘုရား ထင်ရှားစွာ ကျွန်တော်တို့ တွေ့မြင်ရပါသည်။ ခမည်းတော်ဘုရားသည် ကောင်းကင်၌ ရှိတော်မူပြီး၊ သားတော်ဘုရားသည် ဤကမ္ဘာ၌ တွေ့ရ၍ ဝိညာဉ်ဘုရားသည် ကောင်းကင်မှ ဆင်းသက်တော်မူကြောင်း တွေ့ရပါသည်။ ထိုအမှု၌ တဆူတည်းဘုရား၏ ပုဂ္ဂိုလ်သုံးပါးသည် အမှုပြုတော်မူကြောင်း တွေ့ရပါသည်။ ဤအချက်က ဘုရား၌ ပုဂ္ဂိုလ်သုံးပါး မရှိ၊ ပုဂ္ဂိုလ်တပါးသာဖြစ်၍ တခါတရံ ခမည်းတော်အဖြစ်ဗင်း၊ တခါတရံ သားတော်အဖြစ်ဗင်း၊ တခါတရံ ဝိညာဉ်တော်အဖြစ်ဗင်း မိမိကိုယ်ကို ဖော်ပြ၏ဟု မှားယွင်းစွာ သင်ပေးသော Sabellianism *or* Modalism ကို ထင်ရှားစွာ မှားယွင်းကြောင်း ဖော်ပြခဲ့ပါသည်။

ယေရှုသည် ဘုရားသခင်၏ ချစ်လှစွာသောသား၊ အတိတ် ထာဝရ ကတည်းမှ ရှိတော်မူသောသူဖြစ်ပါသည်။ ဘုရားသခင်၏ တိုင်းတာ၍မရသော ကျေးဇူးတော်ကို ပြသဖို့ရန် ကြွလာတော်မူခဲ့ပါသည်။ "အကြောင်းမူကား၊ ပညတ်တရားကို မောရှေ လက်တွင် ပေးတော်မူ၏။ ကျေးဇူးတရားနှင့် သစ္စာတရားမူကား ယေရှုခရစ်အားဖြင့် ဖြစ်သတည်း။" ဤကျမ်းပိုဒ်က၊ ခရစ်တော် ကြွလာတော်မူပြီးဖြစ်သောကြောင့်၊ ပညတ်တော် ဆယ်ပါး မလိုအပ်တော့ပါဟု ဆိုလိုပါသလား။ လုံးဝ မဆိုလိုပါ။ ကျေးဇူးတော်သည် ပညတ်တရားကို လုံးဝ မဖျက်ဆီးခဲ့ပါ။ ပညတ်တရား မရှိလျှင် ကျေးဇူးတော်လည်း လိုအပ်မည် မဟုတ်ပါ။ ကျွန်ုပ်တို့၏အပြစ်ကို ပညတ်တရားက ဖော်ပြ ရှုတ်ချသောကြောင့်၊ ကျေးဇူးတော် လိုအပ်ရခြင်း ဖြစ်ပါသည်။ ပညတ်တရားသည် ကျေးဇူးတော်တည်ရှိရာ ခရစ်တော်ထံသို့ ကျွန်ုပ်တို့ကို ခေါ်ဆောင်လျက်ရှိပါ၏။ ထိုကျေးဇူးတော်ကို ခံစားသောအခါ၊ ပညတ်တော်သည် ကျွန်ုပ်တို့အတွက် အလင်း၊ နှစ်သက်စရာဖြစ်လာခဲ့ပါသည်။ "ကိုယ်တော်၏တရားကို အကျွန်ုပ်သည် အလွန်နှစ်သက်ပါ၏။ တနေ့လုံး ဆင်ခြင်အောက်မေ့လျက်၊ နေပါ၏။ ပညတ်တရားတော်သည် အကျွန်ုပ် ရန်သူတို့ထက်၊ အကျွန်ုပ်ကို သာ၍ ပညာရှိစေပါ၏ ပညတ်တရားတော်သည် အကျွန်ုပ်၌ အစဉ်တည်ပါ၏" (ဆာလံ ၁၁၉း၉၇-၉၈)။

ယနေ့ထိတိုင်၊ ပညတ်တော်သည် အမှု သုံးမျိုးကို ပြုလျက်ရှိပါသည်။
(၁) ကျွန်ုပ်တို့အဖြစ်၌ အသေသတ်သော ဓား ကဲ့သို့ (ရောမ ၃း၁၉)၊
(၂) ခရစ်တော်ထံ ကျွန်ုပ်တို့ကို ခေါ်ဆောင်သော ကြိမ်လုံး ကဲ့သို့ (ဂလာ ၃း၂၄)၊
(၃) ကျွန်ုပ်တို့လမ်းခရီးကို လင်းစေသော မီးအိမ် ကဲ့သို့ (ဆာလံ ၁၁၉း၁၀၅) အမှု ပြုလျက်ရှိပါသည်။

Augustine က၊ "ကျေးဇူးတော်ကို ရှာကြခြင်းငှါ ပညတ်တော်ကို ပေးတော်မူ၍၊ ပညတ်တော်ကို စုံလင် ပြည့်စုံစေခြင်းငှါ ကျေးဇူးတော်ကို ပေးတော်မူ၏" ဟု ဆိုခဲ့ပါသည်။

**ဆင်ခြင်ရန်** - "ထာဝရဘုရား၏ တရားတော်သည် စုံလင်သည်ဖြစ်၍ စိတ်ဝိညာဉ်ကို ပြုပြင်တတ်၏" (ဆာလံ ၁၉း၇)။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏တရားကို အကျွန်ုပ်သည် အလွန် နှစ်သက်ပါ၏။ တနေ့လုံး ဆင်ခြင်အောက်မေ့လျက် နေပါ၏။

**လု ၄း၁-၁၃**
၁ ယော ၂း၁၅-၁၇

*"အရက်လေးဆယ် ပတ်လုံး မာရ်နတ်၏ စုံစမ်းသွေးဆောင်ခြင်းကို ခံတော်မူ၏"*

## အပြစ်သွေးဆောင်ခြင်းသို့ မလိုက်ပါနှင့်

စာတန်သည် ယေရှုအား ရက်ပေါင်း ၄၀ လုံးလုံး သွေးဆောင်ခဲ့ပါသည်။ ထိုအချိန်သည် ယေရှု အစာရှောင်သော ကာလဖြစ်၏။ ထို့ကြောင့် မာရ်နတ်၏ သွေးဆောင်ခြင်းသို့ လိုက်ဖို့ရန် ခန္ဓာကိုယ်ပိုင်ဆိုင်ရာ အားနည်းနေသော အချိန်ဖြစ်ပါသည်။

အဘယ့်ကြောင့် ဤသွေးဆောင်ခြင်းကို ယေရှု ခံရဖို့ လိုအပ်ပါသနည်း။ အကြောင်းမှာ၊ မိမိလူတို့သည် ကောင်းကင်နိုင်ငံတော်သို့ ဝင်ရောက်ရမည့်အကြောင်း လိုအပ်သော ဖြောင့်မတ်ခြင်းကို အရယူပေးဖို့ရန် ဖြစ်ပါသည်။ ကယ်တင်ခြင်းနှင့်ဆိုင်သော ယေရှု၏ နာခံမှု အစိတ်အပိုင်းတခု ဖြစ်ပါသည်။ အာဒံသည် ဧဒင်ဥယျာဉ်ထဲ၌ နာခံခြင်းရှိလျှင် ထာဝရအသက်ရမည့်အကြောင်း စမ်းသပ် ခံရသကဲ့သို့၊ ဒုတိယ အာဒံတည်းဟူသော ခရစ်တော်သည်လည်း ကျွန်ုပ်တို့၏ ကယ်တင်ခြင်း အတွက် စမ်းသပ်ခဲ့ဖို့လိုအပ်ခဲ့ခြင်း ဖြစ်ပါသည် (ရောမ ၅း၁၂-၂၁)။

ဧဒင်ဥယျာဉ်ထဲတွင်၊ အာဒံသည် စာတန်၏ သွေးဆောင်မှု သုံးမျိုး၌ ကျဆုံးခြင်းဖြင့် ဘုရားသခင်၏ ပညတ်တရားကို မနာခံဘဲ၊ ချိုးဖောက်ခဲ့ပါသည် (ကမ္ဘာ ၃း၆၊ ၁ ယော ၂း၁၆)။ ထိုသွေးဆောင်ခြင်း၌၊ (၁) ခန္ဓာကိုယ် တပ်မက်ခြင်း၊ (၂) မျက်စိ တပ်မက်ခြင်း နှင့် (၃) မာန ထောင်လွှားခြင်းတို့ ပါဝင်ပါသည်။ စာတန် သွေးဆောင်ခြင်းကြောင့်၊ ဧဝသည် အသီးကို (၁) "စားဘွယ်ကောင်း၏" (ခန္ဓာကိုယ် တပ်မက်ခြင်း)၊ (၂) "အဆင်းလည်းလှခြင်း" (မျက်စိ တပ်မက်ခြင်း)၊ (၃) "ပညာ တိုးပွားစေလိုသောငှါ နှစ်သက်ဘွယ်" (မာန ထောင်လွှားခြင်း) ရှိသောကြောင့် စားခဲ့ပါသည်။ ဘုရားသခင်၏စကားကို ဆန့်ကျင်လျက်၊ အာဒံနှင့် ဧဝသည် အပြစ်ထဲသို့ ကျဆုံးခဲ့ပြီး၊ သူတို့နှင့်အတူ လူသားမျိုးနွယ် တခုလုံးကို အပြစ်ထဲသို့ ဆွဲကျခဲ့ပါသည်။

သို့သော်လည်း၊ ယေရှုသည် ထိုသွေးဆောင်ခြင်း သုံးမျိုးကို အောင်မြင်စွာ တိုက်လှန်ခဲ့ပါသည်။ (၁) ကျောက်ခဲကို မုန့်ဖြစ်စေရန်ငှါး (ခန္ဓာကိုယ် တပ်မက်ခြင်း)၊ (၂) ဤလောကီနိုင်ငံများအား ဖြင့်ငှါး (မျက်စိ တပ်မက်ခြင်း)၊ (၃) ဗိမာန်တော် ထိပ်မှ ခုန်ချဖို့ရန်ငှါး (မာန ထောင်လွှားခြင်း) သွေးဆောင် ခံခဲ့ပါသည်။ ယေရှုသည် ထိုစာတန်၏ သွေးဆောင်မှုကို ဘုရားသခင်၏ နှုတ်ကပတ်တော် ကိုးကားခြင်းဖြင့် အောင်နိုင်ခဲ့ပါသည် - (၁) တရား ၈း၃၊ "လူသည် မုန့်အားဖြင့်သာ အသက်ကို မွေးရသည် မဟုတ်။ ဘုရားသခင် မိန့်တော်မူသမျှ အားဖြင့် အသက်မွေးရသည်။" (၂) တရား ၆း၁၃၊ "သင်၏ ဘုရားသခင် ထာဝရဘုရားကို ကြောက်ရွံ့ရမည်။ ထိုဘုရားသခင်ကိုသာ ဝတ်ပြုရမည်။" (၃) တရား ၆း၁၆၊ "သင်၏ဘုရားသခင် ထာဝရဘုရားကို အစုံအစမ်းမပြုရ။" ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ဝိညာဉ်တော်၏ ဓား ဖြစ်ပါသည် (ဧဖက် ၆း၁၇)။ ထိုသို့ နှုတ်ပတ်တော် ကိုးကားခြင်းသည် စာတန်၏ သွေးဆောင်မှုကို တိုက်လှန်ရန် အလွန်အကျိုးရှိ သော လက်နက်ဖြစ်ပါသည်။ ယေရှုသည် စာတန်ကို အောင်နိုင်ခဲ့ပါသည်။ "ယုံကြည်သောသူ အပေါင်းတို့သည် ဖြောင့်မတ်ရာသို့ ရောက်မည်အကြောင်း" (ရောမ ၁၀း၄)၊ ယေရှုသည် သွေးဆောင်ခြင်းကို ဆန့်ကျင်လျက်၊ ဘုရားသခင်၏ ပညတ်တရားကို လိုက်လျှောက်ခဲ့ပါသည်။ ထို့ကြောင့်၊ ကျွန်တော်တို့သည် ယေရှု အသေခံခြင်းအားဖြင့်သာ မဟုတ်ဘဲ၊ "အသက်တော်အားဖြင့် ကယ်တင်တော်မူခြင်းသို့ရောက်" (ရောမ ၅း၁၀) ရကြ၏။

**ဆင်ခြင်ရန်** - "လူပျိုတို့၏ တပ်မက်ခြင်း ကိလေသာစိတ်ကို ကြဉ်ရှောင်လော့" (၂ တိ ၂း၂၂)။
**ဆုတောင်းချက်** - "အပြစ် သွေးဆောင်ရာသို့ မလိုက် မပါစေဘဲ၊ အကောင်းသောအမှုအရာမှ ကယ်နှုတ်တော်မူပါ" (မသဲ ၆း၁၃)။





**ယော ၆း၂၂-၅၉**
ဆာလံ ၇၈း၁-၃၈

*"ငါသည် ကောင်းကင်မှ ဆင်းသက်သော အသက်မုန့်ဖြစ်၏"*

## ယေရှု - အသက်မန္နမုန့် (၁)

အံ့ဘွယ်အမှုတိုင်း၌ ဝိညာဉ် သင်ခန်းစာ တွေ့ရပါသည်။ လူပေါင်း ၅၀၀၀ ကျွေးမွေးခြင်း၏ ဝိညာဉ် သင်ခန်းစာကား အဘယ်နည်း (ယော ၆း၁-၁၄)။ ယေရှုက အပိုဒ်ငယ် ၂၇၊ ၃၂၊ ၃၃ နှင့် ၃၅ တွင် အဖြေပေးတော်မူ၏၊ "ပျက်စီးတတ်သော အစာကို ရခြင်းငှါ မကြိုးစားကြနှင့်။ လူသားသည် သင်တို့အား ပေး၍ ထာဝရအသက်နှင့် အမြဲတည်တတ် သော အစာကို ရခြင်းငှါ ကြိုးစားကြလော့။ ထိုသားသည် ခမည်းတော်ဘုရား၏ တံဆိပ်ခတ်ခြင်းကို ခံသောသူ ဖြစ်သည် . . . ငါအမှန်အကန် ဆိုသည်ကား၊ မောရှေသည် ကောင်းကင်မုန့်ကို သင်တို့အား မပေး။ ခမည်းတော်သည် မှန်သော ကောင်းကင်မုန့်ကို သင်တို့အား ပေးတော်မူ၏။ ဘုရားသခင်၏မုန့်မူကား၊ ကောင်းကင်မှ ဆင်းသက်၍ လောကီသားတို့အား အသက်ကို ပေးသော မုန့်ပေတည်း၊ . . . ငါသည် အသက်မုန့်ဖြစ်၏။ ငါ့ထံသို့ လာသောသူသည် နောက်တဖန် အဆာ အမွတ် မခံရ။ ငါ့ကို ယုံကြည်သော သူသည် နောက်တဖန် ရေငတ် မခံရ။"

ယေရှုက လူထုအား ဝိညာဉ် သမ္မာတရားဖြစ်သော၊ ဝိညာဉ် အသက်ရှင်ခြင်းသည် ခန္ဓာကိုယ်နှင့်ဆိုင်သော အစာ စားခြင်းဖြင့် မဟုတ်ဘဲ၊ ဝိညာဉ် အစာ စားခြင်းဖြင့် ရရှိခြင်း ဖြစ်ကြောင်း သွန်သင်တော်မူခဲ့ါသည်။ ယေရှုက မိမိသည် အသက် မန္နမုန့် ဖြစ်ကြောင်း မိန့်တော်မူခဲ့၏။ ဘုရားသခင်သည် ဣသရေလလူတို့အား တောထဲတွင် စားစရာ မန္နမုန့်ကို ပေးတော်မူခဲ့၏ (ထွက် ၁၆း၁၅၊ တော ၁၁း၇)။ မန္နသည် အံ့ဩစရာ အကောင်းဆုံး အစားအစာ ဖြစ်ပါသည်။ ဂတိတော်ပြည်သို့ ခရီးနှင်စဉ် ဣသရေလလူတို့သည် နေ့စဉ် (ဥပုသ်နေ့မှ အပ) စောစောထလျက်၊ ဘုရားသခင် အံ့ဘွယ် ချပေးသနားတော်မူသော မန္နကို ကောက်ခဲ့ကြပါသည်။ "နှင်းခဲကဲ့သို့ သေးသေး လုံးလုံးအရာသည် မြေမျက်နှာပေါ်မှာ ရှိရစ်လေ၏" (ထွက် ၁၆း၁၄) ဟု မန္နကို ဖော်ပြခဲ့ပါသည်။ မန္နသည် နံနံစေ့နှင့်တူ၍ အဖြူရောင် အဆင်းရှိလျက်၊ ပျားရည်ကဲ့သို့သော အရသာ ရှိပါသည် (တော ၁၁း၇)။ အလွန် အရသာ ကောင်းပါလိမ့်မည်။ ကောင်းကင်၌ ပြုလုပ်ခဲ့သော မုန့်ဖြစ်ပါသည်။ "မိုးကောင်းကင်က မုန့်" (ထွက် ၁၆း၄)၊ "ကောင်းကင် ဆန်စပါး" "ကြီးမြတ်သောသူတို့၏ အစာ" (ဆာလံ ၇၈း၂၄-၂၅) ဟု ခေါ်ထားပါသည်။

မောရှေ၏ မန္နက မန္နအစစ်ဖြစ်သည့် ပို၍ကြီးမြတ်သော မောရှေကို ရည်ညွှန်းခဲ့ပါသည်။ ယေရှုက မိမိကိုယ်ကို အသက် မန္နမုန့်ဟု မိန့်တော်မူခဲ့၏။ ဘုရားသခင်သည် ကောင်းကင်မှ မန္နမုန့်ကို ပေးတော်မူသကဲ့သို့၊ သန့်ရှင်း ဖြူစင်သော၊ အသက်ရှင်ခြင်းအတွက် လိုအပ်သော ခရစ်တော်ကို စေလွှတ်တော်မူခဲ့ပါသည်။ ယေရှုက၊ "ငါ အမှန်အကန် ဆိုသည်ကား၊ ငါ့ကို ယုံကြည်သောသူသည် ထာဝရအသက်ကို ရ၏။ ငါသည် အသက်မုန့် ဖြစ်၏" ဟု မိန့်တော်မူခဲ့ပါသည်။

**ဆင်ခြင်ရန်** - ယေရှု ပေးတော်မူသောမုန့်သည် တန်ဘိုးကြီးလှသော်လည်း၊ အခမဲ့ဖြစ်ပ့ါသည်။
**ဆုတောင်းချက်** - "ဘုရားသခင်၊ အသက်မုန့်ကို ကျွန်ုပ်အား ပေးသနားတော်မူပါ။"

## ယေရှုသည် မုန်တိုင်းကို စီးတော်မူ၏

ဂါလိလဲအိုင်သည် လှိုင်းလုံးထလျက်ရှိသော်လည်း၊ ယေရှုသည် ထိုရေလှိုင်းပေါ်၌ လမ်းလျှောက်ခြင်းဖြင့် မိမိ၏ဘုရားဖြစ်ခြင်းနှင့် အနန္တတန်ခိုးတော်ကို ပြသတော်မူ၏။

တပည့်တော်တို့သည် မုန်တိုင်းကြောင့် ကမ်းကပ်ဖို့ရန် ကြိုးစား လှော်ခတ်ခဲ့ကြပါသည်။ နံနက် သုံးနာရီအချိန်လောက်တွင် သူတို့ထံ ချဉ်းကပ်သော တစုံတဦးကို ထိတ်လန့်ဖွယ် တွေ့ခဲ့ကြပါသည်။ တစ္ဆေ ထင်လျက် သူတို့သည် ထိတ်လန့်ခဲ့ကြပါသည်။ ယေရှုက မိမိဖြစ်တော်မူကြောင်း အသိပေးတော်မူ၏။ ပေတရုက သခင်ယေရှု ဖြစ်ကြောင်း သိရသောအခါ၊ သူ့ထံ ရေပေါ်၌ လျှောက်သွားမည်အကြောင်း ခွင့်တောင်းခဲ့ပါသည်။ ယေရှုက ပေတရုအား လာဖို့ရန် အခွင့်ပေးတော်မူ၏။ ပေတရုသည် ထွက်၍ လျှောက်လှမ်းခဲ့ပြီး၊ ယေရှုကို ကြည့်နေသမျှ ရေပေါ်၌ သွားနိုင်ခဲ့ပါသည်။ သို့သော်လည်း၊ များမကြာမီ လေနှင့်ရေလှိုင်းတို့သည် သူ့အာရုံကို သိမ်းယူခဲ့ပါသည်။ သူ သံသယဝင်လာသောအခါ၊ နစ်မွန်းလု ဖြစ်ခဲ့ပါသည်။ မနစ်မြုပ်ဖို့ရန် သခင်ယေရှုက ကယ်တင်ခဲ့ပါသည်။

အဘယ့်ကြောင့် ယေရှုက ပေတရု၏ဆန္ဒကို ခွင့်ပြုခဲ့ပါသနည်း။ Calvin က ဤသို့ ဖြေခဲ့ပါသည် - "ဘုရားသခင်သည် ကျွန်ုပ်တို့ ကောင်းကျိုးအတွက် ကျွန်တော်တို့ တောင်းလျှောက်သောအရာကို ငြင်းတော်မူတတ်၏။ သို့သော်လည်း၊ တခါတရံတွင် ကျွန်ုပ်တို့၏ မိုက်မဲမှုကို ကျွန်တော်တို့အား သိစေဖို့ရန် တောင်းသောအရာကို ခွင့်ပြုတော်မူတတ်ပါသည်။ ထိုသို့ လိုအပ်သည်ထက် ပိုသောအရာကို ပေးတော်မူခြင်းဖြင့် ယုံကြည်သူများသည် အနာဂတ်၌ အသင့်အတင့်၊ လျှောက်ပတ်စွာ နေထိုင်တတ်ဖို့ရန် သွန်သင်တော်မူ၏။ ထို့ကြောင့် ပေတရုနှင့် ယနေ့ကျွန်ုပ်တို့၏ အကျိုးအတွက် ဘုရားသခင် ထိုသို့ ခွင့်ပြုတော်မူခဲ့ခြင်းဖြစ်ပါသည်။ မိမိတစ်ဦးတည်း ရေပေါ်၌လမ်း မလျှောက်ဘဲ၊ ပေတရုအား ဖိတ်ခေါ် လျှောက်စေခြင်းဖြင့် ယေရှုသည် မိမိ၏တန်ခိုးကို ပိုတောက်ပစေတော်မူ၏။ သို့သော်လည်း၊ ပေတရုသည် သခင်ယေရှု၏စကား၌ တည်လျက် ခိုင်မာသော ယုံကြည်ခြင်း မရှိခဲ့သောကြောင့် မာကြောသော ရေသည် အလွန် ပျော့သောရေ ဖြစ်လာခဲ့ကြောင်း သူကိုယ်တိုင်နှင့် အခြားသူများလည်း သိမှတ်ခဲ့ကြပါသည်။ သို့သော်လည်း၊ ခရစ်တော်သည် သူ့ကို လုံးဝ နစ်မြုပ်သွားမည်ကို မလိုလားခဲ့သောကြောင့်၊ သနားတော်မူခဲ့၏။ ဤအမှုသည် ကျွန်တော်တို့နှင့်လည်း ပတ်သက်ပါသည်။ ထိတ်လန့်ခြင်း ရှိလာသောအခါ ပေတရုသည် နစ်မွန်းလု ဖြစ်သည်အတိုင်း၊ ကျွန်တော်တို့သည်လည်း မိမိတို့၏ အားနည်းသော စိတ်ခံစားမှုကြောင့် တခါတရံ လဲကျတတ်ကြပါသည်။ သို့သော်လည်း ကျွန်ုပ်တို့၏ အားနည်းချက်ကို ဘုရားသခင် ခွင့်လွှတ်တော်မူလျက်၊ လုံးလုံး မလဲကျမည်အကြောင်း လက်တော်ဖြင့် မစတော်မူတတ်ပါသည်။ ပေတရုသည် မိမိ၏သတ္တိ အားနည်းလာသောအခါ မိမိကိုယ်ကို ခရစ်တော်၏ ကရုဏာတော်သို့ ဆက်ကပ်ခဲ့ပါသည်။ ထိုနည်းတူ၊ ကျွန်တော်တို့သည် ခံသင့်သော ပြစ်ဒဏ်ကို ခံရသောအခါ၊ မထိုက်တန်သော ခွင့်လွှတ်ခြင်းနှင့် မစတော်မူခြင်းကို ခံရမည်အကြောင်း ဘုရားသခင်ထံ ချဉ်းကပ်ကြပါစို့။"

**ဆင်ခြင်ရန်** - "ခရစ်တော်နှင့်အတူ ရွက်လွှင့်လျှင်၊ မုန်တိုင်းကြား၌လည်း ကျွန်တော်တို့ ပြုံးနိုင်၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်ဘဝ၏မုန်တိုင်းကို ငြိမ်စေတော်မူပါ။





## ဘုရားသခင်၏ မေရှိယ သိုးသငယ် ယေရှု

ယေရှုသည် "ဤလောက၏ အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏ သိုးသငယ်" ဖြစ်တော်မူ၏။ ဓမ္မဟောင်းထဲမှ ယဇ်ပူဇော်ခြင်းများသည် အပြစ်ကို မဖယ်ရှားနိုင်ပါ။ "တနည်းကား၊ ပညတ်တရားသည် နောက်ဖြစ်လတံ့သော မင်္ဂလာ အကျိုးတို့၏ သေချာသော ပုံသဏ္ဌာန်ကို မပြ၊ အရိပ်ကိုသာ ပြသည်ဖြစ်၍၊ နှစ်စဉ် မပြတ်ပူဇော်သော ယဇ်အားဖြင့် အထံတော် သို့ ချဉ်းကပ်သော သူတို့ကို စုံလင်ဖြင်းအဖြစ်၌ မတည်စေနိုင်ရာ . . . အကြောင်းမူကား၊ နွား၊ ဆိတ်၏ အသွေးသည် အပြစ်ကို မပယ်နိုင်ရာ" (ဟေဗြဲ ၁၀း၁၊ ၄)။ ထို ဓမ္မဟောင်း ယဇ်ပူဇော်ခြင်းအပေါင်းတို့သည် ယဇ်ပူဇော်ခြင်း အစစ်အမှန် ဖြစ်တော်မူသော၊ ဘုရားသခင်၏ မေရှိယ သိုးသငယ်တည်းဟူသော၊ သခင်ယေရှု ခရစ်တော်ကို ရည်ညွှန်း ပုံဆောင်ခြင်းဖြစ်ကြပါသည်။

ရှေးယုံကြည်သူများသည် သူတို့ ပူဇော်သော သိုး၏အသွေးအားဖြင့် ကယ်တင်ခြင်းရကြသည် မဟုတ်ဘဲ၊ ဤလောက၏အပြစ်ကို ပယ်ရှားတော်မူသော ဘုရားသခင်၏ သိုးသငယ်၏အသွေးအားဖြင့် ကယ်တင်ခြင်း ရကြခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့်၊ အာဗေလသည် မိမိပူဇော်သော သိုးကို ယုံကြည်သောကြောင့် ကယ်တင်ခြင်း ရသည် မဟုတ်ဘဲ၊ ဘုရားသခင် ပေးသနားတော်မူမည့် သိုးသူငယ်ကို ယုံကြည်ခြင်းဖြင့် သိမြင်သောကြောင့် ကယ်တင်ခြင်းခံရ၏။ ထိုသိုးသူငယ်သည် မြွေတည်းဟူသော စာတန်၏ခေါင်းကို ကြိတ်မည့် မိန်းမ၏အမျိုးအနွယ် ခရစ်တော်ပင်ဖြစ်ပါသည် (ကမ္ဘာ ၃း၁၅)။ ထို့ကြောင့်၊ ဤသို့ ဖော်ပြခဲ့ပါသည် - "အာဗေလသည်၊ ကာဣန ပူဇော်သောယဇ် ထက်၍ မြတ်သောယဇ်ကို၊ ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်အား ပူဇော်၏။ ထိုသို့သော ယဇ်ကို ပူဇော်၍ မိမိဖြောင့်မတ်သည်ဟု သက်သေခံတော် မူခြင်းကို ရလေ၏။ အဘယ်သို့နည်းဟူမူကား၊ သူလှူသော အလှူကို ဘုရားသခင်သည် လက်ခံတော်မူ ၏။ သို့ဖြစ်၍၊ အာဗေလသည် သေလွန်သော်လည်း ယခုပင် တရားဟောသေး၏" (ဟေဗြဲ ၁၁း၄)။ ပေတရုကလည်း၊ "မိစဉ်ဘဆက် ကျင်လည်သော အချည်းနှီးကျင့်ကြံပြုမူခြင်းမှ၊ ရွှေငွေ အစရှိသော ဖောက်ပြန်ပျက်စီးတတ်သောဥစ္စာနှင့် သင်တို့ကို ရွေးတော်မူသည် မဟုတ်။ အဘယ် အပြစ်မျှမရှိ၊ အညစ် အကြေးနှင့် ကင်းစင်သော သိုးသငယ်ကဲ့သို့သော ခရစ်တော်၏ အသွေးတော်မြတ်နှင့် ရွေးတော်မူသည်ကို သိမှတ်ကြလော့" (၁ ပေ ၁း၁၈-၁၉) ဟု ရေးထားပါသည်။

ယေရှုသည် ဘုရားသခင်၏သိုးသငယ်ဖြစ်လျက် ကျွန်ုပ်တို့ကို မိမိ၏စုံလင်သော နာခံခြင်းဖြင့် ကယ်တင်တော်မူခဲ့၏။ ထိုနာခံမှုကို အပြစ်သားများအပေါ် ကျရောက်သော ဘုရားသခင်၏ အမျက်တော်ကို ပြေစေဖို့ရန် မိမိကိုယ်ကို ပူဇော်ဆက်ကပ်မှု၌ ထင်ရှားစွာတွေ့ရပါသည်။ ထို့ပြင် သူ၏အပြစ်ကင်းစင်မှု၊ သန့်ရှင်းသော ပညတ်တော်ကို စုံလင်စွာ လိုက်လျှောက်မှု၌လည်း ထိုနာခံမှုကို မြင်တွေ့ရပါသည်။

**ဆင်ခြင်ရန်** - သိုးသငယ်သည် ကျွန်ုပ်တို့၏သိုးထိန်းလည်း ဖြစ်တော်မူ၏။

**ဆုတောင်းချက်** - "အို ဘုရားသခင်၏သိုးသငယ်၊ ကိုယ်တော်၏အသွေးတော်သည် အပြစ်တိုင်းကို သန့်ရှင်းစင်ကြယ်စေနိုင်သောကြောင့်၊ ကိုယ်တော့်ထံ ကျွန်တော်လာပါ၏။"

အင်္ဂါ၊ ဧပြီ (၂၂)
**ယော ၁း၃၅-၅၁**
၂ ကော ၄း၁-၅ *"ငါတို့သည် မေရှိကို တွေ့ကြပြီ"*

## မိမိအကြောင်း မဟုတ်ဘဲ၊ ခရစ်တော်အကြောင်းကို ဟောပြောလော့

မေရှိယ ကြွလာတော်မူသောအခါ၊ ယောဟန်သည် နေရာ ပေးဖို့ အဆင်သင့်ဖြစ်ခဲ့ပါသည်။ မိမိ၏တပည့်များကိုပင် သခင်ယေရှုထံသို့ ပို့ခဲ့ပါသည်။ အန္ဒြေသည် ယောဟန်၏ တပည့်ဖြစ်သော်လည်း၊ ယေရှုနောက်သို့ ယခု လိုက်ခဲ့၏။ ထို့ပြင် အန္ဒြေသည် မိမိအစ်ကို ရှိမုန်ကို သခင်ယေရှုထံခေါ်ခဲ့ပါသည်။ အန္ဒြေက မိမိအစ်ကိုအကြောင်း မပြောမီကတည်းက ယေရှုသည် ယောန၏သား၊ ရှိမုန် ဖြစ်ကြောင်း ကြိုသိတော်မူ၏။ ယေရှုသည် အလုံးစုံကို သိတော်မူကြောင်း သက်သေတခု ဖြစ်ပါသည်။ သခင်ယေရှုက ရှိမုန်ကို အလေးထားသောကြောင့်၊ ကျောက်ခဲ ဟု အဓိပ္ပါယ်ရှိသော ကေဖ (အာရာမိတ်) သို့ ပေတရု (ဂရိ) ဟု နာမည်သစ် ပေးတော်မူခဲ့၏။

ထို့နောက်၊ ယေရှုသည် ဖိလိပ္ပုကို တပည့်အဖြစ် ခေါ်ခဲ့ပါသည်။ ဖိလိပ္ပုသည် နာသနေလကို တွေ့သောအခါ၊ "မောရှေသည် ပညတ္တိကျမ်း၌၎င်း၊ ပရောဖက်တို့သည် သူတို့ကျမ်း၌၎င်း အကြောင်းပြု၍ ရေးထားသောသူ၊ နာဇရက်မြို့သားဖြစ်သော ယောသပ်၏သား ယေရှုကို ငါတို့သည် တွေ့ကြပြီဟုဆို၏။" ဖိလိပ္ပုသည် ယေရှုအား မောရှေ နှင့် ပရောဖက်များ (ဓမ္မဟောင်းကျမ်းများ) ကြိုတင်ဟောပြောသော မေရှိယ ဖြစ်ကြောင်း သိမှတ်ခဲ့ပါသည်။ ယေရှုသည် တရားဟောရာကျမ်း ၁၈း၁၅ ၌တွေ့ရသော မောရှေကဲ့သို့သော ပရောဖက် ဖြစ်တော်မူပြီး၊ ဟေရှာယ ၅၃ ထဲမှ ဝေဒနာခံစားရသော ကယ်တင်ရှင် ဖြစ်တော်မူ၏။ ယေရှုက မိမိ၏ အလုံးစုံသိသောဉာဏ်ကို နာသနေလနှင့် စကားပြောစဉ် ဖော်ပြခဲ့ပြန်၏။ ဖိလိပ္ပု ခေါ် မလာမီကတည်းက၊ ယေရှုသည် နာသနေလအား သင်္ဘောသဖန်းပင် အောက်၌ မြင်ကြောင်း၊ သူ့အကြောင်းကို အကုန်လုံး သိတော်မူ၏။ ထိုအခါ၊ နာသနေလသည် ယေရှုအား၊ ဂတိတော်နှင့်ဆိုင်သော မေရှိယ၊ "ဘုရားသခင်၏ သားတော်" (နှိုင်း - ဒံ ၃း၂၅)၊ "ဣသရေလ ရှင်ဘုရင်" (ဟေရှာ ၄၄း၆) ဟု ဝန်ခံခဲ့ပါသည်။

တပည့်တော်အပေါင်းသည် မေရှိယ၏ ကြီးမြတ်မှုကို အံ့သြနေကြစဉ်၊ ယေရှုက သာ၍ကြီးသောအမှုများကို တွေ့ရလိမ့်မည်အကြောင်း မိန့်တော်မူခဲ့ပါသည်။ "သင်တို့အား ငါအမှန်အကန်ဆိုသည်ကား၊ နောင်ကာလ၌ ကောင်းကင် ဖွင့်လှစ်သည်ကို၎င်း၊ ဘုရားသခင်၏ ကောင်းကင်တမန်တို့သည် လူသား၏အပေါ်၌ ဆင်းလျက် တက်လျက် ရှိနေသည်ကို ၎င်း၊ သင်တို့သည် မြင်ရကြလတံ့ဟု မိန့်တော်မူ၏။" ယေရှုသည် မိမိ၏ဘုန်းအနုဘော်ကို အသက်တာ၌ အနည်းငယ် ဖော်ပြတော်မူခဲ့ပါသည်။ ထိုသို့သောအချိန်တွင်၊ ကောင်းကင်သည် ပွင့်လျှက် ကောင်းကင်တမန်တို့သည် ယေရှုကို ပြုစုဖို့ရန် ကြွလာတတ်ကြ၏။ ဗတ္တိဇံ မင်္ဂလာ ခံစဉ်နှင့် သွေးဆောင်မှု ခံရစဉ်တွင် ထိုအမှုကို တွေ့ရပါသည် (မသဲ ၃း၁၃-၄း၁၁)။ ထို့နောက်၊ မျက်နှာတော်ပြောင်းလဲခြင်း (မသဲ ၁၇း၁-၉)၊ ဂေသရှေမန် ဥယျာဉ်၌ ပြင်းပြစွာ ဆုတောင်းခြင်း (လု ၂၂း၃၉-၄၆)၊ ရှင်ပြန်ထမြောက်ခြင်း (မသဲ ၂၈း၁-၇) နှင့် ကောင်းကင်သို့ ကြွသွားတော်မူခြင်း (တမန် ၁း၁-၁၁) တို့၌ ထိုအမှုကို တွေ့ရ လိမ့်မည်။

**ဆင်ခြင်ရန်** - မိမိကိုယ်ကို မဟုတ်ဘဲ၊ ခရစ်တော်ကို ချီးမြှောက်လော့။
**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်၏ တခုတည်းသော ဘဝ ရည်ရွယ်ချက်သည် ကိုယ်တော်၏ ဘုန်းအသရေတော် ထင်ရှားစေခြင်း၊ ကိုယ်တော်နှင့်အတူ ထာဝရ ပျော်ရွှင်စွာ နေထိုင်ခြင်း ဖြစ်စေတော်မူပါ။



အင်္ဂါ၊ ဇွန် (၁၀)
**ယော ၆း၃-၁၄**
ဆာလံ ၂၃ *"ထိုသူတို့သည် ဝကြပြီးမှ"*

## ယေရှု - အသက်မုန့်

လူ ၅၀၀၀ အစာ ကျွေးမွေးခြင်းသည် ယေရှုပြုတော်မူသော အံ့ဘွယ်အမှုတွင် လူသိအများဆုံး ဖြစ်ပါလိမ့်မည်။ ထိုအမှုကို ခရစ်ဝင်ကျမ်း လေးကျမ်း အားလုံးတွင် တွေ့ရပါသည်။

လူ ၅၀၀၀ ကို မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်တည်းဖြင့် ဝလင်စွာ ကျွေးမွေးခြင်းက ယေရှုသည် တရား ၁၈း၁၅ ၌ တွေ့ရသော၊ မောရှေ ကဲ့သို့သော ပရောဖက် ဖြစ်တော်မူကြောင်း ထင်ရှားစေ၏။ ထိုအံ့ဘွယ်အမှုကို ယေရှု ပြုပြီးနောက်၊ သူ့နောက်လိုက်များက၊ "ဤသူကား ဤလောကသို့ ကြွလာရသော ပရောဖက်အမှန်ဖြစ်သည်" ဟုဆိုကြ၏။ အဘယ့်ကြောင့် ထိုသို့ ဆိုနိုင်ခဲ့ကြပါသနည်း။ အဓိက အချက်မှာ မုန့်ကြောင့်ဖြစ်ပါလိမ့်မည်။ ဣသရေလလူတို့သည် မောရှေလက်အောက်၌ မန္နမုန့်ကို စားခဲ့ကြပါသည်။ ယေရှုကလည်း အံ့ဘွယ်မုန့်အားဖြင့် လူတို့ကို ကျွေးမွေးတော်မူခဲ့၏။ ထို့ကြောင့် ယေရှုနှင့် မောရှေအား ထိုအမှုဖြင့် ဆက်စပ်ခဲ့ကြခြင်း ဖြစ်ပါလိမ့်မည်။ ယေရှုသည် ပိုကြီးမြတ်သော မောရှေ ဖြစ်တော်မူ၏။ သူသည် ကောင်းကင်မှ လာသော စစ်မှန်သည့် မန္နမုန့်ဖြစ်ပါသည် (နှိုင်း - ယော ၆း၂၂-၅၉)။

ထိုမျှလောက်များပြားသော လူထု ကျွေးမွေးခြင်းအမှုကို သာမန်အမှုဟု မဆိုနိုင်ပါ။ အံ့ဘွယ်အမှု အမှန်ပင်ဖြစ်ပါသည်။ ကျမ်းစာကို မယုံကြည်သောသူများက ဤအမှုသည် အံ့ဘယ်အမှု မဟုတ်၊ လူငယ်၏ ပေးဆပ်မှုကို မြင်ကြသောအခါ၊ အခြားလူတို့သည်လည်း ပေးကမ်းလိုစိတ် ရှိကြပြီး၊ ယူဆောင်လာသော အစားအစာများကို ထုတ်ကြခြင်းဖြစ်ပါသည်ဟု ဆိုကြပါသည်။ ထိုသို့သော ရှင်းပြချက်သည် မယုံကြည်ခြင်း စိတ်နှလုံးမှ ပေါ်ပေါက်ခြင်း ဖြစ်ပါသည်။ ကျမ်းစာထဲ၌ ထိုငါးထောင်သောလူတို့သည် ငါးနှစ်ကောင်နှင့် မုန့်ငါးလုံးမှ ယေရှု ပေးတော်မူသော အစားအစာကို ဝလင်စွာ စားသုံးခဲ့ကြကြောင်း ရှင်းလင်းစွာ ဖော်ပြခဲ့ပါသည်။ ထို မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်ဖြင့် လူ ငါးထောင်တို့သည် ဝလင်စွာ စားခဲ့ကြ၏။ ထို့ပြင်၊ ဆယ့်နှစ်တောင်း အပြည့် ကျန်နေသေး၏။

ဤအံ့ဘွယ်အမှုက အရေးကြီးသော သင်ခန်းစာ နှစ်ခု သင်ပေးပါသည်။ ပထမ၊ အစာ မစားမီ ဆုတောင်းဖို့ရန် ဖြစ်ပါသည်။ ထိုအချက်ကို ယေရှုက သာဓကအားဖြင့် သင်ပေးတော်မူခဲ့၏။ သူသည် ကောင်းကင်သို့ မျှော်ကြည့်လျက် အစားအစာအတွက် ကျေးဇူးတော် ချီးမွမ်းခဲ့ပါသည်။ နေ့စဉ် စားရသော အစာအစားကို ဘုရားသခင်ထံ ကျွန်တော်တို့ တောင်းခဲ့ကြပါသည်။ ထိုသို့ ကျေးဇူးတော်ကြောင့် ကျွန်တော်တို့ကို ဘုရားသခင် ပေးသနားတော်မူသောအခါ၊ ထိုကျေးဇူးကို မမေ့ သင့်ပါ။ ကျန်းမာခြင်း လျှို့ဝှက်ချက် တခုမှာ ဘုရားသခင်အား ချီးမွမ်းခြင်းအားဖြင့် ဝမ်းမြောက်စွာ စားသုံးခြင်း ဖြစ်ပါသည်။ ထိုသို့ ကျေးဇူးတော် ချီးမွမ်းသောအခါ၊ ဘုရားသခင်သည် အစာအစားကို ကောင်းကြီးပေးလျက်၊ အမှုတော်အတွက် လိုအပ်သောခွန်အားကို ကျွန်ုပ်တို့အား ပေးတော်မူမည်။

ဒုတိယ၊ အစာအစားကို မဖြုန်းတီးရန် သင်ပေးခဲ့ပါသည်။ ကျန်သော အစားအစာကို မဖြုန်းတီးဘဲ ကောက်ရမည်ဖြစ်ပါသည်။ စနစ်တကျ၊ သတိဖြင့် ကိုင်တွယ်ခြင်းသည် ဘုရားသခင် ကိုယ်တိုင်ကျင့်သုံးသော မင်္ဂလာဖြစ်ပါသည်။ "ဖြုန်းတီးခြင်းသည် အပြစ်ဖြစ်၏။ ပန်းကန်၌ ရှိသော စပါးလုံးတိုင်းကို ကုန်စင်အောင် စားရပါမည်။ ဘုရားသခင်သည် ဖြုန်းတီးသောသူ မဟုတ်ပါ။ စနစ်တကျ နေထိုင်ခြင်းသည် ကောင်းစားခြင်း၏အမိ ပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ဖြုန်းတီးသောသူ မဟုတ်ပါ။ ကျွန်တော်သည် ထိုသို့ ဖြစ်ပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ ကပ်စေးနဲသောသူ မဟုတ်ဘဲ၊ ချွေတာသောသူ ဖြစ်စေတော်မူပါ။

တနင်္လာ၊ ဇွန် (၉)
**မာကု ၆း၃၀-၃၄**
ဆာလံ ၁၂၇း၁-၂

*"တော၌ ဆိတ်ကွယ်ရာအရပ်သို့ လာကြ။ ခဏအားဖြည့်၍ ငြိမ်သက်စွာ နေကြ"*

## ကျမ်းစာသွန်သင်တော်မူသော အနားယူအားဖြည့်ခြင်း

တမန်တော်တို့သည် သာသနာပြုခြင်းမှ ပြန်လာကြသောအခါ၊ "မိမိတို့ ပြုသမျှ သွန်သင်သမျှတို့ကို" ယေရှုထံ ကြားလျှောက်ခဲ့ကြ၏။ တမန် ၁၄း၂၇ ထဲတွင်၊ ပေါလုနှင့် ဗာနဗတို့သည် မိမိတို့၏ ပထမအကြိမ် သာသနာခရီး၌ ဘုရားသခင်ပြုတော်မူသောအမှုများကို အန္တိအုတ် အသင်းတော်ထံ သတင်းပို့ကြားပြောခဲ့ပါသည်။ "ထိုမြို့သို့ရောက်ပြီးလျှင် သင်းဝင်သူတို့ကို စုဝေးစေ၍၊ မိမိတို့အားဖြင့် ဘုရားသခင်သည် ပြုတော်မူ သမျှတို့ကိုငှင်း၊ ယုံကြည်ခြင်းတံခါးကို တပါးအမျိုးသားတို့အား ဖွင့်တော်မူကြောင်းကိုငှင်း၊ ပြန်ကြားကြ၏။" ဤအမှုက သာသနာပြုသောဆရာအပေါင်းတို့အား မိမိတို့ကို စေလွှတ်ခဲ့သော အသင်းတော်နှင့်အဖွဲ့အစည်းတို့ထံ သတင်းပို့ကြရမည်အကြောင်း သာဓက ပြခဲ့ပါသည်။ ပို့ရမည့် သတင်းဟူမူကား၊ အောက်ပါအတိုင်းဖြစ်ပါသည် -
(၁) ပြုခဲ့သောအမှုများ၊ နှင့်
(၂) သွန်သင်ခဲ့သောအရာများ ဖြစ်ပါသည်။

သာသနာပြုဆရာတို့သည် ဘယ်သူနှင့်မှ မတွဲဘဲ၊ တိတ်တဆိတ် အမှုတော် မဆောင်သင့်ပါ။ သူတို့သည် ဘုရားသခင် အသုံးပြုတော်မူသော၊ မိမိတို့ကို စေလွှတ်သော အသင်းတော်နှင့် တွဲ၍ အမှုတော် ဆောင်ကြရပါမည်။

တပည့်တော်တို့သည် ကြိုးစားလျက် ဧဝံဂေလိတရား သွားရောက် ဟောပြောခဲ့ကြသောကြောင့်၊ ပင်ပန်းသည် ဖြစ်၍ အနားယူဖို့လည်း လိုပါသည်။ ယေရှုကိုယ်တိုင်လည်း အနားယူဖို့လိုအပ်ခဲ့ပါသည်။ လူတို့သည် ဝင်ထွက်သွားလာ နေကြသောကြောင့်၊ ယေရှုနှင့် တပည့်တော်တို့သည် အစာစားဖို့ အချိန်ပင် မရကြပါ။ ထို့ကြောင့်၊ ယေရှုနှင့် တပည့်တော်တို့သည် ဗက်ဇဲဒမြို့တွင် ဆိတ်ကွယ်ရာအရပ်၌ အနားယူခဲ့ကြပါသည်။ ထိုနည်းတူ၊ ကျွန်တော်တို့သည်လည်း သင့်တော်သော အနားယူခြင်းကို ပြုကြရပါမည်။ ထိုသို့ အနားယူဖို့ရန် church camp ထက် ပို၍ကောင်းသော နေရာ ရှိမည် မဟုတ်ပါ။ များစွာသောအသင်းတော်တို့သည် နှစ်တိုင်း ကျမ်းစာလေ့လာခြင်း camp ကို စီစဉ်ကြပါသည်။ အချိန်ပြည့်အမှုတော်ဆောင်များနှင့် အသင်းသူအသင်းသားတို့သည် ထိုသို့သော ခန္ဓာကိုယ်ဆိုင်ရာ၊ ဝိညာဉ်ရေးဆိုင်ရာ အနားယူ အားဖြည့်ခြင်းကို လိုအပ်ကြပါသည်။ ထိုသို့သော အနားယူခြင်း၊ ဝိညာဉ်ရေးရာ ဆင်ခြင် နှလုံးသွင်းခြင်းသည် ခန္ဓာ စိတ် ဝိညာဉ်ကို လန်းဆန်းစေတတ်ပါသည်။ ခရစ်ယာန်တိုင်းသည် ထိုသို့သော အနားယူ အားဖြည့်ခြင်းကို ပြုဖို့လိုပါသည်။ ထိုသို့သော ကျမ်းစာသွန်သင်တော်မူသည့် အနားယူအားဖြည့်ခြင်းသည် ဘုရားသခင်ထံမှ ကောင်းကြီးမင်္ဂလာကို ကျရောက်စေတတ်ပါသည်။

**ဆင်ခြင်ရန်** - သာသနာပြုဆရာသည် လွတ်လပ်စွာ မိမိဘောအတိုင်း အမှုပြုသောသူ မဖြစ်သင့်ပါ။
**ဆုတောင်းချက်** - အဖဘုရား၊ ကျမ်းစာသင်ကြားခြင်း၌ ကျွန်တော်ပါဝင်လိုပါသည်။



ဗုဒ္ဓဟူး၊ ဧပြီ (၂၃)
**ယော ၂း၁-၁၂**
သု ၂၃း၂၉-၃၅

*"ယေရှု . . . ကိုလည်း . . . မင်္ဂလာဆောင်ပွဲသို့ ခေါ်ပင့်ကြ၏"*

## ယေရှု - အသက် စပျစ်ရည်

နာဇရက်မြို့အနီး၊ ဂါလိလဲပြည် ကာနမြို့တွင် ယေရှုက ပထမဆုံး အံ့ဘွယ်အမှုကို ပြုတော်မူခဲ့၏။ မင်္ဂလာဆောင်ပွဲ၌ ဖြစ်ပါသည်။ အိမ်ရှင်တို့၏ စပျစ်ရည် ကုန်သောအခါ၊ မာရိသည် ယေရှုအား အကူအညီ ပေးဖို့ရန် တောင်းလျှောက်ခဲ့ပါသည်။ သို့သော်လည်း၊ ယေရှုက၊ "အချင်းမိန်းမ၊ သင်သည် ငါနှင့် အဘယ်သို့ ဆိုင်သနည်း။ ငါ့အချိန် မရောက်သေး" ဟု မိန့်တော်မူ၏။ "ငါ့အချိန် မရောက်သေး" ဟု ဆိုသော်၊ ဘာကို ဆိုလိုသနည်း။ ဤ "အချိန်" က ဘာကိုဆိုလိုသနည်း။ ယောဟန်ခရစ်ဝင်ကျမ်းထဲ၌ "အချိန်" ဟူသော စကားလုံး ၂၆ ကြိမ် တွေ့ရသည့် အထဲတွင်၊ ၉ ကြိမ်သည် ယေရှု၏ အချိန်ကို ရည်ညွှန်းခဲ့ကြပါသည် (၂း၄၊ ၇း၃၀၊ ၁၂း၂၃၊ ၂၇၊ ၁၃း၁၊ ၁၆း၃၂၊ ၁၇း၁)။ ထိုအချိန်ကို အသီးသီး၊ "ငါ့အချိန်" (၂း၄)၊ "ထိုကာလ" (၅း၂၉၊ ၁၂း၂၃၊ ၁၆း၃၂၊ ၁၇း၁)၊ "သူ့အချိန်" (၇း၃၀၊ ၈း၂၀)၊ "ထို သို့ ဒီ အချိန်" ဟူ၍ အသုံးပြုခဲ့ပါသည်။

ယေရှုက၊ "ငါ့အချိန် မရောက်သေး" ဟု မိန့်တော်မူသောအခါ၊ အနာဂတ်ကို ရည်ညွှန်းကြောင်း သေချာလှပါသည်။ "လူသားသည် ဘုန်းပွင့်ရသော အချိန်ရောက်လာပြီ" ဟု ယောဟန် ၁၂း၂၃ ထဲတွင်၊ ယေရှုက ပထမဆုံးအကြိမ် အသုံးပြုတော်မူခဲ့၏။ ထို့နောက်တွင်၊ အချိန်ကြရောက်ပြီဟု ပုံမှန် လိုလို အသုံးပြုတော်မူခဲ့ပါသည်။ မိမိ ကားတိုင်ပေါ်၌ အသေခံမည့် အပတ် ရောက်တော့မည့် အချိန်၌ ပြောသောကြောင့်၊ ယေရှုက မိမိ၏အချိန်ဟူ ဆိုရာတွင်၊ ကားတိုင်ပေါ်၌ အသေခံခြင်း၊ သင်္ဂြိုလ်ခြင်း၊ ရှင်ပြန်ထမြောက်ခြင်းများ မတိုင်မီ ဝေဒနာ ခံစားခြင်း အချိန်ကို ဆိုလိုသည်ဟု ထင်ရပါသည်။ ထို ဝေဒနာခံရာ အပတ် အစ၌ ယေရှုက မိမိသည် မေရှိယ ဖြစ်ကြောင်း ထင်ရှားစွာ ဖော်ပြတော်မူခဲ့ပါသည်။ ထို့ကြောင့်၊ ယေရှုက မာရိအား မိမိ၏အချိန် မရောက်သေး ဟုဆိုရာတွင်၊ မိမိ၏ မေရှိယဖြစ်ခြင်း အကြောင်းကို လူထုထံ ဖော်ပြမည့်အချိန်သည် လူ (နှိုင်း - မာကု ၁း၄၄)၊ နတ်ဆိုးများ (နှိုင်း - ၁း၂၄-၂၅၊ ၃၄၊ လု ၄း၃၄-၃၅) က သတ်မှတ်သည် မဟုတ်ဘဲ၊ ဘုရားသခင်ကသာလျှင် သတ်မှတ်ကြောင်း (နှိုင်း - မာကု ၁၆း၁၆-၁၇) ဆိုလိုခြင်းဖြစ်ပါသည်။ ထို့ကြောင့်၊ မာရိသည် ထိုမင်္ဂလာပွဲ၌ ယေရှုအား အံ့ဘွယ်အမှုပြုစေခြင်းသည် မိမိ၏အခွင့်အရေးကို အလွဲသုံးစား အသုံးပြုခြင်းသာ ဖြစ်ပါသည်။ သို့သော်လည်း၊ ယေရှုသည် ဘုရားသခင်၏အလိုတော်နှင့်အညီ၊ မာရိ၏ တောင်းလျှောက်မှုကို အလေးထားတော်မူခဲ့၏။

စပျစ်ရည် ဖြစ်စေခြင်းအမှုကြောင့်၊ ယေရှုသည် အရက်သောက်ခြင်းကို အားပေးသည်ဟု မဆိုလိုပါ။ ယေရှုသည် "သေစေတတ်သော ဝိစကီ မဟုတ်ဘဲ၊ အသက် စပျစ်ရည်" ဖြစ်တော်မူ၏ဟု Rev Dr Timothy Tow က မှန်ကန်စွာ ဖော်ပြခဲ့ပါသည်။ ယေရှု ပေးတော်မူသော စပျစ်ရည်သည် သောက်သုံးရန် သင့်တော်သော စပျစ်ရည်ဖြစ်ပါသည်။ ထိုခေတ် စပျစ်ရည်နှင့် ယနေ့ခေတ် အရက်တွင် အယ်ကိုဟော ပါဝင်မှု အလွန် ခြားနားလှပါသည်။ သမ္မာကျမ်းစာက အရက်သောက်ခြင်းနှင့် မူးယစ်ခြင်းကို သေချာ တားမြစ် သတိပေးထားပါသည် (သု ၂၃း၃၁-၃၃၊ ဧဖက် ၅း၁၈)။ အရက်ကို လုံးဝ ရှောင်ကြဉ်ပါလော့။

**ဆင်ခြင်ရန်** - (ဧဖက် ၅း၁၈ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - အဖဘုရား၊ သောက်စားခြင်း မပြုဘဲ၊ ခရစ်ယာန်၏ ကောင်းသောအကျင့်သက်သေကို ဆောင်မည်အကြောင်း၊ မစတော်မူပါ။

ကြာသပတေး၊ ဧပြီ (၂၄)
**ယော ၂း၁၃-၂၂**
ယေဇ ၂၂း၂၃-၃၁

*“ငါ့အဘအိမ်တော်ကို ပွဲတဲ မလုပ်ကြနှင့်”*

## သန့်ရှင်းသော အမျက်တော်

ဝတ်ပြုကိုးကွယ်ခြင်းပြုရမည့်နေရာ ဖြစ်သော ယေရုရှလင် ဗိမာန်တော်သည် ယခုတွင် ဈေးရောင်းသော နေရာဖြစ်လာခဲ့ပါသည်။ အကျင့်ပျက်သော ယဇ်ပုရောဟိတ်များက ထိုဗိမာန်တော်ကို ရှော့ပင်း စင်တာ အဖြစ်သို့ ပြောင်းလဲစေခဲ့ကြ၏။ ယေရှုက၊ ငါ့အဘ၏အိမ်တော်ကို ပွဲတဲ မလုပ်ကြနှင့်ဟု မိန့်တော်မူခဲ့ပါသည်။ စီးပွားရေး ခေါင်းပုံဖြတ်ခြင်းကို တွေ့ရပါသည်။ ယဇ်ပုရောဟိတ်များနှင့် စီးပွားရေးသမားများ လက်တွဲခဲ့ကြ၏။ ထိုယဇ်ပုရောဟိတ်တို့သည် ဗိမာန်တော် အတွင်းမှ ဝယ်သော ယဇ်ကောင်များကိုသာ လက်ခံကြပါသည်။ ဓမ္မဟောင်းကျမ်းက ဆင်းရဲသော ယုဒလူများကို ဈေးကြီးသော ဆိတ် နွားများ အစား၊ ခိုနှစ်ကောင် (ဝတ် ၁၂း၈၊ နှိုင်း - လု ၂း၂၄) ပူဇော်ခွင့် ပြုထားပါသည်။ သို့သော်လည်း၊ ထိုခိုများကို စီးပွားရေးသမားများက ဈေးတင်ရောင်းခဲ့ကြ၏။ ထို့ပြင် ဘုရားဝတ်ပြုသောသူများကိုလည်း ငွေလဲလှယ်သောသူများက အမြတ်ထုတ်ခဲ့ကြပါသည်။ ယဇ်ပုရောဟိတ်များက နိုင်ငံခြားငွေကို လက်မခံဘဲ၊ ယုဒ ငွေကိုသာ လက်ခံကြ၏။ ငွေအလဲအလှယ် လုပ်သောသူများအား ယဇ်ပုရောဟိတ်များက သူတို့၏ခွင့်ပြုချက်ကို ယူစေခဲ့ကြပါသည်။ ထို့နောက် ငွေလဲနှုန်းကို အဆမတန် တိုးမြှင့်ခဲ့ကြ၏။ ထိုစီးပွားရေးသမားများနှင့် ငွေလဲလှယ်သောသူများက ယဇ်ပုရောဟိတ်များကို ခွင့်ပြုချက် အခကြေးငွေ များစွာ ပေးခဲ့ကြပါသည်။

ထို့ကြောင့် ဗိမာန်တော်တွင် ဘယ်လောက် ဆူညံ ရှုတ်ထွေးမှု ရှိမည်ကို ခန့်မှန်း၍ ရပါသည်။ ဗိမာန်တော် ရင်ပြင်သည်လည်း တိရိစ္ဆာန် မစင်များဖြင့် ညစ်ပတ်နေပါလိမ့်မည်။ ထိုသို့ ရောင်းသူနှင့် ဝယ်သူအကြား အပြန်အလှန် ဈေးဆစ်ခြင်း၊ စကားများကြခြင်းများကြောင့် ဝတ်ပြုကိုးကွယ်ခြင်းကိုပင် ကောင်းမွန်စွာ ပြုနိုင်မည် မဟုတ်ပါ။ “ထိုသို့သော ငွေလဲလှယ်ခြင်း၊ ခိုများ ရောင်းခြင်း၊ ဆိတ် နွားများ ရောင်းခြင်းတို့ကို မြင်တွေ့ခြင်းပင်လျှင် စိတ်မချမ်းသာစရာ၊ ညစ်ညူးသော အမှုကို ဖြစ်စေပါသည်” ဟု Alfred Edersheim က ဆိုခဲ့ပါသည်။

ထိုအမှု၌ ယေရှုသည် ဘာမှ မလုပ်ဘဲ နေနိုင်ပါမည်လော။ သန့်ရှင်းသော အမျက်ဒေါသ ထွက်လျက်၊ ဘုရားသခင်၏ တပါးတည်းသော သားတော် ယေရှုသည် အဘ၏အိမ်တော်ကို ထိုညစ်ညူးသောအရာများမှ သန့်ရှင်းစေဖို့ရန် လုံးဝ အခွင့်အာဏာရှိသောသူဖြစ်ပါသည်။ ကြိုးများကို ယူ၍ ရိုက်စရာအဖြစ် ပြုပြင်ခဲ့ပြီး၊ ထို မတရား စီးပွားရှာသောသူများနှင့် တိရိစ္ဆာန်များကို ဗိမာန်တော်မှ မောင်းထုတ် ခဲ့ပါသည်။ ငွေလဲလှယ်သောသူများ၏ ငွေများသည် ပျံ့ကြဲလျက်၊ စားပွဲများလည်း မှောက်လှန်ကုန်ကြပါသည်။ ပြုခြင်းအားဖြင့် ယေရှု ပေးတော်မူသော သင်ခန်းစာပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - စီးပွါးရှာ သင်းအုပ်ဆရာများကို သတိပြုကြလော့။
**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်အပြစ်များကြောင့် ကျွန်တော် အမျက်ထွက်ပါ၏။ ထိုအပြစ်အားလုံးကို ဖယ်ရှားလိုပါ၏။



တနင်္ဂနွေ၊ ဇွန် (၈)
**မာကု ၆း၁၄-၂၉**
မသဲ ၅း၁၀-၁၂

*“ဤသူကား ငါ၏အမိန့်နှင့် လည်ပင်းကို ဖြတ်သော ယောဟန်ဖြစ်၏။ သေခြင်းမှ ထမြောက်လေပြီ”*

## မှန်သောအမှု ပြုခြင်းကြောင့် အသေခံခြင်း

ယေရှု၏ရှေ့ပြေးဖြစ်သော ယောဟန်သည် မှန်သောအမှုပြုခြင်းကြောင့် အသတ်ခံခဲ့ပါသည်။ ဟေရုဒ် အန္တိပသည် သူ့ညီ ဟေရုဒ် ဖိလိပ္ပု၏ ဇနီးဖြစ်ဖူးသော ဟေရောဒိကို လက်ထပ်ခဲ့ပြီး၊ သမီး ရှာလုံကို မွေးခဲ့၏။ ထို့ကြောင့် ယောဟန်က ဟေရုဒ် အန္တိပအား သူ့မယား ပြစ်မှားသောသူဟု ဆုံးမခဲ့ပါသည်။ ထို့ပြင်၊ ထိုထိမ်းမြားခြင်းသည် မပြုအပ်သော၊ ညစ်ညူးသည့် ထိမ်းမြားခြင်း ဖြစ်ပါသည် (ထွက် ၁၈း၁၆၊ ၂၀း၂၁)။ ထိုသို့ ဆုံးမခြင်းအတွက် ဟောဟန်၌ ခိုင်လုံသော အကြောင်းပြချက်ရှိပါသည်။ ဟေရောဒိသည် ယောဟန်ကို လက်စားချေ သတ်လိုခဲ့ပါသည်။ သို့သော်လည်း၊ ဟေရုဒ်သည် ထိုသို့ မပြုလို၊ ယောဟန်ကို ဖြောင့်မတ်သောသူ၊ သန့်ရှင်းသောသူဟု သတ်မှတ်၍ လေးစားခဲ့ပါသည်။ ထို့ပြင်၊ ယောဟန်သည် ဘုရားသခင်၏ တမန်၊ ပရောဖက် ဖြစ်ပါသည်။ သို့သော်လည်း၊ ဟေရောဒိသည် လက်မလျှော့ခဲ့ပါ။ နောက်ဆုံးတွင်၊ ဟေရုဒ်က ဟေရောဒိထံ ပေးခဲ့ပါသည်၊ သို့သော်လည်း အသေသတ်ဖို့ရန် မဟုတ်၊ အကျဉ်းချဖို့ရန်သာ ဖြစ်၏။

ဟေရောဒိသည် မိမိ၏ ယောဟန် သတ်လိုစိတ်ကို လက်မလျှော့ခဲ့ပါ။ အခွင့်အရေးကို စောင့်ခဲ့ပါသည်။ ထိုအခွင့်အရေးကို ဟေရုဒ်၏ မွေးနေ့ပွဲ၌ ရောက်လာခဲ့ပါသည်။ ဟေရောဒိ၏ သမီး၊ ရှာလုံသည် မိမိ၏ ဆွဲဆောင်မှုရှိသော အကအားဖြင့် ဟေရုဒ်ကို ဝမ်းမြောက်စေခဲ့ပါသည်။ ထို့ကြောင့်၊ ဟေရုဒ်က လိုချင်သောအရာ တောင်းရသောအခွင့် ပေးခဲ့ပါသည်။ ဟေရုဒ်သည် မိုက်မဲသောသူဖြစ်ပါသည်။ ဟေရောဒိက မိမိသမီးအား ယောဟန်၏ခေါင်းကို တောင်းစေခဲ့ပါသည်။ ဤအမှုက အရာအားလုံးထက် ယောဟန်ကို သတ်လိုကြောင်း ထင်ရှားစေခဲ့ပါသည်။ ယောဟန် သတ်လိုသောစိတ်က သူ့ကို လွှမ်းမိုးထားပါသည်။ ဟေရုဒ်သည် မိမိ၏ဂတိကို မဖျက်နိုင်ပါ။ သူသည် ယောဟန်၏ ခေါင်းကို ဖြတ်စေခဲ့ပြီး၊ ရှာလုံထံ ပေးခဲ့လျက်၊ သူမသည် မိခင်ထံသို့ ပေးခဲ့ပါသည်။ သူမနှင့် သူမ၏မိခင်သည် ထိုသွေးစွန်းသော ပန်းကန်ပြားကို အလွန်ကျေနပ်စွာ ကြည့်ခဲ့ကြပါလိမ့်မည်။ အလွန် ဆိုးသွမ်းသောအမှုပါတကား။ ဟေရောဒိ၏ ဆိုးသွမ်းမှုကို ယေဇဗေလ ကသာလျှင် ကျော်လွန်နိုင်ခဲ့၏။

ခေါင်း မရှိတော့သော ယောဟန်၏ကိုယ်ကို သူ့တပည့်များကို သင်္ဂြိုလ်ခဲ့ပါသည်။ သူတို့က ပင် အဖြစ်အပျက်အားလုံးကို ယေရှုထံ ပြောကြားခဲ့ကြ၏။ ထိုတပည့်တော်တို့အား မည်သို့သောစကား ဆိုရပါမည်နည်း။ “သင်သည် ခံရမည့်အရာတစုံတခုကိုမျှမကြောက်နှင့်။ သင်တို့သည် စုံစမ်းခြင်းကို ခံရမည်အကြောင်း၊ မာရ်နတ်သည် သင်တို့တွင် အချို့ကို ထောင်ထဲ၌လှောင်ထား၍၊ . . . ဆင်းရဲဒုက္ခကို ခံရကြလိမ့်မည်။ သေသည်တိုင်အောင် သစ္စာစောင့်လော့။ သို့ဖြစ်လျှင်၊ အသက်သရဖူကို ငါပေးမည်” (ဗျာ ၂း၁၀)။ ယောဟန်သည် “သေသည်တိုင်အောင် သစ္စာစောင့်” ခဲ့ပါသည်။ ခရစ်တော်၌ တည်သော ကျွန်ုပ်တို့၏ ယုံကြည်ခြင်းတရားကြောင့် အသက် ပေးဖို့ လိုအပ်သော အချိန် ရောက်လာခဲ့လျှင်၊ ယောဟန်ကဲ့သို့ ကျွန်တော်တို့သည် သေခြင်းကို ရင်ဆိုင်ဖို့ရန် အသင့်ရှိပါမည်လော။

**ဆင်ခြင်ရန်** - ယေရှုအတွက် အသေခံဖို့ရန် ကျွန်တော် အလိုရှိပါသလား၊ အသင့်ရှိပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ သေခြင်းအမှု၌ပင် သစ္စာရှိမည်အကြောင်း မစတော်မူပါ။

## တကျိပ်နှစ်ပါးသော တပည့်တော်တို့ကို ပို့ချသင်ပေးခြင်း (၂)

တပည့်တော်တို့ထံ ယေရှု မှာထားတော်မူသော အရေးကြီးသည့် အချက်ဟူမူကား၊ “အကြင်သူတို့သည် သင်တို့ကို လက်မခံ၊ သင်တို့၏စကားကို နားမထောင်ဘဲနေ၏၊ ထိုသူတို့ နေရာအရပ်မှ ထွက်သွားစဉ်၊ သူတို့ တဘက်၌ သက်သေ ဖြစ်စေခြင်းငှါ သင်တို့၏ ခြေဘဝါးမှ မြေမှုန့်ကို ခါလိုက် ကြလော့” ဟူ၍ ဖြစ်ပါသည်။ ထိုတရားသည် ယနေ့အတွက်လည်း အကျုံးဝင်ပါသည်။ ခရစ်တော်အကြောင်း သက်သေခံခြင်းအမှု၌ ကျွန်တော်တို့သည် စိတ်အားထက်သန်ခြင်း ရှိရမည်ဖြစ်သော်လည်း၊ မိုက်မဲစွာ စိတ်အားထက်သန်ခြင်း မရှိရပါ။ “ထိုကြောင့် သင်တို့သည် မြွေကဲ့သို့ လိမ္မာလျက်၊ ချိုးငှက်ကဲ့သို့ အဆိပ်ကင်းလျက် ရှိကြလော့” (မသဲ ၁၀း၁၆)။

ထိုကာလတွင်၊ ယုဒလူတို့သည် တပါးအမျိုးသားများပြည်ကို နင်းဖြတ်ခဲ့လျှင် မိမိ၏သန့်ရှင်းသောပြည်သို့ ပြန်လည်ဝင်ရောက်တော့မည့်အခါ မိမိခြေဘဝါးမှ မြေမှုန့်ကို ခါဖို့လိုပါသည်။ သူတို့၏ ခြေနင်းကို ချွတ်လျက် နာနာရိုက်ခြင်းဖြင့် ကပ်ခဲ့သော မသန့်ရှင်းသော မြေမှုန့်များကို ပယ်ရှင်းရပါမည်။ ယေရှုက ထိုသို့ပြုရခြင်း၏ ရည်ရွယ်ချက်ကို - “သူတို့ တဘက်၌ သက်သေ ဖြစ်စေခြင်းငှါ” ဟု ဖော်ပြခဲ့ပါသည်။ ထိုသို့ မြေမှုန့် ခါချခြင်းဖြင့် တရားစီရင်ခြင်းအကြောင်းကို ဟောပြောခဲ့ပါသည်။ ထိုသို့သော လက်တွေ့အမှုပြုခြင်းကို ဓမ္မဟောင်း ပရောဖက် အမှုတော်၌ တွေ့ရပါသည်။ ဥပမာအားဖြင့်၊ ယေရမိ ၁၃ ထဲတွင်၊ ဘုရားသခင်သည် ယေရမိအား ခါးပန်းကိုသာ စည်းလျက် ယုဒလူတို့ထံ တရားဟောစေတော်မူ၏။ အကြောင်းမှာ ယုဒလူတို့အား အပြစ်တင်ခြင်းတရား လက်တွေ့ ဖော်ပြခြင်းဖြစ်ပါသည်။ ထိုသို့ဖြင့် သူတို့၏အပြစ် ကြီးလေးမှုကို ဆင်ခြင်ကြရန် ဖြစ်ပါသည်။ ဘုရားသခင်သည် မယုံကြည်သူများ၏ အပြုအမူများကို မှတ်ထားတော်မူလျက် တရားစီရင်ရာနေ့တွင် အမှန်စီရင်တော်မူလိမ့်မည်။

သတင်းကောင်းသည် အလွန် တန်ဖိုးကြီးမြတ်လှကြောင်း ကျွန်တော်တို့ နားလည်ဖို့လိုပါသည်။ ထို့ကြောင့်၊ သတင်းကောင်း ဟောပြောသောအခါ အပြစ်သားကို လူကောင်းကဲ့သို့၎င်း၊ ဘုရားသခင်ကို လူဆိုးကဲ့သို့၎င်း မဟောပြောရပါ။ လူကို ချီးမြှောက်ပြီး၊ ဘုရားသခင်ကို ရှုတ်ချလျက် တရား မဟောရပါ။ အပြစ်သားသည် သတင်းကောင်း ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်အတွက် ကောင်းမှုပြုသကဲ့သို့ မိမိကိုယ်ကို မထင်ရပါ။ သတင်းကောင်း ဟောပြောခြင်းသည် အပြစ်သားအား သန့်ရှင်းသော ဘုရားသခင်ထံ ချဉ်းကပ်ဖို့ရန် ဖိတ်ခေါ်ခြင်း ဖြစ်ပါသည်။ လူသည် မှားယွင်းသောသူ ဖြစ်သောကြောင့်၊ ဘုရားသခင်ထံ ချဉ်းကပ်ရမည်ဖြစ်၏။ လူသည် ဘုရားသခင်ထံ အပြစ်နောင်တ ရလျက် ဝမ်းနည်းခြင်း ရှိရမည်ဖြစ်၏။ သတင်းကောင်းသည် အလွန် တန်ဖိုးကြီးသော ပုလဲကဲ့သို့ ဖြစ်သော်လည်း၊ အခမဲ့ ဟောပြော ရမည်ဖြစ်ပါသည်။ အပြစ်သားသည် ထိုပုလဲကို ငြင်းပယ်ခဲ့လျှင် အဆုံးသတ်ပြီဖြစ်ပါ၏။ ဝက်ရှေ့သို့ ပုလဲကို မပစ်ချပါနှင့်။ “အလွဲ မယူကြနှင့်။ ဘုရားသခင်သည် မထီမဲ့မြင်ပြုခြင်းကို ခံတော်မမူ” (ဂလာ ၆း၇)။

**ဆင်ခြင်ရန်** - ဘုရားသခင်က မဟုတ်ဘဲ၊ လူကသာ ကျွန်တော် မှားပါ၏ဟု ဆိုရမည်ဖြစ်၏။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်၏ သတင်းကောင်း ဟောပြောခြင်းအမှု၌ ရောနှောခြင်း မရှိမည်အကြောင်း မစတော်မူပါ။





## ယေရှု - သန့်ရှင်းစေသော မီး

ပြင်းပြသော စိတ်ဖြင့် ဗိမာန်တော် သန့်ရှင်းစေခြင်းအားဖြင့်၊ ယေရှုသည် ဆာလံ ၆၉း၉၊ “ကိုယ်တော်၏ အိမ်တော်၌ စွဲလမ်းပူပန်ခြင်းစိတ်သည် အကျွန်ုပ်ကို စားပါ၏။ ကိုယ်တော်ကို ကဲ့ရဲ့သောသူတို့၏စကားသည် အကျွန်ုပ် အပေါ်သို့ ရောက်ပါ၏” ဟူသော အချက်ကို စုံလင်စေခဲ့ပါသည်။ ထိုပြုသောအမှုအကြောင်းကို ဤသို့ ကြိုတင် ပရောဖက်ပြုခဲ့ပါသည် - မာလ ၃း၂-၃၊ “လာတော်မူသော နေ့ရက်ကို အဘယ်သူသည် မတိမ်း မရှောင်ဘဲ နေလိမ့် မည်နည်း။ ပေါ်ထွန်းတော်မူသောအခါ အဘယ်သူသည် ခံရလိမ့်မည်နည်း။ ထိုသခင်သည် ငွေစစ် သောသူ၏ မီး၊ ခဝါသည် သုံးသော ဆပ်ပြာ ကဲ့သို့ ဖစ်ြတော်မူမည်။ ငွေကို ချွတ်၍ သန့်ရှင်းစေ သောသူ ကဲ့သို့ ထိုင်လျက်၊ ရွှေ ငွေကိုချွတ်သကဲ့သို့၊ လေဝိသားတို့ကို ချွတ်၍ သန့်ရှင်းစေတော်မူ သဖြင့်၊ သူတို့သည် ထာဝရဘုရား အဘို့ဖြစ်၍၊ ဖြောင့်မတ်ခြင်း ပူဇော်သက္ကာကို ပူဇော်ကြလိမ့်မည်။”

ဗိမာန်တော်ကို စနစ်တကျ ဖြစ်စေဖို့ရန်၊ ယဇ်ပုရောဟိတ်အပေါ်၌ အာဏာရှိသောသူသည် မေရှိယ တပါးတည်းသာလျှင် ဖြစ်တော်မူ၏။ ထို့ကြောင့်၊ ယုဒလူများက မေရှိယဖြစ်ကြောင်း သက်သေပြရန် ယေရှုအား နိမိတ်လက္ခဏာ တောင်းခဲ့ကြ၏။ အံ့ဘွယ်အမှုပြုဖို့ရန် တောင်းခြင်းဖြစ်ပါသည်။ ထို မယုံကြည်သူများထံ ရှင်ပြန်ထမြောက်ခြင်း လက္ခဏာ မှအပ၊ ဘယ် အံ့ဘွယ်မျှ ပေးတော် မမူခဲ့ပါ - “ဤဗိမာန်တော်ကို ဖြိုဖျက်ကြလော့။ သုံးရက် အတွင်းတွင် ငါတည်ဆောက်မည်ဟု မိန့်တော်မူ၏ . . . ထိုသို့ မိန့်တော်မူရာ၌ မိမိကိုယ်တည်း ဟူသော ဗိမာန်ကို အမှတ်ပြု၍ မိန့်တော်မူ၏။” ထို ရှင်ပြန်ထမြောက်ခြင်းသည် မေရှိယဖြစ်ကြောင်း ထင်ရှားစွာ ပြသသော သက်သေဖြစ်ပါသည်။

ယေရှုသည် ဣသရေလလူမျိုးများ၏ အရေးကြီးလှသော ဘာသာရေး ပွဲတော်ဖြစ်သည့် ပသခါပွဲကို ဆင်နွှဲခဲ့ပါသည်။ ယေဟောဝါဘုရားက ဣသရေလလူတို့အား အဲဂုတ္တုပြည်မှ လွတ်မြောက်ခြင်းအမှုကို နှစ်တိုင်း ပသခါပွဲ ဆင်နွှဲခြင်းဖြင့် အောက်မေ့သတိရ ကြဖို့ရန် မိန့်တော်မူခဲ့ပါသည် (ထွက် ၁၂)။ ပသခါပွဲကို နီဆန် (Nisan) လ၏ ၁၄ ရက်နေ့တွင် ဆင်နွှဲ ကြရမည်ဖြစ်၏။ ဤအောက်မေ့ဘွယ် ပွဲတော်၌ ဣသရေလအမျိုး၊ အသက် ၁၂နှစ် နှင့်အထက် ယောကျ်ားတိုင်းသည် ယေရုရှလင်မြို့သို့ လာကြရမည် ဖြစ်ပါသည်။ ယေရှုသည်လည်း အသက် ၁၂နှစ်ပြည့်သောအခါ ပသခါပွဲကို ဆင်နွှဲခဲ့ကြောင်း တွေ့ခဲ့ရပါသည်။ များစွာသော အမှုတော်ကို ဆောင်ရွက်နေသော အချိန်၌ပင် ယေရှုသည် ပသခါပွဲကို မဆင်နွှဲဘဲ နေတော် မမူခဲ့ပါ။ ထိုသို့ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအတွက် လိုအပ်သော ဖြောင့်မတ်ခြင်းတရားကို ရယူပေးဖို့ရန်၊ ဝတ်ပြုခြင်းဆိုင်ရာ ပညတ်တရားကိုလည်း စုံလင်စွာ ယေရှု လိုက်လျှောက် တော်မူခဲ့ပါသည်။

**ဆင်ခြင်ရန်** - သန့်ရှင်းသော အမျက်ဒေါသ ဟူ၍ ရှိပါသလား။ ဧဖက် ၄း၂၆ ကိုဖတ်ပါ။

**ဆုတောင်းချက်** - “အို ထာဝရဘုရား၊ ကိုယ်တော်ကို မုန်းသောသူတို့ကို အကျွန်ုပ် မုန်းပါသည် မဟုတ်လော။ အာဏာတော်ကို ဆန်သောသူတို့ကို အကျွန်ုပ် ရွံ့ရှာပါသည် မဟုတ်လော။ ထိုသူတို့ကို စိတ်နှလုံး အကြွင်းမဲ့ မုန်းပါ၏။ ကိုယ်ရန်သူ ကဲ့သို့ မှတ်ပါ၏” (ဆာလံ ၁၃၉း၂၁-၂၂)။

စနေ၊ ဧပြီ (၂၆)

**ယော ၂း၂၃-၃း၂၁**

ရောမ ၈း၁-၁၆

*"ဒုတိယမွေးခြင်းကို ခံရမည်"*

## လူပြန်ဝင်စားခြင်း မဟုတ်၊ ဒုတိယမွေးခြင်း ပေတည်း

လူတယောက်သည် ဘုရားသခင်၏နိုင်ငံတော်သို့ ဝင်ရမည်အကြောင်း "ဒုတိယမွေးခြင်း" (သို့) "အထက်မှ မွေးဖွားစေခြင်း" ကိုခံရမည် ဖြစ်ပါသည်။ နိကောဒင်က ဒုတိယမွေးခြင်းကို အမိဝမ်းထဲသို့ ပြန်ဝင်လျက်၊ ဒုတိယအကြိမ်ပြန်လည် မွေးဖွားရမည်ဟု မှားယွင်းစွာ ထင်မိခဲ့ပါသည်။ ကျမ်းတတ် ဖာရိရှဲတဦးသည် ယေရှု၏၊ "ဒုတိယမွေးခြင်း ခံရမည်" ဟူသော မိန့်တော်မူချက်ကို နားလည်ခဲ့သင့်ပါသည်။ ယေရှု၏ မိန့်တော်မူချက်သည် အသစ်မဟုတ်၊ ဓမ္မဟောင်းကျမ်းလောက် ရှေးကျသောတရား ဖြစ်ပါသည်။ ဘုရားသခင်၏ ကောင်းကင်နိုင်ငံတော်သား ဖြစ်ဖို့ရန် အထက်မှ မွေးဖွားခြင်း၊ ဝိညာဉ်နှင့်ဆိုင်သော မွေးဖွားခြင်း ခံရမည်ဖြစ်ပါသည် (ယော ၃း၃၁၊ ၈း၂၃၊ ၁၉း၁၁)။ ယေရှုကလည်း၊ "ရေနှင့်ဝိညာဉ်တော် မမွေးသောသူမည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်သို့ မဝင်ရဟု ငါအမှန်အကန်ဆို၏။" ဤ ရေသည် အပြစ်ကို ဆေးကြောတော်မူသော ဝိညာဉ်တော်၏ ဒုတိယမွေးဖွားစေခြင်း ရေကို ဆိုလိုပါသည်။ တိတု ၃း၅ က ဤသို့ ရှင်းပြခဲ့ပါသည် - "ငါတို့ကျင့်သော အဖြောင့်မတ်ခြင်းအကျင့်အားဖြင့် မဟုတ်ဘဲ၊ မိမိသနားခြင်း ကရုဏာတော်နှင့်အညီ ဒုတိယမွေးခြင်းနှင့်ဆိုင်သော ဆေးကြောခြင်းအားဖြင့်၎င်း၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အသစ်ပြုပြင်ခြင်းအားဖြင့်၎င်း၊ ငါတို့ကို ကယ်တင်တော်မူ၏။"

ဖာရိရှဲ ဖြစ်သော နိကောဒင်က ကယ်တင်ခြင်းသည် ပညတ်တရား လိုက်လျှောက်ခြင်းနှင့် ကောင်းမှုကုသိုလ် ပြုခြင်းဖြင့် ရကြောင်း ထင်မှတ်ခဲ့ပါသည်။ ကယ်တင်ခြင်းခံရဖို့ရန်၊ လူတဦးသည် ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ခံရသော ယုံကြည်ခြင်း ရရှိသောအချိန်၌ သန့်ရှင်းသော ဝိညာဉ်တော် ကျိန်းဝပ်ခြင်းကို ခံရမည်ဖြစ်ပါသည်။ "ဇာတိပကတိ မွေးသောအရာသည် ဇာတိပကတိ ဖြစ်၏။ ဝိညာဉ်တော် မွေးသောအရာသည် ဝိညာဉ်ဖြစ်၏။ ဒုတိယမွေးခြင်းကို ခံရမည် . . . ထိုနည်းတူ ဝိညာဉ်တော် မွေးသောသူဖြစ်သည်။" "သို့ဖြစ်၍၊ ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်း၊ ဘုရားသခင်၏ စကားတော်အားဖြင့် ဖြစ်၏" (ရောမ ၁၀း၁၇)။ ထို့ကြောင့်၊ ယေရှုသည် နိကောဒင်ထံ ကယ်တင်ခြင်း သတင်းကောင်းကို ဟောပြောခဲ့၏။ "ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူ အပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌ တပါးတည်းသော သားတော်ကို စွန့်တော်မူသည် တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏" (ယော ၃း၁၆)။ "မောရှေသည် တော၌ မြွေကို မြှောက်ထား သကဲ့သို့ လူသားသည် မြှောက်ထားခြင်းကို ခံရမည်။ အကြောင်းမူကား၊ ထိုသားတော်ကို ယုံကြည်သောသူ အပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ ထာဝရအသက်ကို ရမည်အကြောင်းတည်း" (ယော ၃း၁၄-၁၅)။ ယေရှုသည် သစ်တိုင်ပေါ်၌ ကျွန်ုပ်တို့ကိုယ်စား ကျိန်ခြင်း၊ အပြစ်၏အခကို ပေးဆပ်တော်မူခဲ့၏။ ကျွန်ုပ်တို့ကို ရွေးနုတ်ဖို့ရန် ကျွန်ုပ်တို့ကိုယ်စား ပြုရမည့်အမှု အလုံးစုံကို ပြုတော်မူခဲ့၏။ ထို့ကြောင့်၊ ကယ်တင်ခြင်းခံရဖို့ရန် ကျွန်တော်တို့သည် ယေရှုကို ယုံကြည်ဖို့ဘဲ လိုပါသည်။

**ဆင်ခြင်ရန်** - ကျွန်တော် ဒုတိယမွေးခြင်း ခံရပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ယေရှုသည် အကျွန်ုပ်ကို ကယ်တင်တော်မူပါစေသော။



သောကြာ၊ ဇွန် (၆)

**မသဲ ၁၀း၁-၁၁း၁**

ဒေ ၄း၉-၁၀

*"တကျိပ်နှစ်ပါးသော တပည့်တော်တို့ကို ခေါ်တော်မူပြီးမှ၊ . . . နှစ်ယောက်စီ နှစ်ယောက်စီ စေလွှတ်တော်မူ၍"*

## တကျိပ်နှစ်ပါးသော တပည့်တော်တို့ကို ပို့ချသင်ပေးခြင်း (၁)

ယေရှု၏ လေးနှစ်တာ လူထုအကြား အမှုတော်ဆောင်ခြင်းတွင်၊ ယခုမှာ နှစ်နှစ် လောက်ကြာမြင့်ခဲ့ပြီးဖြစ်ပါသည်။ "တယောက်တည်းထက် နှစ်ယောက် သာ၍ ကောင်း၏" (ဒေ ၄း၉-၁၀) ဟူသော တရားအတိုင်း၊ ယေရှုသည် မိမိတပည့်တော်များကို နှစ်ယောက် တတွဲဖြင့် စေလွှတ်ခဲ့ပါသည်။ အမှုတော်မြတ်၌ အဖော်ရှိခြင်းသည် အလွန်အကျိုးရှိပါသည်။ တကျိပ်နှစ်ပါးအဖွဲ့သည် ယခုတွင် အဖွဲ့ ခြောက်ဖွဲ့ဖြစ်လာခဲ့ပါသည်။ ပို၍ ကျယ်ပြန့်စွာ အမှုတော်ဆောင် နိုင်ကြပါလိမ့်မည်။ စပါးရိတ်စရာ များစွာ ရှိခဲ့၏။ ထို့ကြောင့် မိမိတပည့်တော်များ ပို၍ ကြိုးစားအားထုတ်လျက် အမှုတော်ဆောင်ရမည့် အချိန်ဖြစ်ပါသည်။

ထိုသို့ အမှုတော်ဆောင်စဉ် တပည့်တော်တို့အား ဘုရားသခင်ကို ကိုးစား စေလိုခဲ့ပါသည်။ ထို့ကြောင့်၊ စေလွှတ်တော်မူသောအခါ လိုအပ်သောအရာ အနည်းငယ်သာ ယူဆောင်ခွင့် ပြုခဲ့ပါသည် (မာကု ၆း၈-၉)။ ပေါ့ပါးစွာ ခရီးသွား စေတော်မူ၏။ လိုအပ်သောအရာအတွက်၊ သူတို့သည် ကြိုးစားဆုတောင်းကြရမည်ဖြစ်ပါသည်။ နေ့စဉ် အစားအသောက်အတွက် ဘုရားသခင်ထံ တောင်းလျှောက်ကြရမည်ဖြစ်၏။ လမ်းခရီးတိုင်း၌ ဘုရားသခင် အတူရှိတော်မူကြောင်း သူတို့သည် လက်တွေ့ခံစားလျက် ဝမ်းမြောက်ခြင်း ရှိကြမည်ဖြစ်ပါသည်။ သတင်းကောင်း ကြားနာလိုသောသူများ အားဖြင့် ဘုရားသခင်သည် သူတို့ကို ကျွေးမွေးတော်မူ၏။ မိမိတို့အိမ်သို့ ဖိတ်ခေါ်သောသူများ ထံသို့ ဝင်ဖို့ရန် တပည့်တော်များအား ယေရှု မှာထားတော်မူခဲ့ပါသည်။ လိုအပ်သောအရာအားလုံးအတွက် ဘုရားသခင်ကို ယုံကြည် ကိုးစားသောအခါ၊ အမှုတော်ဆောင်ခြင်းသည် အလွန် စိတ်ဝင်စားစရာ ကောင်းလာခဲ့ပါသည်။ ဘုရားသခင်၏အလိုတော်ကို ပြု၍ ပြတော်မူသောလမ်းသို့ လိုက်လျှောက်သောအခါ၊ ဘုရားသခင်၏အစေခံကျွန်တို့အဘို့ နှစ်သက်စရာ မကောင်းသော၊ ခက်ခဲသော အခြေအနေပင်လျှင် ကောင်းသောအကျိုးကို ဖြစ်စေပါသည်။

တပည့်တော်များအား ယေရှုက ဝန်ပေါ့စွာ ခရီးထွက်စေခြင်း အခြား အကြောင်းရင်းကို Calvin က ဤသို့ ရှင်းပြခဲ့ပါသည် - "ခရီးကို နှောင့်နှေးစေမည့် ခရီးဆောင်အိတ်ကို ယူမသွားဖို့ သူတို့အား ယေရှု မှာထားခဲ့ပါသည်။" ထိုအိတ် မပါဘဲ ခရီးသွားသောအခါ၊ သူတို့သည် ပိုလျင်မြန်စွာ သွားနိုင်လျက် အမှုတော်ကို ပိုမြန်ဆန်စွာ ဆောင်ရွက်နိုင်မည်အဖြစ်ပါသည်။ အဓိက သင်ခန်းစာမူကား၊ ကျွန်တော်တို့သည် သတင်းကောင်း ဟောပြောခြင်းအမှု၌ နှောင့်နှေးလျက် အချိန် မဖြုန်းရပါ။ ထိုအမှုတော်ကို ကြိုးစားအားထုတ်လျက် လျင်မြန်စွာ ဆောင်ရွက်ရပါမည်။ သတင်းကောင်း ဟောပြောခြင်း အမှုတော်မြတ် လမ်းခရီး၌ အမြန်နှုန်း တားမြစ်ချက် မရှိပါ။ မြန်လေ ကောင်းလေ ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - သင်းအုပ်ဆရာ၏အမှုတော်သည် အလုပ်တာဝန် မဟုတ်၊ ဘုရားသခင် ခေါ်တော်မူခြင်းဖြစ်ပါသည်။

**ဆုတောင်းချက်** - "ကျွန်ုပ်အား တစုံတယောက်သောသူအတွက် ယနေ့ ကောင်းကြီးမင်္ဂလာ ယူဆောင်သောသူ ဖြစ်စေတော်မူပါ။

ကြာသပတေး၊ ဇွန် (၅)
**မသဲ ၉း၃၂-၃၈**
မာကု ၆း၁-၆

*"လူအစုအဝေးတို့ကို မြင်တော်မူလျှင် သနားခြင်းစိတ် ရှိတော်မူ၏"*

## ယေရှုနှင့် မိမိ၏အံ့ဘွယ်နိမိတ်လက္ခဏာများ (၃)

ယေရှုသည် အမှုတော်ကို သေသေချာချာ ဆောင်ရွက်တော်မူခဲ့၏။ ဂါလိလဲပြည် တခုလုံး လူတိုင်းထံသို့ မောပန်းခြင်း မရှိဘဲ ကြိုးစား အမှုတော်ဆောင်ခဲ့ပါသည်။ မြို့ရွာတိုင်း၌ တကြိမ်သာ တရား မဟောဘဲ၊ ထိုမြို့ရွာများသို့ ပြန်လည် အကြည့်အရှုသွားတော်မူကြောင်း မသဲ ဖော်ပြခဲ့ပါသည်။ သတင်းကောင်း ဟောပြောဖို့ရန်နှင့် အနာငြိမ်းစေဖို့ရန် အကြိမ်ကြိမ် ပြန်သွားလျက် အမှုတော် ဆောင်တော်မူခဲ့ပါသည်။ ယနေ့ခေတ် များစွာတွေ့ရသော ခရီးသွား ဧဝံဂေလိပြုခြင်း (touristic evangelism) ကဲ့သို့ ယေရှု ပြုတော် မမူခဲ့ပါ။ ယနေ့ အချို့သော ဧဝံဂေလိဆရာများတို့သည် သတင်းကောင်း ဟောပြောခြင်းအမှုထက် လေ့လာရေး ခရီးအတွက် ပို၍ အချိန်ပေးတတ်ကြ၏။ ကောင်းကြီးမင်္ဂလာ သယ်ဆောင်မည့်သူ ဖြစ်ရမည့်အစား၊ အသင်းတော်အတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်လာခဲ့ကြ၏။

ယေရှုသည် အမှုတော်ဆောင်သောအခါ၊ လူတို့အပေါ် သနားကြင်နာခြင်း ရှိတော်မူ၏။ သိုးထိန်းမရှိသော သိုးများကဲ့သို့ လမ်းပျောက်လျက်ရှိကြကြောင်း ယေရှု ခိုင်းနှိုင်းခဲ့ပါသည်။ သူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဝတ်မွတ်ခြင်း ရှိခဲ့ကြသော်လည်း၊ ထိုနှုတ်ကပတ်တော် တိုက်ကျွေး မည့် ကောင်းသော သင်းအုပ်ဆရာများ မရှိခဲ့ပါ။ ဝိညာဉ်ရေးရာ၌ အားနည်းခဲ့ကြသောကြောင့်၊ မာရ်နတ်၏ တိုက်ခိုက်မှုနှင့် မှားယွင်းသော ဆရာများ၏ လမ်းလွဲသင်ကြားမှုအလယ်၌ လဲကျဖို့ အလွန် အန္တရာယ်များလှပါသည်။ စစ်မှန်သော သင်းအုပ်ဆရာနှင့် စစ်မှန်သော ဆရာ လိုအပ်မှု အလွန် ကြီးမားလှပါသည်။ ယနေ့၌လည်း ထိုလိုအပ်ချက်သည် အတူတူပင် ဖြစ်ပါသည်။ "စပါး ရိတ်စရာများစွာရှိ၏။ ရိတ်သောသူတို့သည် နည်းကြ၏။ ထိုကြောင့် လုပ်ဆောင်သောသူတို့ကို စပါးရိတ်စေခြင်းငှါ စေလွှတ်တော်မူမည်အကြောင်း၊ စပါးရှင်ကို ဆုတောင်းကြလော့ဟု တပည့်တော် တို့အား မိန့်တော်မူ၏။"

ယေရှုသည် ကိုယ်ချင်းစာတရား ရှိတော်မူ၏။ လူတို့၏ ပြဿနာကို သိတော်မူလျက်၊ သူတို့ နှင့်အတူ ခံစားပြီး၊ ချစ်ခြင်းမေတ္တာဖြင့် အကြံပေးတော်မူ၍ မစတော်မူခဲ့၏။ သူတို့၏ အခက်အခဲကို နားလည်ပေးတော်မူ၏။ လူတို့ ခံစားရသော ဝေဒနာမျိုးကို ကိုယ်တိုင် ခံစားခဲ့ပါသည်။ သို့သော်လည်း၊ အပြစ် ကင်းစင်တော်မူ၏။ "ငါတို့ ယဇ်ပုရောဟိတ်မင်းသည် ငါတို့ခံရသော ဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူ မဟုတ်။ ငါတို့ ခံရသည်နည်းတူ၊ အမျိုးမျိုးသော စုံစမ်းနှောင့်ရှက်ခြင်းတို့ကို ခံဘူးသောသူ ဖြစ်တော်မူ ၏။ သို့ရာတွင်၊ ဒုစရိုက်အပြစ်နှင့် ကင်းလွတ်တော်မူ၏။ ထိုကြောင့်၊ ငါတို့သည် အနားခြင်း ကရုဏာ ကိုရင်း၊ တော်လျော်သော မစခြင်းကျေးဇူးတော်ကိုရင်း ခံရမည်အကြောင်း၊ ရဲရင့်သောစိတ်နှင့် ကျေးဇူး ပလ္လင်တော်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့" (ဟေဗြဲ ၄း၁၅-၁၆)။

**ဆင်ခြင်ရန်** - "ယေရှုသည် ကျွန်ုပ်ကို ချစ်တော်မူသောကြောင့် ဝမ်းမြောက်ခြင်းရှိပါသည်။"
**ဆုတောင်းချက်** - "ကျွန်ုပ်ကို ဦးစွာချစ်တော်မူသောကြောင့်၊ ယေရှုကို ကျွန်တော်ချစ်ပါ၏။"



တနင်္ဂနွေ၊ ဧပြီ (၂၇)
**ယော ၃း၂၂-၃၆**
သု ၁၈း၁၂

*"ထိုသခင်သည် တိုးပွားခြင်း ရှိရမည်။ ငါမူကား ဆုတ်ယုတ်ခြင်း ရှိရမည်"*

## ကျွန်တော် မဟုတ်ဘဲ၊ ခရစ်တော် သာလျှင်

ယောဟန် ၃း၂၂ ထဲတွင်၊ ယေရှုက ဗတ္တိဇံပေးသည်ဟု ဆိုပါသည်။ သို့သော်လည်း၊ ယော ၄း၂ ထဲတွင်၊ ယေရှုကိုယ်တိုင် မပေးဘဲ၊ မိမိကိုယ်စား တပည့်တော်များက ဗတ္တိဇံ ပေးခဲ့ကြောင်း ရှင်းပြခဲ့ပါသည်။ ထိုသို့ တပည့်တော်များကို မိမိကုယ်စာ ဗတ္တိဇံပေးစေခြင်းက ယေရှုသည် ယောဟန် ထက် ပိုကြီးမြတ်ကြောင်း ဖော်ပြလျက်ရှိပါသည်။ ဆိုလိုသည်မှာ၊ ယောဟန်သည် ယေရှု လက်အောက် ၌ ဗတ္တိဇံကို ပေးသော အခြား တပည့်တော်များနှင့် အတူတူပင်ဖြစ်ပါသည်။ မိမိထံလာသောသူများကို ဗတ္တိဇံပေးခြင်းက ရေဗတ္တိဇံမင်္ဂလာ၏ အရေးပါမှုကို ဖော်ပြပါသည်။ သို့သော်လည်း၊ ရေဗတ္တိဇံသည် နာခံခြင်းအတွက် လိုအပ်သောအရာ ဖြစ်သော်လည်း၊ ကယ်တင်ခြင်းအတွက် မဖြစ်မနေ လိုအပ်သော အရာ မဟုတ်ကြောင်း မှတ်ထားဖို့ လိုအပ်ပါသည်။ ဗတ္တိဇံက လူကို ကယ်တင်ခြင်း မပေးပါ။ ရေ၌ တန်ခိုး မရှိပါ။ ရေသည် သန့်ရှင်းစေတော်မူသော ဘုရားသခင်၏ နှုတ်ကပတ်တော် တန်ခိုး (ယော ၁၅း၃) နှင့် ခရစ်တော်၏အသွေးတော်၏တန်ခိုးကို (၁ ယော ၁း၇) ပုံဆောင်ခြင်းဖြစ်ပါသည်။ တန်ခိုးတော်သည် နှုတ်ကပတ်တော်နှင့်အသွေးတော်၌ တည်ပါ၏။

ယောဟန်သည် အလွန် စိတ်နှိမ့်ချသောသူဖြစ်ပါသည်။ ဗတ္တိဇံမင်္ဂလာ ခံဖို့ရန် မိမိထံ မလာဘဲ၊ ယေရှုထံ လူများစွာ လာကြသောကြောင့် သူသည် ဝမ်းမြောက်ခြင်းရှိ၏။ မိမိသခင်နှင့် မိမိ၏ ပတ်သက်ဆက်နွယ်မှု၌ ယောဟန်သည် မိမိ၏အခြေအနေကို သိခဲ့ပါသည်။ မိမိ၏အမှုတော် သည် ဘုရားသခင်ထံမှ ဖြစ်ကြောင်း သိ၏။ ထို့ပြင် အောင်မြင်မှုသည်လည်း ဘုရားသခင်ထံမှ ဖြစ်ကြောင်း သိခဲ့ပါသည်။ ထို့ကြောင့် ဘာမှ ဝါကြွားစရာ မရှိပါ။ ဘုရားသခင်သာလျှင် ဘုန်းအသရေ အပေါင်း ခံထိုက်တော်မူ၏။ ယောဟန်က မိမိသည် ခရစ်တော် မဟုတ်ကြောင်း၊ ရှေးပြေးသာ ဖြစ်ကြောင်း လူတို့အား ပြောပြခဲ့ပါသည်။ ခရစ်တော်သည် မင်္ဂလာဆောင်လုလင် ဖြစ်တော်မူ၏။ သတို့သမီးတည်းဟူသော အသင်းတော်သည်လည်း ခရစ်တော် အပိုင်ဖြစ်တော်မူ၏ (၂ ကော ၁၁း၂)။ ယောဟန်သည် "မင်္ဂလာဆောင်လုလင်၏ . . . အဆွေခင်ပွန်း" ဖြစ်ပါသည်။ မင်္ဂဆောင်ပွဲ၌ အဓိက ပုဂ္ဂိုလ်သည် အရံ မဟုတ်၊ သတို့သားပင်ဖြစ်ပါသည်။ အရံသည် သတို့သားကို မစဖို့ရန်ဖြစ်ပါသည်။ ထို့ကြောင့် ယောဟန်က၊ "*ထိုသခင်သည် တိုးပွားခြင်း ရှိရမည်။ ငါမူကား ဆုတ်ယုတ်ခြင်း ရှိရမည်*" ဟု ဆိုခဲ့ပါသည်။ သတင်းကောင်းအမှုတော် ဆောင်သောသူတိုင်း၏ စိတ်သဘောထားသည် ထိုသို့ ဖြစ်ရပါမည်။ ယောဟန်သည် ယေရှု၏အကြောင်းကို မှန်ကန်စွာ လူတို့ထံ ဟောပြောခြင်းဖြင့် ယေရှု ကို ချီးမြှောက်ခဲ့ပါသည်။ ယေရှုသည် ဘုရားသခင် ဖြစ်တော်မူ၏။ ကောင်းကင်မှ ကြွလာတော်မူ၏။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို တန်ခိုးအာဏာအားဖြင့် ဟောပြောတော်မူ၏။ သူသည် ဝိညာဉ်တော်နှင့် အကန့်အသတ်မရှိ ပြည့်ဝတော်မူ၏။ ခမည်းတော်သည် သူ့ကို ချစ်တော်မူလျက်၊ လက်တော်သို့ အလုံးစုံ အပ်တော်မူ၏။ လူအပေါင်းတို့သည် ယေရှုထံ မိမိပြုသောအမှုကို တင်ပြ ရကြလိမ့်မည်။ သူသည် ကယ်တင်ရှင်နှင့် တရားသူကြီး ဖြစ်တော်မူ၏။

**ဆင်ခြင်ရန်** - "နာခံခြင်းသည် စိတ်နှိမ့်ချခြင်း၏သခင်မ ဖြစ်ပါသည်" (Calvin)။
**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်ကို စိတ်နှိမ့်ချသောသူဖြစ်စေတော်မူပါ။

တနင်္လာ၊ ဧပြီ (၂၈)
**ယော ၄း၁-၂၆**
ဆာလံ ၄၂

*"ထိုသူသည်လည်း အသက်ရေကို ပေးလိမ့်မည်"*

## ယေရှု - အသက်ရေ

ယုဒလူများနှင့် ရှမာရိလူတို့သည် ရန်သူများဖြစ်ကြပါသည်။ ထိုအချက်ကို ယေရှုက သောက်စရာရေ တောင်းသောအချိန်၌ ရှမာရိ မိန်းမ၏ တုန့်ပြန်မှု၌ တွေ့ရပါသည် - "သင်သည် ယုဒလူဖြစ်လျက်ပင်၊ ရှမာရိ မိန်းမဖြစ်သော အကျွန်ုပ်ကို အဘယ်ကြောင့် သောက်ဘို့ တောင်းသနည်း ဟုဆို၏။ ဆိုသည် အကြောင်းကား၊ ယုဒလူတို့သည် ရှမာရိလူတို့နှင့် ပေါင်းဘော်ခြင်း မရှိ။" ဤ ယုဒလူနှင့် ရှမာရိလူများ မုန်းတီးခြင်းသည် အာရှုရိက ၇၂၁ ဘီစီတွင် မြောက်ပိုင်း ဣဇရေး ပြည် ဖျက်ဆီးပြီးမှ ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ အာရှုရိလူများသည် ထိုပြည်၌ အခြားပြည်မှ စစ်သုံ့ပန်းများကို နေရာချလျက် နေထိုင်စေခဲ့ကြပါသည် (၄ ရာ ၁၇း၂၄)။ ဣသရေလလူအားလုံးကို အာရှုရိလူများက မဖမ်းဆီးခဲ့ဘဲ၊ အချို့ ကျန်နေခဲ့ကြ၏။ ထို ဣသရေလလူများနှင့် တပါးအမျိုးသား များ ရောနှော ထိမ်းမြားခြင်းဖြင့် ရှမာရိလူမျိုး ပေါ်ပေါက်လာခဲ့ပါသည်။

ရှမာရိ မိန်းမသည် ယုဒလူ ယေရှုအား သောက်ရေ ပေးဖို့ရန် တွန့်တိုခဲ့ပါသည်။ သို့သော် လည်း၊ ယေရှုက မိမိ မည်သူဖြစ်ကြောင်းကို အမှန်သိခဲ့ပါလျှင် မိမိပေးတော်မူနိုင်သော အသက်ရေကို မိမိထံမှ တောင်းလိမ့်မည်ဖြစ်၍ မိမိကလည်း ထိုအသက်ရေကို လိုလိုလားလား ပေးတော်မူမည် အကြောင်း ထိုမိန်းမအား မိန့်တော်မူ၏။ ယေရှု ပေးမည့် ရေထက် ယာကုပ်ရေတွင်းမှ ရေသည် ပိုကောင်းကြောင်း ထိုမန်းမ ဆိုသောအခါ၊ သခင် ယေရှုက၊ "ဤရေကို သောက်သောသူသည် နောက်တဖန် ရေငတ်ဦးမည်။ ငါပေးသော ရေကို သောက်သော သူမူကား၊ ရေငတ်ခြင်းနှင့် အစဉ် မပြတ် ကင်းလွတ်လိမ့်မည်။ ငါပေးသောရေသည် ထိုသူ၌ ထာဝရအသက်ရှင်ခြင်းအလို့ငှါ ထွက် သော စမ်းရေ ဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။" ထိုမိန်းမက ယေရှု၌ မျက်လှည့်နှင့်ဆိုင်သော ရေ ရှိသည်ဟု ထင်မှတ်လျက်၊ ရေတွင်း၌ လာခပ်စရာ မလိုအောင် ထိုရေကို မိမိအား ပေးဖို့ရန် တောင်း ခဲ့ပါသည်။ ထိုမိန်းမသည် ယေရှု၏စကားကို သဘော မပေါက်၊ မိမိ အမှန် လိုအပ်သောအရာကို မသိခဲ့ပါ။ ထို့ကြောင့်၊ ယေရှုက ထိုမိန်းမအား မိမိလင်ကို ခေါ်လာဖို့ရန် မိန့်တော်မူ၏။ မိမိ၌ လင် မရှိဟု မုသာပြောခဲ့ပါသည်။ ယေရှုက မိမိအလုံးစုံ သိတော်မူသော ဉာဏ်ကို ဖော်ပြလျက်၊ ထိုမိန်းမ၌ လင် တဦးတည်း မရှိ၊ ငါးဦး ရှိကြောင်း မိန့်တော်မူ၏။ ထိုအခါ၊ ထိုမိန်းမက၊ ယေရှုသည် သာမန် လူ မဟုတ်ကြောင်း သိသဖြင့်၊ "သခင်၊ ကိုယ်တော်သည် ပရောဖက်ဖြစ်သည်ကို အကျွန်ုပ် ရိပ်မိပါ၏။ . . . မေရှိ ကြွလာတော်မူ သည်ဟု အကျွန်ုပ်သိပါ၏။ ရောက်တော်မူသောအခါ အကျွန်ုပ်တို့အား အလုံးစုံတို့ကို ဘော်ပြတော်မူမည်" ဟု ဆိုခဲ့ပါသည်။ မောရှေ၏ ပရောဖက်ပြုချက်၊ တရား ၁၈း၁၅ ကို အခြေခံလျက်၊ ရှမာရိလူတို့သည်လည်း မေရှိယ ကြွလာတော်မူမည်ကို စောင့်စားခဲ့ကြ၏။ ယေရှုသည် မိမိကိုယ်ကို ဘော်ပြလျက်၊ "သင်နှင့် စကားပြောသော ငါသည် မေရှိပင်ဖြစ်သည်" ဟုမိန့်တော်မူ၏။

**ဆင်ခြင်ရန်** - ယေရှုသည် ဘယ်တော့မှ ခန်းခြောက်ခြင်း မရှိသော ယာကုတ်၏ စစ်မှန်သော ရေတွင်းဖြစ်တော်မူ၏။

**ဆုတောင်းချက်** - "အသက်ရှင်တော်မူသော အကျွန်ုပ်၏ ဘုရားသခင်၊ အကျွန်ုပ် ဝိညာဉ်သည် ကိုယ်တော်ကို အလွန် တောင့်တခြင်း ရှိပါသည်။"



ဗုဒ္ဓဟူး၊ ဇွန် (၄)
**မသဲ ၉း၁၈-၃၄**
မာကု ၅း၂၂-၄၃

*"ဤအမှုကို ငါတတ်နိုင်သည်ကို ယုံသလော"*

## ယေရှုနှင့် မိမိ၏အံ့ဘွယ်နိမိတ်လက္ခဏာများ (၂)

ယနေ့ ကျမ်းပိုဒ်တွင်၊ ယေရှုက အံ့ဘွယ်အမှု ၄ ခုပြုတော်မူခဲ့ပါသည်။ ပထမဆုံး၊ ကုသ၍ မရသော ရောဂါစွဲသည့် မိန်းမအား အနာငြိမ်းစေ၏။ ဒုတိယ၊ မိန်းမငယ်ကို သေခြင်းမှ ထမြောက် စေတော်မူ၏။ တတိယ၊ မျက်ကန်း နှစ်ဦးကို မျက်စိပွင့်စေတော်မူ၏။ နောက်ဆုံးတွင်၊ အသောသူထံမှ နတ်ဆိုးကို နှင်ထုတ်တော်မူခဲ့ပါသည်။

မိန်းမတယောက်သည် သွေးသွန်ခြင်း အနာကို ခံစားခဲ့ပါသည်။ မိမိ၌ ရှိသမျှသောငွေကို အသုံးပြုခဲ့သော်လည်း အနာ မပျောက်နိုင်ပါ။ ယေရှုသည် သူ၏ နောက်ဆုံးမျှော်လင့်ချက် ဖြစ်ခဲ့၏။ ထိုသို့ သခင်ယေရှုကို ချဉ်းကပ်ခဲ့ပါသည်။ ထိုမိန်းမ၌ ကြီးမားသော ယုံကြည်ခြင်း ရှိခဲ့ပါသည်။ ယေရှု၏ အဝတ်တော်ကို တို့ထိရုံမျှဖြင့် မိမိ၏ရောဂါ လုံးဝ ပျောက်ကင်းမည်ဟု ယုံကြည်ခဲ့၏။ ထိုသို့ ဝတ်ရုံတော်ကို တို့ထိသောအခါ ယေရှုထံမှ တန်ခိုး အမှန်တကယ် ထွက်ခဲ့ပါသည်။ ထိုမိန်းမ၏ သွေးသွန်ခြင်း ရောဂါသည် ချက်ချင်း ပျောက်ကင်းခဲ့ပါသည်။

ယာဣရု၏သမီးငယ်သည် သေဆုံးခဲ့ပါသည်။ ထိုအခါ၊ ယေရှုက အာရာမိတ် စကားဖြင့်၊ "တလိသကုမိ" အနက်ကား၊ "မိန်းမငယ်၊ ထလော့ ငါဆို" ကား သေခြင်းမှ ပြန်လည် ထမြောက် စေတော်မူခဲ့၏။ ဘုရားသခင် နှုတ်ကပတ်တော်၏ တန်ခိုးတော်နှင့် ယေရှု၏ အနန္တတန်ခိုးတော်ကို ထပ်၍ မြင်တွေ့ရပါသည်။ ကျွန်တော်တို့ကိုလည်း တနေ့နေ့တွင် ထိုသို့ သေခြင်းမှ ထမြောက်စေ တော်မူလိမ့်မည်။

ထို့ပြင် ယေရှုက မျက်ကန်းနှစ်ဦးကို မျက်စိပွင့်လင်းစေကြောင်း တွေ့ရပါသည်။ ယေရှု လက်တော်၏ တို့ထိခြင်းဖြင့် သူတို့၏မျက်စိသည် ပွင့်လင်းလျက် မြင်ရသောအခွင့် ရခဲ့ကြ၏။

ထိုမျက်ကန်းနှစ်ဦးသည် ယုံကြည်ခြင်းကြောင့် ခန္ဓာကိုယ်နှင့်ဆိုင်သော ကျန်းမာခြင်းကိုရင်း၊ ဝိညာဉ်နှင့်ဆိုင်သော ကျန်းမာခြင်းကိုရင်း ခံခဲ့ရပါသည်။ သူတို့၏မျက်စိ ကန်းခဲ့သော်လည်း၊ ဝိညာဉ် မျက်စိသည် မကန်းခဲ့ကြပါ။ ယေရှုသည် ဒါဝိတ်၏သားတော် မေရှိယ ဖြစ်တော်မူကြောင်း သိမြင် ခဲ့ပါသည် (နှိုင်း - ၂ ရာ ၇း၁၂-၁၄)။ မျက်စိအားဖြင့် မဟုတ်ဘဲ၊ နားကြားခြင်း အားဖြင့် သိမြင်ခဲ့၏။ ယေရှု၏ သွန်သင်ချက်ကို ကြားခဲ့ကြ၏။ ပြုတော်မူသော အံ့ဘွယ်အမှုအကြောင်းကို ကြားခဲ့ကြပြီး၊ ယုံကြည်ခဲ့ကြ၏။ ဤလောကီလူသားတို့မူကား၊ "မြင်မှဘဲ ယုံမည်" ဟု ဆိုတတ်ကြပါသည်။ သို့သော်လည်း၊ ကျမ်းစာကမူ၊ မြင်ရမည်အကြောင်း ယုံကြည်ခြင်း ရှိလော့ဟု ဆိုပါသည် (ရောမ ၁၀း၁၇၊ ယော ၂၀း၂၉)။

အသောသူမှ နတ်ဆိုးနှင်ထုတ်ခြင်းအမှုအားဖြင့်၊ နတ်ဆိုးစွဲခြင်းက ခန္ဓာကိုယ် ပြဿနာ၊ ဒုက္ခိတကို ဖြစ်စေနိုင်ကြောင်း သိမှတ်ရပါသည်။ ထိုနတ်ဆိုးကို ယေရှု နှင်ထုတ်သောအခါ၊ သူသည် စကားပြော လာနိုင်ခဲ့ပါသည်။ ဖြစ်ပျက်သောအမှုကြောင့် လူတို့သည် အံ့သြခြင်းရှိကြ၏။ ထိုသို့သော အမှုကို အရင်၌ မမြင်ခဲ့ကြပါ။ ဆေးဆရာများတို့သည် ဘာမှ မတတ်နိုင်ခဲ့ကြပါ။ ယုဒ နတ်ဆရာများ ကလည်း ဘာမှ မတတ်နိုင်ခဲ့ကြပါ။ သို့သော်လည်း၊ ယေရှုက သူ့ကို ကယ်နှုတ်တော်မူခဲ့၏။ အံ့ဘွယ် အမှု အစစ်အမှန် ဖြစ်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ယုံကြည်ဖို့ရန် မြင်ရသည် မဟုတ်။ မြင်ရမည်အကြောင်း ယုံကြည်ခဲ့ကြ၏။

**ဆုတောင်းချက်** - အဖဘုရား၊ အမြင်အားဖြင့် မဟုတ်ဘဲ၊ ယုံကြည်ခြင်းဖြင့် အသက်ရှင်မည် အကြောင်း မစတော်မူပါ။

**မာကု ၄း၃၅-၅း၂၁**

ယေဇ ၂၈း၁၂-၁၆

*"လေနှင့်ပင်လယ်သည် သူ၏စကားကို နားထောင်ပါသည်တကား"*

## ယေရှုနှင့် မိမိ၏အံ့ဘွယ်နိမိတ်လက္ခဏာများ (၁)

ယေရှု ပြုတော်မူသော အံ့ဘွယ်နိမိတ်လက္ခဏာများက သူသည် ဂတိတော်နှင့်ဆိုင်သော ယုဒလူများ၏ မေရှိယဖြစ်ကြောင်း၊ လောကီလူတို့၏ ကယ်တင်ရှင်ဖြစ်ကြောင်း သက်သေပြလျက်ရှိပါသည်။ ထိုနိမိတ်လက္ခဏာတို့က တရာမှာတရာ ဘုရားဖြစ်တော်မူသော ယေရှုသည် အပြစ်သားများနှင့် သန့်ရှင်းသော ဘုရားသခင် ပြန်လည်သင့်မြတ်ဖို့ရန် တရာမှာတရာ လူ့ဇာတိခံလာခဲ့ကြောင်း သက်သေပြတော်မူ၏။

မုန်တိုင်း ငြိမ်သက်စေတော်မူခြင်းအားဖြင့်၊ ယေရှုသည် သဘာဝတရားအပေါ် တန်ခိုးရှိတော်မူကြောင်း ပြသတော်မူ၏။ လူတို့သည် သဘာဝတရား၏ ကရုဏာလက်တော်အောက်၌ ရှိခဲ့ကြပါသည်။ ဘယ်သူမှ လေဆင်နှမောင်း၊ ဟာရီကိန်း၊ ငလျင် စသည်တို့ကို မဆီးတားနိုင်ပါ။ ဘုရားသခင်ကသာလျှင် ဆီးတားတော်မူနိုင်၏။ မုန်တိုင်းကို ငြိမ်သက်စေဖို့ရန် ယေရှု၌ အဆင့်မြင့်သော စက်ပစ္စည်း လိုအပ်တော် မမူ။ နှုတ်ထွက် စကားသည် လုံလောက်လျက်ရှိပါသည်။ စကြဝဠာတခုလုံးကို ဖန်ဆင်းတော်မူသော ထိုတန်ခိုးကြီးသော နှုတ်ကပတ်တော်သည် မုန်တိုင်းကို ငြိမ်သက်စေဖို့ရန် အမှန် လုံလောက်လျက် ရှိပါသည်။ ယေရှုသည် လေနှင့်ပင်လယ်လှိုင်းတို့ကို ဆုံးမတော်မူသောအခါ၊ ချက်ချင်း နာခံခဲ့ကြပါသည်။ ထိုအခါ၊ လေပြည် တောင် မရှိတော့ဘဲ၊ "အလွန် သာယာလေ၏။"

ဂါဒရပြည်မှ နတ်ဆိုးစွဲသောသူအား လွတ်မြောက်စေခြင်းအားဖြင့်၊ ယေရှုသည် နတ်ဆိုးများအပေါ်၌လည်း တန်ခိုးအာဏာရှိတော်မူကြောင်း ပြသတော်မူခဲ့ပါသည်။ နတ်ဆိုးများသည် နှင်ချခြင်းခံရသော ကောင်းကင်တမန်များဖြစ်ကြ၏။ ထိုကောင်းကင်တမန်တို့သည် ဘုရားသခင် ဆန့်ကျင်ခြင်း၌ ကောင်းကင်တမန်မင်း လူစီဖာ (Lucifer) နောက်ကို လိုက်ကြသောကြောင့်၊ နှင်ချခြင်း ခံရခြင်းဖြစ်ပါသည် (ဟေရှာ ၁၄း၁၂-၁၄၊ ယေဇ ၂၈း၁၂-၁၆၊ ဗျာ ၁၂း၉)။ ထိုသို့ နှင်ချခံရပြီးနောက်၊ လူစီဖာသည် မာရ်နတ် (သို့) စာတန် ဖြစ်လာခဲ့ပြီး၊ သူ့နောက်လိုက် ကောင်းကင်တမန်တို့သည် နတ်ဆိုးများ ဖြစ်လာခဲ့ပါသည်။

ဤအဖြစ်အပျက်တွင်၊ ဂါဒရပြည်မှ လူတဦးသည် များစွာသော နတ်ဆိုး စွဲခဲ့ပါသည်။ ထိုနတ်ဆိုးတို့သည် အဖွဲ့ ဖွဲ့ခဲ့ကြသည်ဟု ထင်မှတ်ရပါသည်၊ မိမိကိုယ်ကို "လေဂေါင်" ဟုနာမည်ပေး ခဲ့ကြ၏။ နတ်ဆိုးသည် တဦးဘဲ ဖြစ်ဖြစ်၊ များစွာသော နတ်ဆိုးဘဲ ဖြစ်ဖြစ် ယေရှုကို ဘယ်လိုမှ မနိုင် နိုင်ပါ။ ယေရှုသည် သူတို့အပေါ်၌ အဆုံးစွန် အာဏာရှိတော်မူ၏။ နတ်ဆိုးတို့သည် ယေရှုကို နာခံ ကြရပါမည်။ သူတို့သည် နာခံ ရုံသာမက၊ ယေရှုကို ပြပ်ဝပ်ကိုးကွယ်ခဲ့ကြပါသည်။ မှတ်သားလောက်သော အချက်ဖြစ်ပါသည်။ ထိုနတ်ဆိုးတို့သည် ဘုရားသခင်ကို မုန်းတီးခဲ့ကြသော်လည်း၊ အမှန် တွေ့ကြသောအခါ၊ ရှေ့တော်၌ ပြပ်ဝပ်ကိုးကွယ် ခဲ့ကြပါသည်။

နတ်ဆိုးတို့သည် ထွက်သွားဖို့ရန် အလိုရှိခဲ့ကြပါသည်။ ယေရှု၏ "ထွက်သွားလော့" ဟူသော စကားတခွန်းအားဖြင့်၊ နတ်ဆိုးတို့သည် ထွက်သွားခဲ့ကြပြီး၊ ထိုသူသည် ချက်ချင်း ကျန်းမာခဲ့ပါသည်။

**ဆင်ခြင်ရန်** - ခရစ်ယာန်သည် ဘယ်လိုမှ နတ်ဆိုးမစွဲနိုင်ပါ။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်၌ ကျိန်းဝပ်တော်မူသော သန့်ရှင်းသော ဝိညာဉ်တော်ကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါသည်။





**ယော ၄း၂၃-၄၂**

ဗျာ ၄း၈-၁၁

*"သင်တို့မသိသော စားစရာသည် ငါ၌ရှိသည်"*

## စစ်မှန်သော ကိုးကွယ်ခြင်း

ရှမာရိလူများသည် စစ်မှန်သော ကိုးကွယ်ခြင်းကို သွန်သင်ပေးတော်မူမည့် မေရှိယကို စောင့်မျှော် ခဲ့ကြပါသည်။ ထိုတရားကို ယေရှုက ရှမာရိ မိန်းမထံ အမှန်တကယ် မိန့်တော်မူခဲ့ပါသည်။ "ဘုရားသခင်သည် နံဝိညာဉ်ဖြစ်တော်မူ၏။ ဘုရားသခင်ကို ကိုးကွယ်သောသူတို့သည်၊ နံဝိညာဉ်နှင့်ဝှင်း၊ သစ္စာနှင့်ဝှင်း၊ ကိုးကွယ်ရမည်။" ဘုရားသခင်သည် "ဝိညာဉ်နှင့်ဝှင်း၊ သစ္စာနှင့်ဝှင်း" ကိုးကွယ်မည့် ကိုးကွယ်ခြင်းကို နှစ်သက်တော်မူ၏။ သမ္မာကျမ်းစာအရ ဘုရားသခင် လက်ခံတော်မူသော ကိုးကွယ်ခြင်းတွင် အောက်ပါအချက် လိုအပ်ပါသည် -

(၁) ဝိညာဉ်တော် - စစ်မှန်သော ကိုးကွယ်သူတို့သည် ဝိညာဉ်တော်အားဖြင့် ဒုတိယ မွေးဖွားခြင်း ခံလျက်၊ သန့်ရှင်းသော ဝိညာဉ်တော် ကျိန်းဝပ်သောသူ ဖြစ်ရပါမည် - "ရေနှင့်ဝိညာဉ်တော် မွေးသောသူ" (ယော ၃း၅)၊

(၂) သမ္မာတရား (သစ္စာ) - စစ်မှန်သော ကိုးကွယ်သူတို့သည် ဘုရားသခင်၏ သမ္မာတရားနှင့်အညီ ဘုရားသခင်ကို ကိုးကွယ်ကြရမည် - ကိုယ်တော်၏နှုတ်ကပတ်တော်သည် သမ္မာတရားဖြစ်တော်မူ၏ (ယော ၁၇း၁၇)။

ယေရှုသည် ဂတိတော်နှင့်ဆိုင်သော မေရှိယဖြစ်ကြောင်း သိစပြုသောအခါ၊ ထိုရှမာရိမိန်းမသည် သတင်းကောင်း ဟောပြောသောသူ ဖြစ်လာခဲ့ပါသည်။ သူသည် မြို့ထဲသို့ ဝင်လျက်၊ "လာ၍ ကြည့်ကြပါ။ ထိုသူသည် ခရစ်တော်မှန်လိမ့်မည်လော" ဟု လူတို့အား ပြောခဲ့ပါသည်။ ထိုအခါ၊ "ထိုမြို့၌နေသော ရှမာရိလူအများတို့သည် ယေရှုကို ယုံကြည်ကြ၏။" ရှမာရိလူများတို့သည် ယေရှုအား သူတို့ထံ တည်းဖို့ရန် ဖိတ်ခေါ် ခဲ့ကြသောကြောင့်၊ ယေရှုသည် သူတို့ထံ နှစ်ရက် လောက် တည်းခဲ့ပါသည်။ ထိုအချိန်၌ "အခြားသောသူ အများတို့သည် နှုတ်ကပတ်စကားတော်ကြောင့် ယုံကြည်" ကြ၏။ "ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်း ဘုရားသခင်၏ စကားတော်အားဖြင့် ဖြစ်၏" (ရောမ ၁၀း၁၇)။ ထိုမိန်းမကသာ ခရစ်တော်ကို ယုံကြည်သည် မဟုတ်၊ အခြားသူများလည်း ယုံကြည်ခဲ့ကြ၏။ ထိုသူတို့က၊ "ယခုဖြစ်လျှင်၊ ငါတို့သည် သင်၏စကားကြောင့်သာ ယုံကြည်သည် မဟုတ်။ စကားတော်ကို ကိုယ်တိုင်ကြားနာရ၍၊ ဤသူသည် လောကီသားတို့ကို ကယ်တင်တော်မူသော သခင် တည်းဟူသော ခရစ်တော် အမှန်စင်စစ် ဖြစ်တော်မူကြောင်းကို သိသည်ဟု ဆိုကြ၏။"

ရွေးနှုတ်ကယ်တင်ခြင်း အမှု ပြီးမြောက်အောင်မြင်ဖို့ရန်၊ ယေရှုက ခမည်းတော်၏ အလိုတော် နာခံရမည်အကြောင်း သိတော်မူ၏။ "ငါ့ကို စေလွှတ်တော်မူသော သူ၏အလိုတော်ကို ဆောင်ခြင်း၊ သူ၏အမှုတော်ကို ပြီးစီးခြင်းအမှုသည် ငါ့စားစရာဖြစ်၏" ဟု ယေရှု မိန့်တော်မူသည်။ ထို ခမည်းတော် ပေးတော်မူသော အမှုကို ပြီးစီး ဆောင်ရွက်ဖို့ရန် ယေရှုသည် စိတ်အားထက်သန်စွာ ဆောင်ရွက်ခဲ့ပါသည်။ ဘုရားသခင်၏နိုင်ငံတော်ထဲသို့ လူတို့ကို ပို့ဆောင်မည်အကြောင်း အစာငတ်ခံ ကြိုးစားလျက် အမှုတော် ဆောင်ခဲ့ပါသည်။ စုံလင်သော နာခံခြင်း ပေတည်း။

**ဆင်ခြင်ရန်** - "ကိုးကွယ်ခြင်းသည် မင်္ဂလာအပေါင်းတို့၏မိခင် ဖြစ်ပါသည်။"

**ဆုတောင်းချက်** - "သန့်ရှင်း၊ သန့်ရှင်း၊ သန့်ရှင်း၊ အို အနန္တတန်ခိုးရှင် ထာဝရဘုရား။"

ဗုဒ္ဓဟူး၊ ဧပြီ (၃၀)
**ယော ၄း၄၃-၅၄**
ရောမ ၁း၈-၁၆

*"သင်တို့သည် နိမိတ်လက္ခဏာနှင့် အံ့ဘွယ်သောအမှုတို့ကို မမြင်ရလျှင် ယုံခြင်းမရှိကြ"*

## ယုံကြည်ခြင်းအားဖြင့် လော၊ မြင်ခြင်းအားဖြင့် လော

ရှမာရိပြည်၌ ယေရှုက၊ "ယုဒလူတို့၌ ကယ်တင်ခြင်းအကြောင်းရှိ၏" ဟု မိန့်တော်မူခဲ့ပါသည်။ ပေါလုကလည်း ခရစ်တော်၏သတင်းကောင်းသည် "ရှေ့ဦးစွာ ယုဒလူ၊ နောက်၌ ဟေလသလူ၊ ယုံကြည်သမျှသော သူအပေါင်းတို့ကို ကယ်တင်စေသော ဘုရားသခင်၏ တန်ခိုးတော်ဖြစ်၏" (ရောမ ၁း၁၆) ဟုဆိုခဲ့ပါသည်။ ယေရှုသည် ပရောဖက်ဖြစ်တော်မူသည်အတိုင်း၊ မိမိလူတို့က ပစ်ပယ်ခဲ့ကြပါသည်။ သို့သော်လည်း၊ သတို့ထံ ဘုရားသခင် နိုင်ငံတော်၏ သတင်းကောင်းကို မပျက် မကွက် ဟောပြောတော်မူခဲ့ပါသည်။

ယခုအချိန်ထိ၊ ယေရှုသည် ဂါလိလဲပြည် ကာနမြို့၌ ရေကို စပျစ်ရည်သို့ ပြောင်းလဲစေတော်မူခြင်းမှ အပ အခြားသော အံ့ဘွယ်အမှု ပြုတော် မမူခဲ့ပါ (မှတ်တမ်း၌ မတွေ့ရပါ)။ ယခုတွင် ပြုတော်မူသော၊ မှတ်တမ်းတင်ခဲ့သော ဒုတိယ အံ့ဘွယ်အမှုကို ကျွန်တော်တို့ တွေ့ရပါသည်။ ယခုလည်း ကာနမြို့၌ပင် ဖြစ်ပါသည်။ "အမတ်" ဘုရင့်အမှုဆောင် တဦးသည် (ဟေရုဒ်နန်းတော်မှဟု ထင်ရပါသည်) မိမိသားကို မသေမည်အကြောင်း ကယ်တင်ပေးဖို့ရန် ယေရှုအား တောင်းလျှောက်ခဲ့ပါသည်။ သူက ယေရှုသည် အံ့ဘွယ်အမှုပြုတော်မူနိုင်ကြောင်း သိ၏။ ရေကို စပျစ်ရည် ဖြစ်စေတော်မူသော မင်္ဂလာဆောင်ပွဲတွင် သူ ပါဝင်ခဲ့ခြင်းလည်း ဖြစ်နိုင်ပါသည်။

ယေရှုက ထိုအမတ်အား၊ "သင်တို့သည် နိမိတ်လက္ခဏာနှင့် အံ့ဘွယ်သောအမှုတို့ကို မမြင်ရလျှင် ယုံခြင်း မရှိကြ" ဟုမိန့်တော်မူ၏။ သခင်ယေရှုက ထိုသူ၏စိတ်နှလုံးကို သိတော်မူ၏။ ထိုသူသည် အမှန် ယုံကြည်ခြင်း မရှိပါ။ သူ့သားကို ရှင်ပြန်ထမြောက်စေမှသာလျှင် ယုံကြည်လိမ့်မည်။ ယေရှု၏စကားသည် ထိုအမတ်တဦးတည်းကို ရည်ညွှန်းသည် မဟုတ်၊ ထိုမြို့သူသားအပေါင်းကို ဆိုလိုပါသည် (သင်တို့သည် ဟု ဆိုခဲ့ပါသည်)။ ထိုအမတ်သည် သခင်ယေရှု၏ဆုံးမစကားကို စိတ်နှိမ့်ချလျက် လက်ခံခဲ့ပါသည်။ ယေရှုအား သူ ပြန်လည် ချေပခြင်း မပြုခဲ့ပါ။ သူ့အကြောင်း ယေရှု ပြောကြားချက် မှန်ကန်ကြောင်း သူသိပါ၏။

ထိုအမတ်သည် မိမိသားကို ကျန်းမာစေဖို့ရန် မိမိအိမ်သို့ ယေရှု ကြွလာတော်မူအကြောင်း မျှော်လင့်ခဲ့ပါသည်။ သို့သော်လည်း၊ ယေရှုက "သင်၏သားသည် အသက်ချမ်းသာရပြီ" ဟုဆိုလျက်၊ သူ့ကို အိမ်ပြန်လွှတ်ခဲ့၏။ သူသည်လည်း ယေရှု၏စကားကို ယုံကြည်ပြီး ပြန်သွားခဲ့ပါသည်။ သူ၏ ယုံကြည်ခြင်း ရင့်ကျက်လာခဲ့ပါသည်။ အံ့ဘွယ်အမှု သူ မလိုအပ်တော့ပါ။ ယေရှု၏စကားကို ယုံကြည်ခဲ့ပါသည်။ ထိုသို့သော ယုံကြည်ခြင်းမျိုးကို မိမိလူတို့၌ ရှိမည်အကြောင်း ဘုရားသခင် လိုချင်ခဲ့ပါသည်။ "ငါ့ကို မမြင်ဘဲ ယုံသောသူတို့သည် မင်္ဂလာရှိကြ၏" (ယော ၂၀း၂၉)။ ထိုအချိန် အတိအကျတွင် အမတ်၏သားသည် ကျန်းမာခြင်း ရရှိခဲ့ပါသည်။

**ဆင်ခြင်ရန်** - ခရစ်တော်ကို ယုံကြည်ဖို့ရန် ကျွန်တော် အံ့ဘွယ်နိမိတ် လိုအပ်ပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ မြင်ခြင်းအားဖြင့် မဟုတ်ဘဲ၊ ယုံကြည်ခြင်းအားဖြင့် ယုံကြည်လိုပါ၏။



တနင်္လာ၊ ဇွန် (၂)
**မသဲ ၁၃း၄၄-၅၃**
ဖိလိ ၃း၇-၈

*"ကောင်းကင်နိုင်ငံတော်သည် ကောင်းသောမျိုးစေ့ကို လယ်၌ ကြဲသောသူနှင့်တူ၏"*

## ယေရှုနှင့် မိမိ၏ဥပမာစကားများ (၄)

ဝှက်ထားသော ဘဏ္ဍာ ဥပမာက ဘုရားသခင်၏နိုင်ငံတော်သည် ယေရှုခရစ်တော်၏ သတင်းကောင်း၌ တွေ့ရသော၊ အလွန်တန်ဖိုးကြီးလှသည့်အရာ ဖြစ်ကြောင်း ဖော်ပြလျက်ရှိပါသည်။ ထိုဘဏ္ဍာကို တွေ့သောသူသည် ထိုဘဏ္ဍာကို ပိုင်ဆိုင်ဖို့ရန် မိမိပိုင်ဆိုင်သောအရာအားလုံးကိုလည်း ရောင်းလိုခဲ့ပါသည်။ ပေါလု ကြုံတွေ့ရသောအရာဖြစ်ပါသည် (ဖိလိ ၃း၇-၈)။

အလွန် အဖိုးထိုက်သော ပုလဲ ဥပမာက နိုင်ငံတော် သတင်းကောင်းသည် တန်ဖိုးဖြတ်၍ မရသော၊ အလွန် တန်ဖိုးကြီးသောအရာ ဖြစ်ကြောင်း ဖော်ပြလျက်ရှိ၏။ ပုလဲကို စုဆောင်းသောသူက ကောင်းသော ပုလဲကို ရှာဖွေရင်း ထိုထူးခြားသော ပုလဲကို တွေ့သောအခါ ထိုပုလဲကို ဝတ်ဖို့ရန် သူ့၌ ရှိသောအခြားပုလဲအားလုံးကို ရောင်းခဲ့ပါသည်။ ထိုနည်းတူ၊ ယေရှုခရစ်တော်၏ သတင်းကောင်းသည် ဘယ်အရာနှင့်မျှ နှိုင်း၍ မရပါ။

ကောင်းသောငါးနှင့် မကောင်းသောငါး ဥပမာသည် စပါးနှံနှင့်တောမျိုးစေ့ ဥပမာနှင့် အတူတူပင် ဖြစ်ပါသည်။ မြင်နိုင်သော အသင်းတော်တွင် စစ်မှန်သော ယုံကြည်သူများနှင့် မှားယွင်းသော ယုံကြည်သူများ ရောနှောလျက်ရှိပါသည်။ သတင်းကောင်း ပိုက်ကွန်ကို ကျယ်ပြန့်စွာ ပစ်ချရပါမည်။ ထိုအခါ လူအမျိုးမျိုး၊ စစ်မှန်သောသူ၊ မစစ်မှန်သောသူ စသဖြင့် ဖမ်းမိပါလိမ့်မည်။ အသင်းတော်၌ တွေ့ရသော လူအချို့သည် ခရစ်တော်ကြောင့် ရောက်လာကြခြင်း မဟုတ်ဘဲ၊ အခြားအကြောင်းကြောင့် ရောက်လာကြခြင်း ဖြစ်ပါသည်။ နောက်ဆုံးနေ့ ရောက်သောအခါ၊ ဘုရားသခင်သည် မိမိ ကောင်းကင်တမန်များကို စေလွှတ်လျက် ထိုဆိုးသွမ်းသောသူများကို ငရဲ မီးပင်လယ်ထဲသို့ ပစ်ချပါလိမ့်မည်။

ထိုဥပမာစကားများကို ယေရှုက အနက်ဖွင့် ရှင်းပြပြီးနောက်တွင် တပည့်တော်တို့သည် နားလည်သဘောပေါက်ခဲ့ကြပါသည်။ ထို နိုင်ငံတော်နှင့်ဆိုင်သော အံ့ဘွယ် သမ္မာတရားကို သင်ယူခဲ့ပြီးနောက်တွင်၊ သူတို့သည် သူတပါးထံ သင်ပေးဖို့ တာဝန်ရှိခဲ့ကြပါသည် (နှိုင်း - ၂ တိ ၂း၂)။ သို့သော်လည်း၊ ကျမ်းပြုဆရာများကဲ့သို့ မသင်ပေးရပါ။ ခရစ်ယာန် ဆရာများသည် ဘုရားသခင်၏ နှုတ်ကပတ်တော် ဘဏ္ဍာမှ "အထူးထူး အပြားပြားသော အသစ် အဟောင်းတို့ကို" တူးဆွလျက် သင်ပေးရပါမည်။

"အထူးထူး အပြားပြားသော အသစ် အဟောင်း" ဟူသောအချက်ကို Calvin က ဤသို့ ရှင်းပြခဲ့ပါသည် - "ဆရာများသည်၊ မိမိအတွက် လုံလောက်စွာ သိမ်းထားလျက် ကျန်သောသူများကိုလည်း ကျွေးမွေးပြုစုသော မိမိသားစု၏ ခေါင်းဆောင်များ ကဲ့သို့ဖြစ်ကြပါသည်။ အနာဂတ်အတွက်လည်း ကြိုတင်တွေးတောရပါသည်။ ဆိုလိုသည်မှာ၊ အသင်းတော်ကို ဦးဆောင်သောသူများသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကောင်းမွန်စွာ လေ့လာဆည်းပူးရပါမည်။ ထိုအခါ လိုအပ်သော အချိန်၌ နှုတ်ကပတ်တော်ကို ဉာဏ်ပညာနှင့်ယှဉ်လျက် လူတိုင်းထံ အကျိုးရှိရှိ သင်ပေး နိုင်မည် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ယေရှု၏ဥပမာစကားတို့သည် အနှိုင်းမဲ့ဖြစ်ကြပါသည်။
**ဆုတောင်းချက်** - "ဘုရားသခင်၊ ကိုယ်တော်၏ နှုတ်ကပတ်တော်သည် ဥယျာဉ်သဖွယ်ဖြစ်ပါသည်။"

## ယေရှုနှင့် မိမိ၏ဥပမာစကားများ (၃)

တောမျိုးစေ့ ဥပမာစကားက မြင်နိုင်သော အသင်းတော် (သို့) ဤကမ္ဘာပေါ်ရှိ အသင်းတော်တွင် စစ်မှန်သော ယုံကြည်သူများနှင့် မှားယွင်းသော ယုံကြည်သူများ ရောနှောလျက် ရှိကြောင်း ဖော်ပြလျက် ရှိပါသည်။ တောမျိုးစေ့သည် စပါးနှံနှင့်လက္ခဏာတူသော တောပင်ဖြစ်ပါသည်။ ဤတောမျိုးစေ့သည် ခရစ်တော်ကို မပိုင်ဆိုင်သော၊ မိမိကိုယ်ကို ပိုင်ဆိုင်သည်ဟု ထင်မှတ်သောသူများကို ရည်ညွှန်းပါသည်။ သူတို့ကို ခရစ်ယာန်ဟု ထင်မှတ်ရသော်လည်း၊ အမှန် မဟုတ်ကြပါ။ နောက်ဆုံးနေ့တွင်၊ ဘုရားသခင်က သူတို့ကို ခွဲထုတ်လျက် ငရဲမီး ပင်လယ်ထဲသို့ ပစ်ချတော်မူလိမ့်မည် (မသဲ ၁၃း၃၆-၄၃ ကိုကြည့်ပါ)။

စပါးရိတ်ခြင်း ဥပမာက နိုင်ငံတော် ကြီးထွားမှုသည် ဘုရားသခင်နှင့်ဆိုင်တော်မူကြောင်း ဖော်ပြလျက်ရှိပါသည်။ ခရစ်ယာန်တို့သည် သတင်းကောင်းမျိုးစေ့ကို ကြဲဖို့ တာဝန်ရှိကြပါသည်။ သို့သော်လည်း၊ ထိုမျိုးစေ့ အပင်ပေါက်စေခြင်းနှင့် အသီးသီးခြင်းအမှုကို ဘုရားသခင် ပြုတော်မူခြင်းဖြစ်ပါသည်။ ကြီးပွားစေသောသူကား ဘုရားသခင် ပေတည်း (၁ ကော ၃း၆-၇)။ မိမိ၏နိုင်ငံတော်ကြီးထွားမှု၌ ဘုရားသခင်သာလျှင် ဘုန်းအသရေ ခံထိုက်တော်မူ၏။

မုန်ညင်းစေ့ ဥပမာက ဘုရားသခင်၏နိုင်ငံတော်သည် သေးငယ် နှိမ့်ချစွာ စတင်ခဲ့ကြောင်း ဖော်ပြလျက်ရှိပါသည်။ မုန်ညင်းစေ့ကဲ့သို့ သေးငယ်စွာ စတင်ခဲ့ပါသည်။ ဥပမာအားဖြင့်၊ ယေရှု၌ တပည့်တော် အနည်းငယ်သာလျှင် ရှိခဲ့ပါသည်။ သူ၏အမှုတော်အဆုံးသတ်ပိုင်းတွင်၊ နောက်လိုက်ပေါင်း ၅၀၀ ကျော်ရှိခဲ့ပါသည် (၁ ကော ၁၅း၆)။ နိုင်ငံတော် ကြီးထွားဖို့ အချိန်လိုအပ်ပါသည်။ Rev Timothy Tow ၏အဆိုအရ၊ အသင်းတော်သည် ချက်ချင်း ပေါက်၍ မကြာမီသေသွားသော မှိုကဲ့သို့ မဟုတ်ပါ။ အသင်းတော်သည် နှစ်ရှည်ကြာ ကြီးထွားလျက်၊ အချိန်ကြာမြင့်စွာ တည်ရှိသော မုန်ညင်း ကဲ့သို့ဖြစ်ပါသည်။ မုန်ညင်းပင်သည် ၁၀ ပေ မှ ၁၅ ပေအထိ မြင့်နိုင်ပါသည်။ အကိုင်းအခက်တို့သည် ငှက်မျိုးစုံ အတွက် နားခိုရာ ဖြစ်ပါသည်။ ထိုနည်းတူ၊ ခရစ်တော်သည် အသင်းတော်အားဖြင့် မိမိ၏ကယ်တင်ခြင်းကို ခံရဖို့ရန်၊ ယုဒလူနှင့် တပါးအမျိုးသားများ၊ ယောကျ်ားနှင့်မိန်းမများ၊ လူကြီးနှင့်လူငယ်၊ ချမ်းသာသောသူနှင့် ဆင်းရဲသောသူအပေါင်းတို့အား ဖိတ်ခေါ်လျက်ရှိပါသည်။

တဆေး ဥပမာက ဘုရားသခင်၏နိုင်ငံတော်သည် ဤလောကီလူတို့၏ လွှမ်းမိုးမှုကို ခံတတ်ကြောင်း ဖော်ပြလျက်ရှိပါသည်။ တဆေးသည် ပေါင်မုန့်ဖုတ်ခြင်း၌ အသုံးပြုသော ဆေးမုန့် ဖြစ်၏။ အနည်းငယ်သော တဆေးသည် မုန့်ညက်တခုလုံးကို ဖောင်းကြွစေတတ်၏။ တဆေးသည် ယေရှုခရစ်တော်၏ သတင်းကောင်းဖြစ်ပါသည်။ အသင်းတော်၌ ဆိုးသွမ်းသော ဤလောကအတွက် သတင်းကောင်း ရှိပါသည်။ ယေရှုက ကယ်တင်တော်မူ၏။ ထိုသတင်းကောင်းသည် ယေရုရှလင်မြို့နှင့် ယုဒပြည်မှ စလျက်၊ ရှမာရိပြည်သို့ ကျယ်ပြန့်လာခဲ့ပြီး၊ ယခုတွင် တကမ္ဘာလုံးသို့ ရောက်ရှိလာခဲ့ပါသည် (တမန် ၁း၈)။

**ဆင်ခြင်ရန်** - သတင်းစာများ၌ သတင်းဆိုးများ တွေ့ရသော်လည်း၊ သမ္မာကျမ်းစာတွင် သတင်းကောင်း တွေ့ရပါသည်။

**ဆုတောင်းချက်** - အဖဘုရား၊ သတင်းဆိုးနှင့် ပြည့်နှက်နေသော ဤကမ္ဘာလောကတွင် ကိုယ်တော်၏သတင်းကောင်းကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါသည်။





## သိကျွမ်းခြင်းက မရိုသေခြင်းကို မွေးထုတ်ပေးတတ်၏

“ပရောဖက်သည် မိမိနေရင်းပြည်၌ အသရေမရှိ” (ယော ၄း၄၄)။ “သိကျွမ်းခြင်းက မရိုသေခြင်းကို မွေးထုတ်ပေးတတ်၏” ဟူ၍ စကားပုံရှိပါသည်။ ယေရှုသည် မိမိကြီးပြင်းရာ၊ နာဇရက်မြို့၌ ထိုသို့သောအမှု၊ အလေးမထားခြင်းကို ခံခဲ့ရပါသည်။ နာဇရက်မြို့သည် နာမည်ကျော်ကြား၍ လူအပေါင်းတို့၏ လေးစားမှုကို ခံရသော မိမိ၏သား၊ ယေရှုကို နှစ်သက် အလေးထားခဲ့သင့်ပါသည် (လု ၄း၁၄-၁၅)။ ဥပမာအားဖြင့်၊ အိမ်နီးချင်းဖြစ်သော ကာနမြို့သည် ယေရှုကို နွေးထွေးစွာ ကြိုဆိုခဲ့ကြသော်လည်း၊ မိမိ၏မြို့တည်းဟူသော နာဇရက်မြို့က သူ့ကို ငြင်းပယ်ခဲ့ပါသည်။

ဥပုသ်နေ့နှင့်ဆိုင်သော ပညတ်တရားကို စောင့်လျက်၊ ဥပုသ်နေ့၌ တရားဇရပ်သို့ပုံမှန် ယေရှု သွားတော်မူ၏။ ထိုအခါ၊ သခင်ယေရှုသည် နာဇရက်မြို့သားများထံ မိမိကိုယ်ကို မေရှိယဖြစ်တော်မူကြောင်း ဖော်ပြတော်မူခဲ့၏။ မေရှိယနှင့်ဆိုင်သော ပရောဖက်ပြုချက် ဟေရှာ ၆၁း၁-၂ ကို တန်ခိုးအာဏာတော်နှင့်တကွ ဖတ်လျက်၊ “ယနေ့ပင် ဤကျမ်းစာချက်သည် သင်တို့ကြားသည်အတိုင်း ပြည့်စုံလေပြီ” ဟု မိန့်တော်မူ၏။ ယေရှုသည် ကြွလာမည်ဟု ဂတိထားတော်မူသော မေရှိယ အမှန်ဖြစ်တော်မူ၏။ သန့်ရှင်းသော ဝိညာဉ်တော်သည် သူ့ပေါ် ဆင်းသက်တော်မူ၏ (လု ၃း၂၂)။ သူသည် ဘိသိက်ခံ တရားဟောဆရာ ဖြစ်တော်မူ၏ (မာကု ၁း၁၄)။ မေရှိယ ခေတ် ရောက်လာပါပြီ (မာကု ၁း၁၅၊ နှိုင်း - ဂလာ ၄း၄)။

ထိုအခါ၊ နာဇရက်မြို့သားတို့က ခနဲ့သောအားဖြင့်၊ “ဤသူသည် ယောသပ်၏သား မဟုတ်တုံလော” ဟု ဆိုကြပါသည်။ “သူသည် လက်သမား သာလျှင်ဖြစ်ပါသည်။ မည်သို့ မေရှိယ ဖြစ်နိုင်မည်နည်း” ဟုအဓိပ္ပါယ်ရ၏။ ထို့နောက်၊ “အချင်းဆေးသမား၊ ကိုယ်အနာကို ငြိမ်းစေလော့” ဟု ပြက်ရယ်ပြုခဲ့ကြပါသည်။ ဆိုလိုသည်မှာ၊ “သင့်ကို ယုံကြည်မည်အကြောင်း မြင်နိုင်သော သက်သေပြပါ” ဟုအဓိပ္ပါယ်ရပါသည်။ သူတို့သည် ယေရှုကို လုံးဝ မယုံကြည်နိုင်ခဲ့ကြပါ (နှိုင်း - ၁၃း၅၈)။

ပရောဖက်သည် တိုင်းတပါး၌ ရိုသေ လေးစားခြင်း ခံရသော်လည်း၊ မိမိ နေရင်းပြည်တွင် အလေးထားခြင်း မခံရပါ။ ထို့ကြောင့်၊ ဘုရားသခင်သည် သူတို့ပေါ်သို့ မိမိ၏ကောင်းကြီး မင်္ဂလာ ကျရောက် စေတော် မမူခဲ့ပါ။ တပါးအမျိုးသားများအပေါ်သို့ ကောင်းကြီး သွန်းလောင်း တော်မူခဲ့ပါသည်။ ဇရတ္တာမြို့၏ မုဆိုးမသည် ဧလိယအပေါ် ဩ့ဝတ်ကျေပွန်သောကြောင့်၊ အစာခေါင်းပါးသည့် ကာလ ပတ်လုံး ကျွေးမွေးခြင်း ခံခဲ့ရ၏ (၃ ရာ ၁၇း ၁-၂၄)။ နေမန်သည် ဧလိရှဲအား အလေးထားခဲ့သောကြောင့်၊ နူနာရောဂါမှ အံ့ဘွယ် ကျန်းမာခြင်းရခဲ့ပါသည် (၄ ရာ ၅း၁-၁၄)။ အဖက်တွင်၊ နာဇရက်မြို့သားတို့သည် ဘုရားသခင်ရှေ့၌ စိတ်နှိမ့်ချခြင်း ရှိမည့်အစား၊ အမျက်ထွက်ကြလျက်၊ ယေရှုကို သတ်လိုခဲ့ကြ၏။ သို့သော်လည်း၊ ယေရှု သေချိန် မတန်သေးပါ။ ထို့ကြောင့်၊ ဘာမှ မလုပ်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ယေရှုသည် ငြိမ်သက်စွာ သူတို့ထံမှ ထွက်သွား တော်မူခဲ့ပါသည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်၏သင်းအုပ်ဆရာကို မကျေနပ်ဘဲ ကျွန်တော်နေပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်၏သင်းအုပ်ဆရာကို ရိုသေခြင်း ရှိမည်အကြောင်း မစတော်မူပါ။

သောကြာ၊ မေ (၂)

**မသဲ ၄း၁၃-၂၂၊ လု ၅း၁-၁၁**

ဟေရှာ ၉း၁-၂

*"မှောင်မိုက်ထဲမှာ ရှိနေသော လူများတို့သည် ကြီးစွာသော အလင်းကို မြင်ရ၍ . . . "*

## စစ်မှန်သော အလင်း ယေရှု

"မှောင်မိုက်ထဲမှာ ရှိနေသော လူများတို့သည် ကြီးစွာသော အလင်းကို မြင်ရ၍၊ သေမင်း၏ နိုင်ငံ အရိပ်တွင် ရှိနေသော သူတို့၌ အလင်းပေါ်ထွန်းလျက်ရှိ၏" (မသဲ ၄း၁၆)။ ယေရှုသည် ထိုကြီးစွာသော အလင်းဖြစ်တော်မူ၏။ "ထိုနှုတ်ကပတ်တော်၌ အသက်ရှိ၏။ ထိုအသက်သည်လည်း လူတို့၏ အလင်းဖြစ်၏။ ထိုအလင်းသည် မှောင်မိုက်၌ လင်း၍ မှောင်မိုက်သည် မခံမယူ . . . ဟုတ်မှန်သော အလင်းမူကား၊ ဤလောကသို့ ကြွလာလျက် ခပ်သိမ်းသောလူ အပေါင်းတို့အား အလင်းကိုပေးသောသူ ဖြစ်သတည်း" (ယော ၁း၄-၅၊ ၉)။ ဤ သေးငယ်သော တံငါသည် ရွာကပေရနောင်၌ ယေရှု၏ အလင်း သမ္မာတရားသည် ထွန်းလင်းတော်မူလိမ့်မည်ဖြစ်ပါသည်။ တံငါသည်များကို မိမိ၏တပည့်များအဖြစ် ခေါ်တော်မူလိမ့်မည်ဖြစ်ပါ၏။

ပထမဆုံး ယေရှု ခေါ်တော်မူသော တပည့်တော်နှစ်ဦးမှာ ညီအစ်ကို နှစ်ယောက် ပေတရုနှင့် အန္ဒြေ တို့ဖြစ်ပါသည်။ သူတို့နှစ်ဦးသည် တံငါသည်များဖြစ်ကြ၏။ တနေကုန် ပိုက်ကွန်ချပြီးမှ ယခု ထိုပိုက်ကွန်များကို ဆေးကြောခဲ့ကြ၏။ ယေရှုက ထိုပိုက်ကွန်ကို ရေထဲသို့ ပြန်ချဖို့ရန် မိန့်တော်မူ၏။ ယေရှုသည် လက်သမားဖြစ်၍ တံငါသည် မဟုတ်ပါ။ တဖက်တွင်၊ ပေတရုသည် တံငါသည်ဖြစ်ပါသည်။ သူသည် တညလုံး ကြိုးစားလျက် ငါးဖမ်းခဲ့သော်လည်း၊ တကောင်မျှ မဖမ်းမိခဲ့ပါ။ ထို့ပြင်၊ ပေတရုနှင့် အန္ဒြေသည် အလွန် မောပန်းခဲ့ကြပါလိမ့်မည်။ ထို့ကြောင့် ယေရှု၏စကားကို နာမခံဖို့ရန် အကြောင်းပြချက် ခိုင်လုံစွာ သူတို့၌ ရှိပါသည်။ သို့သော်လည်း၊ ပေတရုသည် သခင်ယေရှုရှေ့၌ မိမိကိုယ်ကို နှိမ့်ချလျက်၊ "သခင်၊ ကျွန်ုပ်တို့သည် တညဉ့်လုံး ကြိုးစားသော်လည်း တကောင်ကိုမျှ မရပါ။ သို့ရာတွင် အမိန့်တော် ရှိလျှင် ပိုက်ကွန်ကို ချပါမည်ဟု လျှောက်လေ၏" (လု ၅း၅)။

ပေတရုသည် ယေရှု၏စကားကို ယုံကြည်ခဲ့ပါသည်။ ထိုသို့ သခင်ယေရှုကို ယုံကြည်ကိုးစားလျက် နာခံခဲ့သောကြောင့်၊ ဘုရားသခင်၏ ကောင်းကြီး ခံစားခဲ့ပါသည်။ သူတို့ဘဝ၌ အကြီးမားဆုံးသော ငါးဖမ်းမှုကို ကြုံတွေ့ခဲ့ကြရ၏။ အခြားလှေမှ မိတ်ဆွေများကိုပင် လာကူဖို့ရန် ခေါ်ခဲ့ကြပါသည်။ လှေများ ပြည့်သောအခါ၊ နစ်လုဖြစ်ခဲ့ပါသည်။ ထိုအခါ၊ ပေတရုသည် ယေရှုအား ပြပ်ဝပ်ကိုးကွယ်လျက်၊ "သခင်၊ အကျွန်ုပ်သည် အပြစ်များသောသူဖြစ်ပါ၏။ အကျွန်ုပ်ဆီမှ ကြွသွားတော်မူပါဟု လျှောက်လေ၏" (လု ၅း၈)။ ဘုရားသခင်ရှေ့၌ မိမိကိုယ်ကို နှိမ့်ချသောအခါ၊ ချီးမြှောက်ခြင်းကို ခံရ၏။ ယေရှုက ပေတရုနှင့် အန္ဒြေကို ချီးမြှောက်တော်မူ၏။ သူတို့သည် ငါးဖမ်းသမား မဟုတ်တော့ဘဲ၊ လူကို ဖမ်းသော တံငါသည်ဖြစ်ပါလိမ့်မည်။ ထိုသူတို့အား၊ "ငါ့နောက်သို့ လိုက်ကြလော့။ သင်တို့သည် လူကိုများသော တံငါဖြစ်စေခြင်းငှါ ငါပြုမည်" ဟု ယေရှု မိန့်တော်မူ၏။ သူတို့သည် နာခံလျက် အရာအားလုံးကို ထားခဲ့ပြီး၊ နောက်တော်သို့ လိုက်ခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - အချိန်ပြည့် အမှုတော်ဆောင်အဖြစ် ကျွန်ုပ်ကို ယေရှု ခေါ်ပါသလား။

**ဆုတောင်းချက်** - "အကျွန်ုပ် ရှိပါ၏၊ စေလွှတ်တော်မူပါ။"



စနေ၊ မေ (၃၁)

**မာကု ၄း၁-၂၅**

၁ ကော ၂း၉-၁၄

*"ကြားစရာနားရှိသောသူ မည်သည်ကား ကြားပါစေ"*

## ယေရှုနှင့် မိမိ၏ဥပမာစကားများ (၂)

ယေရှုသည် လူတို့အား ဥပမာစကားအားဖြင့် သွန်သင်ခြင်းမှာ သမ္မာတရား အနက်ဖွင့်ဖို့ရန် ဖြစ်သကဲ့သို့၊ ဖုံးကွယ်ဖို့ရန်လည်း ဖြစ်ပါသည်။ ခရစ်တော်၏ စစ်မှန်သော ယုံကြည်သူတို့အဖို့ ဥပမာစကားတို့သည် သူတို့၏ယုံကြည်ခြင်း ခိုင်မာ မြဲမြံဖို့ရန်ဖြစ်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်က သူတို့အား နားလည်သဘောပေါက်စေဖို့ရန် မစတော်မူလိမ့်မည်။ ထို "နက်နဲသောအရာတို့သည်" အတိတ်၌ ဖုံးကွယ်ထားလျက် ယခု ခရစ်တော်၌ ဖွင့်ပြတော်မူသော သမ္မာတရားဖြစ်ပါသည် (မသဲ ၁၃း၃၅)။ ထို ဝိညာဉ်နှင့်ဆိုင်သော သမ္မာတရားတို့ကို ဝိညာဉ်တော် ကျိန်းဝပ်သောသူများ သာလျှင် နားလည်သဘောပေါက်နိုင်၏။ "သန့်ရှင်းသောဝိညာဉ်တော်သည် ဝိညာဉ်နှင့် စပ်ဆိုင်သောအရာကို ဝိညာဉ်စကားအားဖြင့်ဖွင့်ပြ၍" (၁ ကော ၂း၁၃-၁၄) သွန်သင်ပေးတော်မူ၏။ ယေရှုသည် မိမိ၏ တပည့်တော်များအဖို့ သင်းတန်းဖွင့်တော်မူလျက်၊ "ရှိသမျှသောအရာတို့ကို . . . ဖွင့်ပြတော်မူ၏" (မာကု ၄း၃၄) ဟု ဆိုခဲ့ကြပါသည်။ ဓမ္မဟောင်းခေတ်လူတို့သည် ထိုသို့သော အခွင့်အရေး၊ သခင့်ခြေရင်း၌ ထိုင်လျက် သင်ကြားရသောအခွင့်၊ ဘုရားသခင်၏နက်နဲသောအမှု အနက်ဖွင့်ချက်ကြားနာရသော အခွင့်ကို မရခဲ့ကြပါ။ ဓမ္မဟောင်းခေတ် ပရောဖက်များနှင့်သန့်ရှင်းသူများသည် ခရစ်တော်နှင့် နိုင်ငံတော်အကြောင်း ဂတိတော်များ မည်သို့ ပြည့်စုံလာမည်ကို သိမြင်လိုခဲ့ကြသော်လည်း၊ မြင်ခွင့် မရခဲ့ကြပါ။ တဘက်တွင်၊ ဓမ္မသစ်ခေတ် တမန်တော်များနှင့်သန့်ရှင်းသူများတို့မူကား ထိုအခွင့်ကို ရခဲ့ကြပါသည်၊ အကြောင်းမှာ ခရစ်တော် ကိုယ်တိုင်ကြွလာတော်မူခဲ့ပြီး၊ ဓမ္မဟောင်း၏ ဂတိတော်နှင့် ပရောဖက်ပြုချက်များနှင့်ဆိုင်သော မိမိ၏အကြောင်းကို သေချာစွာ ဖော်ပြလျက် သင်ပေးတော်မူခဲ့၏။

မယုံကြည်သူနှင့် မှားယွင်းသော ယုံကြည်သူများအား သူတို့၏ပျက်စီးခြင်းအဖို့ ဥပမာစကားဖြင့် သွန်သင်ခဲ့ပါသည်။ ခရစ်တော်နှင့် နှုတ်ကပတ်တော်ကို စိတ်နှလုံး ခိုင်မာစွာ ငြင်းပယ်ခဲ့သောသူများကို ဘုရားသခင်သည် ပြစ်ဒဏ်စီရင်တော်မူလိမ့်မည်။ ဓမ္မဟောင်းထဲတွင်၊ ဘုရားသခင်နှင့် နှုတ်ကပတ်တော်ကို အစဉ် ဆန့်ကျင်ခဲ့သော ဖါရောမင်းအား ဘုရားသခင်က ဆက်လက်၍ စိတ်နှလုံး ခိုင်မာစေတော်မူခဲ့ပါသည်။ ဖာရိရှဲများ၊ ကျမ်းပြုဆရာများနှင့် သူတို့၏ တပည့်များတို့သည် ယေရှုနှင့် နှုတ်ကပတ်တော်ကို ခိုင်မာစွာ ငြင်းပယ်ခဲ့ကြပြီး၊ ပြုတော်မူသော ကောင်းသောအမှုများကို မာရ်နတ်၏ တန်ခိုးဖြင့် ပြုသည်ဟု ဆိုကြ၏။ ထို့ကြောင့်၊ ဘုရားသခင်က သူတို့ကို စီရင်လျက် သမ္မာတရားကို နားမလည်ဖို့ရန် မျက်စိကွယ်စေတော်မူ၏ (မသဲ ၁၃း၁၄-၁၅၊ နှိုင်း - ဟေရှာ ၆း၉-၁၀)။

အဘယ့်ကြောင့် ဘုရားသခင်က သူတို့ကို ထိုသို့ ပြုပါသနည်း။ တမန်တော် ပေါလုက ရောမ ၁း၂၁-၂၂ တွင် အကြောင်းရင်း ဖော်ပြခဲ့ပါသည်။ ထိုသို့သော ဝိညာဉ် မျက်စိ ကွယ်စေခြင်း၊ စိတ်နှလုံး ခိုင်မာစေခြင်းကို ဝိညာဉ်တော် မထိမဲ့မြင်ပြုခြင်းဟူသော ခွင့်လွှတ်၍ မရသော အပြစ်လွန်ကျူးသောသူတို့၌ ကျရောက်တတ်ပါသည် (နှိုင်း - ရောမ ၁း၁၈-၃၂၊ ဟေဗြဲ ၆း၄-၈)။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် မိမိကိုယ်ကို ဖော်ပြတော် မမူလျှင်၊ အပြစ်သားသည် ဘုရားသခင်ကို မသိနိုင်ပါ။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်ကို နားလည်သဘောပေါက်ဖို့ရန် မစတော်မူပါ။

သောကြာ၊ မေ (၃၀)

**မသဲ ၁၃း၁-၂၃**

လု ၈း၄-၁၈

*"ထိုအခါ ဥပမာ စကားများတို့ကို မြွက်ဆိုတော်မူသည်"*

## ယေရှုနှင့် မိမိ၏ဥပမာစကားများ (၁)

ဥပမာစကားသည် "ကောင်းကင်နှင့်ဆိုင်သော အဓိပ္ပါယ်ကို ဖော်ဆောင်သည့် လောကပုံပြင်" ဖြစ်ပါသည်။ ယေရှုသည် လူ့ဘ၀၌ ဖြစ်ပျက်သော ပုံမှန်အမှုနှင့် အခြေအနေများကို အသုံးပြုလျက် ဘုရားသခင်နှင့်နိုင်ငံတော်အကြောင်း၊ ဝိညာဉ်နှင့်ဆိုင်သော သမ္မာတရားကို သွန်သင်တော်မူတတ်၏။ ယေရှုသည် ဆရာအပေါင်းတို့၏ ဆရာ ဖြစ်တော်မူ၏။ သူသည် နက်နဲသောတရားကို ရိုးရှင်းသော ရှင်းပြချက်ဖြင့် သွန်သင်တတ်ပါသည်။ ထိုသို့ဖြင့် ခက်ခဲ နက်နဲသောတရားကို ရိုးရှင်းစွာ ဖော်ပြလျက်၊ လူတို့ကို လွယ်ကူစွာ နားလည်သဘောပေါက်စေတတ်ပါသည်။

ယေရှု၏ ဥပမာစကားများထဲမှ လူပြောများသော ဥပမာစကားတခုမှာ မျိုးကြဲသောသူ၊ မျိုးစေ့နှင့်မြေ ပုံဥပမာပင်ဖြစ်ပါသည်။ ထို့ပြင် ယေရှုကိုယ်တိုင် အနက်ဖွင့်ပြတော်မူသော အနည်းငယ်သော ဥပမာထဲမှ တခုဖြစ်ပါသည်။ ဤ ဥပမာက စစ်မှန်သော ယုံကြည်ခြင်းကို သင်ပေးခဲ့ပါသည်။ လမ်းမြေသည် ယုံကြည်ခြင်း လုံး၀ မရှိခြင်းကို ဆိုလိုပါသည်။ ကျောက်နှင့် ဆူးပင်တို့သည် မှားယွင်းသော ယုံကြည်ခြင်း ရှိသောသူများကို ရည်ညွှန်းပါသည် (နှိုင်း - လု ၈း၁၈ ထဲမှ "ရှိ ဟန်ဆောင်")။ ကောင်းသောမြေသည် စစ်မှန်သော ယုံကြည်ခြင်း ရှိသောသူကို ဆိုလို၏။ စစ်မှန်သော ယုံကြည်ခြင်းသည် တည်မြဲခြင်းနှင့် အသီးသီးခြင်းဖြင့် ထင်ရှားလေ့ရှိပါသည်၊ "ကောင်းသောမြေ၌ ရှိသောသူကား၊ ဖြောင့်မတ်စင်ကြယ်သော စိတ်နှလုံးနှင့် တရားစကားကို ကြားလျှင် . . . နှလုံးသွင်းသဖြင့် . . . စွဲလမ်းသောအားဖြင့် မြဲမြံစွာ အသီးသီးသောသူကို ဆိုလိုသတည်း" (မသဲ ၁၃း၂၃၊ လု ၈း၁၅)။ ယေရှု၏ သွန်သင်ချက်ကို ကြားနာခဲ့သော၊ တမန်တော် ယာကုပ်က မိမိ၏ဩဝါဒစာစောင်ထဲတွင်၊ "အကျင့်ကင်းသော ယုံကြည်ခြင်းသည် အသေဖြစ်၏" (ယာကုပ် ၂း၂၀) ဟုမှန်ကန်စွာ ဖော်ပြခဲ့ပါသည်။ စစ်မှန်သော ယုံကြည်ခြင်းသည် စစ်ကြောခြင်းနှင့် သွေးဆောင်ခြင်းများကို အောင်နိုင်သော၊ တည်မြဲသည့် ယုံကြည်ခြင်း ဖြစ်၍ (ဗျာ ၂း၇၊ ၁၁၊ ၁၇၊ ၂၆၊ ၃း၅၊ ၁၂၊ ၂၁)၊ ဝိညာဉ် အသီး၊ "ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ် ချုပ်တည်းခြင်း" (ဂလာ ၅း၂၂-၂၃) တို့ကို သီးလိမ့်မည်။

**ဆင်ခြင်ရန်** - ဤလောက၌ရှိသော အသင်းတော်တွင် စစ်မှန်သော ယုံကြည်သူနှင့် မှားယွင်းသော ယုံကြည်သူ ပေါင်းစပ်လျက် ရှိကြပါသည်။

**ဆုတောင်းချက်** - အဖဘုရား၊ ကောင်းသောမြေ၌ ကိုယ်တော်၏နှုတ်ကပတ်တော် ပိုင်ဆိုင်သော ယုံကြည်သူ ဖြစ်လိုပါ၏။



စနေ၊ မေ (၃)

**မာကု ၁း၂၁-၂၂**

၁ တိ ၄

*"ပရိသတ်တို့သည်လည်း ဆုံးမဩဝါဒ ပေးတော်မူခြင်းကို အလွန် အံ့ဩကြ၏"*

## ယေရှု - အကောင်းဆုံး သင်ဆရာ

ဥပုသ်နေ့တွင် ယေရှုကို တရားဇရပ်၌ ပြန်တွေ့ခဲ့ရပြီး၊ သူသည် တရားဟော သွန်သင်လျက် ရှိခဲ့ပါသည်။ သူသည် သာမန် သင်ဆရာ မဖြစ်ခဲ့ပါ။ လူထုက သူသည် ကျမ်းပြုဆရာများ ကဲ့သို့ မဟုတ်ဘဲ၊ အလွန် ထူးခြားကြောင်း သိမြင်ခဲ့ကြပါသည်။ ကျမ်းပြုဆရာများသည် တရားဇရပ်နှင့် ဆိုင်သော ပုဂ္ဂိုလ်များဖြစ်ကြ၏။ သူတို့သည် ကျမ်းစာကို ကူးယူရေးသားသောသူ၊ ပညတ်တရားများကို အနက်ဖွင့် ရှင်းပြသောသူများ ဖြစ်ကြပါသည်။ သူတို့သည် ကျမ်းစာ ပြင်ပ ပညတ်တရားများကိုလည်း တီတွင် ရေးသားခဲ့ကြလျက်၊ လူတို့အား ခက်ခဲစွာ လိုက်လျှောက်ဖို့ရန် တွန်းအားပေးသော၊ ဘာသာရေး ကျမ်းပြုဆရာများ ဖြစ်ကြပါသည်။ ဤကျမ်းပြုဆရာများသည် ဗိမာန်တော်နှင့် တရားဇရပ်၌ တရားဟောတတ်ကြသောကြောင့်၊ လူတို့က သူတို့၏သွန်သင်ချက်ကို များစွာ သိခဲ့ကြပါသည်။ သူတို့ကို ယုဒလူများက များသောအားဖြင့် လေးစားခဲ့ကြသော်လည်း၊ သူတို့သည် ကောင်းသော သင်ဆရာများ မဖြစ်ခဲ့ကြပါ။ သူတို့၏ သွန်သင်မှုသည် အလွန် ချောက်ချောက်ကပ်ကပ် ရှိနိုင်လှ၏။ ယနေ့ ခေတ်သစ် ကျမ်းတတ် ပုဂ္ဂိုလ်များနှင့် တူညီသောအပိုင်း များစွာ ရှိပါသည်။ သူတို့သည် အရေးမကြီးသောအရာကို အလေးထားလေ့လာလျက် သွန်သင်ပေးခဲ့ကြ၏။ ခရစ်ဝင်ကျမ်းများကို လေ့လာသောအခါ၊ မသဲ၊ မာကုနှင့် လုကာ တို့၏ မတူညီသော ဖော်ပြချက်များကို အလေးထား လေ့လာခဲ့ကြပြီး၊ စိတ်ကူးယဉ်ဆန်သော ကိုးကားကျမ်းသည် အမှန် ရှိခဲ့လိမ့်မည်ဟု ယုံကြည်ခဲ့ကြ၏။ အလွန် နှမြောစရာကောင်းသော လေ့လာခြင်း၊ အချိန်ဖြုန်းခြင်း ပေတည်း။

ယေရှု၏ သွန်သင်မှုသည် အလွန် ထူးခြားလှပါသည်။ ယေရှု၏ ထိုသွန်သင်ချက်ကြောင့် လူတို့သည် အံ့ဩခြင်း ရှိခဲ့ကြ၏။ သူ၏စကား၌ ကြီးစွာသော တန်ခိုး အာဏာ ရှိတော်မူ၏။ ကျမ်းပြုဆရာများကဲ့သို့ မှားနိုင်သော လူတို့၏အရေးအသားကို ကိုးကားစရာ မလိုခဲ့ပါ။ သူကိုယ်တိုင်သည် ပညတ်တရားကို ပေးတော်မူသော အရှင်သခင် ဖြစ်တော်မူ၏။ သူကိုယ်တိုင်သည် ပညတ်တရား၌ ပါသော အချက်တိုင်း၌ အဆုံးစွန် အာဏာရှိတော်မူသောသူ ဖြစ်ပါသည်။ သူကိုယ်တိုင်သည် ဉာဏ်ပညာ အလုံးစုံ၏ အရင်းအမြစ်ဖြစ်တော်မူ၏။ ထို့ကြောင့် သခင်ယေရှု၏ သွန်သင်ချက်သည် "ဘုရားသခင် မိန့်တော်မူ၏" ဟူသော ဘုရားသခင်၏ တံဆိပ်တော် ခတ်ထားသော သွန်သင်ချက်ပင်ဖြစ်တော်မူ၏။

**ဆင်ခြင်ရန်** - ဆရာကောင်းသည် တပည့်ကောင်းလည်း ဖြစ်ပါသည်။

**ဆုတောင်းချက်** - အဖဘုရား၊ ဆရာသာ ဖြစ်လိုသည် မဟုတ်၊ သွန်သင်ချက်ကို ခံယူသောသူလည်း ဖြစ်လိုပါ၏။

တနင်္ဂနွေ၊ မေ (၄)
**မာကု ၁း၂၃-၃၄**
မသဲ ၈း၁၄-၁၇

*"အထူးထူးအပြားပြားသော အနာစွဲသောသူ များတို့ကို သက်သာစေတော်မူ၏"*

## ယေရှု - ကြီးမြတ်သော သမားတော်

တရားဇရပ်၌ မသန့်ရှင်းသော ဝိညာဉ် (သို့) နတ်ဆိုး စွဲသော သူတစ်ဦး ရှိခဲ့ပါသည်။ ထိုနတ်ဆိုးက ယေရှုအား၊ "ဘုရားသခင်၏ သန့်ရှင်းတော်မူသောသူ" ဟု ဖော်ပြခဲ့ပါသည်။ ထိုစကားသည် မှန်သောစကား ဖြစ်ပါသည်။ ယေရှုသည် "အနန္တတန်ခိုးနှင့်ပြည့်စုံ၍၊ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ကာလအစဉ် ရှိတော်မူသော ထာဝရအရှင် ဘုရားသခင်" (ဗျာ ၄း၈)၊ သန့်ရှင်းတော်မူသော သုံးပါးတဆူ ဘုရားဖြစ်တော်မူ၏။ ထို နှင်ချခြင်းခံရသော ကောင်းကင်တမန်တို့သည် ယေရှုကို ဆန့်ကျင်ခဲ့ကြသော်လည်း၊ သူ၏ စစ်မှန်သော ဘုရားဖြစ်ခြင်းကို မငြင်းခဲ့ကြပါ။

သို့သော်လည်း၊ နတ်ဆိုးတို့၌ တရားဟောရသောအခွင့်နှင့် သွန်သင်ရသောအခွင့် မရှိပါ။ ယေရှုက ချက်ချင်း နှုတ်ဆိတ် နေဖို့ရန်နှင့် ထိုသူ၏အထဲမှ ထွက်သွားဖို့ရန် မိန့်တော်မူ၏။ "ထိုသူကို တောင့်မာစေပြီးမှ၊ ကြီးသော အသံနှင့် အော်ဟစ်၍" ထွက်သွား၏။ ဤအမှုက တန်ခိုးကြီးသော နတ်ဆိုးများအပေါ်၌ ယေရှုသည် တန်ခိုး အာဏာရှိတော်မူကြောင်း ဖော်ပြတော်မူ၏။ ယေရှုသည် ဘုရားသခင် ဟောတော်မူသော မေရှိယ ဖြစ်တော်မူကြောင်း လုံးဝ သံသယ ဝင်စရာ မရှိပါ။

ပေတရု၏ ယောက္ခမသည် အလွန် နေမကောင်း ဖြစ်ခဲ့ပါသည်။ သမားတော် လုကာက ထိုမိန်းမ၏ အဖျားသည် အလွန်ကြီးကြောင်း ဖော်ပြခဲ့၏။ ယေရှုက မိမိ၏ နှုတ်တန်ခိုးတော်အားဖြင့် ချက်ချင်း ကျန်းမာစေတော်မူခဲ့ပါသည်။ ထိုသို့ ကျန်းမာလာခဲ့ပြီး၊ ချက်ချင်းဘဲ ထိုမိန်းမက သူတို့ကို ကျွေးမွေး ပြုစု နိုင်ခဲ့ပါသည်။ ဆိုလိုသည်မှာ အမှန် ကျန်းမာခြင်း ရရှိခဲ့၏။ ယနေ့ အနာငြိမ်းစေသောသူများသည် "တဝက် တပျက် အနာငြိမ်းခြင်း" ကို ပြုတတ်ကြ၏။ သခင်ယေရှု၏ အနာငြိမ်းစေခြင်းသည် လုံးဝ ကျန်းမာစေခြင်းပင်ဖြစ်ပါသည်။ ယနေ့ ခေတ်စားသော အနာငြိမ်းစေခြင်းသည် စစ်မှန်သော အနာငြိမ်းခြင်း လုံးဝ မဟုတ်ပါ။

ယေရှုက ဝေဒနာခံရသော အစေခံ၏အကြောင်း ပရောဖက်ပြုချက်ကို စုံလင်စေတော်မူ၏ (ဟေရှာ ၅၃း၄-၅)။ အဘယ့်ကြောင့် ယေရှုသည် ကျွန်ုပ်တို့၏ အားနည်းမှုနှင့် အနာရောဂါများကို ယူဆောင်ခဲ့ပါနည်း။ အကြောင်းမှာ၊ "ဖျားနာခြင်းအပေါင်း၏ အရင်းအမြစ်တည်းဟူသော၊ ခမည်းတော်ကို မရိုသေ မလေးစားခြင်းတည်းဟူသော အပြစ်အတွက် ကိုယ်စားအသေခံခြင်း ဝေဒနာကို ခံတော်မူခဲ့ပါသည်။ ထို့ကြောင့်၊ ဖျားနာခြင်းကို မြင်တွေ့ရတိုင်း အပြစ်၏ အခ မိမိဘဝနှင့်ကားတိုင်၌ ကိုယ်စား မိမိခံရမည့် ဝေဒနာကို ခံစားနာလည်တော်မူ၏" (Hendriksen)။ အသေခံခြင်း၌ ယေရှု ခံရသော ဝေဒနာကို နာမကျန်းသောသူ ထံအမှုတော်ဆောင်သောအချိန်၌လည်း ယေရှု ခံစား တော်မူခဲ့ပါသည်။

**ဆင်ခြင်ရန်** - "ကျွန်ုပ်တို့၏အနာရောဂါများကို ကောင်းကင် ဆေးဝါးဖြင့် ကုသပျောက်ကင်းစေနိုင်ပါသည်" (Calvin)။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏အမှုတော် ဆောင်ရွက်ဖို့ရန် ကျန်းမာခြင်း ခွန်အား ပေးသနားတော်မူပါ။



ကြာသပတေး၊ မေ (၂၉)
**မသဲ ၁၂း၄၆-၅၀**
လု ၈း၁၉-၂၁

*"ငါ့အဘ၏ အလိုတော်ကို ဆောင်သောသူသည် ငါ့ညီ၊ ငါ့နှမ၊ ငါ့အမိ ဖြစ်သတည်း"*

## မာရိသည် ယေရှုထက် လုံးဝကြီးမြတ်ခြင်း မရှိပါ

မာရိနှင့် သူ့သားတို့က ယေရှုအား လူတို့ကို သင်ကြားတော်မူစဉ် တွေ့လိုခဲ့ကြ၏။ လူထုကြောင့် အထဲသို့ မဝင်နိုင်ဖြစ်ကြသောကြောင့်၊ တစုံတယောက်သောသူကို ယေရှုထံ သတင်းပို့စေခဲ့ကြပြီး၊ သူ့အမိနှင့် သူ့ညီများတို့သည် တွေ့လိုကြောင်း ဆိုခဲ့ကြပါသည်။ သူတို့၏အပြုအမူသည် အလွန်ရိုင်းလှပါသည်။ သူ့ကို နှောင့်ယှက်နေမည့် အစား၊ ပြီးသည်အထိ သူတို့ စောင့်နေခဲ့သင့်ပါသည်။ သို့မဟုတ်၊ သူတို့သည် ဇာတိသဘောအားဖြင့် မိသားစုဖြစ်ကြသောကြောင့်၊ ယေရှု၏ အထူးအလေးပေးမှုကို ခံရမည်ဟု ထင်မှတ်ထားကြခြင်း ဖြစ်နိုင်ပါသည်။

ထိုအခါ ယေရှုက ဝိညာဉ်ရေးဆိုင်ရာ သမ္မာတရားကို သွန်သင်တော်မူခဲ့၏။ သူသည် ဇာတိသဘော ဆက်နွယ်မှုထက်၊ ဝိညာဉ်ရေးဆိုင်ရာ ဆက်နွယ်မှုကို ပိုအလေးထားကြောင်း ဖော်ပြတော်မူခဲ့ပါသည်။ မိမိ၏တပည့်တော်များကို ရည်ညွှန်းလျက်၊ "ဤသူတို့သည် ငါ့အမိ၊ ငါ့ညီပေတည်း။ . . . ကောင်းကင်ဘုံ၌ ရှိတော်မူသော ငါ့အဘ၏ အလိုတော်ကို ဆောင်သောသူသည် ငါ့ညီ၊ ငါ့နှမ၊ ငါ့အမိ ဖြစ်သတည်း ဟုမိန့်တော်မူ၏။"

ယေရှုသည် မာရိ ခေါ်သောအခါ ချက်ချင်း ပြေးမသွားခဲ့ပါ။ သူသည် မာရိနှင့် သူ့သားများကို သူတို့နှင့်ထိုက်တန်သော နေရာ၌ ထားလျက်၊ ဆက်ဆံတော်မူခဲ့ပါသည်။ ရောမအသင်းတော်က မာရိသည် သူ၏အမိ ဖြစ်သောကြောင့်၊ မာရိ ခိုင်းသောအရာမှန်သမျှကို နာခံလျက် ယေရှု ပြုရမည်ဟုဆိုပါသည်။ သို့သော်လည်း၊ ယေရှုသည် ဆန့်ကျင်ဘက် အမှုကို ယခု ပြုတော်မူကြောင်း တွေ့ရပါသည်။ ယေရှုက မာရိကို စောင့်စေခဲ့ပါသည်။ ခမည်းတော်၏အလိုတော်ဖြစ်သော၊ သွန်သင်ခြင်းအမှု ပြီးသည်အထိ မာရိ စောင့်ရမည်ဖြစ်ပါသည်။ ယေရှုသည် ခမည်းတော်၏အလိုတော်ဖြစ်သော၊ အရေးကြီးသည့် အမှုများ ဆောင်ရွက်နေစဉ် အဘယ်သူမျှ မိမိအား နှောင့်ယှက်ခွင့် ပေးတော်မမူ။ ယေရှုက မိမိသည် ခမည်းတော်၏အမှုတော်ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မာရိအား ဗိမာန်တော်၌ မိန့်တော်မူခဲ့ပြီးဖြစ်ပါသည် (လု ၂း၄၉)။ မာရိသည် ထိုစကားကို အလေးမထားဟု ထင်ရပါသည်။ လူတို့အား ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကြားနာလျက်၊ အလိုတော်ကို လိုက်လျှောက်ရမည်ဟု မိမိ၏သင်ပေးမှုကို ယေရှုသည် လက်တွေ့ သာဓကပြတော်မူ၏။ ဆက်လက်သွန်သင်ခြင်းအမှုကို ပြုလျက်၊ မာရိကို ချက်ချင်း သွားမတွေ့ဘဲ နေခြင်းဖြင့်၊ ယေရှုသည် မိမိ၏ သွန်သင်ချက်ကို လက်တွေ့ လိုက်လျှောက်ခဲ့ပါသည်။ ထိုသို့သော သေးငယ်သည့်အမှု၌ပင် ယေရှုသည် လုံးဝ အမှား မကျူးလွန် ခဲ့ပါ။ သူသည် ကောင်းကင်ဘုံရှိ ခမည်းတော်၏စကားကို စုံလင်စွာ နာခံ လိုက်လျှောက်တော်မူခဲ့ပါသည်။

**ဆင်ခြင်ရန်** - ယေရှုသည် တပည့်တော်များကို ခမည်းတော်ထံ ဆုတောင်းဖို့ရန် သွန်သင်တော်မူသလော (သို့) မာရိထံ ဆုတောင်းရန် သွန်သင်တော်မူသလော။

**ဆုတောင်းချက်** - "ကောင်းကင်ဘုံ၌ ရှိတော်မူသော ကျွန်ုပ်တို့၏ အဘ၊ နာမတော်သည် ရိုသေလေးမြတ်ခြင်း ရှိပါစေသော။"

**မသဲ ၁၂း၃၈-၄၂**
၁ ကော ၁၅း၁-၂၂

*“ဆိုးညစ်၍ မှောက်မထားသော အမျိုးသည် နိမိတ်လက္ခဏာကို တောင်းသည်”*

## နိမိတ်လက္ခဏာများ၏ ရည်ညွှန်းချက်

ဖာရိရှဲများနည်းတူ၊ ယနေ့ ဆုကျေးဇူးအလွန်အလေးထားသောသူများသည် (charismatics) နိမိတ်လက္ခဏာနှင့်အံ့ဘွယ်အမှုများကို အလွန်တောင့်တခြင်း ရှိကြပါသည်။ ဖာရိရှဲတို့ အပေါ် ယေရှု ပြုတော်မူသော မှတ်ချက်သည်လည်း သူတို့အတွက် အကျုံးဝင်ပါ၏ - *“ဆိုးညစ်၍ မှောက်မထားသော အမျိုးသည် နိမိတ်လက္ခဏာကို တောင်းသည်။”* မှန်သည် မဟုတ်ပါလော။ ဆုကျေးဇူးအလွန် အလေးထားသောသူမျာ အသိုင်းအဝန်း၌ ငွေကြေးနှင့် လိင်မှုပြဿနာများစွာ ပေါ်ပေါက်ကြောင်း တွေ့ရပါသည်။ ယခု နောက်ဆုံးသောကာလတွင်၊ ခရစ်ယာန်တို့သည် အထူးသဖြင့်၊ လောဘကြီးသော၊ သွေးဆောင်တတ်သော၊ အဆိပ်ပြင်းသော ထိုတရားဟောဆရာများကို သတိပြုဖို့လိုပါသည် - “အကြောင်းမဲ့ကား၊ နားမထောင်ဘဲ အချည်းနှီးသောစကားကို ပြော၍၊ လှည့်ဖြားတတ်သောသူ အများရှိကြ၏ . . . ထိုသူတို့၏နှုတ်ကို ပိတ်ရမည်။ သူတို့သည် မစင်ကြယ်သော စီးပွါးကို တပ်မက်လျက်၊ မပေးအပ်သော ဩဝါဒကိုပေး၍၊ တအိမ်ထောင်လုံးကို မှောက်လှန် တတ်ကြ၏။ . . . သူတို့သည် ဘုရားသခင်ကို သိယောင်ဆောင်သော်လည်း၊ အကျင့်အားဖြင့် ဘုရားသခင်ကို ငြင်းပယ်ကြ၏။ စက်ဆုပ်ရွံရှာဘွယ်သောသူ၊ နားမထောင်သောသူ၊ ကောင်းသောအမှုတခုကိုမျှ ပြုတတ်သော ဉာဏ် မရှိသောသူ ဖြစ်ကြ၏” (တိတု ၁း၁၀၊ ၁၁၊ ၁၆)။

သို့သော်လည်း၊ ယေရှုက မယုံကြည်သော ကျမ်းပြုဆရာနှင့် ဖာရိရှဲတို့အား၊ သူတို့ လိုချင်သောအရာ မဟုတ်ဘဲ၊ မိမိအလိုအတိုင်း နိမိတ်လက္ခဏာ တခု ပေးတော်မူ၏။ ထို နိမိတ်လက္ခဏာသည် ပရောဖက် ယောန ပင်ဖြစ်ပါသည်၊ “ယောနသည် ငါးကြီးဝမ်းထဲမှာ သုံးရက် နေရသကဲ့သို့ လူသားသည် မြေကြီးထဲမှာ သုံးရက် နေရလတံ့” (နှိုင်း - ယော ၁း၁၇-၂း၂)။ ယေရှုသည် မိမိသေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း အံ့ဘွယ်အမှုကို ဖော်ပြ ရည်ညွှန်းတော်မူခဲ့ပါသည်။ ယေရှုက၊ “မြေကြီးထဲမှာ သုံးရက်” နေရမည်ဟု ဆိုရာတွင်၊ သူသည် သုံးရက်ကြာ သေခြင်း ခံရမည်အကြောင်း ဆိုလိုခြင်းဖြစ်ပါသည်။ ထို့နောက်၊ သူသည် သုံးရက်မြောက်သောနေ့တွင် သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူလိမ့်မည် (နှိုင်း - မသဲ ၁၆း၂၁၊ မာကု ၈း၃၁၊ လု ၉း၂၂)။

ယောန၏နိမိတ်လက္ခဏာသည် ရှင်ပြန်ထမြောက်ခြင်းကို ရည်ညွှန်းလျက်ရှိပါသည်။ ခရစ်တော် ရှင်ပြန်ထမြောက်ခြင်းသည် နိမိတ်လက္ခဏာအပေါင်းတို့၏ နိမိတ်လက္ခဏာ ဖြစ်တော်မူ၏။ ကိုယ်တော်သည် အသက်ရှင်တော်မူသောကြောင့်၊ ကျွန်တော်တို့သည်လည်း အသက်ရှင်ရသော အခွင့် ရကြ၏ (၁ ကော ၁၅း၁-၂၂)။

**ဆင်ခြင်ရန်** - အံ့ဘွယ် နိမိတ်လက္ခဏာတို့သည် လူတို့ကို ခရစ်တော်ထံ ပို့ဆောင်ပါသလား။ လု ၁၆း၃၁ ကိုကြည့်ပါ။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ် ခံစားခဲ့ရသော ရှင်ပြန်ထမြောက်တော်မူခြင်း တန်ခိုးတော်ကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။





**မာကု ၁း၃၅-၃၉**
လု ၁၈း၁-၈

*“ကိုယ်တော်သည် ထပြီးလျှင် တောအရပ်သို့ ထွက်ကြွ၍ ဆုတောင်းတော်မူ၏”*

## ယေရှု - ဆုတောင်းခြင်း သူရဲကောင်း

ယေရှုသည် ဘုရားသခင် မှန်လျှင် အဘယ့်ကြောင့် ဆုတောင်းပါသနည်း။ ဘုရားသခင် ဖြစ်တော်မူသောကြောင့် ဆုတောင်းချက်ကို နားညောင်းတော်မူ၏။ သို့သော်လည်း၊ ကျွန်တော်တို့သည် လူ့ဇာတိခံလာသော ယေရှုသည် လူသားလည်း ဖြစ်ကြောင်း သိမှတ်ဖို့လိုပါသည်။ သူသည် လူသား အနေဖြင့် ဆုတောင်းခြင်း ဖြစ်ပါသည်။ ဂါလိလဲပြည် တလျှောက် ကြီးမားသော အမှုတော် ဆောင်ရွက်တော့မည် ဖြစ်သောကြောင့်၊ ခွန်အား လိုအပ်ခဲ့ပါသည်။ ဆုတောင်းခြင်းအားဖြင့်၊ သူသည် ကောင်းကင်ဘုံရှိ ခမည်းတော်ဘုရားကို လုံးဝ ကိုးစားကြောင်း ဖော်ပြခဲ့ပါသည်။ ယေရှုသည် ခမည်းတော်၏ အလိုတော်သို့ လုံးဝ ဆက်ကပ်တော်မူ၏။ ထိုသို့ ဆုတောင်းခြင်းအားဖြင့် သားတော်နှင့် ခမည်းတော်သည် အပြန်အလှန မိသာဟာယဖွဲ့လျက်၊ သားတော်ပြုမည့် အမှုကို ခမည်းတော် ပြောပြတော်မူခဲ့ပါလိမ့်မည်။ ဆုတောင်းခြင်းဖြင့်၊ ယေရှုက မိမိလူတို့အား၊ “လူတို့သည် အားမလျော့ဘဲ ကြိုးစား၍ ဆုတောင်းရမည်” (လု ၁၈း၁) ဟု သွန်သင်တော်မူခဲ့၏။

ဤလောက၌ ယေရှု၏ အဓိက အမှုတော်သည် အနာငြိမ်းစေခြင်း မဟုတ်ဘဲ၊ ကယ်တင်ခြင်း သတင်းကောင်း ဟောပြောခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့်၊ အနာငြိမ်းခြင်း အတွက်မိမိထံ ကာပေရနေင်မှ လူများစွာ လာခဲ့ကြသောအခါ၊ မိမိတပည့်တော်တို့အား၊ “ငါသည် နီးစပ်သော မြို့ရွာတို့၌ တရားဟောခြင်းငှါ သွားကြကုန်အံ့။ ထိုသို့အလိုငှါ ငါကြွလာပြီ” ဟု မိန့်တော်မူခြင်း ဖြစ်ပါသည်။ သို့သော်လည်း၊ ယနေ့ အနာငြိမ်းစေသောသူတို့သည် ပြောင်းပြန် ဖြစ်ကြပါသည်။ တရားဟောခြင်းထက် အနာငြိမ်းခြင်းကို ပိုလုပ်ကြ၏။ ထိုအနာငြိမ်းစေသောသူများသည် ကျမ်းစာ မပါ၊ တရားဟောခြင်း မပြုတတ်ကြပါ။ ယေရှုမူကား အနာငြိမ်းစေခြင်းထက် တရား ပိုဟောလိုခဲ့ပါသည်။ ထိုနည်းတူ၊ စင်ကာပူ၌ နိုးထမှုကျရောက်စဉ်တွင်၊ တရုတ် ဘီလီ ဆန်းဒေး ဟု ခေါ်သော၊ Dr John Sung ပြုခဲ့ပါသည်။ နှစ်ပတ်အတွင်း Dr John Sung သည် တရားဟောခြင်း အစီအစဉ်ကို ၄၀ ကြိမ်ပြုခဲ့ပြီး၊ အနာငြိမ်းခြင်း အစီအစဉ်ကို နောက်ဆုံး၌ တကြိမ်သာ ပြုခဲ့ပါသည်။ ထိုကာလ၌ အနာငြိမ်းစေခြင်းကြောင့် မဟုတ်ဘဲ၊ တရားဟောခြင်းကြောင့် နိုးထမှုဖြစ်ပွားခဲ့ပါသည်။ အံ့ဘွယ် နိမိတ်လက္ခဏာ မဟုတ်ဘဲ၊ ယေရှုခရစ်တော်၏ သတင်းကောင်းကသာလျှင် ကယ်တင် တော်မူ၏။

အံ့ဘွယ် နိမိတ်လက္ခဏာပြုသော၊ မိမိကိုယ်ကို ယေရှု ပိုင်ဆိုင်သည်ဟု ထင်မှတ်သောသူတို့အား ယေရှုက ဤသို့ သတိပေးတော်မူ၏ - “သခင်၊ သခင်ဟု ငါ့ကို လျှောက်သောသူတိုင်း ကောင်းကင်နိုင်ငံတော်သို့ ဝင်ရလိမ့်မည် မဟုတ်။ ကောင်းကင်ဘုံ၌ ရှိတော်မူသော ငါ့ခမည်းတော်၏ အလိုကို ဆောင်သောသူ သာလျှင် ဝင်ရလိမ့်မည်။ ထိုနေ့၌ကား၊ သခင်၊ သခင်၊ အကျွန်ုပ်တို့သည် ကိုယ်တော်အခွင့်နှင့် ဆုံးမဩဝါဒ ပေးပါပြီ မဟုတ်လော။ ကိုယ်တော်အခွင့်နှင့် နတ်ဆိုးတို့ကို နှင်ထုတ်ပါပြီ မဟုတ်လော။ ကိုယ်တော်အခွင့်နှင့် များစွာသော တန်ခိုးတို့ကို ပြပါပြီ မဟုတ်လော ဟုအများသောသူတို့သည် လျှောက်ကြလိမ့်မည်။ ထိုသို့ လျှောက်ကြသောအခါ၊ သင်တို့ကို ငါအလျှင်း မသိ။ အဓမ္မအမှုကို ပြုသောသူတို့၊ ငါ့ထံမှ ဖယ်ကြဟု ထိုသူတို့အား အတည့်အလင်း ငါပြောမည်” (မသဲ ၇း၂၁-၂၃)။

**ဆင်ခြင်ရန်** - စာတန်သည် အံ့ဘွယ်အမှုကို ပြုနိုင်ပါသလား။ ဗျာ ၁၃း၁၁-၁၄၊ ၁၉း၂၀ ကို ကြည့်ပါ။

**ဆုတောင်းချက်** - အဖဘုရား၊ အတုအယောက် အနာငြိမ်းစေသောသူများနှင့် အတုအယောင် အံ့ဘွယ်အမှု ပြုသောသူများထံမှ ကျွန်ုပ်ကို ကွယ်ကာတော်မူပါ။

## ယေရှုသည် မသန့်ရှင်းသောသူကို သန့်ရှင်းစေတော်မူ၏

နူနာရောဂါသည် နာတာရှည် ကူးစက်ရောဂါ တစ်မျိုးဖြစ်ပါသည်။ ဤရောဂါသည် အကြောကို တိုက်ခိုက်လျက်၊ အကြောသေခြင်းနှင့် အာရုံခံ အားပျောက်ခြင်းကို ဖြစ်စေတတ်ပါသည်။ အရေပြား ဖြူဖတ်ဖြူရော်ဖြစ်လာသဖြင့် လူကို မမှတ်မိနိုင်လောက်အောင်လည်း ရုပ်ပြောင်း စေတတ်ပါသည်။ နူနာရောဂါစွဲသောသူများသည် မိမိတို့၏မျက်နှာကို ဖုံးထားတတ်ကြ၏။ အကြောင်းမှာ ထိုရောဂါပိုးသည် မျက်စိ၊ နားနှင့် နှာခေါင်းများကို တိုက်ခိုက်ဖျက်ဆီးတတ်၏။ ထို့ပြင် ကူးစက်တတ်သော ရောဂါဖြစ်သောကြောင့်၊ သီးခြားနေတတ်ကြပါသည်။ လမ်းမ၌ လျှောက်သွားသောအခါ၊ မိမိတို့၏အခြေအနေကို သူတပါးအား သတိပေးခြင်းအားဖြင့်၊ "မသန့်ရှင်းသူ၊ မသန့်ရှင်းသူ" ဟု အော်ဟစ်ကြရပါသည် (နှိုင်း - ဝတ် ၁၃-၁၄ ၌တွေ့ရသော နူနာရောဂါနှင့် ပတ်သက်သော ပညတ်တရား)။

ယေရှုက နူနာစွဲသောသူကို သန့်ရှင်းစေတော်မူခဲ့ပါသည်။ သမားတော်လုကာက ထိုသူ၏ နူနာရောဂါသည် အလွန်ပြင်းထန်လျက်ရှိကြောင်း၊ "တကိုယ်လုံး နူနာစွဲသောသူတယောက်" ဟု ဖော်ပြခဲ့ပါသည်။ ဤနူနာစွဲသောသူက မိမိ၏ မသန့်ရှင်းမှုကို ဝန်ခံလျက်၊ "ကိုယ်တော်အလိုရှိလျှင် ကျွန်တော်ကို သန့်ရှင်း စေနိုင်တော်မူသည်" ဟု မိမိအား သန့်ရှင်းစေတော်မူရန် တောင်းလျှောက်ခဲ့ပါသည်။ ကျန်းမာစေ ဟူသော စကားလုံးကို မသုံးဘဲ၊ သန့်ရှင်းစေနိုင်တော်မူသည်ဟု အသုံးပြုခြင်းသည် အဓိပ္ပါယ်ရှိလှပါသည်။ ယေရှုသည် မိမိ၏အပြစ်နှင့် ရောဂါကို ခွင့်လွှတ် သန့်ရှင်းစေတော်မူနိုင်သောသူ၊ ယဇ်ပုရောဟိတ် အကြီးအကဲဖြစ်တော်မူကြောင်း သူသိခဲ့သည်ဟု ထင်မှတ်ရပါသည်။ ယေရှုသည် ကျွန်ုပ်တို့၏ ယဇ်ပုရောဟိတ် အကြီးအကဲ ဖြစ်တော်မူ၏။ သူသည် ကျွန်ုပ်တို့၏ အားနည်းချက်များကို သိတော်မူ၏။ အကြောင်းမှာ၊ သူသည် "ငါတို့ ခံရသည်နည်းတူ၊ အမျိုးမျိုးသော စုံစမ်းနှောင့်ရှက်ခြင်းတို့ကို ခံဘူးသောသူဖြစ်တော်မူ၏။ သို့ရာတွင်၊ ဒုစရိုက်အပြစ်နှင့် ကင်းလွတ်တော်မူ၏" (ဟေဗြဲ ၄း၁၅)။ ယေရှုသည် ကျွန်ုပ်တို့အား ကိုယ်ချင်းစာစိတ် ရှိတော်မူ၏။ ထိုအချက်ကို နူနာစွဲသောသူ အပေါ်ပြသော အမှု၌ ထင်ရှားခဲ့ပါသည်။ သူသည် "သနားသော စိတ်ရှိသဖြင့် လက်တော်ကို ဆန့်၍ ထိုသူကို တို့" ခဲ့ပါသည်။ ယေရှုသည် "ပြုပြင်သောသူ၊ နာကြည်းခြင်း ဝေဒနာနှင့် ကျွမ်းဝင်သောသူဖြစ်၏" (ဟေရှာ ၅၃း၃)။ ပညတ်တရား၏ အနှစ်သာရကို အလေးမထားသော ဘာသာရေး ခေါင်းဆောင်များကို ယေရှု ရောင်ကြဉ်ခဲ့သော်လည်း၊ ဤနူနာစွဲသောသူကို မပစ်ပယ်ခဲ့ပါ။ ယေရှုသည် ဘုရားသခင်၏ နာခံခြင်းရှိသော သားတော်ဖြစ်သည်နှင့်အညီ ပညတ်တရား၏အနှစ်သာရဖြစ်သော၊ တရားမျှတခြင်း၊ ကရုဏာတော်နှင့် သစ္စာတရားကို စောင့်လျှောက်တော်မူ၏ (မသဲ ၂၃း၂၃)။

ယေရှုသည် ပညတ်တရားကို သစ္စာရှိစွာ လိုက်လျှောက်ခဲ့ပါသည်။ ယခု သန့်ရှင်းပြီဖြစ်သော နူနာစွဲခဲ့သောသူအား ယဇ်ပုရောဟိတ်ထံ သွားပြဖို့ရန်နှင့် မောရှေ၏ပညတ်တော်အတိုင်း သန့်ရှင်းခြင်း ယဇ်ကို ပူဇော်ဖို့ရန် မိန့်တော်မူ၏ (ဝတ် ၁၄း၃၊ ၄၊ ၁၀)။ ယေရှုသည် အခြားသူများလည်း ပညတ်တရားကို လိုက်လျှောက်ဖို့ရန် တိုက်တွန်းခဲ့ပါသည်။ သူသည် ပညတ်တရားကို အသေးဆုံး အထိ စုံလင်စွာ လိုက်လျှောက်တော်မူခဲ့ပါသည်။

**ဆင်ခြင်ရန်** - ပိုအရေးကြီးသော မရှိမဖြစ်လိုအပ်မှုတရားသည် လူပြုသော နည်းဥပဒေသကို လွှမ်းမိုးထားပါသည်။

**ဆုတောင်းချက်** - အဖဘုရား၊ ဝိညာဉ် နူနာရောဂါမှ ကျွန်ုပ်ကို သန့်ရှင်းစေတော်မူပါ။





## ခွင့်လွှတ်၍မရသောအပြစ်ကို သတိထားပါ

ဝိညာဉ်တော်ကို မထီမဲ့မြင်ပြုခြင်းသည် ခွင့်လွှတ်၍မရသော အပြစ်ဖြစ်ပါသည်။ ဤအပြစ်ကိုမည်သို့ လွန်ကျူး၍၊ အဘယ်သူများက ကျူးလွန်ကြပါသနည်း။ ယေရှုသည် မိမိ၏အမှုတော်စတင် သောအချိန်မှစ၍ ကယ်တင်ခြင်း သတင်းကောင်းကို ဟောပြောခဲ့ပြီး၊ ကောင်းသောအမှုကို ပြုလျက်၊ များစွာသော အံ့ဘွယ်အမှုများကို ပြုခြင်းဖြင့် မိမိ၏ ဘုရားဖြစ်ခြင်းနှင့် မေရှိယဖြစ်ခြင်းကို သေချာ ရှင်းလင်းစွာ သက်သေပြတော်မူခဲ့ပါသည် (ယော ၁၀း၃၇-၃၈)။ သို့သော်လည်း ယုဒဘာသာရေး ခေါင်းဆောင်များသည် သူ့ကို လုံးဝ မယုံကြည်လို ခဲ့ကြပါ။ ယေရှု ဟောသောတရားနှင့် ပြုသောအမှုများ၌ အပြစ်ရှာ မတွေ့ကြသောအခါ၊ သူ့ကို တိုက်ခိုက်ခဲ့ပြီး ဝိညာဉ်တော်အားဖြင့် ပြုသောအံ့ဘွယ်အမှုများကို မာရ်နတ်၏တန်ခိုးအားဖြင့် ပြုသည်ဟု စွပ်စွဲခဲ့ကြပါသည်။ ဤအမှုသည် ခွင်းလွှတ်၍ မရသော အပြစ်ဖြစ်ပါသည်၊ အကြောင်းမှာ ခွင့်လွှတ်ခြင်းကို ဖြစ်စေတော်မူသော ထိုဝိညာဉ်တော်၏ အပြစ်ဖော်ပြခြင်းအမှုကို သူတို့သည် ငြင်းပယ်ခဲ့ကြပြီဖြစ်၏။ လူပြုနိုင်သော အကြီးမားဆုံးသော အပြစ်သည် ကယ်တင်ရှင် သခင်ယေရှု ခရစ်တော်ကို မယုံကြည်ခြင်းဖြစ်၍ ထိုအပြစ်သည် လူကို ထာဝရ အပြစ်တင်ခြင်း၊ သေခြင်းသို့ ပို့ဆောင်တတ်၏ (ယော ၃း၁၈)။ သတင်းကောင်းကို မိမိ အလိုအရ၊ လုံးဝ အစဉ် ငြင်းပယ်ခြင်းသည် ဝိညာဉ်တော်ကို မထီမဲ့မြင်ပြုခြင်း၊ ခွင့်လွှတ်၍ မရသောအပြစ် မြောက်ပါသည်။

လူတဦးသည် ဝိညာဉ်တော်ကို မထီမဲ့မြင်ပြုခြင်းတည်းဟူသော ခွင့်လွှတ်၍ မရသောအပြစ်ကို ကျူးလွန်သောအခါ အဘယ်အမှုဖြစ်လာပါသနည်း။ အောက်ပါအရာများ ဖြစ်ပျက်ခဲ့ပါသည်၊
(၁) ဘုရားသခင်က ထိုသူကို မိမိကိုယ်ကို ဖျက်ဆီးခြင်းသို့ ပစ်ပယ်ထားတော်မူ၏ (ယေရ ၇း၁၃-၁၆၊ ဟေဗြဲ ၁၀း၂၆-၂၇)။
(၂) ဘုရားသခင်သည် တရားသဖြင့် ထိုသူ၏ စိတ်နှလုံးကို ခိုင်မာစေလျက်၊ သမ္မာတရားဘက်၌ မျက်စိ ကွယ်စေတော်မူ၏ (မသဲ ၁၃း၁၅၊ ယော ၁၂း၃၇-၄၀၊ ဥပမာအားဖြင့် - ဖါရောမင်း - ထွက် ၉း၁၂၊ ၁၀း၁၊ ၂၀၊ ၂၇၊ ၁၄း၈၊ နှိုင်း - ရောမ ၁း၂၄)။
(၃) ထိုအပြစ်သားသည် နောင်တ မနိုင်တော့ပါ (ဟေဗြဲ ၆း၆၊ ဥပမာအားဖြင့် - ယုဒ ရှကာရုတ်၊ မသဲ ၂၇း၃-၅၊ နှိုင်း - ၂ ကော ၇း၁၀)။

ခရစ်ယာန် တဦးသည် ဤခွင့်လွှတ်၍ မရသောအပြစ်ကို လွန်ကျူးနိုင်ပါသလား။ Calvin က ဤသို့ အဖြေပေးခဲ့ပါသည် - "ဝိညာဉ်တော်အားဖြင့် အမှန် ဒုတိယမွေးခြင်း ခံရသောသူသည် ထို မိုက်မဲလှသော ပြစ်မှုကို မကျူးလွန်နိုင်ပါ။"

**ဆင်ခြင်ရန်** - "လူတို့သည် အပြစ်ကို အထပ်ထပ် ကျူးလွန်ကြသောအခါ၊ ဘုရားသခင်သည် မိမိ၏ဂရုဏာတော်ကြိုးကို လျှော့ရဲစေတော်မူလျက်၊ သူတို့အား ပျက်စီးခြင်း အခွင့် ပေးတော်မူတတ်ပါသည်" (Calvin)။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်ကို ဆန့်ကျင်လျက် အကျွန်ုပ် စိတ်နှလုံး ခိုင်မာခြင်း မရှိမည်အကြောင်း မစတော်မူပါ။

တနင်္လာ၊ မေ (၂၆)

**လု ၈း၁-၃**

တိတု ၂း၁-၅

*"မိမိဥစ္စာကို လှူ၍ ကိုယ်တော်ကို လုပ်ကျွေးသော အခြားမိန်းမ အများပါကြ၏"*

## ခရစ်တော်ကို အကူအညီပေးသော မိန်းမများ

ယေရှုသည် ဂါလိလဲပြည်၌ ဧဝံဂေလိပြုသောအခါ အသေးစိတ် စနစ်တကျ ပြုတော်မူခဲ့ပါသည်။ သူသည် "မြို့ရွာအစဉ် အတိုင်း" သတင်းကောင်းကို ဟောပြောခဲ့၏။ ထိုသို့ပြုခြင်းဖြင့်၊ ယေရှုသည် အသင်းတော် မည်သို့ ဧဝံဂေလိတရား မှုတော်ကို ဆောင်ရမည်အကြောင်း သာဓက ပြတော်မူခဲ့ပါသည်။ စင်ကာပူ အနေဖြင့် ပြောရမည်ဆိုလျှင်၊ အသင်းတော်သည် သတင်းကောင်းကို စနစ်ကျကျ နယ်အလိုက်၊ တစ်ရက်ကွက်ပြီး တစ်ရက်ကွက်၊ တစ်တိုက်ပြီး တစ်တိုက် ဟောပြောရမည် ဖြစ်ပါသည်။

ယခုတွင်၊ ယေရှုနှင့် တပည့်တော် ဆယ့်နှစ်ပါးအပြင်၊ အကူအညီပေးသော အချို့မိန်းမများ ဖြစ်သည့်၊ မာရိ မာဂဒလ၊ ယောဟန္နနှင့် ရှုရှန္နတို့လည်း ရှိခဲ့ပါသည်။ ယေရှုသည် သတင်းကောင်း အမှုတော်မြတ်၌ ယောကျ်ားများကိုငှင်း၊ မိန်းမများကိုငှင်း အသုံးပြုတော်မူခဲ့၏။ ယောကျ်ားများသည် ဦးဆောင်မှုကို ပြုကြရမည်ဖြစ်ပြီး၊ မိန်းမများလည်း အမှုတော်မြတ်၌ ချန်ထား၍ မရပါ။ အသင်းတော်၌ အမျိုးသမီးများ၏ တာဝန်ဝတ္တရားနှင့်ပတ်သက်၍ Calvin က ဤသို့ ဖော်ပြခဲ့ပါသည် - "(အမျိုးသမီးတို့သည်) သူတို့သခင် တရားဟောခြင်း အစီအစဉ်သို့ ပရိသတ်များကို ဖိတ်ခေါ် စုဝေးစေတတ်ကြ၏။ ထို့ကြောင့်၊ သူတို့၏ ပါဝင်မှုသည် ပို၍ သေးငယ်သည်ဟု ထင်ရသော်လည်း၊ သူတို့အား ခရစ်တော်ကို အကူအညီပေးသောသူများဟု ခေါ်ခြင်းခံရကြ၏။"

ဦးဆောင်ခြင်း၊ သွန်သင်ခြင်းကို ယောကျ်ားများ၏ တာဝန်ဖြစ်သော်လည်း၊ သမ္မာကျမ်းစာထဲတွင် ပုံမှန်မဟုတ်သော၊ ထူးခြားသည့် အခြေအနေကိုလည်း တွေ့ရပါသည်။ ဓမ္မဟောင်းထဲတွင်၊ တရားသူကြီး အမှု၌ (ဦးဆောင်မည့်သူ ယောကျ်ား မရှိခဲ့သောကြောင့်) ဒေဗောရသည် ဦးဆောင်မှု တာဝန်ကို ယူခဲ့ပါသည် (သူကြီး ၄-၅)။ ဓမ္မသစ်တွင်၊ မိမိယောကျ်ား အာကုလနှင့်အတူ အာပေါလုအား ခရစ်ယာန် ယုံကြည်ခြင်းတရားကို ပို၍ စုံလင်စွာ ပြစ်ကိလ (Priscilla) က သင်ပေးခဲ့ကြပါသည်။ ဦးဆောင်ခြင်း၊ သင်ကြားပေးခြင်း၌ ယောကျ်ားများ မရှိ၊ မတတ် နိုင်သော အချိန်များတွင်၊ သခင်ယေရှုသည် မိန်းမများကိုလည်း မိမိအား အကူအညီပေးဖို့ရန် အသုံးပြုတော်မူခဲ့ပါသည်။

**ဆင်ခြင်ရန်** - "ယောကျ်ားတို့သည် ဦးဆောင်မှုတာဝန်ကို မယူလိုကြလျှင်၊ မိန်းမများကို ဘုရားသခင် အသုံးပြုတော်မူလိမ့်မည်။"

**ဆုတောင်းချက်** - အဖဘုရား၊ မိသားစုနှင့်အသင်းတော်၌ ကိုယ်တော်ပေးတော်မူသော တာဝန်ကို ကျွန်တော် ကျေပွန်စွာ ထမ်းရွက်မည်အကြောင်း မစတော်မူပါ။



ဗုဒ္ဓဟူး၊ မေ (၇)

**မာကု ၂း၁-၁၂**

တမန် ၂း၂၂-၂၄

*"ငါ့သား၊ သင်၏အပြစ်ကို လွှတ်စေပြီ"*

## ယေရှု၏ အပြစ်ခွင့်လွှတ်ခြင်း တန်ခိုးတော်

လက်ခြေသေသောသူ တယောက်သည် ယေရှုကို တွေ့လိုသော်လည်း၊ လူအုပ်ကြီးကြောင့် အိမ်ထဲသို့ မဝင်နိုင်ခဲ့ကြပါ။ ထိုသူ၌ အကူအညီပေးသော သူငယ်ချင်း လေးယောက်ရှိ၏။ သူတို့သည် အိမ်ပေါ်သို့ တတ်လျက်၊ ထိုလက်ခြေသေသောသူကို အိမ်ထဲသို့ ဖြည်းဖြည်းချင်း ချခဲ့ကြပါသည်။ ယေရှုက ထိုသူတို့၏ယုံကြည်ခြင်းကို ချီးကျူးခဲ့ပါသည်။ ထိုသူတို့၏ ကြိုးစားအားထုတ်မှုက ကယ်တင်တော်မူနိုင်သော၊ တန်ခိုးရှိတော်မူသော ယေရှု အပေါ် ထားရှိသော မိမိတို့၏ယုံကြည်ခြင်းကို ပေါ်လွင်စေလျက်ရှိပါသည်။ "ယုံကြည်ခြင်း မရှိလျှင်၊ ဘုရားသခင်၏ စိတ်တော်နှင့် မတွေ့နိုင်။ အကြောင်းမူကား၊ ဘုရားသခင့် အထံတော်သို့ ချဉ်းကပ် သောသူသည်၊ ဘုရားသခင် ရှိတော်မူသည်ကို ငှင်း၊ ကိုယ်တော်ကို ရှာသောသူ အား အကျိုးပေးတော်မူသည်ကိုငှင်း၊ ယုံကြည်ရမည်" (ဟေဗြဲ ၁၁း၆)။ ယေရှုက ထိုလက်ခြေသေသောသူ၏ အပြစ်ကို ခွင့်လွှတ်တော်မူ၏။ ဤသည်ကား ကျေးဇူးတော်အားဖြင့် ပြုသောအမှု ဖြစ်ပါသည်။ ယေရှုသည် နောက်ဆုံး စုံလင်သော အပြစ်လွှတ်ခြင်းကို ပြုလိမ့်မည်ဖြစ်သော်လည်း၊ သူသည် အချိန်တိုင်း အပြစ်လွှတ်ရသောအခွင့်ကို ပိုင်ဆိုင်တော်မူ၏။ ယခု အပြစ်လွှတ်ခြင်းသည် နောက်ဖြစ်လတံ့သော၊ တကြိမ်တည်းဖြင့် ထာဝရအတွက် အပြစ်လွှတ်ခြင်းအတွက် အာမခံချက်ပင်ဖြစ်ပါသည်။ ဘုရားသခင်သည် သမိုင်းကြောင်းကို ထိန်းချုပ်တော်မူသောသူ ဖြစ်လျက်၊ မိမိခွဲခန့်ထားသောအရာတိုင်းသည် အမှန် ဖြစ်လာကြမည် ဖြစ်ပါသည်။

ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း သေချာလှပါသည်။ ဂါလိလဲပြည် တလျှောက် ပြုတော်မူသော အံ့ဘွယ်အမှုများသည် သက်သေဖြစ်တော်မူ၏။ ယေရှု၌ အပြစ်ကို ခွင့်လွှတ်နိုင်သော တန်ခိုးရှိတော်မူ၏။ ဖာရိရှဲများနှင့် ကျမ်းပြုဆရာများက ထိုအချက်ကို သိခဲ့ကြ၏။ ထို့ကြောင့်၊ သူတို့သည် မသိသောကြောင့် မဟုတ်ဘဲ၊ မယုံကြည်ခြင်းကြောင့် ယေရှု၏ တန်ခိုးအာဏာကို မေးခွန်းထုတ်ခဲ့ကြပါသည်။ သူတို့က ယေရှုအား ဘုရားသခင်ဖြစ်တော်မူကြောင်း မယုံကြည်လိုကြပါ။ "ဘုရားသခင် ဖြစ်တော် မမူလျှင်၊ အဘယ်သို့ အပြစ်လွှတ်နိုင် ပါမည်နည်း။ ထိုသို့ ပြုခြင်းသည် ဘုရားသခင်ကို မထီမဲ့မြင်ပြုခြင်း ဖြစ်ပါလိမ့်မည်" စသဖြင့် သူတို့အကြား ဆိုခဲ့ကြပါသည်။ ယေရှုက သူတို့၏ ဆိုးယုတ်သော အတွေးကို သိသဖြင့်၊ မိမိ၏ တန်ခိုး အာဏာတော်ကို စတင် ပြသတော်မူခဲ့၏။ မည်သို့ ပြတော်မူသနည်း။ အံ့ဘွယ်အမှုပြုခြင်းအားဖြင့် ပြခဲ့ပါသည်။ ယေရှုက၊ လက်ခြေသေသောသူအား၊ "ထလော့။ ကိုယ်အိပ်ယာကို ဆောင်၍ ကိုယ်အိမ်သို့ သွားလော့" ဟု မိန့်တော်မူ၏။ မိန့်တော်မူသည်အတိုင်း သူ ပြုခဲ့ပါသည်။ လုံးဝ လမ်းမလျှောက်နိုင်သော၊ အိပ်ယာပေါ်၌ အိပ်နေခဲ့သော သူသည် ယခုတွင် မိမိ၏အိပ်ယာကို ဆောင်လျက် အိမ်ထဲမှ လမ်းလျှောက် ထွက်သွားခဲ့ပါသည်။ သူသည် ဝိညာဉ်သော်ငှင်း၊ ခန္ဓာကိုယ်သော်ငှင်း ကျန်းမာခြင်း ခံခဲ့ရပါသည်။ ထိုအမှုကို မြင်သောသူ အပေါင်းတို့သည် အံ့သြခြင်းရှိလျက်၊ ဘုရားသခင်ကို ချီးမွမ်းခဲ့ကြပါသည်။

ယေရှုသည် ပြုတော်မူသော အံ့ဘွယ်အမှုအားဖြင့်၊ မိမိသည် ဘုရားသခင် စေလွှတ်တော်မူသောသူ ဖြစ်ကြောင်း၊ မိမိ၏စကားတို့သည် အမှန်ဖြစ်ကြောင်း သက်သေပြတော်မူခဲ့၏။ သို့သော်လည်း၊ ဝမ်းနည်းစရာကောင်းသည်မှာ ဣသရေလသည် သမ္မာတရားဘက်၌ မျက်စိကွယ်လျက် ရှိခြင်းပင် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - "သင်၏အပြစ်ကို လွှတ်စေပြီဟု ပြောလွယ်သလော။ သင်ထလော့၊ ကိုယ်အိပ်ယာကို ဆောင်၍ လမ်းသွားလော့ဟု ပြောလွယ်သလော။"

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်အပြစ်များကို ဝန်ခံပါ၏။ ကျွန်ုပ်ကို ခွင့်လွှတ်တော်မူပါ။

ကြာသပတေး၊ မေ (၈)

**မာကု ၂း၁၃-၂၀**

မသဲ ၉း၉-၁၅

*"ငါ့နောက်သို့ လိုက်လော့ဟု မိန့်တော်မူ၏။ ထိုသူသည်လည်း ထ၍ နောက်တော်သို့ လိုက်လေ၏"*

## ယေရှုက ကျွန်ုပ်ကို ခေါ်တော်မူ၏ - နောက်တော်သို့ လိုက်ပါမည်

မသဲသည် အခွန်ခံဖြစ်ပါသည်။ ရောမ အစိုးရအတွက် သူသည် အခွန် ကောက်ခံခဲ့ပါသည်။ အခွန်ခံများသည် ပြည်သူများထံမှ လိုအပ်သည်ထက် ပိုကောက်ခံခြင်းသည် ထူးဆန်းသောအမှု မဟုတ်ပါ (နှိုင်း - လုကာ ၁၉း၂၊ ၈)။ အခွန်ခံ ယုဒလူများကို အမျိုး သစ္စာဖောက်၊ ဖိနှိပ်သောသူဟု သတ်မှတ်တတ်ကြ၏။ ကျမ်းစာထဲ၌ မသဲသည် မရိုးသားသောသူဟု ဖော်ပြခြင်း မရှိသော်လည်း၊ သူ့ကို သစ္စာဖောက်ဟု သတ်မှတ် ခဲ့ကြပါလိမ့်မည်။ အခွန်ခံများကို ရောမလူတို့၏ "အသုံးခံ ခွေးများ" ဟု သတ်မှတ်ခဲ့ကြပါသည်။ ထိုသို့ မထီမဲ့မြင်ပြုခဲ့ကြသောကြောင့်၊ အခွန်ခံ အလုပ်သည် နိမ့်ကျသောအလုပ်ဟု သတ်မှတ်လာခဲ့ကြ၏။ ထို့ကြောင့်၊ ခရစ်ဝင်ကျမ်းများထဲတွင် ထိုအခွန်ခံများအား အပြစ်သားများနှင့်တကွ ရောနှောလျက် နာမည်တပ်ခြင်း ခံခဲ့ကြခြင်းဖြစ်ပါသည် (မသဲ ၉း၁၀-၁၁၊ ၁၁း၁၉၊ မာကု ၂း၁၅-၁၆၊ လု ၅း၃၀၊ ၁၉း၂-၁၀)။

ယေရှု ခေါ်သောအခါ၊ မသဲသည် တွေဝေခြင်း မရှိဘဲ အရာအားလုံးကို ထားခဲ့လျက် နောက်တော်သို့ လိုက်ခဲ့ပါသည်။ အခွန်ခံဖြစ်သောကြောင့် သူသည် အလွန် ချမ်းသာသောသူ ဖြစ်ပါလိမ့်မည်။ သို့သော်လည်း ယေရှုအတွက် အားလုံးကို စွန့်လွှတ်ခဲ့ပါသည်။ သူသည် ယေရှုကို လေးစားသောအားဖြင့် ကြီးကြယ်ခမ်းနားသော ပွဲကို ကျင်းပလျက် မိမိ၏ စိတ်အားထက်သန်မှုကို သက်သေပြခဲ့ပါသည်။

ကျမ်းပြုဆရာများနှင့် ဖာရိရှဲများက ယေရှုအား အခွန်ခံများ၊ အပြစ်သားများနှင့် အတူစားသောက်ခြင်းကြောင့် ဝေဖန်ခဲ့ကြပါသည်။ မိမိကိုယ်ကို ဖြောင့်မတ်သည်ဟု ထင်လျက် မာနထောင်လွှားသော ယုဒ ဘာသာရေး ခေါင်းဆောင်များသည် အခြားသောသူများကို "မြေမုန့်ထဲက လူများ" ဟု ခေါ်တတ်ကြ၏။ ပညတ်တရား မလေ့လာသောသူတို့သည် ထိုသို့ ခေါ်ခြင်း ခံရကြ၏ (နှိုင်း - ယော ၇း၄၉)။ ကျမ်းပြုဆရာများနှင့် ဖာရိရှဲများ၏ တပည့်များတို့သည် ထို မြေမုန့်ထဲက လူများနှင့် အတူတကွ စားသောက်ရသော အခွင့် မရှိကြပါ။

ယေရှုက သူတို့၏ ဝေဖန်မှုကို ဤသို့ တုန့်ပြန်တော်မူခဲ့၏ - "ကျန်းမာသောသူတို့သည် ဆေးသမားကို အလိုမရှိကြ။ နာသောသူတို့သာလျှင် အလိုရှိကြ၏။ . . . ယဇ်ပူဇော်ခြင်း အကျင့်ထက် သနားခြင်းကရုဏာ အကျင့်ကို ငါနှစ်သက်၏ဟူသော ကျမ်းစကား ကို နားလည်ခြင်းငှါ သင်တို့သွား၍ သင်ကြလော့။ ဖြောင့်မတ်သော သူတို့ကို နောင်တသို့ ခေါ်ခြင်းငှါ၊ ငါလာသည် မဟုတ်။ ဆိုးသောသူတို့ကို ခေါ်ခြင်းငှါ၊ ငါလာသတည်း။" အပြစ်ကြောင့် နာမကျန်းဖြစ်သောသူတို့သည် ကျန်းမာခြင်းအတွက် ယေရှုထံ လာရသောအခွင့် ရှိကြ၏။ သို့သော်လည်း နာမကျန်း ဖြစ်လျက် မိမိကိုယ်ကို နေကောင်းသည် ဟုထင်မှတ်သောသူတို့သည် ကျန်းမာခြင်း ခံရကြမည် မဟုတ်ပါ။ မိမိကိုယ်ကို ဖြောင့်မတ်သည်ဟု ထင်မှတ်သော၊ ကျမ်းပြုဆရာနှင့် ဖာရိရှဲတို့သည် မိမိတို့၏ မာနထောင်လွှားခြင်း ရောဂါ ကုသဖို့ရန် ကယ်တင်ရှင်၏ မစမှုကို ခံရကြမည် မဟုတ်ပါ။ စိတ်နှိမ့်ချသော အပြစ်သားသည် ကယ်တင်ရှင် ယေရှုကို တွေ့ရကြလိမ့်မည်။

**ဆင်ခြင်ရန်** - နောက်တော်သို့ လိုက်ဖို့ရန် စွန့်လွှတ်ဖို့လည်း လိုအပ်ပါသည်။

**ဆုတောင်းချက်** - "ထာဝရဘုရား၊ ကိုယ်တော်အတွက် ကျွန်ုပ်အသက်တာကို သန့်ရှင်းစေပါ။"



တနင်္ဂနွေ၊ မေ (၂၅)

**လု ၇း၃၆-၅၀**

လု ၁၈း၉-၁၄

*"သူသည် များစွာသော အပြစ်တို့နှင့် လွတ်သည်ဖြစ်၍ အလွန်ချစ်တတ်၏"*

## မိမိကိုယ်ကို ဖြောင့်မတ်စေခြင်း၊ မိမိကိုယ်ကို နှိမ့်ချခြင်း

ယနေ့အကြောင်းအရာတွင်၊ ယေရှု၏ စိတ်နှိမ့်ချခြင်းသဘောကို တွေ့ရပါသည်။ ယေရှုသည် လူတို့၏ စိတ်နှလုံးကို သိမြင်တော်မူ၏။ ဖာရိရှဲ ရှိမုန်သည် ယေရှုအား မိမိအိမ်သို့ ညစာစားဖို့ ဖိတ်သောအခါ၊ သူသည် ယေရှုကို ချစ်သောကြောင့် မဟုတ်ပါ။ ထိုသို့ မိမိအိမ်သို့ ဖိတ်ရခြင်းမှာ ယေရှု၏ အမှားကို ရှာလျက် အပြစ်ပုံချလိုသောကြောင့် ဖြစ်ပါသည်။ ထိုအချက်ကို ယေရှုအား ဆီလိမ်းဖို့ရန် မိန်းမတစ်ဦး လာခဲ့သောအခါ ရှိမုန် ပြုခဲ့သော မကျေနပ်မှု မှတ်ချက်အားဖြင့် သိနိုင်ပါသည်။ သူသည် ယေရှုအား ချက်ချင်း ဝေဖန်ခဲ့ပါသည်။ ယေရှုသည် ကြီးမြတ်သော ပရောဖက် အမှန် ဟုတ် မဟုတ် မေးခွန်းထုတ်ခဲ့ပါသည် (နှိုင်း - ၇း၁၆)။ မိမိကိုယ်ကို ဖြောင့်မတ်သောသူဟု ထင်လျက်၊ သူသည် ယေရှုအား ဝေဖန်လျက်၊ ယေရှုသည် ပရောဖက် အမှန်ဖြစ်ခဲ့လျှင်၊ မိမိခြေကို ရေမွှေး လိမ်းပေးသော မိန်းမသည် အပြစ်သားဖြစ်သည်ကို သိမြင်မည်ဖြစ်၍၊ ငြင်းခဲ့လိမ့်မည်ဟု သူထင်မှတ်ခဲ့ပါသည်။

မှတ်သားစရာကောင်းသည်မှာ၊ ယေရှုသည် မိမိအား မထီမဲ့မြင်ပြုသော ရှိမုန်၏ စိတ်ကို သိသော်လည်း၊ သူ၏ဖိတ်ခေါ်မှုကို လက်ခံတော်မူခဲ့ခြင်း ပင်ဖြစ်ပါသည်။ ရှိမုန်သည် ဧည့်သည်ကို ဖိတ်ခေါ်ခြင်း၌ ထုံးစံအတိုင်း ဧည့်ဝတ်ကျေပွန်ဖို့ရန် လိုအပ်သောအရာများကို ပြင်ဆင်ခဲ့ပါသည်။ သို့သော်လည်း၊ သူသည် သခင်ယေရှုကို ကောင်းကောင်းမွန်မွန် မဆက်ဆံခဲ့ပါ။ ယေရှု၏ ခြေကို ဆေးဖို့ရန် ရေ မပေးခဲ့ပါ၊ နမ်းခြင်းဖြင့် မကြိုဆိုခဲ့ပါ၊ သူ့ခေါင်းကို ဆီ မလိမ်းပေးခဲ့ပါ။ ကောင်းကောင်းမွန်မွန် မကြိုဆိုခဲ့ပါ။ ထိုအမှုသည် မထီမဲ့မြင်ပြုခြင်း တမျိုးဖြစ်ပါသည်။

အပြစ်လွှတ်ခြင်းခံရသော ဤမိန်းမသည် ယေရှု၏ ထမ်းဘိုး ထမ်းရွက်ခြင်းအမှု၊ ယေရှုထံမှ သင်ယူခြင်းအမှုတွင် ပုံသာဓကကောင်းကို ဆောင်ခဲ့ပါသည်။ သူသည် ယေရှု၏အကျင့်ကို ဆောင်လျက်၊ စိတ်နှိမ့်ချခြင်း ထမ်းဘိုးကို ထမ်းရွက်ခဲ့ပါသည်။ သူသည် ယေရှုရှေ့၌ မိမိကိုယ်ကို နှိမ့်ချလျက်၊ ယေရှု၏ ခြေကို မိမိ၏ ဆံပင်နှင့် မျက်ရည်ဖြင့် သုတ်ခဲ့ပါသည်။ ယေရှုကို ရိုသေလေးစားခြင်း၊ ကျေးဇူးတင်သောအားဖြင့် အလွန် တန်ဖိုးကြီးသော ဆီမွှေးဖြင့် လိမ်းခဲ့ပါသည်။

အဘယ်သူက စစ်မှန်သော ယုံကြည်ခြင်းကို ပြသခဲ့ပြီး၊ ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာကို ခံစားခဲ့ပါသနည်း။ မိမိကိုယ်ကို ဖြောင့်မတ်သည်ဟု ထင်မှတ်သော ရှိမုန် မဟုတ်ဘဲ၊ မိမိကိုယ်ကို နှိမ့်ချသော ထိုမိန်းမပင်ဖြစ်ပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်၏ ခွင့်လွှတ်ခြင်းကို ခံရလိုလျှင်၊ ထိုမိန်းမကဲ့သို့ ပြုကြရပါမည်။

**ဆင်ခြင်ရန်** - "ခရစ်ယာန်များ၏ အကြီးမြတ်ဆုံး ဘုန်းအသရေသည် မိမိကိုယ်ကို နှိမ့်ချခြင်းပင်ဖြစ်ပါသည်" (Calvin)။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်အား အပြစ်ထဲမှ ကယ်နှုတ်တော်မူသောကြောင့် ထာဝရ ကျေးဇူးတင်နေပါမည်။

## ယေရှုက အကောင်းဆုံးသော ထမ်းဘိုးကို ပေးတော်မူ၏

ယေရှုသည် မရေတွက်နိုင်သော အံ့ဘွယ်အမှုကို ပြုတော်မူခဲ့ပြီ။ ထိုအံ့ဘွယ်အမှုအပေါင်းတို့က ယေရှုသည် မေရှိယဖြစ်တော်မူကြောင်း ဖော်ပြခဲ့ပါသည်။ ဖြောင့်မတ်တော်မူသော ယေရှုသည် ယုဒမြို့များဖြစ်သော၊ ခေါရာဇိန်နှင့် ဗက်ဇဲဒကို ကျိန်လျက် ဆုံးမတော်မူခဲ့၏။ သူတို့သည် မိမိတို့၏ မေရှိယကို သိမှတ်ခဲ့သင့်သော်လည်း၊ မသိခဲ့ကြပါ။ ဆိုးသွမ်းသော တပါးအမျိုးသား မြို့များ၌ ထိုသို့သော အံ့ဘွယ်အမှုများကို ပြုတော်မူခဲ့လျှင်၊ သူတို့သည် နောင်တရခဲ့ကြပါလိမ့်မည်။ ထို့ကြောင့်၊ ဣသရေလ၏အပြစ်သည် အလွန် မိုက်မဲခဲ့ပါသည်။ ဓမ္မဟောင်းထဲ၌ များစွာသော ပရောဖက်ပြုချက် ဖော်ပြခဲ့သော်လည်း၊ သူတို့သည် မိမိတို့၏သခင်ကို မသိမှတ်ခဲ့ကြပါ။ သူတို့သည် "အမင်္ဂလာ" နှင့် ထိုက်တန်ခဲ့ကြပါသည်။

မိမိတို့၏ အသိဉာဏ်တန်ခိုးအားဖြင့် ဘုရားသခင်ကို သိနိုင်သည်ဟု ထင်မှတ်သောသူတို့သည် မိမိကိုယ်ကို လှည့်ဖြားသောသူဖြစ်ကြပါသည်။ ဘုရားသခင်သည် အပြစ်သားထံ မိမိကိုယ်ကို ဖော်ပြတော် မမူလျှင်၊ အပြစ်သားသည် ဘုရားသခင်ကို မသိနိုင်ပါ။ ဘုရားသခင်သည် နှိမ့်ချသောသူ၊ နာခံသောသူတို့အား မိမိကို သိနိုင်မည်အကြောင်း ကျေးဇူးတော်အားဖြင့် အသိဉာဏ် ပေးသနားတော်မူ၏ (၁ ကော ၁း၁၉-၃၀)။

ခမည်းတော်ဘုရားကို သားတော်ဘုရားအားဖြင့်သာ သိနိုင်ပါသည်။ သခင်ယေရှုက ဤသို့ ဖိတ်ခေါ်တော်မူခဲ့၏ - "ဝန်လေး၍ ပင်ပန်းသော သူအပေါင်းတို့၊ ငါ့ထံသို့ လာကြလော့။ ငါသည် ချမ်းသာပေးမည်။ ငါ့ထမ်း ဘိုးကို တင်၍ ထမ်းကြလော့။ ငါ့ထံ၌ နည်းခံကြလော့။ ငါသည် နူးညံ့သိမ်မွေ့ နှိမ့်ချသော စိတ်သဘော ရှိ၏။ သင်တို့ စိတ်နှလုံးသည် သက်သာခြင်းကို ရလိမ့်မည်။ အကြောင်းမူကား၊ ငါ့ထမ်းဘိုးသည် ထမ်းလွယ်၏။ ငါ့ဝန်လည်း ပေါ့၏။" ယေရှုသည် လူတို့အား၊ "ကယ်တင်ခြင်းအတွက်၊ အလုပ်မလုပ်တော့ဘဲ၊ မိမိအား ယုံကြည်ခြင်း ရှိကြပါ" ဟုဆိုခြင်း ဖြစ်၏။ ဖာရိရှဲတို့သည် လူတို့အား မိမိတို့၏ ပညတ်တရားများဖြင့် ဝန်ပိစေခဲ့ကြပါသည်။ "ကယ်တင်ခြင်းအတွက် ထိုပညတ်တရားများကို လိုက်လျှောက်ကြလော့" ဟု ဖာရိရှဲတို့သည် သတင်းဆိုးကို ဟောခဲ့ကြပါသည်။ သို့သော်လည်း၊ ယေရှု၏သတင်းကောင်းမူကား၊ "သင်တို့ ကယ်တင်ခြင်း ရဖို့ရန် သင်တို့အတွက် ပညတ်တရားကို ငါလိုက်လျှောက်ပေးတော်မူမည်" ဟူ၍ ဖြစ်၏။ ယေရှုသည် ပညတ်တရားကို လိုက်လျှောက်သည်သာမက၊ ထိုပညတ်၏အခကို ကားတိုင်ပေါ်၌ ပေးဆပ်ခဲ့ပါသည်။ "နူးညံ့သိမ်မွေ့ နှိမ့်ချသော စိတ်သဘော" ရှိသောသူ ဖြစ်ကြောင်း ထိုသို့ ဖော်ပြခဲ့ပါသည်။ ပညတ်တရား၏ အရှင်သခင်သည် ပညတ်တရား၏ အစေခံကျွန် ဖြစ်လာခဲ့ပါသည်။ "ပညတ်တရား လက်၌ရှိသော ငါတို့ကို ရွေးနှုတ်စေခြင်းငှါ၊ . . . ပညတ်တရား အောက်၌ ဘွားမြင်" စေခြင်းကို ခံခဲ့ပါသည် (ဂလာ ၄း၄-၅)။

ကယ်တင်ခြင်း ချမ်းသာကို လိုအပ်သောသူ အပေါင်းတို့သည် ယေရှု၌ လက်ခံရရှိနိုင်ပါသည်။ သို့သော်လည်း၊ ကျွန်တော်တို့သည် သူ၏ထမ်းဘိုးကို ထမ်းလျက်၊ သူ့ထံမှ နည်းခံကြဖို့ လိုပါ၏။ သူ၏ထမ်းဘိုး ထမ်းရွက်ခြင်းသည် သူ့ကို ယုံကြည်လျက်၊ ပြောစကားကို လိုက်လျှောက်ခြင်း ပင်ဖြစ်ပါသည်။ သူ၏ထမ်းဘိုးသည် အကောင်းဆုံးဖြစ်၍၊ ထမ်းလွယ်ပြီး၊ ဝန်လည်း ပေါ့၏။

**ဆင်ခြင်ရန်** - တဦးတည်း ထမ်းရသော အကျွန်ုပ်၏ထမ်းဘိုးသည် လေးလံပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ထမ်းဘိုးကို မိမိအလိုအလျောက် ကျွန်တော် ထမ်းရွက်ပါ၏။





## ယေရှုသည် ဥပုသ်နေ့၏အရှင်သခင် ဖြစ်တော်မူ၏ (၁)

ဖာရိရှဲများက ယေရှုနှင့် သူ့တပည့်တော်တို့အား ဥပုသ်နေ့ကို မစောင့်ကြဟု စွပ်စွဲခဲ့ကြ၏။ ဖာရိရှဲတို့က တပည့်တော်များသည် ဥပုသ်နေ့၌ စပါးအသီးအနှံကို ဆွတ်ကြသောကြောင့် ဥပုသ်နေ့နှင့်ဆိုင်သော ပညတ်တရားကို ချိုးဖောက်သည်ဟု ဆိုကြခြင်းဖြစ်ပါသည်။ ဖာရိရှဲတို့၌ ဥပုသ်နေ့တွင် မပြုအပ်သော အမှု ၃၉ မှုရှိပြီး၊ ထိုအထဲတွင် စပါးရိတ် နယ်ခြင်း ပါဝင်ပါသည်။ တပည့်တော်တို့က စပါးနှံကို ဆွတ်ကြသောကြောင့် ထိုအမှုကို စပါးရိတ်ခြင်း အဖြစ် သတ်မှတ်ခဲ့ကြ၏။ ထို့နောက် လက်ဖြင့် ပွက်ခဲ့ခြင်းကို စပါးနယ်ခြင်း အဖြစ် မှတ်ယူခဲ့ကြပါသည်။ ယေရှုသည် သူတို့ကို မတားခဲ့သောကြောင့် အပြစ်ရှိသည်ဟု သတ်မှတ်ခဲ့ကြ၏။ တပည့်တော်များသည် ဆာလောင် ကြသဖြင့် စပါးနှံကို ဆွတ်လျက် စားခဲ့ကြပြီး၊ ထိုအမှုကို ခွင့်ပြုတော်မူသော သခင်သည် မှားပါသလား။

ယေရှုနှင့် တပည့်တော်တို့သည် ဥပုသ်နေ့ ပညတ်တရားကို မချိုးဖောက်ခဲ့ကြပါ။ ချိုးဖောက်သော ပညတ်မူကား၊ ဖာရိရှဲတို့ ပြုသော၊ ကျမ်းစာ ပြင်ပ လူတို့ပြုသော မိုက်မဲသည့် ပညတ်များသာ ဖြစ်ပါသည် (နှိုင်း - လု ၁၁း၄၆)။ ယေရှုက ဖာရိရှဲတို့၏ စွပ်စွဲမှုကို ဘယ်သူမှ စားခွင့် မရှိသော၊ ယဇ်ပုရောဟိတ်များသာ စားခွင့် ရှိသော၊ ရှေ့တော်မုန့်ကို ဒါဝိတ်စားခဲ့ကြောင်း ကိုးကားလျက် ပြန်လည် ချေပတော်မူခဲ့၏။ ပညတ်တရားကို ကောင်းကောင်း သိသော ယဇ်ပုရောဟိတ် အဟိမလက်က တားမြစ်ထားသော မုန့်၊ ဆာလောင်သော ဒါဝိတ်နှင့် သူ့လူများ စားခြင်းကို မတားမြစ်ခဲ့ပါ (၁ ရာ ၂၁း၁-၆၊ နှိုင်း - ဝတ် ၂၄း၉)။ အဟိမလက်က ဝတ် ၂၄း၉ မှ ဝတ်ပြုခြင်း ပညတ်ကို "ချိုးဖောက်" ခဲ့သော်လည်း၊ အပြစ်တင်ခြင်း မခံရပါ။ ထိုနည်းတူ၊ ဒါဝိတ်သည် ထို ဝတ်ပြုခြင်း မုန့်ကို စားခြင်းဖြင့် ပညတ်ကို "ချိုးဖောက်" ခဲ့သော်လည်း၊ အပြစ် မရှိခဲ့ပါ။ အဟိမလက်နှင့် ဒါဝိတ်တို့သည် အပြစ်တင်ခြင်း မခံရကြလျှင်၊ ယဇ်ပုရောဟိတ် အကြီးအကဲဖြစ်တော် မူသော၊ ပို၍ ကြီးမြတ်တော်မူသော ဒါဝိတ် တည်းဟူသော ယေရှုသည် မည်သို့ အပြစ်တင်ခြင်း ခံရနိုင်မည်နည်း။

ထို့ပြင်၊ ယေရှုကိုယ်တိုင်သည် ဥပုသ်နေ့၏ အရှင်သခင် ဖြစ်တော်မူ၏။ ဝတ်ပြုခြင်းနှင့်ဆိုင်သော ပညတ်တို့အပေါ်၌ မဖြစ်မနေ လိုအပ်မှုရှိလာခဲ့လျှင် ယေရှု၌ လိုအပ်သလို အာဏာပြုတော်မူနိုင်သော အခွင့် ရှိတော်မူ၏။ ဝတ်ပြုခြင်း ပညတ်အပေါ်၌ မဖြစ်မနေ လိုအပ်ချက် ပညတ်တည်ရှိပါသည်။ ယေရှုသည် ပညတ်ကို ချိုးဖောက်တော် မမူ၊ စုံလင်စွာ စောင့်တော်မူခဲ့ပါသည်။

ဥပုသ်နေ့ စောင့်ခြင်းနှင့်ပတ်သက်၍ ယေရှုက ဤသို့ အံ့ဘွယ် မိန့်တော်မူခဲ့ပါသည် - "ဥပုသ်နေ့သည် လူအဘို့ ဖြစ်၏။ လူသည် ဥပုသ်နေ့အဘို့ ဖြစ်သည် မဟုတ်။" ဥပုသ်နေ့သည် လူ့အကျိုးအတွက် ဖြစ်၏၊ အကျိုးယုတ်စေဖို့ရန် မဟုတ်ပါ။ ဥပုသ်နေ့သည် ဝန်ထုတ်ဝန်ပိုး မဟုတ်၊ လူ့အကျိုးအတွက် ဖြစ်၏။ ထို့ကြောင့်၊ ပညတ်တရားနှင့်ဆိုင်လျက် ဥပုသ်နေ့ကို စောင့်ခြင်းသည် ဘုရားသခင် ပေးတော်မူသော ဝတ်တွာရားကို ဆန့်ကျင်ရာရောက်ပါသည်။

**ဆင်ခြင်ရန်** - ခရစ်ယာန်သည် (ဘုရားသခင်၏နေ့မြတ်) တနင်္ဂနွေနေ့၌ အပြင် စားသောက်ဆိုင်တွင် စားသောက်ခွင့် ရှိပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ လူ၏အကျိုးအတွက် ဥပုသ်နေ့ကို သတ်မြတ်တော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

## ယေရှုသည် ဥပုသ်နေ့၏အရှင်သခင် ဖြစ်တော်မူ၏ (၂)

ယနေ့ ကျမ်းပိုဒ်၌လည်း ကျမ်းပြုဆရာနှင့်ဖာရိရှဲများက ယေရှုအား ဥပုသ်နေ့ ချိုးဖောက်သည်ဟူသော စွပ်စွဲချက်ကို တွေ့ရပါသည်။ ယေရှု၏သွန်သင်ချက်ကို နာခံရမည့်အစား၊ အမှားကိုသာ စောင့်လျက် နေခဲ့ကြ၏။ ထိုသို့ ကြိုးစားမှုသည် အချည်းနှီးသာလျှင်ဖြစ်ပါသည်။ ယေရှုသည် မမှားနိုင်သော၊ အမှားကင်းရှင်းသောသူ ဖြစ်တော်မူ၏။

ထုံးစံအတိုင်း၊ ယေရှုသည် ဥပုသ်နေ့တွင် တရားဇရပ်၌ သွန်သင်တော်မူ၏။ ထိုနေ့တွင်၊ လက်ျာ်လက် သေသောသူ တဦးရှိပါသည်။ ကျမ်းပြုဆရာနှင့် ဖာရိရှဲများက ယေရှုအား ဥပုသ်နေ့၌ အနာငြိမ်းစေခြင်းအမှုသည် ပြုအပ်သောအမှု ဖြစ်သလောဟု မေးခဲ့ကြပါသည်။ ယေရှုက မေးခွန်းအားဖြင့် တုန့်ပြန်တော်မူ၏ - “ဥပုသ်နေ့၌ ကျေးဇူးပြုအပ်သလော၊ သူ့အကျိုးကို ဖျက်ဆီးအပ်သလော၊ အသက်ကို ကယ်အပ်သလော၊ သတ်အပ်သလော။” ထိုမေးခွန်းက သူတို့ ပါးစပ်ကို ပိတ်စေခဲ့ပါသည်။ သူ့အကျိုးကို ပြုအပ်သည်ဟု ဆိုခဲ့လျှင်၊ ယေရှု၏ အနာငြိမ်းစေခြင်းအမှု၌ အပြစ်ကို ရှာနိုင်တော့မည် မဟုတ်ကြပါ။ သူ့အကျိုးကို ဖျက်ဆီးအပ်သည်ဟု ဆိုခဲ့ပြန်လျှင်၊ သူတို့၏ ဆိုးသွမ်းမှုကို ဖော်ပြရာရောက်လိမ့်မည်။ ထို့ကြောင့်၊ အဖြေ မပေးနိုင်ခဲ့ကြပါ။

ယေရှုက မိမိ၏မေးခွန်းကို ဖြေလျက် ဤသို့ တုန့်ပြန်ခဲ့ပါသည် - “မိမိ၌ သိုးတကောင်တည်းရှိ၍ ထိုသိုးသည် ဥပုသ်နေ့၌ တွင်းထဲသို့ ကျလျှင်၊ မဆွဲ မတင်ဘဲနေမည့်သူ တစုံတယောက်မျှ သင်တို့တွင် ရှိသလော။ လူသည် သိုးထက် အလွန်မြတ်ပေ၏။ ထို့ကြောင့် ဥပုသ်နေ့၌ ကျေးဇူးပြုအပ်သည်။” သမ္မာကျမ်းစာအတိုင်း၊ သင့်လျော်သော အဖြေ၊ စုံလင်သော အဖြေပင်ဖြစ်ပါသည် (နှိုင်း - ထွက် ၂၃း၄-၅၊ တရား ၂၂း၄)။

သူတို့၏ မယုံကြည်ခြင်းနှင့် စိတ်နှလုံး ခိုင်မာမှုကို သိမှတ်လျက်၊ ယေရှုက ကျေးဇူးတော်အားဖြင့် လက်ျာလက် သေသောသူကို ကျန်းမာစေတော်မူ၏။ ထိုအမှုပြုခြင်းဖြင့်၊ ယေရှုက မိမိ၏ တန်ခိုးတော်ကို ပြသလျက်၊ သူသည် ဥပုသ်နေ့၏ အရှင်သခင်၊ ဥပုသ်နေ့ ပညတ်တရားများကို ပေးတော်မူသော ဘုရားသခင် ဖြစ်တော်မူကြောင်း သက်သေ ပြတော်မူခဲ့ပါသည်။ ဤဖော်ပြတော်မူသော ကျေးဇူးတော်ကြောင့်၊ ကျမ်းပြုဆရာနှင့် ဖာရိရှဲတို့သည် ယေရှု ရှေ့တော်၌ စိတ်နှိမ့်ချခြင်းရှိခဲ့သင့်ပါသည်။ နောင်တရမည့်အစား၊ သူတို့သည် ပို၍ အမျက်ထွက်ခဲ့ကြ၏။ မိုက်မဲစွာ ဆန့်ကျင်ကြလျက်၊ ယေရှုကို ပို၍ မုန်းတီးခဲ့ကြပြီး၊ အသေသတ်လိုခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - လာမည့် ဥပုသ်နေ့၌ ယေရှုအဖို့ ကောင်းသောအမှု ပြုရန် ပြင်ဆင်ပါလော့။
**ဆုတောင်းချက်** - အဖဘုရား၊ ဥပုသ်နေ့ကို သန့်ရှင်းစွာ စောင့်မည်အကြောင်း မစတော်မူပါ။





## အငယ်ဆုံးသောသူ ယေရှု

ယေရှုသည် မိမိ၏ရှေ့ပြေးဖြစ်သော ယောဟန်၏ အမှုတော်ကို အလွန် အလေးထားတော်မူ၏။ မာလခိ ၃း၁ ၌တွေ့ရသော သခင်ယေရှု၏ ရှေ့ပြေးအကြောင်း ပရောဖက်ပြုချက်ကို ယောဟန်သည် ပြည့်စုံစေခဲ့ပါသည်။ သူသည် မိမိ၏တာဝန်ကို သစ္စာရှိစွာ ဆောင်ရွက်ခဲ့ပါသည်။ သူသည် အလွန် နှိမ့်ချသော အစေခံကျွန်ဖြစ်ပါသည်။ သူ၏စကားဖြစ်သော၊ “ထိုသခင်သည် တိုးပွါးခြင်း ရှိရမည်။ ငါမူကား ဆုတ်ယုတ်ခြင်း ရှိရမည်” ဟူသောအချက်သည် ခရစ်ယာန်တိုင်း၏ စိတ်ထားဖြစ်ရပါမည်။

မိမိကိုယ်ကို နှိမ့်ချသောသူကို ဘုရားသခင် ချီးမြှောက်တော်မူလိမ့်မည်။ ယေရှုက ယောဟန်အား၊ ပရောဖက်တို့တွင် အကြီးမြတ်ဆုံးဟု ချီးမြှောက်တော်မူခဲ့၏ (မသဲ ၁၁း၁၁)။ ထို့ကြောင့်၊ “ထိုသားသည် . . . ကြီးမြတ်သောသူ ဖြစ်လိမ့်မည်” ဟူ၍၎င်း၊ “အမြင့်ဆုံးသော ဘုရား၏ပရောဖက်ဟုခေါ်ဝေါ်ခြင်းကို ခံရလိမ့်မည်” (လု ၁း၁၅၊ ၇၆) ဟူသော ပရောဖက်ပြုချက်ကို ယောဟန် စုံလင်စေခဲ့ပါသည်။

“ကောင်းကင်နိုင်ငံတော်တွင် အငယ်ဆုံးသော သူသည် ထိုသူထက် သာ၍ကြီးမြတ်၏” ဟု ယေရှု မိန့်တော်မူချက်က ဘာကို ဆိုလိုသနည်း။ ထို “အငယ်ဆုံးသောသူ” သည် မည်သူနည်း။ ထိုအငယ်ဆုံးသောသူဟု ခေါ်သောသူသည် ယေရှုကိုယ်တိုင်ဖြစ်ပါသည်။ ယောဟန်သည် ဓမ္မဟောင်း ပရောဖက်အပေါင်းထက် ကြီးမြတ်သောသူဖြစ်သော်လည်း၊ သူ့ထက် ပို၍ ကြီးမြတ်သောသူ တစ်ဦး ရှိသေး၏။ သခင်ယေရှု ခရစ်တော်သည် ယောဟန်ထက် အမှန် ကြီးမြတ်တော်မူ၏။ ယောဟန်၏ ကြီးမြတ်ခြင်းကို သူ၏ စိတ်နှိမ့်ချခြင်းဖြင့် တိုင်းတာခဲ့ပါသည်။ သို့ဆိုလျှင် ယေရှုထက် ပို၍ နှိမ့်ချသော စိတ်ရှိသောသူ အဘယ်မှာ ရှိမည်နည်း။ “ထိုသခင်သည် ဘုရားသခင်၏ သဏ္ဌာန်တော်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ ဘုရားသခင်နှင့် ပြိုင်သော အမှုကို လုယူခြင်းအမှုဟူ၍ မထင်မမှတ်လျက်ပင်၊ မိမိအသရေကို စွန့်၍ အစေခံကျွန်၏ သဏ္ဌာန်ကို ယူဆောင်လျက်၊ လူကဲ့သို့သော အဖြစ်၌ ဘွားမြင်ခြင်းကို ခံတော်မူ၏။ ထိုသို့ လူ၏ဂုဏ် အင်္ဂါလက္ခဏာနှင့်ပြည့်စုံလျက်၊ အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင် အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ် နှိမ့်ချတော်မူ၏” (ဖိလိ ၂း၆-၈)။ “ထို့ကြောင့် ဘုရားသခင်သည် ကိုယ်တော်ကို အလွန်ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက် ကြီးမြတ် သော ဘွဲ့နာမကို ပေးသနားတော်မူ၏။ အကြောင်းမူကား၊ ကောင်းကင်သတ္တဝါ၊ မြေကြီး သတ္တဝါ၊ မြေကြီးအောက်၌ရှိသော သတ္တဝါတည်း ဟူသော ခပ်သိမ်းသော သတ္တဝါတို့သည် ယေရှု၏ဘွဲ့ နာမတော်ကို ဒူးထောက်၍၊ ယေရှုခရစ်သည် သခင်ဖြစ်တော်မူ၏ဟု နှုတ်နှင့် ဝန်ခံသဖြင့်၊ ခမည်းတော်၏ ဘုန်းအသရေတော်ကို ထင်ရှားစေကြမည် အကြောင်းတည်း” (ဖိလိ ၂း၉-၁၁)။

ယေရှု၏အမည်နာမ၊ “အငယ်ဆုံးသောသူ” ဟူသောအချက်က သူ၏ဝေဒနာ ခံခြင်းအသက်တာကို ဆိုလိုပါသည်။ ယေရှုသည် “ကောင်းကင်နိုင်ငံတွင် အငယ်ဆုံးသောသူ” ဖြစ်ရခြင်းမှာ ကားတိုင်၌ နှိမ့်ချခြင်းခံရခြင်း၊ မိမိလူတို့က အရှက်ရစေလျက်၊ ကဲ့ရဲ့ခဲ့ကြခြင်းကို ဆိုလိုပါသည်။ ထိုနှိမ့်ချခံရခြင်းက ချီးမြှောက်ခြင်းကို ခံစေတော်မူ၏ (ဟေဗြဲ ၂း၉-၁၀)။

**ဆင်ခြင်ရန်** - မိမိကိုယ်ကို နှိမ့်ချသောသူသည် ဘုရားသခင်၏ ချီးမြှောက်ခြင်းကို ခံရမည်။
**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်အား အစေခံကျွန်၏စိတ်သဘော ပေးသနားတော်မူပါ။

ကြာသပတေး၊ မေ (၂၂)
**လု ၇း၁-၁၀**
မသဲ ၁၈း၁-၄

*"သခင်၊ ကိုယ်ကို ပင်ပန်းစေတော် မမူပါနှင့်။ အကျွန်ုပ်၏အိမ်မိုးအောက်သို့ ကြွဝင်တော်မူခြင်း ကျေးဇူးတော်ကို အကျွန်ုပ် မခံထိုက်ပါ"*

## ကြီးမြတ်ခြင်း၏လက္ခဏာ စိတ်နှိမ့်ချခြင်း

တပ်မှူးသည် ရောမ စစ်သားတစ်ရာကို အုပ်ချုပ်သောသူ ဖြစ်ပါသည်။ သူသည် ရာထူးကြီးသောသူဖြစ်သောကြောင့်၊ တန်ခိုး အာဏာ ရှိသောသူဖြစ်ပါသည်။ ထိုသို့သော ပုဂ္ဂိုလ်သည် ယေရှုအား အကူအညီ လာတောင်းခဲ့ပါသည်။ ထိုသူ၏ ချစ်လှစွာသော ကျွန်သည် နာမကျန်းဖြစ်၍ သေအံ့ဆဲဆဲဖြစ်ပါသည်။ သူသည် ယေရှုအကြောင်းကို ကြားသဖြင့်၊ မိမိကိုယ်စား ယုဒလူကြီးများအား ယေရှုထံ စေလွှတ်၍ တောင်းလျှောက်စေခဲ့ပါသည်။ သူသည် ယုဒလူများနှင့် ကောင်းသော ဆက်ဆံရေး ရှိခဲ့သော်လည်း၊ ယေရှုထံ တိုက်ရိုက် စကား သွားပြောဖို့ရန် မသင့်တော်ဟု ထင်မှတ်ထားခဲ့ပါသည်။ သူသည် ယုဒလူများကို ချစ်၍ တရားဇရပ်ကိုလည်း တည်ဆောက်ပေးခဲ့ပါသည်။

မိမိအိမ်နားသို့ ယေရှု ရောက်လာတော်မူကြောင်း ထိုတပ်မှူးသည် သိသောအခါ၊ မိမိမိတ်ဆွေကို စေလွှတ်လျက်၊ မိမိအိမ်အထိ ဒုက္ခခံလျက် ယေရှု မလာဖို့ရန် သွားပြောစေခဲ့ပါသည်။ သခင်ယေရှုကို ဒုက္ခ မပေးလိုခဲ့ပါ။ ထို့ပြင် မိမိအိမ်ထဲသို့ ယေရှု ကြွလာတော်မူလောက်အောင် မိမိ၌ ထိုက်တန်မှု မရှိဟု ထင်မှတ်ခဲ့ပါသည်။ ယုဒလူတို့သည် မိမိကိုယ်ကို မညစ်ညူးစေဖို့ရန် တပါးအမျိုးသား အိမ်သို့ မဝင်ခဲ့ကြကြောင်း သူ သိမှတ်သောကြောင့်လည်း ဖြစ်နိုင်ပါသည်။ သူသည် ကိုယ်ချင်းစာတရား ရှိသောသူဖြစ်ပါသည်။ ထို့ပြင် မိမိကိုယ်ကို စိတ်နှိမ့်ချသောသူလည်း ဖြစ်ပါသည်။ ယေရှုအား မျက်နှာချင်းဆိုင် တွေ့ဖို့ မိမိကိုယ်ကို မထိုက်တန်ဟု မှတ်ယူခဲ့ပါသည်။ အဝေးမှ ယေရှု စကား မိန့်တော်မူလျှင် လုံလောက်ခြင်း ရှိ၍ မိမိကျေနပ်ကြောင်း ဆိုခဲ့ပါသည်။ မိမိ၏ ကျွန် ကျန်းမာဖို့ရန် ယေရှုကိုယ်တိုင် ထိုကျွန်ကို မြင်တွေ့ (သို့) ထိတွေ့ဖို့ မလိုအပ်ကြောင်း၊ စကား တခွန်း မိန့်တော်မူလျှင် လုံလောက်သည်ဟု သူယုံကြည်ခဲ့ပါသည်။ မိမိမျက်စိဖြင့် ယေရှု ပြုတော်မူသော အံ့ဘွယ်အမှုကို မြင်တွေ့ဖို့ မလိုအပ်ဟု ထင်မှတ်ထားပါသည်။ ထို့ကြောင့်၊ ယေရှုသည် ထိုတပ်မှူးအပေါ် ဝမ်းမြောက်ခြင်း ရှိလျက်၊ "ဤမျှလောက်သော ယုံကြည်ခြင်းကို ဣသရေလအမျိုး၌ပင် ငါမတွေ့ဘူးသေး" ဟု ချီးကျူးတော်မူခဲ့၏။ ဣသရေလလူတို့သည် မာနထောင်လွှားခဲ့ကြပြီး၊ ဤတပါးအမျိုးသားသည် စိတ်နှိမ့်ချခြင်း ရှိပါသည်။ ဣသရေလသည် အံ့ဘွယ်နိမိတ်လက္ခဏာကို ရှာကြပြီး၊ ဤတပါးအမျိုးသားသည် ကိုယ်တော်၏ နှုတ်ကပတ်တော်ကို ရှာခဲ့၏။ ယေရှုက ယုဒလူများထက် ဤတပ်မှူးသည် အာဗြဟံ၊ ဣဇက်၊ ယာကုပ်တို့နှင့်အတူ ထိုင်ဖို့ရန် ပို၍ ထိုက်တန်ခြင်း ရှိသည်ဟု မှတ်ချက်ပြုတော်မူခဲ့ပါသည်။ ထိုဣသရေလ ဘိုးဘွား သူရဲကောင်းတို့ကဲ့သို့၊ သူသည် စစ်မှန်သော ယုံကြည်ခြင်း ရှိခဲ့ပါသည်။

**ဆင်ခြင်ရန်** - "စိတ်နှိမ့်ချခြင်းသည် မိမိကိုယ်ကို စတေးခြင်းဖြစ်ပါသည်" (Calvin)။
**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်၏မာနကို ဖယ်ရှားလျက်၊ နှိမ့်ချခြင်းသဘော သွန်သင်ပေးတော်မူပါ။



တနင်္ဂနွေ၊ မေ (၁၁)
**မသဲ ၁၂း၁၅-၂၁**
ဟေရှာ ၄၂း၁-၄

*"ငါရွေးချယ်သော ငါ့ကျွန်ရင်း"*

## ယေရှု - ဝေဒနာ ခံစားရသော အစေခံကျွန်

ယခုတွင်၊ ယေရှုသည် ဂါလိလဲပြည်၌သာမက၊ ယေရုရှလင်၊ယုဒပြည်နှင့် တောင်ဘက်၌ ဧဒုံပြည်၊ ယော်ဒန်မြစ် ရှေ့ဘက်ခြမ်းနှင့် မြောက်ဘက် မြို့များဖြစ်သည့် တုရုနှင့် ဇိဒုန်တိုင်အောင် နာမည် ကျော်စောခြင်း ရှိခဲ့ပါသည်။ သူ့ထံသို့ ဝိညာဉ်နှင့် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ မစခြင်းအတွက် ဖိလိတ္တိပြည်တို့မှ လူအပေါင်းတို့သည် လာရောက်ခဲ့ကြပါသည်။ ယေရှုသည် လူတို့၏အမှုကို စိတ်နှလုံး အကြွင်းမဲ့ ဆောင်ရွက်ပေးတော်မူခဲ့ပါသည်။

ဟေရှာယက မေရှိယသည် စေခံကျွန်အဖြစ် ကြွလာတော်မူမည်ဟု ပရောဖက်ပြုခဲ့ပါသည် (ဟေရှာ ၄၂း၁-၄၊ ၄၉း၁-၉၊ ၅၀း၄-၉၊ ၅၂း၁၃-၅၃း၁၂ ကိုလည်း ကြည့်ပါ)။ ယေရှုသည် ယေဟောဝါ၏ ဝေဒနာခံ အစေခံကျွန် ဖြစ်တော်မူ၏။ သူသည် အသက်ရှင်စဉ် ဝေဒနာကို ခံလျက်၊ သေခြင်းကိုလည်း ခံတော်မူခဲ့ပါသည်။ သူ့ဘဝတလျှောက် ကောင်းသောအမှုကို ပြုလျက်၊ သတင်းကောင်းကို ဟောပြောခဲ့သော်လည်း၊ ယုဒ ဘာသာရေးခေါင်းဆောင်များနှင့် နိုင်ငံရေး ခေါင်းဆောင်များက ပြင်ထန်စွာ ဆန့်ကျင်ခဲ့ကြပါသည်။ ဘုရားသခင် ဖြစ်တော်မူသောကြောင့်၊ အလိုရှိလျှင် ထိုသူတို့အပေါင်းကို သန့်ရှင်းသော အမျက်တော်အားဖြင့် ဖျက်ဆီးတော်မူနိုင်ပါသည်။ သို့သော်လည်း၊ ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်သည်အတိုင်း ခမည်းတော်၏ အလိုတော်ကို ဤလောက၌ ပြုမည်အကြောင်း၊ ဝေဒနာနှင့် ဆန့်ကျင်မှုအပေါင်းကို ခံလျက်၊ မိမိလူတို့ကို သူတို့အပြစ်မှ ကယ်တင်ဖို့ရန် သေခြင်းတိုင်အောင် နာခံမှု ရှိခဲ့ပါသည် (နှိုင်း - ဂလာ ၄း၇-၈)။

ဤလောက၌ ဒုက္ခ ဝေဒနာကို ခံတော်မူသောအားဖြင့်၊ ယေရှုသည် ကျွန်ုပ်တို့၏ အခက်အခဲနှင့် ဒုက္ခအပေါင်းကို သိတော်မူလျက် ကိုယ်ချင်းစာ စိတ်ရှိတော်မူ၏။ ဟေဗြဲ ၅း၈-၉ တွင်၊ "ဘုရားသခင်၏သားတော်မှန်သော်လည်း၊ ဆင်းရဲဒုက္ခကိုခံသောအားဖြင့် နားထောင်ခြင်း အကျိုးအကြောင်းကို သင်တော်မူ၏။ ထိုသို့ စုံလင်ခြင်းသို့ရောက်ပြီးမှ၊ ယုံကြည်နား ထောင်သောသူအပေါင်းတို့အား ထာဝရ ကယ်တင်ခြင်းကျေးဇူးကို ပြုသောသူဖြစ်တော်မူ၏။" "ယခုမှကား၊ ကောင်းကင်ဘုံထဲသို့ ကြွဝင်တော်မူသော ယဇ်ပုရောဟိတ်မင်း အကြီးတည်းဟူသော ဘုရားသခင်၏ သားတော် ယေရှုသည် ငါတို့၌ ယဇ်ပုရောဟိတ်မင်း ဖြစ်တော်မူသောကြောင့်၊ ငါတို့သည် ဝန်ခံခဲ့ပြီးသောအရာ၌ တည်ကြည်ကြကုန်အံ့။ ငါတို့ ယဇ်ပုရောဟိတ်မင်းသည် ငါတို့ခံရ သော ဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူ မဟုတ်။ ငါတို့ ခံရသည်နည်းတူ၊ အမျိုးမျိုးသော စုံစမ်းနှောင့်ရှက်ခြင်းတို့ကို ခံဘူးသောသူ ဖြစ်တော်မူ၏။ သို့ရာတွင်၊ ဒုစရိုက်အပြစ်နှင့် ကင်းလွတ်တော်မူ၏။ ထို့ကြောင့်၊ ငါတို့သည် သနားခြင်း ကရုဏာကိုရင်း၊ တော်လျော်သော မစခြင်းကျေးဇူးတော်ကိုရင်း ခံရမည်အကြောင်း၊ ရဲရင့်သောစိတ်နှင့် ကျေးဇူးပလ္လင်တော်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့" (ဟေဗြဲ ၄း၁၄-၁၆) ဟု ဖော်ပြထားပါသည်။

**ဆင်ခြင်ရန်** - ယေရှုသည် ဂရုစိုက်တော်မူ၏။
**ဆုတောင်းချက်** - အဖဘုရား၊ ခက်ခဲသောအချိန်၊ ရုန်းကန်ရသောအချိန်၌ ကျွန်ုပ်ကို သနားတော်မူပါ။

တနင်္လာ၊ မေ (၁၂)
**ယော ၅း၁-၃၁**
ဟေဗြဲ ၁း၁-၆

*“ငါ့ခမည်းတော်သည် ယခုတိုင်အောင် အလုပ်လုပ်တော်မူသည်ဖြစ်၍ ငါသည်လည်း လုပ်၏”*

## မေရှိယတည်းဟူသော ယေရှုသည် အနာကို ငြိမ်းစေတော်မူ၏

ဥပုသ်နေ့တွင်၊ ယေရှုက အိပ်ယာပေါ်၌ နှစ်ပေါင်း ၃၈လုံးလုံး တုံးလုံးနေသော ရောဂါသည် တဦးကို ကျန်းမာစေတော်မူ၏။ ဤလူသည် ကောင်းကင်တမန်က ရေကိုလှုပ်ရှားစေသောအချိန်၌ ကျန်းမာခြင်း ခံရမည်အကြောင်း ဗေသေသဒ ရေကန်နား၌ မျှော်လင့်ခြင်းဖြင့် ရှိနေခဲ့ပါသည်။ ရေကန်သို့ အဦးဆုံး ဆင်းသောသူသာလျှင် အနာငြိမ်းခြင်းကို ခံရမည်ဖြစ်ပါသည်။ ဤလူသည် ထိုသို့ စောင့်ဖို့ မလိုတော့ပါ။ မေရှိယ တည်းဟူသော ယေရှုသည် “အနာပျောက်စေ သော အတောင်” (မာလ ၄း၂) တော်နှင့် ရောက်လာတော်မူခဲ့ပါသည်။ ယေရှုက မိမိ၏ နှုတ်စကား တန်ခိုးတော်အားဖြင့်၊ “ထလော့။ ကိုယ်အိပ်ယာကို ဆောင်၍ လှမ်းသွားလော့”ဟု ကျန်းမာစေတော်မူခဲ့၏။

ယေရှုက ဥပုသ်နေ့တွင် အနာငြိမ်းစေသောကြောင့်၊ ယုဒလူများသည် အလွန်ဒေါသ ထွက်လျက်၊ ယေရှုအား သတ်လိုခဲ့ကြ၏။ “ငါ့ခမည်းတော်သည် ယခုတိုင်အောင် အလုပ်လုပ်တော်မူသည် ဖြစ်၍ ငါသည်လည်း လုပ်၏” ဟု မိန့်တော်မူ၏။ ခမည်းတော်နှင့်သားတော်သည် ကယ်တင်ခြင်းအမှုကို အတူတကွ ဆောင်ရွက်တော်မူခဲ့ကြပါသည်။ ယေရှုသည် မိမိတကိုယ်တည်း အမှုပြုတော်မမူ။ ခမည်းတော်နှင့်အတူ ဆောင်ရွက်တော်မူ၏။ ထို့ကြောင့်၊ သူတို့၏ ယေရှုအပေါ် စွပ်စွဲခြင်းသည် ခမည်းတော် ယေဟောဝါဘုရားကို စွပ်စွဲရာရောက်ပါသည်။ အလွန် မိုက်မဲသောအမှု ပေတည်း။

ခမည်းတော်ဘုရားနှင့် သားတော်ဘုရားတို့သည် ဘုရားဖြစ်တော်မူခြင်း၌ တလုံးတဝ ဖြစ်တော်မူသည် သာမက၊ ထာဝရ ကယ်တင်ခြင်း အစီအစဉ်၌ အတူတကွ အမှုဆောင်ရွက် ခဲ့ကြပါသည်။ သားတော်ဘုရားသည် ခမည်းတော်ဘုရားနှင့်အတူ အစီအစဉ်အတိုင်း စနစ်တကျ အမှုတော်ဆောင်ရွက်ခဲ့ပါသည်။ ခမည်းတော်ဘုရား ဆင်ခြင်သည်နည်းတူ၊ သားတော်ဘုရား ဆင်ခြင် တော်မူ၏။ ခမည်းးတော် ပြုသကဲ့သို့ သားတော် ပြုတော်မူ၏။ ခမည်းတော် အပြစ်တင်တော်မူသောသူကို သားတော်ကလည်း အပြစ်တင်တော်မူ၏။ သူတို့နှစ်ဦးအကြား၌ စုံလင်သော နားလည်ဘောပေါက်မှု ရှိပါသည်။ ဘယ်တော့မှ ဆန့်ကျင်ခြင်း မရှိပါ။ သားတော်ကို ချီးမြှောက်လျှင် ခမည်းတော်ကို ချီးမြှောက်ရာ ရောက်၏၊ သားတော်ကို မထီမဲ့မြင်ပြုလျှင်၊ ခမည်းတော်ကို မထီမဲ့မြင်ပြုရာ ရောက်၏။ ခမည်းတော်နှင့်သားတော်ကို ခွဲခွာ၍ မရပါ။ သူတို့၌ တူညီသော တရားစီရင်ခြင်းနှင့် တူညီသော တန်ခိုးအာဏာ ရှိတော်မူ၏။

ခမည်းတော်နှင့်သားတော်သည် ယုံကြည်သောသူထံ အသက်ရှင်ခြင်း အခွင့်ပေးတော်မူ၏။ ထို့ကြောင့်၊ ယေရှုက၊ “ငါ အမှန်အကန် ဆိုသည်ကား၊ ငါ့စကားကို နားထောင်၍ ငါ့ကို စေလွှတ်တော်မူသော သူကို ယုံကြည်သောသူသည် ထာဝရ အသက်ကို ရသည်ဖြစ်၍ အပြစ်စီရင်ခြင်းကို မခံရ။ သေခြင်းမှ အသက်ရှင်ခြင်းသို့ ကူးမြောက်သောသူ ဖြစ်၏” ဟု မိန့်တော်မူခြင်း ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ယေရှု၏ဇာတိသဘောသည် ခမည်းတော်၏ဇာတိသဘောနှင့် တူပါသည်။
**ဆုတောင်းချက်** - အဖဘုရား၊ နာခံမှုရှိသော သားတော် သခင်ယေရှုကြောင့် ကျေးဇူးတင်ပါသည်။



ဗုဒ္ဓဟူး၊ မေ (၂၁)
**မဿဲ ၇း၁-၂၉**
ယာကုပ် ၂း၈-၁၇

*“သခင်၊ သခင်ဟု ငါ့ကို လျှောက်သောသူတိုင်း ကောင်းကင်နိုင်ငံတော်သို့ ဝင်ရလိမ့်မည် မဟုတ်”*

## ပညတ်တော်နှင့် ချစ်ခြင်းမေတ္တာ

“သင်တို့သည် ကိုယ်၌ သူတပါး ပြုစေလိုသမျှအတိုင်း သူတပါး၌ ပြုကြလော့။ ဤပညတ်ကား ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းတို့၏ အချုပ်အခြာပင် ဖြစ်သတည်း။” ဤယေရှု၏ အချုပ်အခြာစကားသည် ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းတို့ကို သွန်သင်ပေးတော်မူသော စုံလင်သည့် ဆရာဖြစ်သည်နှင့်အညီ မိမိ၏ ပြုခြင်း နာခံမှုကို ပြသော သက်သေဖြစ်တော်မူ၏။ ယေရှု၏ “ပြုလော့” ဟူသော ပညတ်တွင်၊ “မပြုနှင့်” ဟူသော တားမြစ်ချက် အစဉ် ပါလျက်ရှိပါသည်။ ထိုနည်းတူ၊ “မပြုနှင့်” (မသတ်နှင့်) ဟူသော ပညတ်ချက်တွင်၊ “ပြုလော့” (ကာကွယ်လော့) ဟူသော အချက် ပါဝင်ပါ၏။ သူတပါးကို ချစ်သောသူ၊ မိမိရန်သူကို ချစ်သောသူသည် ပညတ်တရားကို လိုက်လျှောက်ခဲ့ပါသည်။ ယေရှုသည် စုံလင်သော သာဓက ဖြစ်တော်မူ၏၊ အကြောင်းမှာ၊ ကျွန်တော်တို့သည် သူ၏ရန်သူဖြစ်လျက်ပင် ကျွန်တော်တို့ကို ချစ်တော်မူ၍ ကျွန်ုပ်တို့အတွက် အသက်ပေးတော်မူ၏ (ရောမ ၅း၈)။

ဘုရားသခင်ကို ချစ်သောသူသည် သူတပါးကို ချစ်ခြင်းဖြင့် သက်သေ ပြရပါမည်။ သူတပါးကို ချစ်သောသူသည် ပညတ်တရားကို လိုင်လျှောက်သောသူဖြစ်၏။ “ကိုယ်နှင့်စပ်ဆိုင်သော သူကို ကိုယ်နှင့်အမျှ ချစ်လော့ဟု ကျမ်းစာ၌ပါသော ရွှေပညတ်တော်ကို သင်တို့သည် စောင့်ရှောက်လျှင်၊ ကောင်းသော အကျင့်ကို ကျင့်ရာသို့ ရောက်ကြ၏။” ယေရှုက ဤသို့ သတိပေးတော်မူ၏ - “သခင်၊ သခင်ဟု ငါ့ကို လျှောက်သောသူတိုင်း ကောင်းကင်နိုင်ငံတော်သို့ ဝင်ရလိမ့်မည် မဟုတ်။ ကောင်းကင်ဘုံ၌ ရှိတော်မူသော ငါ့ခမည်းတော်၏ အလိုကို ဆောင်သောသူ သာလျှင် ဝင်ရလိမ့်မည်။” ဆိုလိုသည်မှာ၊ “အကျင့်နှင့်ကင်းသော ယုံကြည်ခြင်းသည် အသေဖြစ်သည်” (ယာကုပ် ၂း၂၀)။ ယေရှုသည် ကျွန်ုပ်တို့၏ နှုတ်အားဖြင့်သာ မဟုတ်၊ အသက်တာအားဖြင့် ကျွန်ုပ်တို့၏ အရှင်သခင် ဖြစ်ရပါမည်။

လူတို့က ယေရှုသည် ယုဒ ကျမ်းတတ်ပုဂ္ဂိုလ်များထက် အလွန် ထူးခြားသော ဆရာဖြစ်တော်မူကြောင်း သိမြင်ခဲ့ကြပါသည်။ “အကြောင်းမူကား၊ . . . အစိုးရသောသူနည်းတူ ဆုံးမဩဝါဒ ပေးတော်မူ၏။” ယုဒ ကျမ်းတတ်ပုဂ္ဂိုလ်တို့သည် လူ့တန်ခိုးအာဏာကို အားကိုးလျက် ပညတ်တရားကို အနက်ဖွင့်ကြ၏၊ သူတပါး၏ အနက်ဖွင့်ချက်ကို ကိုးကားတတ်ကြ၏။ သို့သော်လည်း၊ ယေရှုသည် ပညတ်တရား၏ အရှင်သခင် ဖြစ်တော်မူသည်နှင့်အညီ၊ မိမိ၏တန်ခိုးအာဏာတော်အားဖြင့် သွန်သင် ရှင်းပြတော်မူသောကြောင့်၊ အဘယ်သူမျှ မေးခွန်း မထုတ်နိုင်ကြပါ၊ အမှား မတွေ့နိုင်ကြပါ။

**ဆင်ခြင်ရန်** - “ချစ်ခြင်းမေတ္တာ မရှိသောနေရာသည် ဘုရားသခင်၏ဝိညာဉ်တော် မစိုးမိုးသော နေရာဖြစ်ပါသည်” (Calvin)။
**ဆုတောင်းချက်** - အဖဘုရား၊ သူတပါးကို ချစ်ခြင်းငှါ အကျွန်ုပ်အား သွန်သင်ပေးတော်မူပါ။

အင်္ဂါ၊ မေ (၂၀)
**မသဲ ၆း၁-၃၄**
ကောလော ၃း၂၂-၂၄

*"ထို့ကြောင့် သင်တို့ဆုတောင်းရမည်မှာ"*

## ပဋ္ဌနာတော်

စုံလင်သော၊ ယဇ်ပုရောဟိတ်အကြီးဖြစ်တော်မူသော (နှိုင်း - ဟေဗြဲ ၅း၅-၁၀၊ ၆း၂၀-၇း၂၈)၊ ယေရှုသည် လူထုအား မည်သို့ ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ရမည်ကို သွန်သင်တော်မူ၏။ မည်သို့ ဆုတောင်းရမည်ကို သွန်သင်တော်မူခဲ့ပါသည်။ ယေရှုက၊ "သင်တို့သည် ဆုတောင်းသောအခါ သာသနာပလူနည်းတူ အချည်းနှီးသောစကားဖြင့် အထပ်ထပ် မမြွက်ကြနှင့်။ ထိုသူတို့သည် များစွာသောစကားအားဖြင့် မိမိတို့အလိုပြည့်စုံမည်ဟု ထင်မှတ်ကြ၏" မိန့်တော်မူ၏။ စကားလုံးများစွာ အသုံးပြုခြင်း မဟုတ်၊ စိတ်နှလုံး မှန်ကန် ရိုးသားခြင်းကို ဘုရားသခင် နှစ်သက်တော်မူ၏။ ယေရှုက ဆုတောင်းနည်းကို "ပဋ္ဌနာတော်" ၌ဖော်ပြတော်မူခဲ့ပါသည်။ ဆုတောင်းချက် တိုသည့်တိုင်အောင်၊ စစ်မှန်သော စိတ်နှလုံးမှ ထွက်လာသော စကားဆိုလျှင်၊ အလွန် တန်ခိုးရှိပါသည်။

ယေရှုက မိမိလူတို့အား ဆုတောင်းဖို့ရန် တိုက်တွန်းခဲ့ပါသည်၊ အကြောင်းမှာ ဘုရားသခင်သည် နားညောင်းတော်မူ၏။ "တောင်းကြလော့။ တောင်းလျှင်ရမည်။ ရှာကြလော့။ ရှာလျှင်တွေ့မည်။ တံခါးကို ခေါက်ကြလော့။ ခေါက်လျှင် ဖွင့်မည်။ တောင်းသောသူမည်သည်ကား ရ၏။ ရှာသောသူလည်း တွေ့၏။ ခေါက် သောသူအားလည်း တံခါးကို ဖွင့်၏။ သားသည်မုန့်ကို တောင်းလျှင် မိမိသားအား ကျောက်ကို ပေးမည်သူ၊ ငါးကို တောင်းလျှင် မြွေကိုပေးမည်သူ တစုံတယောက်မျှ သင်တို့တွင် ရှိသလော။ သင်တို့သည် အဆိုးဖြစ်လျက်ပင် ကိုယ်သားတို့အား ကောင်းသောအရာကို ပေးတတ်လျှင်၊ ထိုမျှမက ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည် ဆုတောင်းသောသူတို့အား၊ ကောင်းသော အရာကို သာ၍ ပေးတော်မူမည် မဟုတ်လော။"

ယဇ်ပုရောဟိတ် အကြီးဖြစ်တော်မူသော၊ ယေရှုသည် လူတို့အား၊ ဘုရားတရား ကိုင်းရှိုင်းခြင်းသည် အပြင်ပိုင်း ဘာသာရေး လိုက်စားမှုအားဖြင့် မဟုတ်ဘဲ၊ အတွင်းပိုင်း ဝိညာဉ်အရေးဖြင့် တိုင်းတာကြောင်း သွန်သင်တော်မူ၏။ ယေရှုသည် ဟန်ပြ ပေးကမ်းမှု၊ ဟန်ပြ ဆုတောင်းခြင်းနှင့် ဟန်ပြ အစာရှောင် ဆုတောင်းခြင်းတို့ကို ဆန့်ကျင်တော်မူ၏။ အသင်းတော်၌ ကျွန်တော်တို့ အမှုဆောင်ရွက်သောအခါ၊ ထိုသို့ လူတို့ကို ကျေနပ်စေဖို့ရန်၊ သူတို့၏ ချီးမွမ်းခြင်းကို ခံရဖို့ရန်၊ အမှုတော်မဆောင်သင့်ပါ။ ကျွန်တော်တို့သည် ယေရှုကို ချစ်သောကြောင့်၊ ယေရှု၏ ချီးမွမ်းခြင်းကို ခံလိုသောကြောင့် အမှုတော်ကို ဆောင်ရွက်ကြရပါမည်။

**ဆင်ခြင်ရန်** - "ဆုတောင်းခြင်းဆိုသည်မှာ ဘုရားသခင်ထံ ကျွန်ုပ်တို့၏စိတ်နှလုံးကို ဖွင့်ချဝန်ခံခြင်း ပင်ဖြစ်ပါသည်" (Calvin)။

**ဆုတောင်းချက်** - အဖဘုရား၊ ဆုတောင်းဖို့ရန် ကျွန်ုပ်ကို သွန်သင်တော်မူပါ။



အင်္ဂါ၊ မေ (၁၃)
**ယော ၅း၃၂-၄၇**
တရား ၁၈း၁၅-၁၉

*"ယောဟန်၏သက်သေထက် သာ၍ကြီးသော သက်သေသည် ငါ၌ ရှိ၏"*

## ယေရှု၏ သာ၍ကြီးသော သက်သေ

ယေရှု၏ မိမိအကြောင်း သက်သေခံချက်သည် အမှန်ဖြစ်တော်မူ၏။ ဗတ္တိဇံဆရာယောဟန်က ယေရှုသည် ခရစ်တော်ဖြစ်ကြောင်း သက်သေခံခဲ့ပါပြီ။ ယောဟန်သည် သမ္မာတရားကို ဟောပြောခဲ့သောကြောင့်၊ "ညှိထွန်း၍ လင်းသော ဆီမီးဖြစ်၏။" ယေရှုက မိမိကို စွပ်စွဲသော ယုဒလူတို့အား၊ ယောဟန်ကို သင်တို့ လေးစားခဲ့ကြလျှင် သူဟောပြောခဲ့သော မိမိအကြောင်းကို အလေးထားကြရမည်ဖြစ်ကြောင်း မိန့်တော်မူ၏။ ထိုမျှမက ပို၍ကြီးမြတ်တော်မူသော သက်သေမူကား၊ မိမိ၏သားတောကို ကောင်းကင်ဘုံရှိ ခမည်းတော်က စေလွှတ်တော်မူခြင်း ပင်ဖြစ်ပါသည်။ ထိုသက်သေကို ဓမ္မဟောင်းကျမ်းထဲ၌ တွေ့ရပါသည်။ ယေရှုက၊ "ကျမ်းစာအားဖြင့် ထာဝရအသက်ကို ရမည်ဟု စိတ်ထင်နှင့်သင်တို့သည် ကျမ်းစာကို စေ့စေ့ကြည့်ရှုကြ၏။ ထိုကျမ်းစာပင် ငါ၏ သက်သေဖြစ်၏" ဟု မိန့်တော်မူခဲ့ပါသည်။ ယေရှုက ထို မယုံကြည်သော ယုဒလူများအား၊ ဓမ္မဟောင်းကျမ်းကို မမှားနိုင်သော၊ အမှားကင်းရှင်းသော၊ ဘုရားသခင်၏နှုတ်ကပတ်တော်ဟု လက်ခံခဲ့ကြလျှင်၊ ထိုကျမ်းစာ၏ မိမိအကြောင်း သက်သေခံချက်ကို ယုံကြည်ရမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

ထိုငြင်းပယ်၍ မရသော သက်သေများ ရှိလျက်ပင် အဘယ့်ကြောင့် သူတို့သည် မယုံကြည်ကြပါသနည်း။ ယေရှုက ထိုပြဿနာကို ဖော်ပြတော်မူခဲ့၏။ "နှုတ်ကပတ်တော်သည်လည်း သင်တို့၌ မတည်" ဟုမိန့်တော်မူ၏။ သူတို့သည် ရေးသားသော နှုတ်ကပတ်တော်နှင့် အသက်ရှင်သော နှုတ်ကပတ်တော်ကို ဆန့်ကျင်ဖို့ရန် စိတ်ပိုင်းဖြတ်ခဲ့ကြပြီဖြစ်ပါသည်။ ယေရှုက သူတို့၏ မပြောင်းလဲသော စိတ်နှလုံးအကြောင်းကို ဆက်လက် ဖော်ပြခဲ့ပါသည် - "စေလွှတ်တော်မူသော သူကို သင်တို့သည် မယုံကြည်ဘဲ နေကြ၏။ . . . သင်တို့သည် အသက်ကို ရအောင် ငါ့ထံသို့ လာခြင်းငှါ အလို မရှိကြ။ . . . ဘုရားသခင်ကို ချစ်ခြင်းမေတ္တာသည် သင်တို့၌ မရှိ။"

ခရစ်တော်ကို ဆန့်ကျင်သော သူတို့၏ ခိုင်မာသောစိတ်ကြောင့် ဤသို့ အပြစ်တင်ခြင်းကို ခံခဲ့ကြရ၏ - "ခမည်းတော် ရှေ့၌ ငါသည် သင်တို့ကို အပြစ်တင်မည်ကို မထင်ကြနှင့်။ သင်တို့ကို အပြစ်တင်သော သူတပါးရှိသေး၏။ ထိုသူကား သင်တို့ ကိုးစားသော မောရှေပေတည်း။ သင်တို့သည် မောရှေ၏စကားကို မယုံဘဲမနေနိုင်ကြ။ အကြောင်းမူကား၊ မောရှေသည် ငါ့အကြောင်းကို ရေးထား၏။" ခရစ်တော်ကို ငြင်းပယ်ခြင်းဖြင့် ယုဒလူတို့သည် မောရှေကို ငြင်းကယ်ခဲ့ကြ၏။ သူတို့သည် ခွင့်လွှတ်၍ မရသောသူများ ဖြစ်ကြပါသည်။ သူတို့သည် မသိဘဲ အပြစ်ပြုကြသည် မဟုတ်၊ သိလျက်ပင် လွန်ကျူးခဲ့ကြ၏။ ယေရှုသည် ခရစ်တော်ဖြစ်ကြောင်း သိမြင်နိုင်ခဲ့ကြသော်လည်း၊ မယုံကြည်ခဲ့ကြပါ။

**ဆင်ခြင်ရန်** - အသက်ရှင်သော နှုတ်ကပတ်တော်ကို ရေးမှတ်ထားသော နှုတ်ကပတ်တော်အားဖြင့်သာ ကျွန်တော်တို့ သိနိုင်ပါသည်။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်ဖြင့် ကျွန်ုပ်ကို သန့်ရှင်းစေတော်မူပါ၊ ကိုယ်တော်၏နှုတ်ကပတ်တော်သည် သမ္မာတရားဖြစ်ပါသည်။

ဗုဒ္ဓဟူး၊ မေ (၁၄)
**လု ၆း၁၂-၂၀**
မသဲ ၇း၂၁-၂၉

*"တကျိပ်နှစ်ပါးတို့ကို ရွေးကောက်၍"*

## တမန်တော် ဆယ့်တပါး၊ သစ္စာဖောက် တစ်ဦး

ယေရှု၌ တပည့်တော် ဆယ့်နှစ်ပါး ရှိခဲ့ပါသည်။ သူတို့သည် အထူးစေလွှတ်ခြင်း ခံရသော၊ တမန်တော်များ ဖြစ်ကြပါသည်။ ထို့ကြောင့်၊ တမန်တော် ဆယ့်နှစ်ပါး သာလျှင် ရှိပါသည်၊ ထို့ထက် မပို သလို၊ လျော့လည်း မလျော့ပါ။ ယေရှု ရွေးနှုတ်တော်မူသော တမန်တော် ဆယ့်နှစ်ပါးတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) ရှိမုန် (ခေါ် - ပေတရု)
(၂) အန္ဒြေ (ပေတရု၏ ညီ)
(၃) ယာကုပ် (ဇေဗေဒဲ၏သား)
(၄) ယောဟန် (ယာကုပ်၏ညီ၊ ဇေဗေဒဲ၏သား)
(၅) ဖိလိပ္ပု
(၆) ဗာသောလမဲ (ခေါ် - နာသနေလ၊ ယောဟန် ၁း၄၅-၄၉၊ ၂၁း၂)
(၇) မသဲ (အခွန်ခံ)
(၈) သောမ
(၉) ယာကုပ် (အာလဖဲ၏သား၊ ခေါ် - ယာကုပ်အငယ်)
(၁၀) ကာနနိတ်လူ ရှိမုန်
(၁၁) လေဗဲ (ခေါ် - သဒ္ဒဲ၊ ယုဒ - "ရှကာရုတ်မဟုတ်" သော၊ ယောဟန် ၁၄း၂၂ မှ ယုဒ၊ ယာကုပ်၏ညီ)
(၁၂) ယုဒ ရှကာရုတ် (သစ္စာဖောက်)။

ယုဒ ရှကာရုတ် မရှိတော့သောအခါ၊ ဆယ့်နှစ်ပါး ပြည့်ဖို့ရန် တဦးကို ခန့်ထားဖို့ လိုအပ်ခဲ့ပါသည် (နှိုင်း - တမန် ၁း၂၁-၂၆၊ ၆း၂၊ ၁ ကော ၁၅း၅)။

တမန်တော်တို့သည် နှုတ်ကပတ်တော်နှင့်ဆိုင်သော အထူးအမှုတော်ဆောင်များ ဖြစ်ကြပါသည်။ သူတို့သည် ယေရှု ပြင်ဆင်တော်မူသော၊ နှုတ်ကပတ်တော် ဟောပြောခြင်း အမှု၌ မမှားနိုင်သောသူ (၁ သက် ၂း၁၃၊ ၂ ပေ ၁း၂၁)၊ နှုတ်ကပတ်တော် ရေးသားခြင်း၌ မမှားနိုင်သောသူ (၁ တိ ၃း၁၆၊ ဧဖက် ၂း၂၀)၊ နှုတ်ကပတ်တော် အမှုတော်ဆောင်ခြင်း၌ မမှားနိုင်သောသူများ (၁ ကော ၁၁း၁၊ ဖိလိ ၄း၉) ဖြစ်ကြပါသည်။ နှုတ်ကပတ်တော် အမှုဆောင်ရွက်ခြင်း၌ အံ့ဘွယ်အမှုပြုခြင်းအားဖြင့် သက်သေပြခဲ့ကြ၏ (မာကု ၁၆း၂၀၊ ၂ ကော ၁၂း၁၂)။ "ထာဝရဘုရား မိန့်တော်မူ၏" ဟူသော တန်ခိုးအာဏာအားဖြင့် အမှုတော် ဆောင်ခဲ့ကြပါသည်။

ကျွန်ုပ်တို့လက်ထဲ၌ စုံလင်သော ဘုရားသခင်၏ နှုတ်ကပတ်တော် ရှိပြီဖြစ်သောကြောင့်၊ ယနေ့တွင် ကျွန်တော်တို့ တမန်တော် မလိုအပ်တော့ပါ (နှိုင်း - ၁ ကော ၁၃း-၈-၁၀၊ ဗျာ ၂၂း၁၈-၁၉)။ ဘုရားသခင်သည် မိမိ၏နှုတ်ကပတ်တော်အားဖြင့် ယနေ့ စကားပြောတော်မူ၏။ ထိုဘုရားသခင်၏ နှုတ်ကပတ်တော်ကို သင်းအုပ်ဆရာများ၊ အမှုတော်ဆောင်များက ယနေ့ ရှင်းပြ ဟောပြောကြ၏။ တမန်တော်များကို အသုံးပြုလျက် ဘုရားသခင် ရေးသားတော်မူသော သမ္မာကျမ်းစာထဲ၌ ဖော်ပြထားသောအရာကို ဝိညာဉ်ဆုကျေးဇူး ခံရသော ထိုအမှုတော်ဆောင်များက ဟောပြော ခဲ့ကြပါသည် (၂ ပေ ၁း၂၁၊ ၂ တိ ၃း၁၆)။

**ဆင်ခြင်ရန်** - "သမ္မာကျမ်းစာထဲ၌ ခရစ်ယာန်၏လိုအပ်ချက် အားလုံး ပါဝင်၏" (McIntire)။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော် ဆာလောင်မွတ်သိပ်ခြင်းကို အကျွန်ုပ်အား ပေးတော်မူပါ။



တနင်္လာ၊ မေ (၁၉)
**မသဲ ၅း၃၈-၄၈**
ရောမ ၁၂း၁၇-၂၁

*"သူ့မျက်စိကို ဖျက်လျှင် ကိုယ်မျက်စိဖျက်ခြင်းကို ခံစေ။ သူ့သွားကို ချိုးလျှင် ကိုယ်သွား ချိုးခြင်းကို ခံစေ"*

## လက်တုန့်ပြန်ခြင်း ကင်းသော ပညတ်တရား

ကျမ်းစာသွန်သင်ချက်ဖြစ်သော လက်တုန့်ပြန်ခြင်းဖြစ်သည့်၊ *"သူ့မျက်စိကို ဖျက်လျှင် ကိုယ်မျက်စိဖျက်ခြင်းကို ခံစေ။ သူ့သွားကို ချိုးလျှင် ကိုယ်သွား ချိုးခြင်းကို ခံစေ"* (ထွက် ၂၁း၂၄-၂၅၊ တရား ၁၉း၂၁)၊ ဟူသော အချက်ကို ဣသရေလ တရားသူကြီးတို့ထံ တရားမျှတစွာ တရားစီရင်နိုင်ဖို့ရန် ပေးထားခြင်း ဖြစ်ပါသည်။ ဤအချက်သည် တရားရုံး၌ အသုံးပြုရန် ရည်ရွယ်ထားခြင်း ဖြစ်ပါသည်။ သို့သော်လည်း၊ ဖာရိရှဲတို့က မိမိတို့၏ရန်ငြိုးအတိုင်း အမှုပြုဖို့ရန် အခွင့်အဖြစ် အသုံးပြုခဲ့ကြ၏ (နှိုင်း - ဝတ် ၁၉း၁၈၊ သု ၂၀း၂၂၊ ၂၄း၂၉)။

ယေရှုသည် ရန်သူကြောင့် ကျွန်ုပ်တို့ ခံရသော နာကျင်ခြင်း ဝေဒနာများ၌ လက်တုန့်ပြန်ခြင်း မပြုဖို့ရန် ပညတ်ထားတော်မူ၏။ ဆိုလိုသည်မှာ၊ ကျွန်တော်တို့သည် မိမိ၏ရန်သူကို ချစ်ရမည် ဖြစ်ပါသည်။ ဖာရိရှဲတို့က လူတို့အား မိမိ၏မိတ်ဆွေများကို ချစ်ဖို့ရန်နှင့် ရန်သူကို မုန်းဖို့ သင်ပေးထားပါသည်။ ထို့ကြောင့်၊ ယေရှုက မောရှေသည် ရန်သူများကို မမုန်းဘဲ ချစ်ဖို့ရန် သွန်သင်ထားကြောင်း သူတို့ကို သတိပေးတော်မူခဲ့၏ (ထွက် ၂၃း၄-၅၊ ဝတ် ၁၉း၃၃-၃၄ ကိုကြည့်ပါ)။ ယေရှုက မောရှေ၏ ပညတ်တရားကို အတည်ပြုတော်မူခဲ့၏၊ "ငါပညတ်သည်ကား၊ သင်တို့သည် ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘ၏ သားဖြစ်လို သော်ငြား၊ သင်တို့၏ ရန်သူတို့ကို ချစ်ကြလော့။ သင်တို့ကို ကျိန်ဆဲသော သတို့အား မေတ္တာပို့ကြလော့။ သင်တို့ကို မုန်းသော သူတို့အား ကျေးဇူးပြုကြလော့။ သင်တို့ကို နှောင့်ရှက် ညှဉ်းဆဲသောသူတို့အဘို့ ဘုရားသခင်ကို ဆုတောင်းကြလော့။ . . . သင်တို့အဘသည် သနားခြင်းစိတ် ရှိတော်မူသည်နည်းတူ သင်တို့သည်လည်း သနားခြင်းစိတ် ရှိကြလော့။ . . . ထို့ကြောင့်၊ ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည် စုံလင်တော်မူသည်နည်းတူ သင်တို့သည်လည်း စုံလင်ခြင်း ရှိကြလော့။" "သင်တို့သည် ကိုယ်၌ သူတပါး ပြုစေလိုသမျှ အတိုင်း သူတပါး၌ ပြုကြလော့။ ဤပညတ်ကား ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းတို့၏ အချုပ်အချာပင် ဖြစ်သတည်း။" ထိုယေရှု၏ ချစ်ခြင်း မေတ္တာ ပညတ်တရားကို ပေါလုက ဤသို့ ဖော်ပြခဲ့ပါသည် - "ချစ်ခြင်းမေတ္တာရှိသောသူသည် ကိုယ်နှင့် စပ်ဆိုင်သောသူ၏ အကျိုးကို မဖျက်ဆီးတတ်။ ထို့ကြောင့်၊ ချစ်ခြင်းမေတ္တာသည် အကျင့်တရား ပြည့်စုံရာဖြစ်သတည်း" (ရောမ ၁၃း၁၀)။

ချစ်ခြင်းမေတ္တာသည် သူတပါးအပေါ် "သင်ထက် ငါ ပိုကောင်း၏" ဟူသော စိတ်ထားဖြင့် စီရင်ခြင်း မပြုပါ။ ယေရှုက၊ "သင်တို့သည် စစ်ကြောဆုံးဖြတ်ခြင်းနှင့် ကင်းလွတ်မည်အကြောင်း သူတပါး၏အမှု၌ စစ်ကြော ဆုံးဖြတ်ခြင်းကို မပြုကြနှင့်" ဟု မိန့်တော်မူ၏။ သို့သော်လည်း၊ ယေရှုသည် လုံးဝ စစ်ကြောခြင်း မပြုရဟု မဆိုလိုပါ၊ သူကိုယ်တိုင်ကလည်း ဖာရိရှဲတို့အား၊ "လျှို့ဝှက်သောသူ" ဟု စီရင်တော်မူခဲ့၏။ မိမိကိုယ်ကို ဖြောင့်မတ်သည် ဟုထင်ပြီး၊ သင်ထက် ငါ ပိုကောင်း၏ ဟူသော စိတ်ထားဖြင့် စစ်ကြောခြင်းကိုမူ ယေရှု ဆန့်ကျင်တော်မူ၏။ ဖြောင့်မတ်ခြင်းတရားဖြင့် သူတပါးကို စစ်ကြောဖို့ရန်၊ မိမိအပြစ်ကို ဦးစွာ စစ်ကြောလျက် နောင်တရ ရမည်ဖြစ်ပါသည်။ ဟန်ဆောင်ခြင်း မရှိဘဲ၊ ဖြောင့်မတ်မှန်ကန်စွာ စီရင်ခြင်း ပြုရပါမည်။ ဤတရားကို သွန်သင်ခြင်းဖြင့်၊ ယေရှုက မိမိသည် တရားသဖြင့် စီရင်တော်မူသော၊ စုံလင်သည့် တရားသူကြီးဖြစ်ကြောင်း ဖော်ပြတော်မူ၏။

**ဆင်ခြင်ရန်** - အဆိုးကို အကောင်းဖြင့် တုန့်ပြန်ပါလော့။
**ဆုတောင်းချက်** - အဖဘုရား၊ မိတ်ဆွေ အပေါ်သာမက၊ ရန်သူများ အပေါ်၌ပင် ကောင်းသောအမှုကို ပြုမည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ မေ (၁၈)
**မသဲ ၅း၃၃-၃၇**
ယော ၈း၄၃-၄၇

*"သင်၏စကားမှာ ဟုတ်သည်ကို အဟုတ်၊ မဟုတ်သည်ကို မဟုတ် ဖြစ်စေလော့"*

## သင့်စကားသည် အကျိုးရှိပါသလား

ယုဒလူတို့သည် လက်လွတ်စပယ် ဂတိပြုခြင်းနှင့် ဘုရားသခင်၏နာမတော်ကို မလိုအပ်ဘဲ အသုံးပြုလျက် ကျိန်ခြင်းပြုခြင်းကို နှစ်သက်ခဲ့ကြပါသည်။ ထိုသို့ ပြုခြင်းအားဖြင့်၊ သူတို့သည် တတိယ မြောက် ပညတ်တော်ကို ချိုးဖောက်လျက်၊ ဘုရားသခင်၏နာမတော်ကို အချည်းနှီး မြွက်ဆိုခဲ့ကြ၏။

အမှန်တရား သက်သေအတွက် ကျိန်ခြင်း ပြုဖို့ လိုအပ်သော အချိန် ရှိတတ်ပါသည်။ သို့သော်လည်း၊ ယုဒဆရာများ၏ ပညတ်တရားတွင် မုသာ နှင့်ဆိုင်လျက် ကျိန်ခြင်း ပြုရသောအခွင့် ပေးထား သကဲ့သို့ ရှိပါသည်။ ထိုသို့သော ကျိန်ခြင်းကို "အချည်းနှီး (သို့) ဂတိတည်ဖို့ မလိုသော ကျိန်ခြင်း" ဟု သတ်မှတ်ကြ၏။ ထို့ကြောင့်၊ မိမိပြုသော ကျိန်ခြင်းကို မပြုလို သောသူသည် ထိုကျိန်ခြင်းကို အချည်းနှီး ကျိန်ခြင်း ဟု သတ်မှတ်လျှင် ထိုကျန်ခြင်းနှင့် ကင်းလွတ်သည်ဟု မှတ်ယူ ခဲ့ကြပါသည်။ ဥပမာအားဖြင့်၊ ဗိမာန်တော်၏ ရှေ့ကို တိုင်တည်လျက် ကျိန်ခြင်း ပြုသောသူသည် ထိုဂတိဝတ်ကို ပြုရမည်။ ယဇ်ပလ္လင်ပေါ်မှ ယဇ်ကောင်ကို တိုင်တည်လျက် ကျိန်ခြင်း ပြုလျှင် ထိုဝတ်ကို ပြုရပါမည်။ သို့သော်လည်း၊ ဗိမာန်တော်ကို တိုင်တည်လျက် ကျိန်ခြင်း ပြုသောသူသည် ထိုဝတ်ကို ပြုစရာ မလိုပါ၊ အကြောင်းမှာ ထိုဗိမာန်တော်သည် မရွေ့လျားနိုင်သောအရာ ဖြစ်သော ကြောင့်၊ ထို ကျိန်ခြင်းသည် "တည် စရာ မလိုသော ကျိန်ခြင်း" ဟု သတ်မှတ်ကြ၏။

ထိုခေတ်က ကျိန်ခြင်းပြုခြင်းသည် ထိုသို့ အလွန် ကောက်ကျစ်လှပါသည်။ ထို့ကြောင့်၊ ကောက်ကျစ်သော ရှေ့နေများသည် မည်သို့ ကျိန်ခြင်း ပြုရမည်ကို မသိသောသူများနှင့် ဆင်းရဲသော မုဆိုးမ တို့၏ ပစ္စည်းဥစ္စာများကို ထို တည်ဖို့မလိုသော ကျိန်ခြင်း ပြုခြင်းဖြင့် လွယ်ကူစွာ မတရား ရယူ နိုင်ခဲ့ကြပါသည်။ ထို့ကြောင့် ယေရှုက လူထုအား၊ "သင်၏စကားမှာ ဟုတ်သည်ကို အဟုတ်၊ မဟုတ်သည်ကို မဟုတ် ဖြစ်စေလော့" ဟု မိန့်တော်မူ၏။ တဖက်တွင်၊ "ဟုတ်တယ် (သို့) မဟုတ်ဘူး၊ ဟူသော ရိုးရှင်းလှသည့် စကားလုံးအားဖြင့် ယုံကြည်ကိုးစား၍ မရသော၊ ကျိန်ခြင်း လိုအပ်သောသူကို လုံးဝ သွား မယုံနှင့်" ဟု ဆိုလိုပါသည်။ မိမိပြောစကားအတိုင်း ပြုသောသူသည် ယုံကြည်အားကိုး ရပါသည်။ ထိုသို့ မပြုသောသူသည် လူမိုက်ပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - "ရိုးသားမှုသည် အကောင်းဆုံးဝါဒ ဖြစ်ပါသည်။"
**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်တော်ပြုသော ဂတိစကားကို မဖျက်မည်အကြောင်း မစတော်မူပါ။



ကြာသပတေး၊ မေ (၁၅)
**မသဲ ၅း၁-၁၈**
ဖိလိ ၃း၁၇-၂၁

*"သူတပါးတို့သည် သင်တို့၏ အကောင်းသော အကျင့်ကို မြင်၍"*

## ဘုရားသခင်၏ နိုင်ငံတော်သား ကဲ့သို့ ကျင့်ခြင်း

တောင်ပေါ် ဒေသနာသည် ယနေ့ ဘုရားသခင်၏လူများအတွက် အကျိုးဝင်သော ဒေသနာဖြစ်ပါသည်။ မည်သို့ ခရစ်ယာန်ဖြစ်လာပြီး၊ မည်သို့ ခရစ်ယာန်အဖြစ် ဆက်လက် ရပ်တည် မည်နည်း။ ယေရှုက ထိုအဖြေကို ဤတောင်ပေါ် ဒေသနာ၌ ဖော်ပြတော်မူ၏။

ထိုတောင်ပေါ် ဒေသနာတွင်၊ ယေရှုက လူတို့အား မည်သို့ ဘုရားသခင်၏နိုင်ငံသား ဖြစ်လာပြီး၊ မည်သို့ နေထိုင်သင့်ကြောင်းကို ရှင်းပြတော်မူခဲ့ပါသည်။ ဘုရားသခင်၏ နိုင်ငံသား ဖြစ်ခြင်းသည် အလွန် မင်္ဂလာရှိသောအမှု ဖြစ်ပါသည်။ ထိုနိုင်ငံသားဖြစ်ဖို့ရန် "စိတ်နှလုံး နှိမ့်ချ" ဖို့ လိုအပ်ပါသည်။ ဘုရားသခင်ရှေ့၌ မိမိကိုယ်ကို လုံးဝ စိတ်နှိမ့်ချသောသူ ဖြစ်ရပါမည်။ ထိုသူသည် မိမိ၏အပြစ်များအတွက်၊ စတ်မသာ ညည်းထွားလျက်၊ ငိုကြွေးပြီး၊ ထိုအပြစ်အလုံးစုံကို ဝန်ခံပြီး၊ ဘုရားသခင်၏ ကရုဏာတော်နှင့် ခွင့်လွှတ်ခြင်းကို တောင်းလျှောက်ရပါမည်။ "ဘုရားသခင် နှစ်သက် တော်မူသော ယဇ်မူကား၊ ကျိုးပဲ့သော စိတ်ပေတည်း။ အို ဘုရားသခင်၊ ကိုယ်တော်သည် ကျိုးပဲ့ကြေမွ သောနှလုံးကို ငြင်းပယ်တော် မမူတတ်ပါ" (ဆာလံ ၅၁း၁၇)။ "စိတ်နှိမ့်ချခြင်း၊ နှလုံးကြေကွဲခြင်း၊ ငါ့စကားကြောင့် တုန်လှုပ်ခြင်း ရှိသောသူကိုသာ ငါကြည့်ရှုမည်" (ဟေရှာ ၆၆း၂)။ ထာဝရဘုရားသည် "ကျိုးပဲ့သော စိတ်ရှိသော သူတို့နှင့် နှလုံးကြေကွဲသော သူတို့ကို နီးတော်မူ၏။ နောင်တရှိ၍ စိတ်နှိမ့်ချသောသူတို့ကိုလည်း ကယ်တင်တော်မူ၏" (ဆာလံ ၃၄း၁၈)။ ပြောင်းလဲသောသူတို့သည် "ဖြောင့်မတ်ခြင်း ပါရမီကို ဆာငတ်ခင်မွတ်" ခြင်းရှိ၍၊ ဘုရားသခင်နှင့် လူတို့ကို ချစ်လျက် "ရန် ငြိမ်းစေတတ်သောသူ" ဖြစ်ကြပြီး၊ "ဖြောင့်မတ်ခြင်းတရားကြောင့် နှောင့်ရှက် ညှင်းဆဲခြင်းကို ခံရသော" အခါ၊ သူတို့၏ယုံကြည်ခြင်းသည် ယိမ်းယိုင်ခြင်း ရှိမည် မဟုတ်ပါ။

ထို့နောက် ယေရှုက မိမိနိုင်ငံတော်၏ အကျင့် စံနှုန်းများကို ဖော်ပြတော်မူ၏။ ထိုနိုင်ငံတော် နှင့် နိုင်ငံသားတို့၏ အဓိက အကျင့်မူကား ဖြောင့်မတ်ခြင်းပင်ဖြစ်ပါသည်။ ထိုရှင်ဘုရင်သည် မိမိ နိုင်ငံသားများအတွက် လိုအပ်သော ထိုဖြောင့်မတ်ခြင်းကို အရယူပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ယေရှုက မသဲ ၅း၁၇-၁၈ ထဲမှ မိမိ ပြုတော်မူသော နာခံခြင်းကို ဤသို့ ဖော်ပြတော်မူ၏ - ပညတ္တိ ကျမ်း၊ အနာဂတ္တိကျမ်းများကို ဖျက်ပယ်ခြင်းငှါ ငါလာသည်ဟု မထင်ကြနှင့်။ ဖျက်ပယ်ခြင်းငှါ ငါလာ သည် မဟုတ်။ ပြည့်စုံစေခြင်းငှါ ငါလာသတည်း။ ငါအမှန်ဆို သည်ကား၊ ကောင်းကင်နှင့်မြေကြီး မပျက်စီးမှီတိုင်အောင်၊ ပညတ္တိကျမ်း၌ အငယ်ဆုံးသော စာလုံး ဗိန္ဒုတလုံးမျှ ပြည့်စုံခြင်းသို့ မရောက်မှီ မပျက်စီးရ။" ဤသည်ကား မိမိပြုတော်မူသော အမှုတော် ဖော်ပြချက်ပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ကျွန်တော်တို့သည် ဤကမ္ဘာပေါ်၌ နေထိုင်ကြသော်လည်း၊ ဤကမ္ဘာ လောကသား မဖြစ်ကြပါ။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော့် နိုင်ငံတော်၏ နည်းဥပဒေသများအတိုင်း နေထိုင်ကျင့် ကြံဖို့ရန် မစတော်မူပါ။

သောကြာ၊ မေ (၁၆)

**မသဲ ၅း၁၇-၂၀**

ရောမ ၃း၁၉-၂၅

*"ဖျက်ပယ်ခြင်းငှါ ငါလာသည် မဟုတ်။ ပြည့်စုံစေခြင်းငှါ ငါလာသတည်း"*

## ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းတည်းဟူသော ခရစ်တော်

ယေရှုသည် ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းများကို ဖျက်ပယ်ဖို့ရန် မဟုတ်ဘဲ၊ စုံလင်ပြည့်စုံစွာ လိုက်လျှောက်ဖို့ရန် ကြွလာတော်မူ၏။ "ပြည့်စုံစေခြင်း" ဟု ဆိုရာတွင်၊ ထိုပရောပြုချက်များ ပြည့်စုံစေခြင်းနှင့် ထိုပညတ်တရားများ စုံလင်စွာ လိုက်လျှောက်ခြင်းတို့ကို ဆိုလိုပါသည်။

ယေရှုသည် မိမိကြွလာတော်မူမည့်အကြောင်း ပရောဖက်ပြုချက်အပေါင်းတို့ကို ပြည့်စုံစေတော်မူလျက်၊ ဤလောက၌ အသက်ရှင်စဉ် ပညတ်တရားအလုံးစုံကို စုံလင်စွာ လိုက်လျှောက် တော်မူခဲ့၏။ Dr Homer Kent က ဤသို့ မှန်ကန်စွာ ဆိုခဲ့ပါသည် - "ခရစ်တော်သည် ဓမ္မဟောင်းကျမ်းကို ထိုပညတ်တရား စုံလင်စွာ နာခံခြင်းဖြင့်၊ ပရောဖက်ပြုချက်များကို ပြည့်စုံစေခြင်းဖြင့်၊ အပြစ်သားများ ကိုယ်စားပြုလျက် ပညတ်တရား တောင်းလျှောက်သော အပြစ်၏အခကို စုံလင်စွာ ပေးဆပ်ခြင်းအားဖြင့် စုံလင်စွာ ပြည့်စုံစေတော်မူခဲ့ပါသည်။"

ဖြောင့်မတ်ခြင်းကို ပညတ်တရားတည်းဟူသော၊ ဝတ်ပြုကိုးကွယ် ပူဇော်ခြင်း ပညတ်၊ အုပ်ချုပ်ရေးနှင့် တရားရေးဆိုင်ရာ ပညတ်၊ အကျင့်နှင့်ဆိုင်သော ပညတ် စသည်တို့ကို စုံလင်စွာ နာခံ လိုက်လျှောက်ခြင်းအားဖြင့် ရယူခဲ့ပါသည် (တရား ၆း၂၅)။ ထိုဖြောင့်မတ်ခြင်းကို ကျွန်ုပ်တို့အတွက် ယေရှုသည် ပတည်တရား အလုံးစုံ ပြည့်စုံစွာ နာခံ လိုက်လျှောက်ခြင်းဖြင့် အရယူပေးတော်မူ၏။ ဖြောင့်မတ်ခြင်းတရား အလုံးစုံကို ယေရှုသည် ဤသို့ ပြည့်စုံစေတော်မူ၏ -

(၁) ဝတ်ပြုကိုးကွယ် ပူဇော်ခြင်းဆိုင်ရာ ပညတ်များ ဖြစ်သော၊ အရေဖျား လှီးခြင်း (လု ၂း၂၁)၊ ဗတ္တိဇံ မင်္ဂလာ (လု ၂း၄၂)၊ နှင့် အခြားသော ယုဒ ပွဲများ (မာကု ၁၄း၁၂၊ လု ၂၂း၁၊ ယော ၇း၁၀)၊

(၂) တရားစီရင်ခြင်းဆိုင်ရာ ပညတ်များ၊ ဗိမာန်တော်ကို သန့်ရှင်းစေခြင်း (ယော ၂း၁၃-၂၂)၊ ပညတ်တရားကို မှားယွင်းစွာ သွန်သင်လျက်၊ ထပ်လောင်း ဖြည့်စွက်သော ဖာရိရှဲများအား ဆုံးမတော်မူခြင်း (မသဲ ၂၃း၂၃)၊ အပြစ်သားကို မိမိ၏တရားအတိုင်း စီရင်ခြင်း (ဥပမာ - ယော ၈း၁၁ ၌ တွေ့ရသော၊ မှားယွင်းနေစဉ် ဖမ်းမိသည့် အမျိုးသမီး)၊

(၃) အကျင့်ဆိုင်ရာ ပညတ်များ၊ ထိုပညတ်များကို မှန်ကန်စွာ ရှင်းပြဟောပြောခြင်း (မသဲ ၅း၂-၄၈၊ မာကု ၁၂း၂၈-၃၄)၊ နှင့် ထိုပညတ်ကို စုံလင်စွာ နာခံ လိုက်လျှောက်ခြင်း (ဥပမာ - မသဲ ၄း၁-၁၁ ၌တွေ့ရသော သွေးဆောင်ခြင်း ခံစဉ်၊ မာကု ၂း၂၃-၂၈ ၌ တွေ့ရသော ဥပုသ်နေ့ စောင့်ခြင်း)။

ယေရှုသည် ပညတ်တရား မှန်ကန်စွာ သွန်သင်ခြင်းနှင့် ထိုတရားကို မှန်ကန်စွာ နာခံ လိုက်လျှောက်ခြင်း၏ အရေးကြီးမှုကို အထူးဖော်ပြတော်မူခဲ့ပါသည်။ ပညတ်တရားကို အမှန် လိုက်လျှောက်သောသူသည် သွန်သင် ရုံသာ မဟုတ်၊ မိမိကိုယ်တိုင် လိုက်လျှောက်ရပါသည်။ ကျမ်းပြုဆရာနှင့် ဖာရိရှဲတို့၏ ဟန်ဆောင် ဖြောင့်မတ်ခြင်းသည် ကောင်းကင်နိုင်ငံသို့ လူကို မပို့ဆောင်နိုင်ပါ။ ကောင်းကင်နိုင်ငံ ဝင်ရဖို့ရန် ထိုကျမ်းပြုဆရာနှင့် ဖာရိရှဲတို့၏ ဖြောင့်မတ်ခြင်း ထက် သာလွန်သော ဖြောင့်မတ်ခြင်း ရှိဖို့ လိုပါသည်။ ခရစ်တော်က မိမိလူများအတွက် စုံလင်သော နာခံမှုဖြင့် အရယူပေးတော်မူသော ဖြောင့်မတ်ခြင်းကို ယူတင် ဝတ်ဆင်ဖို့ လိုအပ်ပါသည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်လိုအပ်သော ဖြောင့်မတ်ခြင်းကို ခရစ်တော်က အရယူပေးတော်မူခဲ့ပြီ။

**ဆုတောင်းချက်** - အဖဘုရား၊ သားတော်၏ ဖြောင့်မတ်ခြင်းကြောင့် ကျေးဇူးတင်ပါ၏။



စနေ၊ မေ (၁၇)

**မသဲ ၅း၂၁-၃၂**

မသဲ ၂၂း၃၆-၄၀

*"ရှေးပညတ် စကားကို သင်တို့ကြားရပြီ"*

## လူ့အသက်ကို သတ်သောသူများနှင့် သူ့မယားကို ပြစ်မှားသောသူများ

ယေရှုသည် ကျမ်းပြုဆရာများနှင့် ဖာရိရှဲများ၏ ပညတ်တရား မှားယွင်းစွာ ရှင်းပြချက်နှင့် မှားယွင်းစွာ အသုံးပြုမှုကို ဖော်ထုတ်တော်မူခဲ့ပါသည်။ ထိုကျမ်းပြုဆရာများက ခြောက်ခုမြောက်သော ပညတ်တော်၊ "လူ့အသက်ကို မသတ်ရ" ဟူသောအချက်ကို လက်တွေ့ လူ့အသက်ကို သတ်သောသူ သာလျှင် ရည်ညွှန်းသည်ဟု အပေါ်ယံ ရှင်းပြခဲ့ကြပါသည်။ သို့သော်လည်း၊ ယေရှုက ထိုပညတ်ချက်၏ စစ်မှန်သော အနက်အဓိပ္ပါယ်ကို ရှင်းပြတော်မူ၏။ ထိုပညတ်ချက်သည် လက်တွေ့ကျကျ သူတပါး၏အသက်ကို သတ်ခြင်းကိုသာ ဆိုလိုသည် မဟုတ်ပါ။ ဘုရားသခင်၏ တားမြစ်ချက်သည် ထိုအရာထက် ပိုလေးနက်တော်မူ၏။ လူ့အသက်သတ်ခြင်းကို နှုတ်အားဖြင့်၊ မုန်းတီးသောစိတ်မှ ထွက်လာသော ကဲ့ရဲ့ခြင်း စကားလုံးအားဖြင့်လည်း လွန်ကျူးနိုင်ပါသည်။ တစုံတယောက်အား "အရူး" ဟု ခေါ်ခြင်းသည် ထိုသူ၏စိတ်နှလုံးအား ဓားဖြင့် ထိုးသကဲ့သို့ နာကျင်လှပါသည်။ "ခြောက် လက်မ သာရှည်သော လျှာသည် ခြောက် ပေ မြင့်သော လူကို သတ်နိုင်၏။"

ထိုဘာသာရေးဆရာများသည် ခုနစ်ခုမြောက် ပညတ်တော်၊ "သူ့မယားကို မပြစ်မှားရ" ဟူသော အချက်ကို ပေါ့ပျက်ပျက် သွန်သင်ခဲ့ကြပါသည်။ လက်တွေ့ကျကျ မှားယွင်းမှသာလျှင် ပြစ်မှု ကျူးလွန်သည်ဟု မှတ်ယူခဲ့ကြ၏။ တပ်မက်သော စိတ်၊ မျက်စိနှင့် ကြည့်ခြင်းသည်လည်း သူ့မယား ပြစ်မှား ရာရောက်ပါသည်။ ထိမ်းမြားခြင်းနှင့် ကွာရှင်းခြင်း အမှု၌လည်း သူတို့က မိန်းမကို အလွယ်တကူ မောင်းထုတ်နိုင်သော အခွင့်ကို ယောကျ်ားအား ပေးထားပါသည်။ ဥပမာ အားဖြင့်၊ Hillel က ယောကျ်ားသည် ကောင်းကောင်း မချက်ပြုတ်တတ်သော မိန်းမကို ကွာရှင်းခွင့် ရှိသည်ဟု သွန်သင်ခဲ့ပါသည်။ Akiba ဆိုလျှင် ယောကျ်ားက ပိုလှသော အမျိုးသမီးကို တွေ့လျှင် မိမိမိန်းမကို ကွာရှင်း ခွင့် ရှိသည်ဟု သင်ပေးထားပါသည်။ ကွာရှင်း စာချုပ် ပြုနိုင်လျှင်၊ ယောကျ်ားသည် မိမိ အလိုအတိုင်း အခြားသောသူကို လွတ်လပ်စွာ လက်ထပ်နိုင်သည်ဟု ဆိုကြ၏။

သို့သော်လည်း၊ ယေရှုက ထိမ်းမြားခြင်း ပညတ်တရားကို ဤသို့ ပြင်ငါန်း တော်မူခဲ့၏ - "ငါပညတ်သည်ကား၊ မှားယွင်းခြင်းအကြောင်းမှတပါး အခြားသော အကြောင်းဖြင့် မိမိမယားနှင့် ကွာသောသူသည် မိမိမယားကို မှားယွင်းစေ၏။ ကွာသော မိန်းမနှင့် စုံဘက်ခြင်းကို ပြုသောသူသည်လည်း သူ့မယားကို ပြစ်မှား၏။" ဆိုလိုသည်မှာ၊ ထိမ်းမြားခြင်း ဂတိသစ္စာသည် အသက်ရှင်သော ကာလပတ်လုံးအတွက် အကျုံးဝင်၏။ မှားယွင်းခြင်းကြောင့်၊ ကွာရှင်း ခဲ့လျှင် နောက် အိမ်ထောင် ပြုခွင့် မရှိ။ ထိမ်းမြားခြင်းသည် "ဘဝ တခုလုံးအတွက်" ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - "စိတ်ဝိညာဉ် အပြစ်များသည် ခန္ဓာကိုယ် အပြစ်များထက် ဆယ်ဆ ပိုဆိုးရွား၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်အပြစ်များကို ဝန်ခံပါ၏။ ခွင့်လွှတ်တော်မူပါ။